
www.burmeseclassic.com







**LUCKY STAR**

**သားသမီးရတနာ မထွန်းကားသူများအတွက်**

福星男女不孕不育專科

ဆရာစံ 楊醫師

B.E (Chemical) D.E.S (U.S.A)

Boy Baby 生男孩專方 သားသားရတနာ | x + y = ♂ | Girl Baby 生女孩專方 သမီးလေးရတနာ | x + y = ♀ | Twin Baby 雙生兒專方 အမြွှာလေးရတနာ



(D) အခန်း(၆)၊ ရွှေစပယ်ရိပ်မွန်၊ ရေကြောင်းသိပ္ပံရှေ့၊ ဘုရင့်နောင်လမ်းမကြီး၊ တမာရွှတ်မြို့နယ်၊ ရန်ကုန်မြို့။

Tel : 01 - 536355, Hp - 09 - 73241356, Hp - 09 - 5139886 Email @ sanmyin5688 gmail. com


www.burmeseclassic.com

www.burmeseclassic.com

REAL EVENT CRIME MAGAZINE
အဖြင့်
မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ်စဉ် (၁၀၅)

★ **အယ်ဒီတာချုပ်**
အောင်ကျော်ဇော

★ **တာဝန်ခံအယ်ဒီတာ**
ထက်ထက်ဦးမွေ၀ (B.Sc.Physics)

★ **အယ်ဒီတာအဖွဲ့**
ဦးရဲလွင် (ရဲဘိုင်အို)
ညိုမီအောင် (B.A.Myanmar)
အေးအေးခိုင်

★ **ထုတ်ဝေသူ**
ဦးအောင်လွင် (၀၄၁၄၉)

★ **ပုံနှိပ်သူ**
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်
၁၁၉/၁၂၁-၃၄လမ်း၊ ရန်ကုန်။

★ **မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်**
မင်းထက်နိုင်၊ ရဲသူ (ရန်ကုန်တက္ကသိုလ်)

**စာမြင်** ဦးဝင်းတင်
**ဒီဇိုင်း** စည်သူကျော်
**ကွန်ပျူတာစာစီ** နေမျိုးအောင်

**တန်ဖိုး - ၃၀၀**
**အုပ်ရေ - ၁၀၀၀**

**မှုခင်းအဖြင့်မဂ္ဂဇင်း**
အမှတ်(၉၇-က)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၃၈၅၃၃၆၉၊ ၀၉-၄၉၂၉၄၂၁၈

## ဆောင်းပါး

- ကိုညွန့်အောင် (ရွှေပန်းထိမ်) --၁၃
(ဆွမ်းလောင်းလှူခြင်းရဲ့ အကျိုးကျေးဇူး)
- မောင်ထွန်းညွန့် (ကွမ်းခြံကုန်း) --၃၈
(နှစ်ဖော်ညီအစ်မ သိန်းဆုရ)

**နိုင်ငံတကာသတင်း**
ဆောင်းဟေမန် - - ၅၃

**ဗေဒင်**
- သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် - -၁၅၈
နက္ခတ်ဗေဒင်လက္ခဏာပညာရှင်




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


- ထက်ထက်ဦးဝေ
(ကန္တာရပဟင်းလင်းပြင်) - - - ၁၈
- ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)
(လှည့်ကွက်) - - - ၄၄
- ပန်းနုလွှာ
(ရန့်မွဲပန်း) - - - ၅၄
- မောင်သာမန် (စီးကုန်း)
(မှတ်ဩ) - - - ၆၀
- နွေအလွန်
(နှင်းပျောက်နွေရဲ့တေးချင်းထံစ်ပုဒ်) - - - ၈၀
- ခင်ဦး (ပုတီးကုန်း)
(ဝစီဒုစရိုက်ကျူးလွန်မှု) - - - ၉၅
- နှင်းစက် (လားရှိုး)
(ကြယ်စင်တစ်ပွင့်) - - - ၁၀၆
- အောင်ကျော်ပြုံး
(စာရိုက္ခကပြောတဲ့ လူ့သမိုင်း) - - - ၁၁၈
- ဆုမွန်ဦး (ဟသ်ာတ)
(ဓါးသစ်အစွန်းတစ်ဖက်) - - - ၁၂၄
- ချစ်သဲမောင်
(ကျွန်တော့်ရဲ့ချစ်) - - - ၁၃၄
- အသစ်ယာ
(ခုတော့...ကျိုဝ်) - - - ၁၄၃
- အောင်ကျော်ဇေ
(ပြုံးရိပ်မဆင်ခဲ့လို့) - - - ၁၄၇


## ကာတွန်း

ပေါက်ကျိုင်း၊ တက်သစ်အောင် (စစ်တွေ)၊ သူရိန်၊
ဟန်၊ သခွတ်၊ မောင်တင်ယု

## ကဗျာ

င်ခင်အုန်း (အမရပူရ)၊ မောင်ကောင်းတင် (ကျောက်ဆည်)၊
ကိုညွန့်အောင် (ရွှေပန်းထိမ်)၊
ငွေဝေ (စီးကုန်း–စည်ပင်)၊ ဝေးဝေ၊ သွေးစက်သစ်၊
မွန်ဦး (ဟသာ...)၊ မြဝတ်ရည် (ကျောက်ဆည်)။









BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

| | |
|---|---|
| ➢ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) | ၀၆၇-၄၁၂၂၀၁ |
| ➢ အထူးအဖွဲ့(မြစ်ကြီးနား) | ၀၇၄-၂၂၃၃၆ |
| ➢ အထူးအဖွဲ့(ဗန်းမော်) | ၀၇၄-၅၀၁၉၉ |
| ➢ အထူးအဖွဲ့(လွယ်ဂျယ်) | ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်) |
| ➢ အထူးအဖွဲ့(မူဆယ်) | ၀၈၂-၅၂၈၉၀ |
| ➢ အထူးအဖွဲ့(လောက်ကိုင်) | ၀၈၂-၇၂၀၀၃/၇၂၀၃၆ |
| ➢ အထူးအဖွဲ့(လားရှိုး) | ၀၈၂-၂၃၀၁၇/၀၉၅၂၇၅၉၆၂ |
| ➢ အထူးအဖွဲ့(တောင်ကြီး) | ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇ |
| ➢ အထူးအဖွဲ့(ကျိုင်းတုံ) | ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄ |
| ➢ အထူးအဖွဲ့(တာချီလိတ်) | ၀၈၄-၅၃၀၂၂ |
| ➢ အထူးအဖွဲ့(မြဝတီ) | ၀၅၈-၅၀၂၆၈ |
| ➢ အထူးအဖွဲ့(မော်လမြိုင်) | ၀၅၇-၂၆၉၈၃ |
| ➢ အထူးအဖွဲ့(ကော့သောင်း) | ၀၅၉-၅၁၉၈၁ |
| ➢ အထူးအဖွဲ့(မြိတ်) | ၀၅၉-၄၁၀၄၁/၄၁၀၀၄ |
| ➢ အထူးအဖွဲ့(ပုသိမ်) | ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉ |
| ➢ အထူးအဖွဲ့(ရန်ကုန်) | ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆ |
| ➢ အထူးအဖွဲ့(ပဲခူး) | ၀၅၂-၂၁၀၃၀/၂၁၂၅၉ |
| ➢ အထူးအဖွဲ့(စစ်တွေ) | ၀၄၃-၂၃၆၂၅ |
| ➢ အထူးအဖွဲ့(မောင်တော) | ၀၄၃-၅၅၀၈၉ |
| ➢ အထူးအဖွဲ့(ကလေး) | ၀၉၄၇၀၇၂၂၀၂ |
| ➢ အထူးအဖွဲ့(မကွေး) | ၀၆၃-၂၃၃၇၄/၂၅၀၁၆ |
| ➢ အထူးအဖွဲ့(မိတ္ထီလာ) | ၀၆၄-၂၄၇၁၄/၂၃၀၅၄ |
| ➢ အထူးအဖွဲ့(မန္တလေး) | ၀၂-၇၃၈၃၀ |
| ➢ UNIAP | ၀၁-၂၅၄၈၅၂/၂၅၄၈၅၃ |

အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com



# ပင်လယ်ခွံ

5 - DEC 2013



BURMESE CLASSIC .com

သူ့ဘဝ၊ ကိုယ့်ဘဝ ဘဝတွေကို စီတန်းလိုက်
လှိုင်းတံပိုးတွေ ရှန်းကြွနေတဲ့ ပင်လယ်အဖြစ်
လူသားအရင်းအမြစ်တွေ စီးမျောနေမယ်
ဘယ်သင်္ဘောတွေလဲ ပင်လယ်ကို
တရွတ်တိုက် ဖြတ်သန်းမောင်းနှင်လို့
ဟင်းလင်းပြင်ရဲ့အသံတွေ ငါတို့ကြား
မှုံ့ဝိုးကြယ်လေးနဲ့ စကားတွေပြောမယ်။ ။

ဝေးဝေနှ




www.burmeseclassic.com

www.burmeseclassic.com



# သံသရာခရီးသည် တမ်းချင်း



နိုးကြားကြိုးစား၊ မညည်းတွားဘဲ
မိသားစုရေး၊ ငါရှာကျွေးကာ
မနေ့ဖြည့်စွက်၊ မျှော်မှန်းချက်ဖြင့်
သားတွက်ပညာ၊ ပြည့်စုံသာအောင်
ငါလျှင်ကြိုးပမ်း၊ အားမြှင့်ထမ်းခဲ့
အောင်ပန်းတွေဆင့်၊ ပွဲလယ်တင့်၍
မျှော်လင့်သမျှ၊ ငါ့ဆန္ဒတို့
ချမ်းမြရှင်ပျ၊ ပြည့်မြောက်ရလည်း
ဘဝသိုက်မြုံ၊ သီးပွင့်ကြုံလာ
တောင်စုံခွာပြေး၊ ချစ်တဲ့ကြွေးချိန်
မြုံဆွေးကာတွေး၊ ပီတိနွေးနှင့်
ဖေးထူအားမွေး၊ ချစ်ကြင်ငေးရ
ဝေးကွာစည်းတား၊ မရှုပွားမိ
ဝေဝါးနောင်ရေး၊ မမျှော်တွေးချင်
ထွေးယုက်နှောင်ကျွမ်း၊ ဖြေနိုင်စွမ်းမင့်
ဖမ်းစားစေရာ၊ ‘ဇရာ’အရိပ်
ခတ်နှိပ်ခိုတွယ်၊ နေညိုကွယ်ခိုက်
အားငယ်နွမ်းလျ၊ သက်သေပြပေါ့
ဆံစဖြူလွှ၊ ဝေဒနာစနှင့်
သွား,ကရန်စ၊ ဟန်မကျပြန်
မှုန်ပျမျက်စိ၊ တုန်ချည့်လက်များ
နားကလည်းထိုင်း၊ ခါးလည်းကိုင်းနှင့်
ပိုင်းခြားသတိ၊ မကပ်ငြိတော့
ရှိသည့်ဩဇာ၊ ညှိုးရော်လာရင်း
ခါခါတမ်းမိ၊ လည်ပြန်ကြည့်ဖြစ်
မျက်စိသူငယ်၊ နားသူငယ်နှင့်
ကြံရွယ်တမ်းခက်၊ လှမ်းမသွက်ပြီ
ဖြစ်ပျက်တဲ့လှယ်၊ လောကီနယ်တွင်း
တွယ်ငင်ရာလမ်း၊ မမျှော်မှန်းသာ
ကွန်းခိုရာမဲ့ ကိုယ့်အလှည့်
ကြုံလေမည်လား အတွေးချဲ့
သံသရာခရီးသည် တမ်းချင်းဖွဲ့.....။

**မြင့်ဝေ (ဗိုးကုန်း-စည်ပင်)**



www.burmeseclassic.com

www.burmeseclassic.com

# အမေ

နေရောင်တလက်လက်
လက်နေတဲ့ နေရောင်အောက်မှာ
သားတွေ၊ သမီးတွေအတွက်
အမေဟာ
ကျောခင်းရဲ့တယ်။

သဲကြီးမဲကြီး
ရွာနေတဲ့ မိုးရေအောက်မှာ
သားတွေ သမီးတွေအတွက်
အမေဟာ
ကျောခင်းရဲ့တယ်။

အမေကလွဲရင်
ဘယ်သူကျောခင်းသလဲ။

သားတွေသမီးတွေအတွက်
ပြင်းထန်လှတဲ့
လောကဓံမုန်တိုင်းကြားမှာ
အမေဟာ
ခါးစည်းခံရဲ့တယ်
ရင်စည်းခံရဲ့တယ်။

အမေကလွဲရင်
ဘယ်သူခံရဲသလဲ။

လှိုင်ခင်အုန်း( အဓရဋ္ဌရ )



လိုအပ်ရင်
သားတွေ၊ သမီးတွေအတွက်
အမေဟာ
အသက်ကိုစွန့်ရဲ့တယ်။

အမေကလွဲရင်
ဘယ်သူ စွန့်ရဲသလဲ။

အမေမှတစ်ပါး
အခြားမရှိပါဘူး။ ။

**ကမ္ဘာပေါ်၌ ရှိရှိသမျှ အမေများအား ရှိခိုးပူဇော်လျက်။**



www.burmeseclassic.com

www.burmeseclassic.com

# မနက်ဖြန်ပုဇ္ဇာ



မြစ်တွေက
ရွှေလျားပြောင်းလဲ
တိုက်စားပွန်းပွဲ့
အလွမ်းတစ်စနဲ့ ကြိုးချည်
(ဟိုး.....)
အတီတေ အတိတ်က မြစ်တစ်စင်း
ခုတော့ သဲသောင်ဖြူဖြူ
ငူငူငေးငေး တဲလေးတစ်လုံး
နေလုံးကို မျှိုချလိုက်
နေလုံးကို ထွေးအန်လိုက်
အန်ဖတ်ထဲ ရောထွေး
မြစ်ကမ်းနံဘေး
သောင်ဘေးမှာတင်
ပိုက်စုတ်ကို လှေပေါ်တင်
နေဝင်ကမ်းပါး
မလွမ်းအားပါဘူး
ဝမ်းတစ်ခု
ဘဝတစ်ခု
နေမှုထဲ စိမ့်စိမ့်ပျော်ဝင်
မနက်ဖြန်တေး
မြစ်ကမ်းနံဘေးမှာ
အဲဒီတဲလေးတစ်လုံး ရှိဦးမှာလား
နေ့တွေကတော့
နေလုံးကို မျှိုချလိုက်
နေလုံးကို ထွေးအန်လိုက်.....။


ဆုမွန်ဦး (ဟသာတ)



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ဖူးသူနဲ့ ချစ်ဦးသူ



- ဆုံစည်းချိန်.....
  လောကကြီးမှာ
  ငါ့လောက်ပျော်သူ ရှိနိုင်ဘူး။
- ခွဲခွာချိန်.....
  အရာရာကို
  ငိုနေတာချည်း အောက်မေ့မိ။
- ပြန်တွေ့ချိန်.....
  ပန်းကြွေပြီးမင့်
  ရင်နင့်အောင်စွဲ မွှေးဆဲလေ။ ။

မြဝတ်ရည် (ကျောက်ဆည်)



www.burmeseclassic.com

www.burmeseclassic.com



# နွေထဲကမိုး

၁
ရင်ခွင်ကို
လေညင်းတစ်ချက် ရိုက်ခတ်
အနာဂတ်အတွက်
လွမ်းရက်တွေ
မရေချင်ဘူး။

၂
ရွက်ဝါတွေ ကြွေတဲ့လမ်းမှာ
အိပ်မက်ကနေ နိုးထပြီး
လျှောက်လှမ်းမိ
ခြောက်ခန်းသွားတဲ့
စမ်းချောင်းလေးက
ကောင်းကင်ဆီမော့ကြည့်
အဖော်မရှိသူ
ဒီလူမှာ တစ်ယောက်တည်း။



၃
မျှော်ငေးလို့
ပူဆွေးရတာ
တိမ်တွေကောင်
ငိုကုန်ပြီ
မရေ.....။

မောင်ကောင်းတင် (ကျောက်ဆည်)



www.burmeseclassic.com

www.burmeseclassic.com

# အချစ်ကင်ဆာ

※ ရင်ထဲခံစားချက်တွေက
နှိပ်စက်ပြင်းပြဖန်များတော့
နှလုံးသားထဲက
စကားပြောလာထင်ရဲ့
ရင်ထဲမှာဖြစ်နေတဲ့
ဝေဒနာအစစ်အမှန်ကို
အဖြေရှာကြံ ကြည့်ရှုတော့
သူ့ကိုချစ်မိတဲ့ ရင်ခုန်သံက
ဒဏ်ရာတစ်ခုလိုပ။

※ ကုမရတဲ့ ဝေဒနာပဲလား
ရင်ထဲမှာဖြစ်နေတဲ့
ဝေဒနာဇာစ်မြစ်ကို
ဆေးစစ်ကြည့်တဲ့အခါ
ချစ်မိတဲ့အချစ်
ရောဂါဖြစ်က
အချစ်ကင်ဆာ
ဝေဒနာတစ်ခုက
ကုမရအောင်ပါဘဲ
ကျွန်တော့်ရင်ထဲ စွဲကပ်နေ။ ။



ကိုညွန့်အောင်(ရွှေပန်းကိမ်)



www.burmeseclassic.com

www.burmeseclassic.com



# မမြင်လို့ကန်းနေတဲ့လမ်း

♀ လျှောက်တော့လျှောက်လှမ်းနေကြတာပဲ
လမ်းပေါ်မှာ.....။

♀ တစ်ဘဝစာ ဖူလုံရုံနဲ့
သုံးဆယ့်တစ်ဘုံဆိုတာ မသိ။

♀ အစစအရာရာ အသာစီးရနေတော့
ကံကြမ္မာဆိုတာ မသိ
သံသရာဆိုတာ မသိ။

♀ အနိစ္စကို အဟုတ်မှတ်နေတော့
ပဋိစ္စသမုပ္ပါဒ်ဆိုတာ မသိ။

♀ အဝိဇ္ဇာတဏှာ မသိလေတော့
ဇာတိ ဇရာ မရဏလည်းမသိ။

♀ မသိခြင်းတွေကို
ရှိခြင်းနဲ့ အစားထိုး ဖုံးလွှမ်း
လျှောက်တော့ လျှောက်လှမ်းနေကြတာပဲ
အသိများတွေက ပြတဲ့
အဆုံးမရှိတဲ့ လမ်းပေါ်မှာ.....။ ။




သွေးစက်သစ်



www.burmeseclassic.com

www.burmeseclassic.com





ကိုညွန့်အောင် (ရွှေပန်းထိမ်)

# ဆွမ်းလောင်းလှူခြင်းရဲ့ အကျိုးကျေးဇူး

နေပြည်တော်၊ ပျဉ်းမနားမြို့လယ်မှ စီးဆင်းဖြတ်သန်းတဲ့ ငါးလိုက်ချောင်းနဲ့ မြို့ရဲ့မြောက်ဘက်မှ စီးဆင်းဖြတ်သန်းတဲ့ ဆင်သေချောင်းတို့ ပေါင်းဆုံတဲ့နေရာဟာ မအူပင်ရွာနဲ့ ညောင်ပင်ကြီးရွာ နှစ်ရွာကြားမှာဖြစ်တယ်။ ၎င်းနေရာမှစ၍ ပေါင်းလောင်းမြစ်ထဲသို့စီးဝင်တယ်။ ကျေးရွာသူရွာသားများကတော့ ဒီချောင်းကို ဆင်သေချောင်းလို့လည်းခေါ်တယ်၊ ငါးလိုက်ချောင်းလို့လည်းခေါ်တာပဲ။ ဘယ်လိုပဲခေါ်ခေါ်မှန်တာပဲလေ။

အဲဒီနှစ်ချောင်းပေါင်းစုံတဲ့နေရာက ရေစီးပိုသန်တယ်။ ယာယီတံတားတော့ရှိတယ်။ မကြာခဏ ရေစီးကြောင့် မျောပါတယ်။ တစ်နှစ်တစ်ကြိမ်လောက်ပြန်ပြန်ပြီး တံတားခင်းရတယ်။ ဆောင်းရာသီနှင့်နွေရာသီလောက်ပဲ သုံးလို့ရတယ်။ မိုးကာလ မိုးရွာအားကြီးရင် ရေတိုက်စားပြီး ရေစီးနောက်ပါသွားတာပဲ။ ဒီအချိန်ရောက်ရင် ညောင်ပင်ကြီးရွာမှ လှေသမားများက လှေချပြီး ဟိုဘက်ကမ်းနဲ့ သည်ဘက်ကမ်းကိုကူးတဲ့ ခရီးသည်များကို ပို့ပေးရတယ်။

တစ်နေ့ မအူပင်ရွာမှာ တူမ မင်္ဂလာဆောင်ရှိတာနဲ့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ဆိုင်ကယ်နဲ့ ရွာကိုသွားတယ်။ တူမအိမ်ရောက်တော့ မိုးချုပ်နေပြီ။ ကိုယ့်ရွာ၊ ကိုယ့်ဇာတိဆိုတော့ ရွာထဲ တစ်အိမ်ဆင်း တစ်အိမ်တက် လျှောက်လည်တယ်။ ဆွေမျိုးတွေအိမ်လည်းရောက်တယ်။ ည ၁၀ နာရီထိုးမှ တူမအိမ် မင်္ဂလာဆောင်ရှိရာ ပြန်ရောက်တယ်။ မင်္ဂလာက နံနက်ခင်းမှဆောင်မှာ။ ကျွန်တော်တို့ညီအစ်ကိုက နေ့အလုပ်မအားတာနဲ့ ညကိုကြိုပြီးလာတာ။ မိုးလင်းလာတာနဲ့ လက်ဖွဲ့ပြီး တန်းပြန်မှာ။ အလုပ်ချိန်မီအောင် စီစဉ်ရတာ။ အလှူ၊ မင်္ဂလာဆောင်ဖိတ်ရင် ညပိုင်းအသွားများတယ်။ ညဘက်သွားတော့ နေ့ရယ်နေ့

www.burmeseclassic.com

ခင်း ကိုယ့်အလုပ်လည်းမပျက်တော့ဘူး။

ည ၁၀ နာရီထိုးတော့ ကျွန်တော်တို့ညီအစ်ကို နှစ်ယောက် တူမ(သတို့သမီး)အိမ်မှာ ထမင်းစားတယ်။ ထမင်းစားပြီးတော့ ရေနွေးကြမ်းသောက်ရင်းနဲ့ တူမ အိမ်မှာ မအိပ်တော့ဘူး။ မြောက်ဘက်ညောင်ပင်ကြီး ရွာမှာ အမေ့ရဲ့အစ်မရှိတယ်။ အဲဒီရွာမှာပဲ ညအိပ်မယ် လို့ တူမကိုပြောတော့ ဦးလေးတို့ဆိုင်ကယ်နဲ့ သွားလို့ မဖြစ်ဘူး။ တံတားက ရေစီးကြောင့် မျောပါသွားပြီ။ လှေနဲ့သွားရမှာတဲ့။ တူမက လှေနဲ့သွားရမှာလို့ပြော တော့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်လည်း အဲ ဒါဆို ဆိုင်ကယ်ကို ဒီမှာပဲထားခဲ့မယ်။ ငါတို့သွားပြီး မနက်စောစောထလာခဲ့မယ်လို့ တူမကိုနှုတ်ဆက်ပြီး အိမ်ရှေ့အရောက် ဦးလေးလို့ခေါ်သံကြားတဲ့ နောက် ကိုလှည့်ကြည့်လိုက်တော့ ညောင်ပင်ကြီးရွာမှာနေတဲ့ ကျွန်တော့်ရဲ့တူ မင်းထွန်းနဲ့ ကောင်လေးတစ်ယောက်။ မင်းတို့ရော ဒီရွာမှာအိပ်မှာလား၊ ပြန်မှာလားလို့ မေး လိုက်တော့ ကျွန်တော်တို့လည်းပြန်မှာ၊ ဒါဆိုလည်း အဖော်ရတာပေါ့၊ ငါတို့လေးယောက် အတူသွားတာ ပေါ့လို့ ပြောပြီး ကျွန်တော်တို့လေးယောက် ဓာတ်မီး

နှစ်ချောင်းပေါင်းဆုံတဲ့နေရာဆိုတော့
ရေစီးကသန် တယ်။ ရေပြင်ကတော့
သိပ်မကျယ်ဘူး။ ပေ (၅၀)
လောက်ပဲကျယ်တာ။ ကျွန်တော်တို့လည်း
ကမ်းပေါ်ကနေ ဓာတ်မီးနဲ့
ရေအသွားအလာကို ထိုးကြည့်ဖြစ် တယ်။
ဖြတ်ကူးရင်

တစ်လက်နဲ့သွားတာ။ ရွာပြင်ရောက်တော့ တာပေါင် ကိုတွေ့ရတယ်။ တာပေါင်ပေါ်အတိုင်း လျှောက်လာ တာ။ တာပေါင်လမ်းဆုံးတော့ ချောက်ကမ်းပါးလှေ ဆိပ်ကို ရောက်တယ်။ လှေလည်းမရှိ၊ ပို့မယ့်သူလည်း မရှိ။

နှစ်ချောင်းပေါင်းဆုံတဲ့နေရာဆိုတော့ ရေစီးကသန် တယ်။ ရေပြင်ကတော့ သိပ်မကျယ်ဘူး။ ပေ (၅၀) လောက်ပဲကျယ်တာ။ ကျွန်တော်တို့လည်း ကမ်းပေါ် ကနေ ဓာတ်မီးနဲ့ ရေအသွားအလာကို ထိုးကြည့်ဖြစ် တယ်။ ဖြတ်ကူးရင် ရနိုင်တဲ့အနေအထားမှာရှိတယ်။ ကျွန်တော့်တူ မင်းထွန်းက ဦးလေး လှေကမရှိဘူး။ ဟိုဘက်ကမ်းရောက်နေတယ်၊ ဒီတိုင်းပဲကူးအောင်၊ တစ်အားမနက်ပါဘူး၊ ရင်စို့လောက်ပဲရှိတာလို့ပြောပါ တယ်။ ဒါဆိုရင် ကူးတာပေါ့ဆိုပြီး ကျွန်တော်တို့လေး ယောက် ဖြတ်ကူးတယ်။ အစ်ကိုနဲ့ ရွာခံကောင်လေး က ရှေ့ကကူးတယ်။ ကျွန်တော်နဲ့ မင်းထွန်းက နောက် ကကူးတာ။ နှစ်ယောက်တစ်တွဲစီကူးတာ။

စပြီးကူးတော့ ရေကဒူးလောက်၊ တဖြည်းဖြည်း ချင်း ပေါင်ထိ၊ ပေါင်ကနေ ရင်စို့လောက်ရောက်လာ တယ်။ ရင်စို့လောက်ရောက်တော့ ရေလယ်ကိုရောက် နေပြီ။ အောက်ကရေစီးက ခြေထောက်ကို တစ်အား တိုးနေတဲ့အချိန်။ ရှေ့ကကူးနေတဲ့ တူဖြစ်သူ မင်းထွန်း က ဦးလေး ဒီအတိုင်းကူးလို့မရတော့ဘူး၊ လက်ပ ကူးရတော့မှာလို့ပြောပြီး ကူးကြတာ။ ရှေ့နှစ်ယောက် ကတော့ ခပ်မြန်မြန်ပဲကူးသွားတာ ကမ်းပေါ်ကိုရောက် သွားတယ်။

ရေစီးက ခြေထောက်ကိုတိုးတော့ ခန္ဓာကိုယ်ရ လို့မရတော့ဘူး။ စကူးဖို့ပြောတုန်းက ရေက ရင် လောက်ပဲရှိတာတဲ့။ ရေက ရင်စို့လောက်ဆိုတော့ အတိုင်းပဲ မတ်တတ်ရပ်ကူးရမယ်ထင်လို့ ဘာမှပြင်ဆ မှုမလုပ်ဘဲ ဒီအတိုင်း ရိုးရိုးလမ်းလျှောက်သလိုပဲ ဖိန



www.burmeseclassic.com

www.burmeseclassic.com



> **ကျွန်တော့်အစ်ကိုနဲ့ ရွာခံကောင်လေးက ငါးမင်း တို့နှစ်ယောက်ကို မရတော့ဘူးထင်နေတာ၊ တော်သေး တာပေါ့ကွာ၊ ကမ်းပေါ်ပြန်ရောက်လာလို့ဆိုပြီးပြော တယ်။ တူဖြစ်သူမင်းထွန်းကလည်းဟုတ်တယ်၊ ကျွန်တော်လည်း မရတော့ဘူးလို့....**

ကို ညာဘက်လက်ကကိုင်၊ ဆိုင်ကယ်သော့နဲ့ ယာဉ် မောင်းလိုင်စင်ကို ဘယ်ဘက်လက်ကကိုင်ပြီးကူးတာ။ ရေလယ်ရောက်မှ လက်ပစ်ကူးရတော့မှာဆိုတော့ ဘယ် လိုလုပ်ကူးရတော့မှာလဲ။ လက်ထဲမှာလည်း ပစ္စည်း တွေနဲ့၊ ပုဆိုးကလည်း အရှည်အတိုင်း။ တူဖြစ်သူ မင်း ထွန်းက ပြောပြောဆိုဆိုပဲ ကူးလိုက်တော့ ရေနောက် ပါသွားတယ်။

ကျွန်တော်လည်း ကူးလို့မရတော့ နောက်ပြန် လှည့်ဖို့ စဉ်းစားတဲ့အချိန်မှာပဲ ရေက ခြေထောက်ကို ဆောင့်တိုးလိုက်တာ ခြေထောက်နဲ့မြေကြီးလွတ်သွား ပြီး ခန္ဓာကိုယ်က ရေစီးကြောင်းအတိုင်း မျောပါသွား တယ်။ တူဖြစ်သူ မင်းထွန်းနဲ့ကျွန်တော် ရှေ့နောက် မျောပါသွားတာ။ နှစ်ယောက်စလုံး ရေအောက်ရောက် နေတဲ့အချိန်မှာ ကမ်းပေါ်ကိုအရင်ရောက်နေတဲ့ ကျွန် တော့်အစ်ကိုနဲ့ ရွာခံကောင်လေးက မင်းတို့နှစ်ယောက် ရရဲ့လားဆိုပြီး လှမ်းခေါ်သံကို ရေအောက်ကနေကြား နေရတယ်။ ပါးစပ်၊ နှာခေါင်းတွေထဲ ရေကအပြည့် ဝင်နေတာ။ ပါးစပ်ထဲကရေကို မျိုချပစ်လိုက်တယ်။ အဆင်ပြေတယ်။ နှာခေါင်းထဲဝင်တာက အရမ်းဆိုး တာပဲ။

ကမ်းပေါ်ကခေါ်တဲ့အသံကို ပြန်ထူးလို့ရအောင် ခြေထောက်နဲ့လက်ကို တစ်အားစုံလှုပ်လိုက်တာ ခေါင်း လေးနည်းနည်းပေါ်လာတော့ မရတော့ဘူးလို့အော်ပြီး ပြန်မြုပ်သွားတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်နဲ့အတူ ရေနစ်နေတဲ့ တူဖြစ်သူ မင်းထွန်းက ရေအောက်ထဲက နေ ကျွန်တော်နဲ့နီးလာတဲ့အချိန်မှာ လှမ်းလှမ်းပြီး ကမ်း စပ်ရောက်အောင် တွန်းပို့ပေးတယ်။

ဒီလိုနဲ့ မျောပါသွားလိုက်တာ ပေ (၁၀၀)ခန့်ကို ရောက်တော့မှ မြေကြီးနဲ့ ခြေထောက်ထိမိလို့ ခေါင်း လေးရေပေါ်ကိုဖော်ပြီး အသက်ဝအောင် ရှူရတော့ တယ်။ ကျွန်တော့်ကို ရေအောက်ထဲကနေ သတိရှိစွာ နဲ့ ကမ်းပေါ်ကိုရောက်အောင် တွန်းပို့ပေးတဲ့ တူဖြစ် သူ မင်းထွန်းရော နှစ်ယောက်စလုံး ကမ်းပေါ်ကိုပြန် တက်နိုင်ခဲ့တယ်။ ကမ်းပေါ်ရောက်တော့ အရမ်းမော နေပြီ။ တော်တော်ကြာအနားယူပြီးမှ စကားပြောနိုင် တယ်။

ကျွန်တော့်အစ်ကိုနဲ့ ရွာခံကောင်လေးက ငါ မင်း တို့နှစ်ယောက်ကို မရတော့ဘူးထင်နေတာ၊ တော်သေး တာပေါ့ကွာ၊ ကမ်းပေါ်ပြန်ရောက်လာလို့ဆိုပြီးပြော တယ်။ တူဖြစ်သူ မင်းထွန်းကလည်း ဟုတ်တယ်၊ ကျွန်တော်လည်း မရတော့ဘူးလို့ တွက်ထားပြီးသား၊ အဲဒါနဲ့ ငါတော့သေရင်သေပစေ၊ ဦးလေးကိုတော့ ကမ်း စပ်ရောက်အောင်တော့ တွန်းပို့ပေးမယ်ဆိုပြီး တွန်း ပို့တာ၊ ဒီလိုနဲ့ ကျွန်တော်ပါ ကမ်းစပ်ကိုရောက်တာ ဆိုပြီး ပြောတယ်။ လေးယောက်လုံး အမောပြေတော့ ရွာထဲဝင်ကြတယ်။ အမေ့ရဲ့အစ်မအိမ်လည်းရောက် ရော ည ၁၁ နာရီထိုးပြီးနေပြီ။ ရေစိုအဝတ်တွေလဲ ဝတ်၊ အချမ်းပြေ ရေနွေးပူလေးသောက်၊ လက်ဖက် သုပ်စားရင်း ရေနစ်တဲ့အကြောင်း အမေ့ရဲ့အစ်မကို ပြောပြတော့ နင်တို့ မသေကောင်းမပျောက်ကောင်း၊ ရေစီးက သန်ပါဘိနဲ့၊ မနက်လင်းမှ လာခဲ့ရောပေါ့လို့ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**ရေနစ်တဲ့အချိန်မှာ ငါသေရတော့မှာပါလားဆိုပြီး**
**သိမ်ငယ်တဲ့စိတ်၊ ကြောက်တဲ့စိတ်၊ စိုးရိမ်တဲ့စိတ် စသည့်စိတ်တွေမဝင်တာ**
**ကိုယ့်ကိုယ့်ကိုယ် အရမ်းအံ့ဩနေမိတယ်။**
**တရားသဘောကိုတော့ သိပ်နားမလည်ဘူး။**
**ဒါပေမဲ့ သက်ရှိသတ္တဝါအားလုံး တစ်နေ့ သေရမှာပဲဆိုတဲ့ ......**

အစ်ကိုက ရေချိုးသောက်ရင်းနဲ့ မနက်လင်းတာနဲ့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်လုံး လက်ဖွဲ့ပြီးတာနဲ့ တန်းပြန်မှာ၊ အဲဒါကြောင့် အခုလာတာလို့ပြောလိုက်တယ်။

ရေနစ်တဲ့အချိန်မှာ ငါသေရတော့မှာပါလားဆိုပြီး သိမ်ငယ်တဲ့စိတ်၊ ကြောက်တဲ့စိတ်၊ စိုးရိမ်တဲ့စိတ် စသည့်စိတ်တွေမဝင်တာ ကိုယ့်ကိုယ့်ကိုယ် အရမ်းအံ့ဩနေမိတယ်။ တရားသဘောကိုတော့ သိပ်နားမလည်ဘူး။ ဒါပေမဲ့ သက်ရှိသတ္တဝါအားလုံး တစ်နေ့သေရမှာပဲဆိုတဲ့ သဘောတရားကိုတော့ ကျွန်တော်နားလည်ထားတယ်။ ရေအောက်ထဲမှာ သေရတော့မှာကို စိတ်ကသိတယ်။ အဲဒီအချိန်မှာ အတွေးတစ်ခုပဲဝင်တယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်လုပ်အားဒါနပြုနေတဲ့ သာသနနုဂ္ဂဟမြတ်စေတနာဆွမ်းလောင်းအသင်းက အဖွဲ့ဝင်တွေအားလုံး တစ်ဦးချင်းစီရဲ့ ရုပ်ပုံလွှာတွေကို တစ်ပုံပြီးတစ်ပုံ ပေါ်လာတယ်။

ဒါဟာ ဘာကြောင့်လဲလို့ စဉ်းစားလိုက်တော့ သံယောဇဉ်စိတ်ကြောင့်လို့ ကျွန်တော်ထင်တယ်။ သာသနနုဂ္ဂဟ မြတ်စေတနာ ဆွမ်းလောင်းအသင်းကြီးမှာ လုပ်အားဒါနနဲ့ ပါဝင်လုပ်ကိုင် ဆောင်ရွက်ပေးနေတာ ဆွမ်းလောင်းအသင်းကြီး စတင်တည်ထောင်တဲ့ (၈–၅–၂၀၀၅)ခုနှစ်မှစ၍ ယနေ့အချိန်ထိ ဆို ရှစ်နှစ်ခန့်ရှိပါပြီ။ ဆွမ်းလောင်းအသင်းကြီးဟာ လကွယ်နေ့နံနက်တိုင်း အရှက်ဆွမ်းလောင်းလှူလျက်ရှိရာ နေပြည်တော် ပျဉ်းမနားမြို့တွင်း၌ ရဟန်းသံဃာတော် အရှင်သူမြတ် အပါး (၂၀၀၀)ကျော်ရှိရာ အပါး (၈၀၀)ကျော်ခန့် ပုံမှန်ကြွရောက်ချီးမြှင့်ပါတယ်။


တစ်လလျှင် အပါး (၈၀၀)နှုန်း၊ ရှစ်နှစ်ဆိုတော့ သံဃာတော်အရှင်သူမြတ်များကို အရှက်ဆွမ်းလောင်းလှူ၍ လုပ်အားဒါန ကုသိုလ်ယူနိုင်ခဲ့တာ အပါး (၇၆၈၀၀)ရှိခဲ့ပါပြီ။ ဆွမ်းလောင်းအသင်းကြီးမှာ စေတနာ သန့်ရှင်းစွာနဲ့ လုပ်အားဒါန ကုသိုလ်ပြုခဲ့တဲ့ အကျိုး ကျေးဇူးကြောင့် ရေနစ်တာမသေဘဲ အသက်ရှင်လျက် ကမ်းပေါ်ကို ပြန်လည်တက်နိုင်ခဲ့တာ။ အဲဒီ ဆွမ်းဒါန အကျိုးကျေးဇူးက ချက်ချင်းလက်ငင်း အကျိုးပေးတာ ပဲလို့ ကျွန်တော်ယုံကြည်တယ်။ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ သံဃာတော်အရှင်သူမြတ်များကို ဆွမ်း၊ ဆွမ်းဟင်းများ နေ့စဉ်လောင်းလှူနိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သပေးလျက်ပါ။

**ကိုညွန့်အောင် (ရွှေပန်းထိမ်)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ကန္တာရဟင်းလင်းပြင်

### ထက်ထက်ဦးဝေ

“အမေ....ဖိုးသားရောဟင်”

“ဝေစာစောကပဲ ကျူရှင်က ပြန်လာပြီး စာကျက်နေသေးတယ်ကွယ်”

မမိုးပွင့်က ဆိုင်မှပြန်လာလာချင်း သားဖြစ်သူကို မေးနေကျပါ။ သားအကြိုက် ဖာလူဒါဝယ်လာသည့်အတွက် အိမ်အဝကတည်းက မေးနေတော့သည်။

“ဟင်း....အမေ့သမီးလည်း ကြွေးသစ်ဆပ်တာ တာဝန်ကျေတယ်ကွယ်၊ အင်းလေ၊ ကိုယ်မွေးထားတဲ့ သားသမီးဆိုတော့ မိဘတိုင်းချစ်ကြတာပဲပေါ့”

“အမေ့အကြိုက် ရေခဲမုန့်လည်း ပါပါတယ် အမေရယ်၊ မိုးပွင့်က ကြွေးဟောင်းရော၊ ကြွေးသစ်ပါ ဆပ်နေတာပါ”

“ပြောတာပဲအေ”

ဒေါ်ခင်စောက ခင်ပွန်းဆုံးပါးသွားသည်မှာ ကြာပေပြီ။ သားအမိနှစ်ယောက်က ဘဝတူဟုဆိုက မမှားပေ။ မမိုးပွင့်၏ခင်ပွန်းက ဆိုင်ကယ်မှောက်၍ ရုတ်တရက် သေဆုံးသွား၏။ သည်တော့ လူစည်ကားရာ ဈေးကြီးတွင် မမိုးပွင့်က အထည်ဆိုင်ဖွင့်လှစ်ထားပြီး ဆိုင်ထွက်သည်။ မနက်ပိုင်းတွင် ဖိုးသားကို ကျောင်းပို့ပြီးမှ မမိုးပွင့်က ဈေးထွက်ရ၏။

“ဖိုးသားရေ.....ဖိုးသား”



ဒေါ်ခင်စောအား ရေခဲမုန့် ပေးပြီးသည်နှင့် ဖာလူဒါကိုကိုင်၍ ဖိုးသားကို အော်ခေါ်လိုက်သည်။ မမိုးပွင့်အသံကို ကြားသည့်နောက် ဖိုးသားမှာ သူ့အိပ်ခန်းထဲမှ အူယားဖားယား ပြေးထွက်လာ၏။

“မေမေ.....သားဒီမှာလေ”

“မင်းကြည့်ရတာ ဖရိုဖရဲနဲ့ပါလားကွယ်၊ ဘာလုပ်နေတာလဲ၊ အိပ်နေတာလား”

“ခေါင်းနည်းနည်းမူးလို့ပါ မေမေ”

“ရော့.....ဖာလူဒါလေး သောက်လိုက်၊ ပြီးရင် ခေါင်းမူး ပြေသွားလိမ့်မယ်”

ဖိုးသားလည်း မမိုးပွင့်လက်ထဲမှ ဖာလူဒါအိတ်ကို ယူလိုက်သည်။ အရင်လို ရွှင်ရွှင်ပျပျမရှိသည့်အတွက် မမိုးပွင့်မှာ စိုးရိမ်သွားရ၏။

“သား နေမကောင်းဖြစ်ချင်နေသလားဟင်”

“ကောင်းပါတယ် မေမေ၊ စာ ကျက်နေလို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"နားနားနေနေ ကျက်ပေါ့ကွယ်၊ မေမေ့သားက ဉာဏ်ကောင်းပါတယ်၊ ဒီနှစ် မုချအောင်မှာပါ"

မမိုးပွင့်က ဖိုးသားမှတ်ဉာဏ်ကောင်းပုံကိုသိ၏။ တစ်နှစ်တစ်တန်း မှန်မှန်အောင်ရာတွင်လည်း ပထမချည်းသာ နှစ်တိုင်းရခဲ့သည်။ တစ်မိပေါက် တစ်ယောက်ထွန်းဆိုသလိုပင် မနှင်းပွင့်မှာ သားဖြစ်သူအတွက် မျက်နှာကြီးခဲ့ရ၏။ ဖိုးသား၏ ဖာလူဒါသောက်နေပုံကိုကြည့်ပြီး မမိုးပွင့်တစ်ယောက် ကျေနပ်ပီတိဖြစ်နေသည်။

"ဪ.....သားဖေဖေသာရှိနေရင် ဘယ်လောက်ဝမ်းသာလိုက်မလဲနော်၊ ကိုမြင့်သူရေ ရှင့်သားလေး အရွယ်ရောက်လာပါပြီ၊ မိုးပွင့်ကို စိတ်ချမ်းသာအောင် ထားရှာတယ်၊ ပညာကြိုးစားတဲ့သားလိမ္မာလေးပါရှင်၊ ရှင့်ကို တွေ့မြင်စေချင်ပါတယ်"

မမိုးပွင့်က ဖိုးသားကိုကြည့်၍ ရင်ထဲမှစကားပြောနေမိသည်။ ဖိုးသားမှာ ကိုမြင့်သူမျက်နှာနှင့် ပိုတူသည်။ မိဘနှစ်ပါး၏ အလှများမှာ ဖိုးသားတွင် စုရှိနေသည့်အတွက် အရွယ်ရောက်နေပြီဖြစ်သော သားတော်မောင်အား မမိုးပွင့်က စိတ်မချဖြစ်မိ၏။ ညရောက်လျှင် ဖိုးသားက ဖုန်းခိုးဆက်တတ်ရာ မည်သူနှင့် ဆက်သွယ်ပြောနေမှန်း မသိသော်လည်း ကောင်မလေး တစ်ယောက်ယောက်နှင့်ဖြစ်မည်ကို ခန့်မှန်းမိသည်။

"မေမေ.....ဖိုးသားတော်ပြီ"

"ဟယ်...မကုန်သေးပါလား ကွယ်၊ ပေး.....ပေး၊ မေမေ ဆက်သောက်လိုက်မယ်"

မမိုးပွင့်က ဖာလူဒါမကြိုက်ပေမယ့် နှမြော၍ ကုန်အောင်ဆက်သောက်လိုက်ရသည်။ ဖိုးသားက သူ့အခန်းထဲပြန်ဝင်သွားသည့်နောက် မမိုးပွင့်လည်း ဖာလူဒါခွက်လေးကိုင်၍ အိမ်အပြင်သို့ ထွက်သွားလိုက်တော့၏။ ခြံထဲတွင် ရေခဲမုန့် ထိုင်စားနေသော မိခင်ဒေါ်ခင်စောနှင့်အတူ အဖော်ပြု၍ဆက်သောက်လိုက်သည်။

မမိုးပွင့်က
ဖိုးသားကိုကြည့်၍
ရင်ထဲမှစကားပြောနေမိသည်။
ဖိုးသားမှာ
ကိုမြင့်သူမျက်နှာနှင့်
ပိုတူသည်။
မိဘနှစ်ပါး၏ အလှများမှာ
ဖိုးသားတွင်
စုရှိနေသည့်အတွက်
အရွယ်ရောက်...

"သမီးကိုပြောရဦးမယ်ကွယ်၊ မောင်ရည်မောင် ရန်ကုန်ရောက်နေတယ်တဲ့၊ အိမ်ကိုလာလည်ဦးမယ်လို့ မနက်က ဖုန်းဆက်တယ်၊ အလုပ်တာဝန်နဲ့ လာတာလေ"

"မောင်လေးရည်မောင်တို့ မိသားစုရော နေထိုင်ကောင်းကြတယ်တဲ့လား အမေ"

"ကောင်းကြတယ်တဲ့၊ သူ့မိန်းမတောင် သူတာဝန်ကျတဲ့နေရာကို ရောက်လာပြီတဲ့ကွယ်၊ ကလေးနှစ်ယောက်အတွက် ကျောင်းကိစ္စ အဆင်ပြေသွားတာပေါ့"

မမိုးပွင့်နှင့် မောင်ရည်မောင်တို့က မောင်နှမဝမ်းကွဲတော်ကြ၏။ မောင်ရည်မောင်၏ဖခင်နှင့် ဒေါ်ခင်စောတို့က မောင်နှမတော်စပ်ကြသည်။ ဒုရဲအုပ် ရည်မောင်မှာ ရန်ကုန်ရောက်တိုင်း အဒေါ်နှင့် အစ်မဖြစ်သူရှိရာသို့ ဝင်ရောက်လာတတ်၏။

♛♛♛♛♛

"ဟေး...အိပ်ပြီလား သဲသဲ၊ စာတွေရနေပြီလား"

ဖိုးသားက မမိုးပွင့်အိပ်ပြီအထင်နှင့် ဝရန်တာထွက်၍ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com

ခိုးဆက်နေ၏။ ဒီညတွင် ဖိုးသား၏အခြေအနေကိုသိရန် မမိုးပွင့်က ထချောင်းမိသည်။ တစ်ဖက်မှစကားပြောသံကို မကြားရပေမယ့် ဖိုးသား၏အသံခပ်အုပ်အုပ်အား ကြားနေရသည်။

"ပြီးမှ မောင့်ကိုလာမမေးနဲ့နော်၊ သူများတွေ ရိပ်မိနေဦးမယ်"



မမိုးပွင့်တစ်ယောက် ဘုရား တလိုက်မိတော့၏။ လက်စသတ်တော့ သားတော်မောင်တွင် ချစ်သူ ရည်းစားရှိနေသည်ကို။ ပညာသင်ချိန်တွင် ချစ်သူထားခြင်းအား မမိုးပွင့် ခွင့်မပြုပေ။ သားအား ကြိုတင် အသိပေးထားပါလျက်နှင့် ပြုရက်လေခြင်းဟု ယူကျုံးမရဖြစ်မိ၏။ ချက်ချင်းဆိုသလိုပင် မျက်ရည်များက စီးကျလာရာ မျှော်လင့်ချက် ပျောက်ကွယ်မည်ကို စိုးရိမ်သွားမိသည်။

"မေမေသိသွားမှ သဲသဲနဲ့ ဝေးရလိမ့်မယ်နော်၊ မောင့်မေမေက ချစ်သူမထားရဘူးလို့ ကတိတောင်းထားတယ်"

သည်လိုတော့လည်း သားတော်မောင်က သိပါသေးလားဟု တွေးမိသည်။

"ဘာယောက္ခမကြီးလဲ၊ ဟင်း.....မောင့်မေမေက သူ့ရွေးမကို မှန်ဘီလူးနဲ့ ကြည့်ရွေးမှာနော်"

ဟုတ်တယ်ဟု မမိုးပွင့်က ခေါင်းညိတ်လိုက်မိ၏။

"ဟာ....ဟာ၊ ဘာပြောတယ်၊ ယောက္ခမကြီးကို အချဉ်ထည့်ပြီး ငါးပိရည်နဲ့တို့စားမယ်၊ ဟုတ်လား"

ထိုစကားက မမိုးပွင့်ကိုစော်ကားသည့်စကားမျိုး ဖြစ်နေသည်။ ဒေါသဖြစ်လိုက်သည့်ဖြစ်ခြင်းပင်။ ခွင့်၊ လွှတ်နိုင်သည့် အပြောမျိုးဖြစ်နေ၍ နှလုံးသားထဲတွင် နာကျင်သွားရ၏။ ဖိုးသားကို စိတ်မကောင်း စွာကြည့်နေစဉ် ဖိုးသားက ဖုန်းပြော ပြီးသွား၍ အိမ်ထဲသို့ ပြန်ဝင်လာ သည်။

"ဟင်....မေမေ၊ မအိပ်သေးဘူးလားဟင်"

မမိုးပွင့်က ဖိုးသားကိုကြည့်နေပြီး မဖြေနိုင်ပါ။ မိခင်ဖြစ်သူ၏ မျက်ဝန်းထဲမှ ဝဲတက်နေသော မျက်ရည်ကြည်လေးများကိုကြည့်၍ ဖိုးသား ချက်ချင်းသိလိုက်၏။ မမိုးပွင့်လည်း စကားပင်ပြန်မပြောနိုင်ပေ။

"မေမေ သားကို ခွင့်လွှတ်ပါနော်"

ဖိုးသား၏ တောင်းပန်စကားကို မမိုးပွင့် ခွင့်လွှတ်ရမည်လား။ သူမ ပြုစုပျိုးထောင်နေသော ပန်းကောင်းတစ်ပွင့်ကို မပွင့်ခင် အဖူး အငုံဘဝလေးနှင့် ချိုးယူပစ်ခြင်းကို လက်ပိုက်ကြည့်မနေနိုင်ပေ။

"ဖိုးသား....."

"ဗျာ.....မေမေ"

မမိုးပွင့်က တုန်ယင်နေသော အသံလေးကိုထိန်းရင်း သားဖြစ်သူကို မေးလိုက်သည်။

"မင်းကို ခွင့်လွှတ်ရမယ်တဲ့လား"

"ဟုတ်.....ဟုတ်ကဲ့ မေမေ"

"မင်း သိပ်မိုက်တယ် သား၊ မေမေ ပြောထားပါလျက်နဲ့ မင်း

www.burmeseclassic.com



မေမေ့စကားကို နားမထောင်ဘူး ကွယ်''

မမိုးပွင့်သည် သားဖြစ်သူ ဖိုးသားအကြောင်းကိုသိသည့်အတွက် အပျော့ဆွဲဖြင့်သာ ဆုလိုက်၏။

''လှေလှော်ရင်းတက်ကျိုး အဖြစ်မခံနိုင်ဘူး သား၊ ဒီတော့ မင်းကောင်မလေးကို ဖြတ်ရမယ်၊ ဒါပဲ''

''မေမေ့ကို တစ်ခု တောင်းဆို ချင်ပါတယ်၊ သူ့မှာ အပြစ်မရှိဘဲ ဖိုးသားက တစ်ဖက်သတ်ဖြတ်ရင် သူကျေနပ်မှာမဟုတ်ဘူး မေမေ၊ ပိုဆိုးလာလိမ့်မယ်''

''မလိုချင်ဘူး သား၊ ဒါက သူ့ အပိုင်းပါကွာ၊ မင်းက စိုးရိမ်စရာ မလိုဘူး၊ မင်းသာ သူ့ကိုဖြတ်၊ ဒါ ပဲ''

မမိုးပွင့်၏ နောက်ဆုံးစကားကို ဖိုးသားက ခေါင်းညိတ်ပြလိုက်ရ တော့၏။ သူလည်း မမိုးပွင့် အကြောင်းကို သိနေသည့်အတွက် မိခင်ဖြစ်သူအား မလွန်ဆန်ရဲပေ။


''မေမေပြောထားတယ်နော်၊ ပြောစကားနားမထောင်ရင်တော့ မေမေ့အဆိုးမဆိုနဲ့''

သူ့အား အမွေပြတ်စွန့်လွှတ်မည်ဟု ပြောထားခြင်းဖြစ်၏။

သည်လိုတော့လည်း သူကြောက်မိ၏။ နောက်တော့ မမိုးပွင့်လည်း သူ့ အခန်းထဲသို့ ဝင်သွားတော့၏။

♛♛♛♛♛

''ဘာ...ဘယ်လို...မောင့်ကို သဲသဲက ဖြတ်ရမယ်ဟုတ်လား၊



မဖြစ်နိုင်ဘူး မောင်၊ ဘယ်လိုမှ မဖြစ် နိုင်ဘူး''

''မေမေစိတ်ချမ်းသာအောင် ခဏပါ သဲသဲရာ၊ ဆေးကျောင်း ရောက်ရင် အတူတူပြန်တွေ့ရမှာပဲ ကွာ၊ မေမေ့စိတ်ကို မောင်သိတယ်၊ သားတစ်ယောက်တည်းရှိပေမယ့် မေမေက ပြောစကားနားမထောင် ခဲ့ရင် လှည့်ကြည့်မှာမဟုတ်ဘူး''

သဲနုစိုးက ဖွတ်တရွတ်စိတ်ဓာတ်ရှိသူဖြစ်ရာ ဖိုးသားစကားကို ငြင်းဆန်၏။

''အဓိပ္ပာယ်မရှိလိုက်တာကွာ၊ သူလည်း ငယ်ရာက ကြီးလာတာပဲ၊ နားလည်ပေးမှပေါ့''

''မောင်တို့က ဆယ်တန်းမှ မအောင်သေးတာပဲကွာ၊ မေမေပြောတာလည်း မှန်တာပဲ''

''ဘာမှန်တာလဲ မောင်၊ မိန်းကလေးတစ်ယောက်ကို အရုပ်လို သဘောမထားနဲ့၊ ကျားကွက်ရွှေ့ သလိုဟိုရွှေ့ဒီရွှေ့ လုပ်လို့မရဘူး၊ သဲသဲက နှလုံးသားရှိတဲ့ အသွေးအသားနဲ့ လူသားတစ်ယောက်နော်''

မိုးသားမှာ ချစ်သူကတစ်ဖက်၊ မိခင်ဖြစ်သူကတစ်ဖက်နှင့် ကြားထဲတွင် အနေရခက်နေ၏။ ဘယ်လိုမှ ညှိမရသည့်အဖြစ်ပင်။

''ခက်တယ်ကွာ မောင်ပြော



www.burmeseclassic.com

www.burmeseclassic.com



တာ နားလည်ပေးပါဦး၊ တို့နှစ်ယောက်က ဝေးလည်း ခဏလေးပါကွာ''

''ဟင့်အင်း.....အဲဒီခဏလေးကို သဲသဲကြောက်တယ်၊ မောင်နဲ့တစ်ရက်လေးတောင် မဝေးပါရစေနဲ့နော်''

''မောင် စိတ်ညစ်လာပြီကွာ''

ခေါင်းကိုကုတ်၍ ဖိုးသားလည်း ကျောင်းခန်းထဲသို့ ဝင်လာခဲ့၏။ ကော်ရစ်ဒါတွင် သဲနုစိုးက ကျန်ရစ်ခဲ့၏။ မျက်ရည်များ စို့တက်လာခဲ့သော်လည်း တခြားကျောင်းသား၊ ကျောင်းသူများမြင်လျှင် သူတို့နှစ်ဦးကို ချစ်သူဖြစ်မှန်း သိမည်စိုး၍ မျက်ရည်များအား မျက်တောင်ဖြင့် ပုတ်ထုတ်လိုက်၏။

''မရဘူး၊ ကျုရှင်ကျမှပြောရမယ်''

သဲနုစိုးတစ်ယောက် အချစ်ကိုလွယ်လွယ်ကူကူနှင့် မမေ့ပျောက်နိုင်ပေ။ သူမအား သည်လို သစ်စိမ်းချိုး ချိုးခြင်းအား လက်မခံနိုင်ပါ။ ငယ်သူမို့ မာနရှိထား၏။ သည်တော့ သဲနုစိုးပစ်မှတ်က မမိုးပွင့်ဆီကိုသာ ရောက်သွားတော့သည်။

''တွေ့ကြသေးတာပေါ့ရှင်၊ ရှင့်သားကို ဘယ်သူပိုင်သလဲဆိုတာ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြပြီပေါ့နော်''

သဲနုစိုးအတွက် ဖိုးသားက မျှော်လင့်ချက်ကြီးသော ချစ်သူတစ်ယောက်ပါ။ ဆေးပညာဘွဲ့ရလျှင် အမေရိကားကိုထွက်ပြီး မမိုးပွင့်ရင်ခွင်ထဲမှ ဆွဲထုတ်ဖို့အထိ စိတ်ကူးထား၏။ အမေရိကားတွင် သဲနုစိုး၏ အစ်ကိုကြီးမိသားစု ရှိနေသည်။

''ဟင်း.....ရှင့်သားကို ရှင်နဲ့ဝေးရာ ပို့ပစ်လိုက်မယ် သိလား၊ ဒါမှ ရှင်ခံစားပြီး ကျန်ရစ်ခဲ့မယ်၊ သဲသဲ အကြောင်းပြရသေးတာပေါ့''

ကျုရှင်ရောက်သည့်နောက်

ခေါင်းကိုကုတ်၍
ဖိုးသားလည်း
ကျောင်းခန်းထဲသို့
ဝင်လာခဲ့၏။
ကော်ရစ်ဒါတွင်
သဲနုစိုးက
ကျန်ရစ်ခဲ့၏။
မျက်ရည်များ
စို့တက် လာခဲ့သော်လည်း
တခြားကျောင်းသား၊
ကျောင်းသူများမြင်လျှင် သူ
တို့နှစ်ဦးကို ချစ်သူဖြစ်မှန်း

သဲနုစိုးက သားကိုစိတ်မချ၍ လိုက်ပို့သော မမိုးပွင့်ကို တွေ့သည်နှင့် ခေါင်းထဲတွင် အကြံတစ်ခုရသွား၏။ သည်တော့ ဖိုးသားကိုရှောင်၍ မမိုးပွင့်ရှိရာသို့ သွားတွေ့လိုက်သည်။

''အန်တီ ခဏလေးနေပါဦး၊ သဲသဲ ပြောစရာရှိလို့ပါ''

သဲသဲဟု အမည်ကို ကြားကတည်းက မမိုးပွင့်မှာ ဖိုးသား၏ ချစ်သူမိန်းကလေးဖြစ်မှန်း သိလိုက်၏။ ကားမောင်းထွက်ခါနီးတွင် ကားကိုစက်ရပ်၍ ပြုံးမိသည်။

''သြော်...အန်တီလည်း မင်းနဲ့တွေ့ချင်နေတာပါကွယ်၊ သဲသဲဆိုတာ တော်တော်များ ချောချောလှလှများလားလို့၊ ဟင်း...ဟင်း၊ ထင်သလိုလည်း မဟုတ်ပါလား''

ထိုစကားသည် သဲနုစိုး၏ မာနကို ထိခိုက်သွား၏။ ကျောင်းတွင် Queenအဖြစ် သတ်မှတ်ခြင်းခံရသူဖြစ်ရာ အလွန်အမင်း ရှက်သွားရ တော့သည်။

''ဒီမှာအန်တီ၊ ကျွန်မတို့ချစ်ခြင်းကို မခွဲပါနဲ့၊ ဘယ်တော့မှလည်း ခွဲလို့မရဘူး၊ ခွဲတဲ့သူဟာ သဲသဲရန်သူပဲ''

''အပြန်အလှန်ပဲပေါ့ကွာ၊ အန်တီလည်း ကိုယ့်သားချောက်ထဲကျသွားမှာကို မလိုလားဘူး၊ မိဘအနေနဲ့ ကာကွယ်ရမှာပဲ၊ မီးကိုကိုင်ကြည့်ချင်တဲ့ ကလေး

www.burmeseclassic.com

တစ်ယောက်ကို မီးမလောင်အောင်တော့ တားဆီးရမှာပဲ၊ ဒါတွေက မင်းဟာ မိခင်တစ်ယောက်မဟုတ်တော့ နားလည်မှာမဟုတ်ပါဘူး၊ ရှင်းပြနေလည်း အပိုပါပဲ၊ သွားမယ်ကွယ်''

သဲနုစိုးအား မထိတထိကလိလိုက်သလို ဖြစ်နေရာ ငယ်ရွယ်သူ ပီပီ ဆွေ့ဆွေ့ခုန် ကျန်ရစ်ခဲ့ရ၏။ ဤအဖြစ်ကို နောက်ကြည့်မှန်မှနေ၍ တွေ့မြင်ပြီး မမိုးပွင့် ပြုံးလိုက်မိသည်။

♛♛♛♛♛

''တောက်.....ဒီမိန်းမကြီး တို့ကို သက်သက်လာကျောသွားတာကွ၊ ငါ မကျေနပ်ဘူး''

''ဒါများကွာ ဖိုးသားကို ပိုင်အောင်လုပ်ပေါ့''

''ဒီကောင်က အမေကြောက်ကွ၊ အခုတောင် တို့ကိုရှောင်နေတယ်''

''အဲဒါ ရှင်ညံ့လို့ပေါ့၊ လူချင်းလဲလိုက်ချင်တယ်''

''ဟေ့.....သဲနုစိုးဘဝမှာ အရှုံးပေးရတယ်ဆိုတာ မရှိဘူး၊ စောင့်သာကြည့်နေ''

သဲနုစိုးသူငယ်ချင်းများ၏ မြှောက်ပင့်စကားများက ပြိုင်ပွဲတစ်ခုအား လက်ခုပ်တီးအားပေးရန် စောင့်မျှော်နေသည့် ပရိသတ်များပမာ မီးထိုးပေးနေကြသည်။

''ဟေ့.....ဟိုမှာ ဖိုးသား ထွက်လာပြီ၊ သွား.....သွား''

''ဟင်း.....ကိုယ့်မာနကြောင့်သာ ယောကျ်ားတစ်ယောက်နောက်ကို လိုက်နေရတယ်၊ ရင်ထဲမှာ ခံရအခက်ဆုံးပဲကွာ၊ ရင်နာတယ်''

ဖိုးသားက သဲနုစိုးမျက်နှာကို မြင်တွေ့သည်နှင့် ကြောက်စရာဘီလူးသရဲမျက်နှာအား တွေ့လိုက်ရသည့်အလား ပြေးလေတော့၏။ ခေါ်သံကို မကြားချင်ယောင်ဆောင်သွား၏။ ပတ်ဝန်းကျင်ကြောင့် မိန်းမသိက္ခာကျမည်ကို စိုးရိမ်ပြီး လှည့်ပြန်လာခဲ့ရသည်။

သဲနုစိုးအား မထိတထိကလိ
လိုက်သလို ဖြစ်နေရာ ငယ်ရွယ်သူ ပီပီ ဆွေ့ဆွေ့ခုန်
ကျန်ရစ်ခဲ့ရ၏။ ဤအဖြစ်ကို နောက်ကြည့်မှန်မှနေ၍
တွေ့မြင်ပြီး ....

''တောက်...နေနှင့်ဦးပေါ့ကွာ၊ သဲနုစိုး ဘယ်လိုတုံ့ပြန်မလဲဆိုတာ စောင့်ကြည့်ကြပေါ့''

''ကြွေးကြော်မနေပါနဲ့ကွာ၊ အရှုံးနဲ့ ပြန်ခဲ့ရပြီပဲဥစ္စာ၊ One go Two Come, Three Wait ပေါ့''

သို့ပေမယ့် သဲနုစိုးက ထိုသို့ သဘောမထားနိုင်ပေ။ သူ့မ မာနကို ထိပါးလာသည့်အတွက် မိမိဘက်က တုံ့ပြန်ရန် ရှိနေ၏။ တစ်ချိန်တွင် လှလှပပ လက်စားချေရန် စဉ်းစားမိသည်။ နောက်တော့ တစ်စုံတစ်ယောက်အား သတိရသွားပြီး ဖုန်းဆက်လိုက်၏။

''အေး၊ You ဘယ်မှာလဲ''

''____''

''ဟုတ်လား၊ မင်းဆီက အကူအညီတစ်ခုတောင်းချင်လို့ကွာ၊ တို့ကို ကူညီနိုင်မလား''

''____''

''ဒီလိုကွ''

သဲနုစိုးသည် ဖုန်းအား မည်သူမျှ မကြားစေရန် တိုးတိုးလေး ပြောလိုက်သည်။ နာရီဝက်ခန့် ဖုန်းပြောပြီးသည်နှင့်.....

''ဒါဆို စိတ်ချမယ်နော်၊ OK...

www.burmeseclassic.com



Good Bye''

သဲနုစိုး၏မျက်နှာက အစွမ်းကုန် ပြုံးရွှင်နေတော့သည်။ ပြီးနောက် နှုတ်ခမ်းကို ပြွတ်လုမတတ် ဖိကိုက်ပြီး.....

''ဟင်း.....ဟင်း၊ ရှင့်ရဲ့နှလုံးသား နုနုထွတ်ထွတ်လေးကို ဆွေ့ဆွေ့ခုန်အောင် ကိုင်လှုပ်လိုက်ရင်ရှင် ဟား...ဟား....ဟား၊ ခံစားပေတော့ ဒေါ်မိုးပွင့်ရေ၊ ခံစားလိုက်စမ်း''

သဲနုစိုးတစ်ယောက် အားရပါးရ အော်ဟစ်ရယ်လိုက်တော့သည်။ မမိုးပွင့်တို့သားအမိ၏ အနာဂတ်အား သဲနုစိုးက သိနေမိ၏။

♛♛♛♛♛

''ကိုယ့်ညီနာမည်က အာကာမိုးထက်နော်၊ အိမ်အမည်က ဖိုးသား၊ ဟုတ်လား''

''ဟုတ်ပါတယ်၊ အစ်ကိုက..''

''ကိုယ်က ရာဇာကျော်ပါ၊ ကိုယ့်ညီကိုတွေ့တော့ ကိုရည်မောင့်တူ ဖြစ်နေမလားလို့ပါ''

အသက် နှစ်ဆယ့်ငါးနှစ်ခန့်ရှိမည့် ရာဇာကျော်ဆိုသူက အားရဝမ်းသာ နှုတ်ဆက်လာသဖြင့် ဖိုးသားလည်း တရိုတသေ ပြန်ဖြေမိ၏။



''ကိုရည်မောင်က ဖိုးသားရဲ့ လေးလေးလေ''

''ဟာကွာ...ဒါကြောင့်မို့ မင်းကို ခင်မိတာပဲ၊ ကိုရည်မောင်ကြီးရော နေကောင်းရဲ့လား''

''ဟုတ်ကဲ့၊ ဟိုတလောကတောင် အိမ်လာသွားသေးတယ်၊ လေးလေးက နယ်မှာတာဝန်ကျနေတာခင်ဗျ''

သပ်သပ်ရပ်ရပ်နှင့် အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်း အရပ်ရှိသော ရာဇာကျော်က ဖက်လဲတကင်း နှုတ်ဆက်နေပြန်သည်။ အထူးသဖြင့် ဖိုးသားလေးစားရသော ဦးလေးဖြစ်သည့်အတွက် ရာဇာကျော်အပေါ်တွင် ခင်မင်သွားရ၏။

''လာကွာ၊ မင်းလေးလေးကို တွေ့ရင် အစ်ကိုက အမြဲပြုစုနေကျကွ၊ ကဲ.....မင်းကိုလည်း ပြုစုရမယ်၊ ဒီနားမှာ စားသောက်ဆိုင်ရှိမယ်ကွ''

'ဟို.....ဟို နောက်မှ အစ်ကိုရာ၊ အိမ်ပြန်နောက်ကျမှာ စိုးလို့ပါ''

ရာဇာကျော် မျက်နှာပျက်သွား၏။ ဖိုးသားသည် မိခင်ဖြစ်သူက မျက်လုံးဒေါက်ထောက် ကြည့်နေ ခြင်း ကြောင့် အပြင် တွင် ကြာကြာအချိန် မဖြုန်းရဲပေ။ အချိန်မှန်မှန် အိမ်ပြန် နေရသည်။

''ဒါဆိုလည်း ရော့.....ဖုန်းနံပါတ်ယူထားကွာ၊ အစ်ကို ဖုန်းဆက်လိုက်မယ်၊ မင်းလည်း အားချိန်မှာ ဆက်သွယ်ပေါ့နော်''

''ဟုတ်ကဲ့ အစ်ကို၊ ကျေးဇူးပဲ''

www.burmeseclassic.com



ဖိုးသားလည်း ဖုန်းကတ်လေးကို ကိုင်ပြီးနောက် အိမ်သို့ပြန်ခဲ့၏။ အိမ်တွင် အဘွားတစ်ယောက်တည်း ရှိနေသည့်အတွက် ဖုန်းကို အိပ်ခန်း ထဲယူသွားသည်။ အခန်းထဲရောက်မှ ချစ်သူကို ဖုန်းဆက်လိုက်ရာ သဲနုစိုးက ဖုန်းမကိုင်ပေ။

"ဟာကွာ.....ဒီမှာ လွမ်းလို့ သေတော့မယ်၊ ဘယ်ဆီကို မင်းရောက်နေလဲကွာ"

နှစ်ကြိမ်သုံးကြိမ် ဆက်ခေါ်သော်လည်း သဲနုစိုးက ဖုန်းမကိုင်သည့်အတွက် သူ့အားကောက်နေမှန်း သိလိုက်၏။

"နေကွာ၊ မဆက်တော့ဘူး"

ဖိုးသား စိတ်တိုသွားပြီး အိပ်ရာပေါ် လှဲအိပ်လိုက်တော့သည်။ ချစ်သူက သူ့အား စိတ်ကောက်သွားသည့်အတွက် ပြန်အချော့ကို စောင့်နေခြင်းဖြစ်သည်။

နောက်တစ်နေ့ ကျောင်းတက်ချိန်တွင် သဲနုစိုး၏သူငယ်ချင်း မျိုးမျိုးရောက်လာသည်။ ဖိုးသားကို တွေ့သည်နှင့်.....

"မင်းကြောင့် သဲသဲ ခံစားနေရပြီ သိလား၊ မနေ့က ထမင်းတောင် မစားဘူးတဲ့၊ သူ့အိမ်က ချော့ကျွေးတာတောင် အငတ်ခံတယ်"

ဖိုးသား စိတ်ညစ်သွားရသည်။ သဲနုစိုးလုပ်သည်နှင့် အားလုံးသိကုန်လျှင် အခက်ပါ။ ဆရာ၊ ဆရာမများ သိမည်ကို ကြောက်နေမိ၏။

"သူ့ဝမ်းသူအငတ်ခံတာ ဘာသနားစရာလိုသလဲ မျိုးမျိုး၊ စိတ်ကောက်ရုံမကလို့ သေသေ၊ ဒါကို သနားစရာမလိုဘူးကွာ၊ ဟင်း...သူကရော တကယ်မစားဘဲ နေနိုင်လို့လား၊ သူ့ဘာသာ အဝအသွတ်ဖိစားထားပြီး စိတ်ဆိုးစိတ်ကောက်ချင်ယောင်ဆောင်နေတာများ မသိဘူးမှတ်နေသလား"

"ဟယ်....နင်ကလည်း စိမ်းကားလိုက်တာ ဖိုးသားရာ"

"သူ့ကိုပြောလိုက် မျိုးမျိုး၊ ဒီနည်းနဲ့ ဖိုးသားကို အထာပြမနေနဲ့လို့၊ ရိုးနေပြီ၊ တခြားနည်းပြောင်းလို့"

"သနားပါတယ်ဟာ၊ သဲသဲက မိန်းကလေးပါကွာ၊ သူ့ခံစားမှုကို....."

"တော်တော့ မျိုးမျိုး၊ သူလုပ်တာနဲ့ အားလုံးသိကုန်ကြလိမ့်မယ်၊ ဒီတော့ ဒီနေ့ကစပြီး လမ်းခွဲလိုက်ပြီလို့ ပြောပေးပါကွာ"

"ဖိုးသား ..ဖိုးသား၊ ဟယ်...ဒီကောင်တော့၊ ဟင်း....."

မျိုးမျိုးလည်း ခေါင်းကိုခါယမ်းပြီး သူမ၏ စာသင်ခန်းရှိရာသို့ဝင်သွားရတော့သည်။ ထိုစကားအား သဲနုစိုးကို ပြန်လည်ဖောက်သည်ချလိုက်၏။

"တောက်.....ဒီကောင့်ကို လွယ်မယ်ထင်နေတာ၊ ဒီလောက်ခက်ခဲလိမ့်မယ်မှန်း မသိဘူး၊ ရတယ်လေ၊ သဲသဲတို့ကလည်း စိန့်ခေါ်ရင် တိမ်ပေါ်အထိ တက်လိုက်မယ်"

သဲနုစိုးသည် မာန်ဖီနေသော ကျားတစ်ကောင်အလား သားကောင်ကိုစားရန် အခွင့်သာမည့် အချိန်ကို ချောင်းနေသည့်အဖြစ်ပင်။ ရှက်စိတ်ဖြင့် မျက်ရည်ကျမိ၏။

♛♛♛♛♛

"ကိုယ့်ညီရောက်လာတာ ဝမ်းသာစရာပဲကွာ၊ အစ်ကိုက လာမှ လာပါ့မလားလို့ စိတ်ပူနေတာပါ"

"ကျူရှင်လစ်ပြီးလာတာပါ၊ အစ်ကိုက ခဏခဏခေါ်နေတော့ အားနာလှပြီ"

ရာဇာကျော်ထံမှ ဖုန်းဆက်၏။ ကျူရှင်ဆရာတစ်ယောက်အဖြစ် ပြောပြထား၍ မမိုးပွင့်က ရာဇာကျော် ဖုန်းဆက်တိုင်း ခေါ်ပေးခဲ့သည်။ သုံးခါမြောက် ဖုန်းဆက်သည့်အဆုံးတွင် ဖိုးသားက မနေနိုင်ပေ။ ကျူရှင်လစ်ပြီး ရောက်လာတော့၏။

"သောက်ကွာ၊ အချိုရည်

www.burmeseclassic.com



လောက်တော့ မင်းဖြစ်တယ် မဟုတ်လား''

''ဖြစ်ပါတယ် အစ်ကိုရာ''

ရာဇာကျော်က ဖွင့်ထားပြီးသား အချိုရည်ဘူးကို ဖန်ခွက်ထဲ ထည့်ပေးလိုက်သည်။ ပြီးနောက် ဖိုးသားရှေ့သို့ ချပေးလိုက်၏။ ဖိုးသားလည်း မောမောနှင့် အချိုရည်ကို ကောက်ယူသောက်ချလိုက်သည်။ ရင်ထဲတွင် အေးခနဲဖြစ်သွားပြီးနောက် ရှုတတဖြစ်ကျန်ခဲ့၏။ အရသာတစ်မျိုးလေးဖြစ်နေ၍ ထပ်မံသောက်မိသည်။

''ရှော့..ထပ်ထည့်ကွာ၊ ကိုယ့်ညီ ရင်မောလာပုံပဲ''

''ဟုတ်ကဲ့ အစ်ကို''

''ကိုရည်မောင်နဲ့ရော ဖုန်းဆက်ဖြစ်သေးလား''

''ဟုတ်ကဲ့၊ ဆက်ဖြစ်ပါတယ်၊ လေးလေးက အစ်ကို့ကို လူမြင်မှ မှတ်မိမယ်တဲ့၊ ဇဝေဇဝါဖြစ်နေတယ်''

''ဟုတ်မှာပေါ့၊ သူတို့က လူအများနဲ့ ဆက်ဆံနေရတာမဟုတ်လား၊ ရောထွေးနေမှာပေါ့ကွာ''

ရာဇာကျော်သည် တစ်ချက်ပြုံးလိုက်ပြီးနောက်.....

''မင်းတို့ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွေ စစ်တော့မယ်နော်၊ ရှေ့လထဲမှာ ဖြေရမှာမဟုတ်လား''

''ဟုတ်ကဲ့ အစ်ကို''

''အေးကွာ၊ အစ်ကိုက ဆယ်တန်းမအောင်ခဲ့ပေမယ့် ညီလေးကို အောင်စေချင်တယ်၊ ကြိုးစားကွာ နော်''

ဖိုးသားက နာရီတကြည့်ကြည့်နှင့်ဖြစ်နေ၍ ရာဇာကျော်လည်း သဘောပေါက်သွား၏။ သည်တော့ အိမ်အထိ တက္ကစီနှင့် လိုက်ပို့ပေးလိုက်သည်။ ဖိုးသားတစ်ယောက် အိမ်ထဲဝင်သွားမှပင် ရာဇာကျော်လည်း နှုတ်ခမ်းကို ကွေးညွတ်၍ ပြုံးလိုက်၏။ ပြီးနောက် တစ်နေရာဆီသို့ ဖုန်းခေါ်လိုက်တော့သည်။

''သဲရေ စိတ်ချတော့၊ တို့အကြံအောင်ပြီ၊ အိုကေပဲ၊ မင်းဝမ်းသာတော့ကွာ''

တိုးတိုးလေး ပြောပြလိုက်၏။

ဖိုးသားသည် လွယ်အိတ်လေး လွယ်လျက် အိမ်သို့ ဟန်မပျက်ပြန်ဝင်လာသည်။ ထုံးစံအတိုင်းပင် အိမ်တွင် အဘွားတစ်ဦးတည်းရှိနေ၍ ခပ်တည်တည်ဝင်လာခဲ့၏။

''ဖိုးသား ပြန်လာရင် ရေခဲသေတ္တာထဲမှာ မင်းအမေထည့်ထားတဲ့ ကျောက်ကျောရှိတယ်တဲ့၊ ယူစားလိုက်ဦး''

''ဟုတ်ကဲ့ အဘွား''

အဝတ်အစားလဲပြီးသည်နှင့် ကျောက်ကျောကို ထုတ်ယူစားလိုက်၏။ ပြီးနောက် ဗီဒီယိုထိုင်ကြည့်နေမိသည်။ အိပ်ချင်လာသလိုလို ခံစားလာရပြီး ဆက်တီခုံပေါ်တွင် အိပ်ပျော်သွားတော့၏။ မမိုးပွင့်ပြန်လာသည်ကိုပင် မသိတော့ပေ။

''သြော်.....သားလေး ပင်ပန်းလာတယ်နဲ့တူပါရဲ့၊ အိပ်နေလိုက်တာများ သနားစရာပါလား၊ သူနိုးလာမှပဲ ကျွေးပါတော့မယ်လေ''

မမိုးပွင့်လည်း ရေမိုးချိုးပြီးသည်နှင့် ပြန်ထွက်လာချိန်တွင်တော့ ဖိုးသားက မရှိတော့ပေ။

''ဟင်.....ဒီကလေး ဘယ်ရောက်သွားပြန်ပြီလဲ၊ အမေရေ... အမေ၊ ဖိုးသားရောဟင်''

ဒေါ်ခင်စောက ခြံထဲတွင်ရှိနေ၍ ထွက်မေးလိုက်၏။ ဒေါ်ခင်စောလည်း မသိပါ။ သတိမထားမိလိုက်ပေ။ သည်တော့ မမိုးပွင့်မှာ စိုးရိမ်သွားတော့သည်။

''လုပ်ပါဦး အမေရယ်၊ ဒီကလေး ဘယ်ရောက်နေပြီလဲ''

''သူ့အိပ်ခန်းထဲ သွားကြည့်ပါဦးကွယ်''

မမိုးပွင့်လည်း အိပ်ခန်းဆီသို့ သွားကြည့်လိုက်ရာ အိပ်ခန်းတံခါးကို ပိတ်ထား၍ တဒုန်းဒုန်းထုရတော့သည်။

''ဖိုးသား.....တံခါးဖွင့်ဦးလေကွယ်၊ အထဲမှာ ဘာလုပ်နေလဲ၊ အိပ်နေတာလား''

မမိုးပွင့်အသံကို ကြားရသည်နောက် ဖိုးသားလည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကို အောက်သို့ဆွဲချလိုက်၏။ ပြီးမှ တံခါးကို သွားဖွင့်ပေးလိုက်သည်။

"စောစောကလေးတင် ညှော်ခန်းမှာအိပ်နေပြီး မေမေရေချိုးပြီး ပြန်ထွက်လာတော့ မရှိတော့ဘူး၊ ဒီတော့ လန့်သွားတာပေါ့သားရယ်"

"စာမေးပွဲနီးလာပြီ မေမေ၊ ဖိုးသား စာကျက်ရဦးမယ်"

"ဟယ်.....ဟုတ်ပါရဲ့၊ တစ်လလောက်ပဲ လိုတော့တာနော်၊ မေမေ All D ပဲ လိုချင်တယ် ဖိုးသား"

"ဟုတ်ကဲ့ စိတ်ချပါ မေမေ"

"ဒါဆို စာသွားကျက်တော့နော်"

သားလိမ္မာလေးကိုကြည့်ပြီး မမိုးပွင့် စိတ်ချမ်းသာသွား၏။ တကယ်ဆိုလျှင် ဖိုးသားသည် မိဘ စကားကို နားထောင်သော ကလေး တစ်ယောက်ပါ။ သည်လိုလိမ္မာ သည့် သားလေးအား သဲနုစိုးက မြူဆွယ်၍သာ ပါသွားခြင်းဖြစ်ပေမည်။ အခုခေတ် မိန်းကလေးများကို မမိုးပွင့် ကြည့်မရပေ။ လူမှုရေးလည်းမသိ၊ ကိုယ့်ကိစ္စမဟုတ်လည်း ဝင်ပါ၊ ဟိုစပ်စပ်၊ သည်စပ်စပ်နှင့်၊ ဖုန်းတွေ့သည်နှင့် လက်တည့်စမ်းချင်ကြ၏။

မမိုးပွင့်၏မိတ်ဆွေ ယွန်းဆိုင်ပိုင်ရှင်လင်မယားဆိုလျှင် နှစ်ဦးစလုံးက သဘောကောင်းကြသည်။ သို့ပေမယ့် ဆိုင်တွင် အရောင်းစာရေး မိန်းကလေးတစ်ယောက်၏ အနေမတတ်၊ အထိုင်မတတ်မှုကြောင့် စိတ်ညစ်နေကြရ၏။ ကိုယ့်အလုပ်တွင်သာမက သူတစ်ပါး အလုပ်တွင်ပါ ဝင်ပါတတ်ရာ ကျန်သူများက အသုံးမကျ၊ သူသာ



အသုံးကျကြောင်း ကိုယ်ရည်သွေးချင်နေသည်။ အစက သူ့ကို ဖင်ပေါ့သူဟု ထင်မိသော်လည်း တစ်စတစ်စ သူ့အကြောင်းသိလာ၏။ ဆိုင်တွင်ထားသော လက်ကိုင်ဖုန်းကို အမျိုးမျိုးလုပ်ထားပြီး အဝယ်တော်များက အရေးတကြီး ခေါ်တိုင်း ဖုန်းက ခေါ်မရတော့ချေ။ ကြာတော့ ယွန်းထည်ပစ္စည်း အရောင်းဆိုင်မှာ ထိုမိန်းကလေးကြောင့် စီးပွားပျက်ရမည့်ကိန်းပင် ဆိုင်ရှင်က မကြိုက်၍ ဆူပူလျှင် စိတ်ကောက် ပြလိုက်သေးသည်။ အမျိုးမျိုးပုံစံ ပေးနေ၏။ စပ်စုလိုက်သမှ အမြင်ကတ်လောက်စရာပင်။

"ဒီလိုလူဝါးဝတာများ အရေးလုပ်လို့အေး၊ မောင်းထုတ်လိုက်ပေါ့"

"သွားပါလိမ့်မယ် ဒီဟာမက၊ ဒီလောက်အခွင့် အရေးပေးတဲ့အလုပ် ရှင်မျိုး ရှာကြည့်လိုက်လို့၊ ဒါကြောင့်မို့ ယောက်ျားကို ပြောထားတယ်၊ အလုပ်သမားမရှားဘူး၊ သူမလုပ် ချင်ရင် ထွက်သွားပါစေလို့ မှာထား တယ်၊ ကျွန်မက ပြောချင်လိုက် တာများ ပါးစပ်ကိုယားနေတာပဲ၊ မတန်လို့ကို မပြောတာ၊ ကိုယ့်သိက္ခာ ကျတယ် မမိုးပွင့်၊ အတန်း အားချင်း မတူဘူးလေ"

www.burmeseclassic.com



"ဟုတ်တယ်နော်၊ ပြီးရင် သူတို့ကို မစာနာဘူး၊ ဂုဏ်မောက်တယ်လေးဘာလေးနဲ့ ပြောကြဦးမယ်၊ မြွေကိုက်ခံနေရတာ လူမသိဘူး၊ ဖားအော်တာပဲ လူကသိကြတာ၊ ဆိုင်မှာက အတွဲညီတဲ့ အကောင်တစ်ယောက်ရှိတယ်၊ ညတိုင်း ဖုန်းအဆက်အသွယ်ရှိကြတယ်၊ သူက Guide Line ပေးနေတာလေ၊ ငွေရေးကြေးရေးလည်း စိတ်မချရဘူး၊ ယွန်းကုန်သည်ဆီကတောင် ပွဲစားခ ပေါင်းရိုက်ယူကြတာလေ၊ ကုန်သည်က ပြန်တိုင်လို့ သိရတာရှင့်၊ ဘယ်ကောင်းပါ့မလဲ မမိုးပွင့်ရယ်"

"ဒီလိုစိတ်ဓာတ်မျိုးရှိသူက ဒုက္ခပေးလိမ့်မယ်နော်၊ သတိထားဦး"

"ကျွန်မတို့လင်မယားလည်း ကုသိုလ်ကံ သိပ်ဆိုးတာပါ၊ ကောင်းသူ ဆယ်ယောက်ရှိရင် မကောင်းသူ နှစ်ယောက်လောက်ပါမြဲပဲ၊ မြွေပွေး ခါးပိုက် ပိုက်ထားရသလိုပါပဲ မမိုးပွင့်ရယ်၊ ဒီတော့ သူတို့တွေ ချမ်းသာကြပါစေလို့ ဆုတောင်းမှ ကိုယ်လည်းစိတ်ချမ်းသာရမှာ မဟုတ်လား"

ဆိုင်ချင်းကပ်ပိုင်ရှင်ဖြစ်သူ မိတ်ဆွေက မမိုးပွင့်ကို ပြောပြရှာသည်။ သည်မိန်းကလေးကြောင့် ယောက်ျားဖြစ်သူလည်း စိတ်ညစ်နေ၏။ ဘယ်လောက်ပြောပြောမနာပေ။ သူ့ကိုမကြိုက်မှန်းသိသော်လည်း မျက်နှာပြောင်ပြောင်ပင်။ အချိုးကမပြောင်းပေ။

"ဟင်း.....ဒီလိုမိန်းကလေးမျိုးသာ ချွေးမတော်ရရင် အခက်ပဲ၊ သဲနုစိုးက ပိုဆိုးနေမလား၊ သားလေးကို ချော့မော့စည်းရုံးထားရမယ်"

♛♛♛♛

"လာကွာ ကိုယ့်ညီ၊ မင်းချိန်းလို့ ကိုယ်လာတာနော်"

"ဟုတ်တယ် အစ်ကို၊ ကျွန်တော် အစ်ကိုနဲ့ စကားပြောချင်လို့"

"ပြောကွာ၊ ဘာပြောချင်လို့လဲ"

ဖိုးသားက သူပြောလိုသော စကားအား နှုတ်မှမထွက်ပေ။ ရာဇာကျော်သည် သူယူလာသော အချိုရည်ဘူး ငါးဘူးအား ဖိုးသားရှေ့သို့ တင်ပေးလိုက်၏။

"ရော့.....ကိုယ့်ညီ စာကျက်ရင်းသောက်ဖို့ ယူထား"

"ဟာ.....ဟုတ်တယ် အစ်ကို၊ အဲဒီအချိုရည်ကို ကျွန်တော် သိပ်သောက်ချင်နေတာပါ၊ ဘယ်လိုဖြစ် မှန်းမသိဘူး၊ နေလို့ကို မရဘူးဗျာ"

"ကိုယ့်ညီ စိတ်ထင်နေတာ

ကျွန်မတို့လင်မယားလည်း ကုသိုလ်ကံ သိပ်ဆိုးတာပါ၊ ကောင်းသူ ဆယ်ယောက်ရှိရင် မကောင်းသူနှစ်ယောက်လောက် ပါမြဲပဲ၊ မြွေပွေး ခါးပိုက် ပိုက်ထား ရသလိုပါပဲ မမိုးပွင့်ရယ်၊ ဒီတော့ သူတို့တွေ ချမ်းသာကြပါစေလို့ ဆုတောင်းမှ.....

ပါ၊ အိမ်ရောက်ရင် အချိုရည် သောက်ကြည့်၊ ဟုတ်၊ မဟုတ် ဆန်းစစ်ပေါ့''

ဖိုးသားမှာ အချိုရည်ငါးဘူး အား အလျင်အမြန်ကောက်ယူ၍ တစ်ဘူးကို ဖောက်သောက်လိုက်သည်။ သည့်နောက် ခံစိမ့်စိမ့်နှင့် အရသာခံမိ၏။ ရာဇာကျော်သည် ဖိုးသားသောက်နေပုံကိုကြည့်ပြီး ကျေနပ်သွားသည်။

''ကဲ...ကိုယ့်ညီ ကိုယ်လည်း အချိန်မရဘူး၊ မနက်ဖြန် တောင်ကြီးသွားရမယ်၊ မင်းဖုန်းဆက်ရင် ကိုယ်လာလို့မရဘူးနော်''

''ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော် မဆက်တော့ပါဘူး၊ ဘယ်နေ့ပြန်လာမလဲသာ သိချင်တာပါ၊ ရောက်ရင် ဖုန်းဆက်လိုက်နော်''

''အေးပါကွာ၊ သွားမယ် ကိုယ့် ညီ''

သည့်နောက်တွင် သူတို့နှစ်ဦးက လမ်းခွဲထွက်သွားတော့သည်။ ဖိုးသားလည်း ကျူရှင်သို့ ဆက်လျှောက်လာ၏။

''ဟင်.....ငါ့ကျူရှင် ဘယ်မှာပါလိမ့်''

စဉ်းစားမရခဲ့ပေ။ ဖိုးသားသည် အတိတ်မေ့နေသူ တစ်ယောက်ပမာ လမ်းလျှောက်ရင်း လမ်းပျောက်နေ၏။ သည်တော့ တဝဲလည်လည်နှင့်သည် နေရာသာ ပြန်ပြန်ရောက်နေသည်။

''ဟေ့.....မင်း မမိုးပွင့်ရဲ့ သားမဟုတ်လား''

''မမိုးပွင့်...ဘယ်ကလဲဗျာ''

''ဟ.....မင်းရဲ့အမေလေ၊ မင်းအဘွားက ဒေါ်ခင်စောမဟုတ်လား''

''ဒေါ်ခင်စော.....ဟုတ်လား''

နှုတ်ဆက်လာသူက စိတ်ပျက်သွား၏။ ဖိုးသားအား မျက်စောင်းခဲကြည့်ပြီးနောက် ဒေါသဖြင့်ဆိုတော့သည်။ ဖိုးသား၏ပခုံးကို ခပ်ပြင်းပြင်းရိုက်လိုက်မှ.....

''ဟာ.....အစ်ကိုဦးပါလား၊ ဘယ်သွားမလို့လဲဟင်''

''အိမ်ပြန်မလို့ပေါ့၊ မင်းကို တွေ့လို့ခေါ်တာ၊ မင်းရောဘယ်လဲ''

''ကျွန်တော်လား ကျူရှင်..... အဲ.....အဲ.....ဘယ်သွားမလို့ပါလိမ့်''

''သေလိုက်ကွာ၊ ကိုယ်သွားမယ့်နေရာတောင် မသိဘူးလား၊ ကဲ.....မောင်တော့မယ်၊ ငါနဲ့သာ ပြန်လိုက်ခဲ့တော့၊ မင်းကို အိမ်အထိ ဝင်ပို့ပေးမယ်၊ မင်းကိုကြည့်ရတာ ကြောင်တောင်တောင်နဲ့ကွာ''

ကိုဆွေဦးမောင်သည် ဖိုးသားကိုခေါ်၍ အိမ်အထိပြန်လိုက်ပို့၏။ အိမ်ရောက်သည့်နောက် ဒေါ်ခင်စောကိုနှုတ်ဆက်၍ ပြန်သွားသည်။ လမ်းမပေါ် ဆက်လျှောက်လာရာ မမိုးပွင့်မောင်းလာသောကားနှင့်တိုးရာ ဖိုးသားအဖြစ်ကို ပြောပြလိုက်ရ၏။

''ဟုတ်လား မောင်ဦး၊ ကျေးဇူးတင်ပါတယ်ကွယ်၊ သူနဲ့အတူ ဘယ်သူတွေပါကြသေးလဲ''

မမိုးပွင့်မှာ စိတ်ပူစွာဖြင့် မေးမိသည်။ သဲနုစိုး ပါလေမလားဟု စိတ်ပူသွား၏။

''သူတစ်ယောက်တည်းတွေ့တာပါ၊ လမ်းမှာ လည်နေတယ်လေ၊ အစ်မရဲ့သားကို ဆရာဝန်ပြကြည့်ဦး၊ စာကျက်လွန်းအားကြီးပြီး ကြောင်နေပြီထင်တယ်နော်''

''အေးပါ မောင်ဦးရယ်၊ ဆေးစစ်ကြည့်ပါဦးမယ်''

မမိုးပွင့်လည်း စိတ်ပူစွာဖြင့် အိမ်သို့ရောက်လာရာ ဖိုးသား၏ အိပ်ခန်းဆီသို့ အရင်သွားကြည့်၏။ သားဖြစ်သူမှာ အိပ်နေပုံပါ။ ယခုပဲ မောင်ဦးဝင်ပို့သွားသည်ဆိုရာ အိပ်သည်ဆိုခြင်းမှာ မဖြစ်နိုင်ပေ။ သား၏လက်တစ်ဖက်ရှိ သွေးခုန်နှုန်းကို စမ်းကြည့်လိုက်စဉ် ဖိုးသားက လက်ကိုအတင်းပြန်ရုပ်၏။

''အဖျားသွေးရှိသလားလို့ စမ်းကြည့်မလို့ပါ သားရယ်''

''ဟင့်အင်း.....ဟင့်အင်း၊ ရတယ် မေမေ၊ သားဘာမှမဖြစ်ပါဘူး''

သို့ပေမယ့် မမိုးပွင့်က ဖိုးသား



www.burmeseclassic.com

www.burmeseclassic.com

၏နဖူးပေါ် ဝဲကျနေသော ဆံစလေးများအားဖယ်၍ အဖျားသွေးရှိမရှိ စမ်းကြည့်လိုက်သည်။

"ဟင်.....ကိုယ်ပူနေသလိုပဲ၊ မေမေ့သား ဖျားနေသလား၊ မှန်မှန်ပြောစမ်း"

"သား ဘာမှမဖြစ်ပါဘူးလို့ ဆိုနေမှဗျာ၊ မေမေကလည်း အနားယူနေတာ ဖိမ်ပျက်တယ်ဗျ"

ဖိုးသားသည် တစ်ခါမှ ထိုသို့ မာရေကျောရေ မပြောတတ်ပေ။ မိခင်ဖြစ်သူအား ဤသို့မဆက်ဆံဖူးပေ။ မမိုးပွင့်မှာ စိတ်မကောင်းဖြစ်သွား၏။ ဖိုးသားက တစ်ဖက်သို့စောင်းအိပ်နေသည့်အတွက် ညကျမှ ထမင်းကျွေးပြီး ဆေးတိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"သနားပါတယ်လေ၊ စာတွေကများတော့ စိတ်နောက်နေမှာပဲ၊ သားလေးက ဆရာဝန်ဖြစ်မယ့်ကလေး၊ ဒီတော့ သူ့ကိုနားလည်ပေးရမှာပေါ့နော်"

မမိုးပွင့်လည်း ဖိုးသားအိပ်ခန်းထဲမှ ပြန်ထွက်လာရတော့သည်။

"သမီးရေ ထမင်းစားကြမယ်လေ၊ ခဏနားပြီးမှ ရေချိုးလိုက်၊ အမေ ဒေါ်လုံးကို ထမင်းပွဲပြင်ဖို့ သွားပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့ အမေ"

မမိုးပွင့်လည်း နေးကွေးသော ခြေလှမ်းများဖြင့် လျှောက်သွားလိုက်တော့၏။

♛♛♛♛♛

"ဒေါ်လုံး ဖိုးသားကို ထမင်းစားမယ်လို့ သွားခေါ်လိုက်ဦးလေ၊ ပေး.....မိုးပွင့်လှီးလိုက်မယ်"

ဒေါ်လုံးလက်ထဲမှ သခွားသီးကို မမိုးပွင့်က ဆက်လှီးပေးရင်း ဒေါ်လုံးအား ခိုင်းလိုက်၏။ ဒေါ်လုံးသည် အိမ်အကူဖြစ်သော်လည်း အိမ်သားများနှင့်အတူ တန်းတူထားသည်။ မမိုးပွင့်က ဒေါ်လုံးအပေါ် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသဘောထားခဲ့၏။ ရိုးသားအေးချမ်းစွာနေသော ဒေါ်လုံးကြောင့် မမိုးပွင့်က သဘောကျမိသည်။ ယုတ်မာစိတ်ရှိလျှင် မမိုးပွင့်က အားမနာသည့်အပြင် လှည့်မကြည့်တတ်ပေ။

"မမိုးပွင့်ရေ...မမိုးပွင့် လာပါဦး.....ဖိုးသားလေ.....ဖိုးသား"

ဒေါ်လုံးထံမှ ကျယ်လောင်သောအသံကြီးက အထိတ်တလန့်ဖြစ်စေရ၏။ မမိုးပွင့်လည်း သခွားသီးနှင့် ဓားကိုပစ်ချ၍ ထွက်သွားလိုက်သည်။

"ဘာဖြစ်တာလဲဟင် ဒေါ်လုံး"

"ဖိုးသား လက်ကောက်ဝတ်မှာ ဓားနဲ့လှီးထားတယ်၊ သွေးတွေထွက်ကျနေတယ် မမိုးပွင့်ရဲ့၊ လုပ်ပါဦး"

"ဟင်...ဖိုးသား ဘာဖြစ်တာလဲကွယ်"

ဖိုးသားလက်ထဲတွင် ခဲတံချွန်သည့်ဓားထက်ထက်ကို တွေ့ရသည်။ သူ့ကိုကြည့်ရသည်မှာ ဘာမျှမဖြစ်သလိုပင်။ မမိုးပွင့်က စိုးရိမ်စိတ်ဖြင့် ဖိုးသားလက်ကို ဆွဲယူကြည့်လိုက်၏။

"ဟင်...ဒီအရာတွေက ဘာတွေလဲ"

"ဓားရာတွေလေ"

"ဟဲ့.....ကိုယ့်အသားကို ပြန်လှီးရသလား၊ နင်ရူးနေသလား ဖိုးသား၊ ဘာလို့ဒီလိုလုပ်ရတာလဲ"

"လှီးချင်လို့ လှီးကြည့်တာ"

ခက်တော့နေပေပြီ။ မောင်ဦးပြောသလိုများ ဖိုးသားမှာ ကြောင်တောင်တောင်ဖြစ်နေပြီလားမသိပေ။

"မေမေ့သား နေကောင်းပါတယ်နော်"

"ကောင်းပါတယ် မေမေ"

"ဒီမှာကြည့်ပါဦးကွယ်၊ ကဲ...လာ.....လာ၊ ဆေးထည့်ရမယ်၊ အနာရင်းပြီး ငန်းဖျားဝင်လိမ့်မယ်"

အရက်ပြန်နှင့် ဆေးပြီးနောက် ဆေးထည့်လိုက်သော်လည်း ဖိုးသားက နာကျင်ဟန်မပြပေ။ သို့သော် မျက်ရည်ရစ်ဝဲနေသည်။ ဖိုးသားတွင် စိတ်ခံစားမှု တစ်ခုရှိ

www.burmeseclassic.com





လိမ့်မည်ဆိုသည်ကို မမိုးပွင့်ကသိနေ၏။ သဲနုစိုးနှင့် ပတ်သက်နေပေမည်။ သည်တော့ မမေးချင်တော့ပါ။

"ကဲ...လာ၊ ထမင်းစားလိုက်၊ ပြီးရင် ဆေးသောက်ရမယ်"

ဖိုးသားမှာ မလိုက်ချင်လိုက်ချင်နှင့် စိတ်မပါစွာ လိုက်လာသည်။

"ထမင်းဝိုင်းရောက်ရင် သားရဲ့ဒဏ်ရာတွေကို အဘွားမသိစေနဲ့ တော်ကြာ ကြောက်လန့်သွားလိမ့်မယ်"

ဖိုးသားတွင် ပယောဂတစ်ခုခုများ ပူးကပ်နေပြီလားဟု သံသယစိတ်ဖြစ်မိသည်။ သည်တော့ အိမ်တွင် စာကျက်ရန်ထားတော့မည်ဟု ဆုံးဖြတ်၍ ဖိုးသားအား ကျူရှင်သို့ မလွှတ်တော့ပေ။

"မင်း မနက်ဖြန်ကစပြီး ကျူရှင်မသွားနဲ့တော့၊ စာမေးပွဲဖြေဖို့ နှစ်ပတ်လောက်ပဲ လိုတော့တာနော်၊ အိမ်မှာပဲ စာကျက်တော့"

ဖိုးသားက မဖြေပါ။ ထမင်းကို နှေးကွေးစွာစားနေသည်။

"ဟဲ့.....သား၊ မေမေပြောနေတာ ကြားလား"

"ကြားပါတယ်ဗျာ၊ စိတ်ညစ်တာ အဲဒါတွေပါတယ်၊ စာကျက်ချင်စိတ်တောင် မရှိတော့ဘူး"

ထမင်းကို ဆက်မစားတော့ဘဲ စိတ်ကောက်ဟန်ဖြင့် ထသွား၏။ ဒေါ်ခင်စောက သားအမိနှစ်ဦးကိုကြည့်၍.....

"အမေ့သမီး ညည်းစိတ်လျှော့နော်၊ ဒီအရွယ်လေးတွေက စိတ်မမှန်သေးဘူး၊ သူတို့လုပ်ချင်တာ လုပ်ရမှ ကျေနပ်တာ၊ အမေ့သမီးက သိပ်ပြီးစည်းကမ်းမတင်းကျပ်နဲ့လေ၊ လျှော့ပေးသင့်တာ လျှော့ရမယ်"

"ဟင်း.....ဒီကောင့်အချိုးက မဟုတ်တော့ဘူး အမေ၊ မိုးပွင့်စိတ်ကို သိလျက်နဲ့ စမ်းချင်နေတယ်၊ အခုလည်း....."

စကားကို ဆက်မပြောရဲတော့ပါ။ ဒေါ်ခင်စောမသိစေရန် ဖုံးကွယ်ထားခဲ့၍ဖြစ်၏။ ထမင်းစားသောက်ပြီးသည်နှင့် ဆေးသောက်ရန် ဒေါ်လုံးနှင့်လွှတ်လိုက်မိသည်။ ဒေါ်လုံး ပြန်လာသည့်နောက်.....

"သောက်တယ် မမိုးပွင့်၊ ဖိုးသားက စိတ်မကောင်းဖြစ်သွားလို့နဲ့တူပါရဲ့၊ မမိုးပွင့်ကို ချစ်ပါတယ်ကွယ်"

"မိဘနဲ့သားသမီးကြားမှာ ချစ်ဖို့ထက် နားလည်သိတတ်ဖို့ပဲလိုပါတယ်၊ မိဘကို နားလည်သိတတ်တာက ချစ်တာပဲမဟုတ်လား ဒေါ်လုံးရဲ့"

"မှန်တာပေါ့ မမိုးပွင့်ရယ်"

ဆေးသောက်သည်ဆို၍ စိတ်ကျေနပ်သွားမိသည်။

♛♛♛♛

မမိုးပွင့်အဖြစ်က ဖိုးသားအား စိတ်ဆိုးဟန်ဆောင်၍ ခပ်တည်တည်နေပစ်လိုက်သည်။ ပြောစရာရှိလျှင်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လုံးနှင့်ပေးခိုင်း၏။ ကိုယ့်ဘက်က မိဘဝတ္တရားကျေသလို သားသမီးဘက်မှလည်း ဝတ္တရားကျေစေချင်သည်။ သို့ပေမယ့် မမိုးပွင့်က မနေနိုင်ပါ။ သား၏သတင်းကို ဒေါ်လုံးနှင့် စုံစမ်းနေ၏။

"ဒေါ်လုံးသွားတိုင်း စာကျက်နေတာပါ၊ ပိန်ကျော့သွားတယ် သိလား၊ ဖိုးသားကို စိတ်မကောင်းဖြစ်အောင် မနေပါနဲ့ကွယ်၊ ကလေးတစ်ခုခုဖြစ်လာရင် မမိုးပွင့်ပဲ စိတ်ပူရမှာနော်"

"မိုးပွင့်လေ ကိုယ့်သားသမီးမှ မဟုတ်ပါဘူး၊ ဘယ်သူ့ပဲဖြစ်ဖြစ် မေတ္တာထားတယ်၊ ဒါပေမဲ့ ကိုယ်မနှစ်သက်တာ လုပ်ရင်တော့ ဥပေက္ခာပြုဖို့ ဝန်မလေးဘူး ဒေါ်လုံး၊ မိုးပွင့်စိတ်ကို သိလျက်နဲ့ သူဘာလို့ ကိုယ့်လက်ကို လှီးရတာလဲ၊ သွေးကြောကိုထိသွားရင် သေမှာပေါ့၊ ဒါကို သူသိရမယ်လေ"

"အေးကွယ်၊ ဒေါ်လုံးလည်း ဖိုးသားကို ပြောပါဦးမယ် မမိုးပွင့်ရယ်၊ သားသမီးအပေါ်တော့ မေတ္တာမပျက်ပါနဲ့၊ ကိုယ့်ကလေးပဲ ဒုက္ခရောက်မှာပေါ့နော်"

မမိုးပွင့်လည်း သက်ပြင်းချလိုက်ရတော့၏။ သို့ပေမယ့် ပညာရေးတွင်တော့ ဖိုးသားက အသိစိတ်ရှိမည်ဟု ယုံကြည်ထားသည်။ သူ့အနာဂတ်အတွက် ရည်ရွယ်ချက်အပျက်ခံမည်မဟုတ်ပါ။

"သမီးရေ မောင်ရည်မောင် လာတယ်ကွယ်"

ဒေါ်ခင်စော၏ အားရဝမ်းသာခေါ်သံကြောင့် မမိုးပွင့် ဝမ်းသာသွားရ၏။ မောင်ရည်မောင်ကို ဖိုးသားက ခင်မင်သည်။ သူ့လေးလေးကိုချစ်သည်။ လေးလေးကဲ့သို့ နိုင်ငံ့သားကောင်းမျိုး ဖြစ်ချင်သည်။ ဖိုးသား လေးစားသူများထဲတွင် မောင်ရည်မောင်လည်းပါ၏။ သည်တော့ သား၏လုပ်ရပ်ကို မောင်ရည်မောင်အား ပြောပြ၊ အကူအညီတောင်းရမည်ဟု တွေးမိ၏။

ဒေါ်ခင်စော၏အားရဝမ်းသာခေါ်သံကြောင့်မမိုးပွင့်ဝမ်းသာ
သွားရ၏။မောင်ရည်မောင်ကိုဖိုးသားကခင်မင်သည်။
သူ့လေးလေးကိုချစ်သည်။လေးလေးကဲ့သို့နိုင်ငံ့သားကောင်းမျိုး
ဖြစ်ချင်သည်။ဖိုးသား လေးစားသူများထဲတွင်....

"ငါ့တူက ဝလာပါလားကွယ်၊ အလုပ်ကိစ္စတွေ ပြီးပြီလားကွဲ့"

"ဟုတ်ကဲ့၊ ဒီနေ့ သင်တန်းဆင်းလို့ပါ၊ စနေ၊ တနင်္ဂနွေ နှစ်ရက်နားပြီးရင် တနင်္လာနေ့မှာ သတင်းပို့ရမယ် ဒေါ်လေး"

"ဒါဆို ဒီမှာနေရမယ်ကွယ်၊ အားနာစရာမလိုဘူး"

"ဟုတ်တယ် မောင်လေးရေ၊ ဒီမှာပဲနေရမယ်၊ မင်းတူကို လိမ္မာအောင် ဆုံးမပေးသွားပါဦး၊ မင်းတူက မင်းစကားဆို နားထောင်ပါတယ်ကွယ်"

"ဒီအိမ်မှာတည်းဖို့ကိုရောက်လာတာပါဗျာ၊ ဖိုးသားကိုလည်း သိပ်တွေ့ချင်နေတယ်၊ ဖိုးသားဘာဖြစ်လို့လဲ မမ"

မမိုးပွင့်က ခရီးရောက်မဆိုက် မပြောချင်သော်လည်း ပြောပြလိုက်ရ၏။ သားအတွက် မောင်ရည်မောင် ရောက်လာခြင်းက သူမ၏ ကုသိုလ်ကံပင်။ သားဖြစ်သူသည် အချစ်အတွက် မိဘအား ဆန္ဒပြနေခြင်းဟု ထင်မိသည်။ ထိုကိစ္စပါ ထည့်ပြောပြလိုက်၏။ ပြီးနောက်တွင်.....

"စိတ်မပူပါနဲ့ မမ၊ ကျွန်တော် ပြောပြပေးပါ့မယ်၊ ဖိုးသားဟာ လိမ္မာတဲ့ကလေးတစ်ယောက်ပါဗျာ၊ ဒါပေမဲ့ လက်တွေကို ဓားနဲ့မွှန်းတာ

www.burmeseclassic.com

တော့ ပုံမှန်စိတ်မျိုးမဟုတ်ဘူး”

“ဟင်…ဒါဆို ဖိုးသားလေး စိတ်မကျန်းမာသူဖြစ်သွားတာများလား မောင်လေး”

“အဲဒီလိုမဟုတ်ဘူးဗျ၊ နောက်တော့ ကျွန်တော် ရှင်းပြပေးပါ့မယ်ဗျာ”

“ဟုတ်သားပဲ သမီးရယ်၊ အမေ့တူ နားပါစေဦးလား”

သားဖောကပ်နေသည့် မမိုးပွင့်က ပြုံးမိတော့သည်။

♛♛♛♛♛

“ဖိုးသားရေ…..”

ဖိုးသားသည် ရေချိုး၊ ထမင်းစားချိန်မှလွဲ၍ အခန်းထဲတွင်သာ အောင်းနေတတ်သည်။ ညစာအတွက်ထမင်းကို အခန်းထဲတွင်သာ ယူစားတတ်သည်။ မမိုးပွင့်မှာ သူမက စကားမပြောသည့်အတွက် သူမ,ရှိချိန်တွင် ဖိုးသားက မလာရဲဟုသာ ထင်နေပြန်၏။ သည်တော့ ဒေါ်လုံးနှင့်သာ ထမင်းပွဲကို ပို့ခိုင်းလိုက်ရသည်။

“ဟင်..လေးလေး၊ လေးလေး လာတယ်”

ဖိုးသားက မထင်မှတ်ခဲ့ပေ။ ယခုလို ဦးလေးကို ဘွားခနဲတွေ့ရသည့်နောက် မျက်ရည်များပင်ကျနေမိ၏။



လေးလေးဖိုးသားကို
ကယ်ပါဦးဗျာ၊
ဖိုးသားစာလည်း
ကျက်လို့မရဘူး၊
ကျက်ပြီးသားစာတွေပါ
မမှတ်မိတော့ဘူး၊
ကိုယ့်ကိုယ်ကိုယ်
အနာတရလုပ်လိုက်ရမှ

“ငါ့တူ ပိန်သွားပါလားကွ၊ နေ မကောင်းဘူးလား”

ကိုရည်မောင်က ရဲအရာရှိပီပီ ဆတ်ခနဲ ဖိုးသားလက်ကို ဖမ်းဆွဲ၍ လက်ကောက်ဝတ်အား လှန်ကြည့်လိုက်သည်။ ဖိုးသား မရုန်းနိုင်ခဲ့ပေ။

“ဟင်…..မင်း…..မင်း၊ ဘာကြောင့် ဒီလိုလုပ်ရတာလဲကွာ၊ လေးလေးကို ပြောပါဦး၊ မင်းဘာကြောင့် အခုလို ပြုမူရတာလဲ၊ အန္တရာယ်များပါဘိကွာ”

“လေးလေး ဖိုးသားကို ကယ်ပါဦးဗျာ၊ ဖိုးသား စာလည်းကျက်လို့မရဘူး၊ ကျက်ပြီးသားစာတွေပါ မမှတ်မိတော့ဘူး၊ ကိုယ့်ကိုယ်ကိုယ် အနာတရလုပ်လိုက်ရမှ ကျေနပ်တာ၊ ဒီမှာကြည့်ပါဦး”

ဖိုးသားသည် သူ့လက်နှစ်ဖက်နှင့် ပေါင်နှစ်ဖက်အား လှန်ပြ... မြင်မကောင်းတော့ချေ။ ကိုရည်မောင်တစ်ယောက် အံ့သြသွား... သည်။

“ဖြစ်ရလေ ဖိုးသားရာ၊ ကိုယ့်မိဘက မင်းကို လိမ္မာစေချင်လို့ ဆုံးမတာပဲကွာ၊ မင်းဘဝလေး ... လျှော်ရင်းတက်ကျိုးဖြစ်သွားမှာ မမြင်ချင်လို့ပေါ့ကွ”

“မေမေ့မေတ္တာကို ဖိုးသား... လည်ပါတယ် လေးလေး၊ ဒီလိုဖြ... ရတာ မေမေ့ကြောင့်မဟုတ်ပါဘူး...

www.burmeseclassic.com



ဖိုးသားအဖြစ်ကို မေမေတွေ့မှာစိုးလို့ မေမေ့ကို ဖိုးသားက ကြောက်ပြီး ရှောင်နေတာပါ၊ အဓိက တရားခံက လေးလေးရဲ့မိတ်ဆွေ ကိုရာဇာကျော်ပါဗျာ"

"လေးလေးရဲ့မိတ်ဆွေတွေထဲမှာ အဲဒီနာမည်မျိုး မရှိဘူးကွ၊ နေပါဦး၊ ဒီလူက မင်းကို ဘာပြောခဲ့လို့လဲ"

ဖိုးသား၏အကြည့်က စားပွဲပေါ်ရှိ ရာဇာကျော် ပေးသွားခဲ့သော အချိုရည်ဘူးခွံလွတ်များကို ပြနေ၏။ ကိုရည်မွန်က တစ်စုံတစ်ရာကို တွေးမိပြီး ချက်ချင်း သဘောပေါက်သွားတော့သည်။

"ဟင်.....မင်း ဒီကောင်ပေးတဲ့ အချိုရည်တွေကို သောက်လိုက်တယ်ပေါ့၊ ဟုတ်လား ဖိုးသား"

"သူက တွေ့တိုင်း ဒီအချိုရည်တွေကို တိုက်တာပါ၊ သားက သောက်လိုက်မိတာပေါ့ လေးလေးရယ်၊ အခုတော့ အဲဒါကိုမသောက်ရရင် မနေနိုင်ဖြစ်နေရပြီဗျာ"

"တောက်...ဒါ မင်းကို ဖျက်ဆီးဖို့အကြံအစည်နဲ့ အညွန့်တုံးအောင်လုပ်လိုက်တဲ့ကိစ္စကွ၊ ငါ့တူရာ မင်း ဒုက္ခတော့ဖြစ်ပြီကွာ၊ အဲဒါ မင်းကို သေမင်းဆီ ဖြည်းဖြည်းချင်းပို့နေတဲ့ လူသားကို ဝါးမျိုသွားမယ့် အဆိပ်ရည်တွေပဲ၊ မူးယစ်ဆေးဝါးပါတဲ့ အဆိပ်ရည်ကွ"

စာမေးပွဲဖြေဆိုရန် တစ်ပတ်သာလိုတော့၏။ သည်ပုံမျိုးနှင့် ဖိုးသားတစ်ယောက် မည်သို့မျှ ဖြေဆိုနိုင်မည်မဟုတ်တော့ပေ။ ကိုရည်



မောင်မှာ ဖိုးသားကိုကြည့်၍နှမြောမိ၏။ ထိုကိစ္စကို မမိုးပွင့်သိလျှင် ယူကျုံးမရဖြစ်ပေမည်။ သူမည်သို့ ပြောထွက်ပါမည်နည်း။

ဖိုးသားလည်း မျက်ရည်တွေ တွေစီးကျရင်း ကိုရည်မောင်အား ဖက်ငိုတော့သည်။

"သားကိုကယ်ပါဦး လေးလေး၊ ဖိုးသား စာမေးပွဲဖြေခါနီးပြီ၊ ခေါင်းထဲမှာ ဘာစာမှ မရှိတော့ဘူး၊ မေမေဖြစ်စေချင်တဲ့ဘဝကို ဖိုးသား မရောက်နိုင်တော့ဘူးဗျာ၊ အီး.....ဟီး.....ဟီး"

"ရာဇာကျော်ဆိုတဲ့ကောင်က ဘယ်မှာနေတာလဲ"

"မသိဘူး လေးလေး၊ ဖိုးသားကို အချိုရည်ငါးဘူးပေးပြီးကတည်းက ပျောက်သွားတာပါ၊ တောင်ကြီး ကိုသွားမယ်တဲ့၊ ကြာမှာမို့ ဖုန်းမဆက်ပါနဲ့တဲ့"

"ဒါဆို သူ့ဖုန်းနံပါတ်ကိုပြော"

"ဖိုးသား စာအုပ်ထဲမှာမှတ် ထားပါတယ် လေးလေး"

"အေး..... ဒီလူယုတ်မာကို မိအောင်ဖမ်းရမယ်၊ သူ့ဖုန်းနံပါတ် သွားယူပေးကွာ"

ဖိုးသားက သူ့ချည်နဲ့နဲ့ ကိုယ်လုံးလေးနှင့် စာအုပ်တစ်အုပ်ကို လှန်လှောရှာဖွေကာ သွားရောက် ရှာဖွေယူပေးခဲ့သည်။

ကိုရည်မောင်လည်း သူလုပ်ဆောင်ရမည့်ကိစ္စအား လျှို့ဝှက်လုပ်ဆောင်လိုက်တော့၏။ ထိုကိစ္စက မြန်ဆန်မှုဖြစ်ပေမည်။ ဖိုးသားကဲ့သို့သော အမျိုးကောင်းသားလေးများအား ပစ်မှတ်ထား၍ ဖျက်ဆီးနေသည့် လူယုတ်မာ မူးယစ်ဂိုဏ်း



www.burmeseclassic.com

www.burmeseclassic.com



အား ဖော်ထုတ်ရန် သူ့တွင်တာဝန် ရှိ၏။ သူတို့၏ ပစ်မှတ်ထားသည့် နေရာမှာ အင်တာနက်ဆိုင်နှင့် ဂိမ်းဆိုင်များဖြစ်ကြ၏။ ထိုနေရာများတွင် အသိမကြွယ်၊ ဗဟုသုတ နည်းပါးသည့် လူငယ်လေးများ စုဝေးရာနေရာဖြစ်သဖြင့် မြူဆွယ် သိမ်းသွင်းရန် လွယ်ကူသည်။

မကောင်းမှုဒုစရိုက်လုပ်ရပ်ကို ပူးပေါင်း၊ ရှာဖွေ၊ ဖော်ထုတ်၊ ဖမ်းဆီးနိုင်ရပေမည်။

တစ်ဖက်ကိစ္စ လုပ်ဆောင်ပြီးနောက် ဖိုးသားကိစ္စအတွက် မမိုးပွင့်နှင့် တိုင်ပင်ရတော့၏။ မပြောပြလျှင် မဖြစ်တော့သည့်အခြေအနေ ဖြစ်နေသည်။

"အဲဒါပဲ မမ၊ ဖိုးသားဟာ မူးယစ်ဆေးဖြတ်တဲ့ဆေးရုံကို ပို့ရမယ်၊ တတ်ကျွမ်းတဲ့ မူးယစ်ဆရာဝန်တွေနဲ့ ကုသမှ လူကောင်း ပကတိ ပြန်ဖြစ်မှာပါ"

"မောင်လေးကောင်းသလိုသာ စီစဉ်ပါတော့ကွယ်၊ မမတော့ သားအတွက် မျှော်လင့်ချက်တွေ ပျောက်ကုန်ရပါပြီ၊ သူလေး မူးယစ်ဆေး ဖြတ်ဖို့သာ အရေးကြီးပါတယ်ကွယ်"

မမိုးပွင့်မှာ မျက်ရည်ဖြိုင်ဖြိုင် ကျရတော့၏။ သား၏ရည်ရွယ်ချက်၊ မိခင်၏ မျှော်လင့်ချက်များက ကန္တာရတစ်ခုပမာ ခြောက်သွေ့နွမ်း



လျပြီး ဟင်းလင်းပြင်ဖြစ်ကျန်ခဲ့ရသည်။ မမိုးပွင့်၏ နှလုံးသားတစ်ပြင်လုံး ကြေကွဲဝမ်းနည်းမဆုံးဖြစ်နေ၏။ သားအတွက် သောကအပူသည် မိခင်၏ရင်တွင်း၌ ဝေဒနာ အဆတစ်ရာမက ခံစားနေရပေပြီ။ ဖြစ်နိုင်လျှင် ဖိုးသားကိုယ်စား မမိုးပွင့် ခံယူလိုက်ချင်ပါ၏။

♛♛♛♛♛

တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုနေချိန်တွင် ဖိုးသားကိုယ်တိုင် သူ့အမှားကို သိလာ၏။ မျက်ရည်ဝိုင်းလျက်နှင့် မေးခွန်းစာရွက်လေးကို ကိုင်ကာ ဝမ်းနည်းနေရသည်။

"ဒီနှစ်မဖြေရတော့ ရှေ့နှစ်ဖြေရမှာပေါ့ သားရယ်၊ ကံကြမ္မာဆိုတာ ဘယ်သူမှ ကြိုတင်မျှော်လင့်လို့ ရတာမျိုး မဟုတ်ဘူးလေ၊ သားရဲ့ဘဝမှာ သေရာပါ နောင်တတစ်ခုကို ရလိုက်တာပဲ၊ နောင်မမှားအောင် သင်ခန်းစာရလိုက်တယ်လို့ သဘောထားပေါ့ကွယ်"

"သားကိုခွင့်လွှတ်ပါ မေမေ၊ သားရဲ့ဘဝနဲ့ရင်းပြီး ရလိုက်တဲ့အသိဟာ မေမေ့ကို နှလုံးသားထဲကနေ ကတိပေးလိုက်ပါ့မယ်၊ ရှေ့နှစ်ကို ဆေးကျောင်းတက်ရပါစေ့မယ် မေမေရယ်"

"မေမေ ဧကယ့် ကို



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပါတယ်ကွယ်၊ အခုမှ ဖိုးသားဟာ မေမေဖြစ်စေချင်တဲ့ သားလိမ္မာလေး ဖြစ်သွားတာပါ၊ မေမေ ဂုဏ်ယူပါတယ် သားရယ်''



ဖိုးသားလည်း သုံးလအကြာတွင် ပုံမှန်ပြန်ဖြစ်သွားသဖြင့် ဆေးရုံမှ ဆင်းခဲ့ရ၏။ တစ်ခဏလေး ခံစားရသည့် စိတ်အပျော်က တစ်ဘဝလုံးအတွက် ပေးဆပ်လိုက်ရ၏။ ကြောက်စရာ မူးယစ်ဆေးနှင့် ပတ်သက်လျှင် ဖိုးသားက မကြားချင်လောက်အောင် ဝေးဝေးကရှောင်နေမည်။

"ရာဇာကျော်ကို ရန်ကုန်မှာပဲ ဖမ်းမိခဲ့တယ် ဖိုးသား၊ ဒီကောင်က ကိုယ်တိုင် မူးယစ်ဆေးကိုသုံးပြီး တစ်ပါးသူကိုလည်း ဖြန့်ဖြူးပေးနေတဲ့ကောင်ပဲ၊ မင်းကို ဆေးကျောင်းတက်နိုင်အောင် ဖန်တီးလိုက်တာပဲကွ၊ သူ့ကိုခိုင်းတဲ့ ကြိုးကိုင်သူနောက်ကွယ်မှာ ရှိနေမှာပဲ၊ ရာဇာကျော်က မင်းနဲ့မှမသိဘဲကွာ၊ ဘယ်သူခိုင်းသလဲဆိုတာ မင်းကိုယ်တိုင်စဉ်းစားကြည့်တော့''

ဖိုးသားမှာ ရှည်ရှည်ဝေးဝေး တွေးနေစရာ လိုမည်မထင်ပါ။ မည်သူဖြစ်မည်ကို ဖိုးသားက တပ်အပ် သိနေ၏။ သဲနုစိုးမှလွဲ၍ မည်သူမျှ မဖြစ်နိုင်ပါ။ လောကကြီးတွင် ကြောက်စရာကောင်းသော မိန်းမမျိုးက ရှိနေ၏။ သူတစ်ပါးအကျိုး ပျက်စီးစေရန် အတွက် အကွက်ကျကျ ပူးပေါင်းလုပ်ဆောင်နိုင်ခြင်းအတွက် ဖိုးသားက မအံ့သြတော့ပါ။ သူကိုယ်ပိုင် ထိုအဖျက်ထဲသို့ လိုက်ပါမိခဲ့ခြင်းကိုသာ အံ့သြနေ၏။ သည်တော့ သူ့ကဲ့သို့ မဖြစ်စေလိုပေ။

"သူငယ်ချင်းတို့ရာ ကိုယ့်လိုဘဝရဲ့အစိတ်အပိုင်းတစ်ခု ပေးဆပ်လိုက်ရတဲ့ အဖြစ်မျိုးလို မင်းတို့ကို မကြုံစေချင်ပါဘူးကွာ၊ ကိုယ့်အမှားကို သင်ခန်းစာယူကြပါ၊ အထူးသဖြင့် ခင်မင်မိတ်ဖွဲ့ချင်ယောင်ဆောင်တဲ့သူတွေရဲ့ ငါးမျှားချိတ်က အစာကို မဟပ်မိကြပါစေနဲ့ကွာ''

ထိုစကားလက်ဆောင်ကိုသာ ဖိုးသားက အမျိုးကောင်းသား လူငယ်လေးများအား အသိပေးပြောပြနေချင်တော့သည်။

**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**



www.burmeseclassic.com

www.burmeseclassic.com



# မောင်ထွန်းညွန့် (ကျွမ်းခြံကုန်း)

# နှစ်ဖော်ညီအစ်မ သိန်းဆုရ

စာပေအသိ၊ ဘဝအမြင်၊ ခရီးနှင်ရသောအတွေ့အကြုံများမှ ရရှိသော သင်ခန်းစာ အတွေ့အကြုံ ဗဟုသုတ ဆန်းထုတ်စိစစ်မှုတို့အရ ကျွန်ုပ်သည် အောက်ပါတို့ကို မှန်မှန်ကန်ကန် သုံးသပ်ဆင်ခြင် ဆုံးဖြတ်ထားမိပါသည်။ ခံယူမိပါသည်။ ၎င်းတို့မှာ–

**လောကတွင် အမြန်ဆုံးသည် စိတ်။**

**အယိုဖိတ်ဆုံးသည် သဒ္ဓါ။**

**အဝေပြာဆုံးသည် စေတနာ။**

**ချစ်စရာအကောင်းဆုံးသည် ကျေးဇူးသိတတ်မှု။**

**တုပ ပြုပြင် ပြောင်းလဲ၍မရသော အရာသည်ကား ကံ ကံ၏ အကျိုးတရားဟူ၍ဖြစ်ပါသည်။**

ဗုဒ္ဓပရမေသည် သဗ္ဗေသတ္တာ ကမ္မသကာဟု သတ္တဝါတို့၏ ကံပစ်ချရာမှာနေ၊ ကံစေရာမှာသွား၊ ကံထားရာမှာစံဆိုသော အမှန်ဘဝကို ဟောကြားတော်မူခဲ့ပါသည်။

ကံကို ပြင်၍မရ၊ ကံကို ဖီဆန်၍မရ၊ ကံ… သွေဖည်၍မရ၊ ကမ္မ၏အကျိုးကို အရောင်ပြော… ဆိုး၍ မရတတ်ပါ။ ကံသည် သတ္တဝါဝေနေယ… အသချေကို ပြေပြစ်သည်တစ်ခန်း၊ ကြမ်းတမ်းသည်… တစ်ဖုံ၊ ရောင်စုံဆိုး၍တစ်သွယ် မှန်ကန်စွာ ခြယ… လှယ်သည်ပဲ ဖြစ်သည်။

ကံသည် အနတ္တဆိုသောတရားနှင့် ပူးဟပ်စ… ယှဉ်၍လည်း ရနိုင်ပါသည်။ ကံနှင့်သခ်ါရသည် ခေါ… တစ်ဖက်၊ ပန်းတစ်ဖက် ဒင်္ဂါးကဲ့သို့ရှိသည်ဟု ဆိုနို… ပါသည်။

ကံကောင်းခြင်း၊ ကံဆိုးခြင်း၊ ကံညှိုးခြင်း၊ ကံ… ခြင်းစသည့် ကံပျိုးခင်းမှ ဘဝအခြေ အထွေထွေသည… သတ္တဝါတို့၏ ဘဝအလွှာကို အလှဖြာစေလိုက်၊ ဘ… နာစေလိုက်နှင့် သခ်ါရသဘောသဘာဝစရိုက်… ချင်းညချင်း ချောလိုက်၊ ကြမ်းလိုက်ဖြင့် ပြောင်းလဲ…

www.burmeseclassic.com



နိုင်ပါသည်။ ပြောင်းလဲရိုးလည်းရှိပါသည်။ နောင်လည်း ထိုအတိုင်းပင် တည်ရှိနေပါလိမ့်ဦးမည်။ ဤသို့သော ကံကြောင့် သင်္ခါရဖြစ်ခြင်း၊ ထိုသင်္ခါရကြောင့် ဘဝပြောင်းလဲခြင်းတို့ကို သတ္တလောက၏ ထာဝရ သစ္စာဟု ယူသော်လည်း ရမည်သာဖြစ်သည်။

လူတစ်ယောက်သည် တစ်နေ့ကုန်းကောက်စရာ ကင်းမဲ့အောင်ကို မွဲတေသောဘဝတွင် တည်ရှိသည်။ သို့သော် ကံအလှည့်အပြောင်းနှင့် သင်္ခါရလမ်းကြောင်းကြောင့် သူသည် နောက်နေ့တို့တွင် နေအသွင် လပမာ ချမ်းသာလာတတ်သည်။

အခြားသူတစ်ယောက်သည် ယနေ့လွန်စွာချမ်းသာသည်။ သုခဖြင့် ပြီးပြည့်စုံသည်။ သို့သော် နောက်နေ့တို့တွင် ထိုသူသည် ငရဲဘဝသို့ ဆွဲချလိုက်ဘိသကဲ့သို့ ဆင်းရဲအတိဖြစ်သွားရသည်။

ဤကား ကံကွန်ချာနှင့် သင်္ခါရစက်ဝိုင်း၏အလှည့်ပင်။

ယခု ကျွန်ုပ်တင်ပြလိုသည့် ဇာတ်လမ်းအစ ဘဝတစ်ရစ်သည် ကံစစ်၊ ကံမှန်နှင့် သင်္ခါရသဘောသစ္စာကြောင့် ပြာပုံတွေထဲ ဒုက္ခဝဲဂယက်မှ ဆန်းပြားစွာ လှည့်ထွက်ပြီး သိန်းဆုရှင် ချက်ချင်းဖြစ်သွားကြသည့် ညီအစ်မနှစ်ယောက် အလှမပြဇာတ်ဆန်းသည့် ဘဝဇာတ်လမ်းဖြစ်သည်။

♛♛♛♛

အစ်မအမည်က ခင်ခင်ထွေး၊ ညီမအမည်က ယဉ်ယဉ်ထွေးဟုခေါ်သည်။ တစ်နှစ်ကြီး တစ်နှစ်ငယ် အငယ်(၁၉)နှစ်၊ အကြီးက အသက် (၂၀)။ အရွယ်တော်တွေလှသလို ရူပနိကာယ် အသွယ်သွယ်ကလည်း လှသည်၊ ယဉ်သည်၊ ချောတင့်သည်။

'ကောင်းခြင်းငါးသွယ် အလှဖွယ်ဖွယ်'သည် သူတို့ညီအစ်မတွင် အပြည့်တည်ရှိသည်။ သို့သော် ထွေးတို့ညီအစ်မ၏ဘဝသည် သူတို့၏ရုပ်ပါနယ် မလှရှာ။ ဘဝနာကြသည်။

သူတို့ အပျိုပေါက်ဘဝတွင် မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြသည်။ တစ်ဦးတည်းသော အစ်ကိုဖြစ်သူ ကိုအောင်ဆွေက မ,ဘက်လိုက်၍ မိုက်ဘက်ပါကာ ညီမနှစ်ဖြာကို လှမ်း၍မျှမကြည့်မူဘဲ အသည်းစိမ်းစိမ်းဖြင့် ညီမတို့ကိုရှောင်ဖယ်တိမ်းကာ ဘယ်မြို့ဘယ်ရွာသို့ ရောက်သွားမှန်းမသိအောင် တိမ်းရှောင်ပျောက်ကွယ်သွားခဲ့သည်။

ဒီတော့ ထွေးတို့ညီအစ်မသည် ဆွေမဲ့မျိုးမဲ့သော၊ အားကိုးရာမဲ့သော နှစ်ကောင်ကြွက်ဘဝတွင် ဒုက္ခပေါင်းစုံကို ရင်စည်းခံခဲ့ရသည်။ မိန်းမသားတို့တန်မဲ့ အလုပြင်ကာ ဇီဇာမရွေးနိုင်ဘဲ ဆင်းရဲပါလှ ဤဘဝတွင် ညစာတစ်ချက် နံနက်စာတစ်ထွေကို ပင်ပန်းကြီးစွာ ရုန်းခဲ့ရသည်။

သူတို့နေသည်က သိမ်ဆိပ်ရွာ၊ တည်ရှိရာမှာ သထုံခရိုင်။ ဘေးပတ်ဝန်းကျင်တွင် တောစဉ်တစ်ဝှမ်း တောင်တန်းတစ်လီနှင့် ပန်းချီဆန်၍ လွန်စွာလှပသည်။

ထိုတော၊ ထိုတောင်တို့က လှရုံတင်မဟုတ်။ နှစ်စဉ်နှစ်တိုင်းလည်း ဒူးရင်း၊ သရက်၊ ပိန္နဲ၊ မာလကာ၊ တညင်းစသည့် ရာသီကုန်တို့ သီးပွင့်သည်။ ဝေဆာသည်။

ခင်ခင်ထွေးနှင့် ယဉ်ယဉ်ထွေးတို့သည် ထိုတော၊ ထိုတောင်၊ ထိုလျှိုမြောင်တို့မှထွက်သော ရာသီကုန်တို့ကို ပင်ပန်းကြီးစွာစုဆွတ်၍ ရောင်းချကြရသည်။

ရောင်းချသည်ဆိုရာ၌လည်း သိမ်ဆိပ်ဈေးထဲတွင် နီးနီးနားနားမဟုတ်။ သိမ်ဆိပ်မှ အနီးအနားရွာများဖြစ်သည့် နောင်ဘို၊ နောင်ကုလား၊ ထိုမှသည် သထုံမြို့အထိ ပြေးလွှားရောင်းချရရှာသည်။

ခများညီအစ်မတို့သည် တညင်း၊ ဒူးရင်း၊ ပိန္နဲ၊

www.burmeseclassic.com



ဩဇာ၊ မာလကာ၊ သရက် စသည့်သဘာဝပေးကုန် ရာသီကုန်တို့ကိုလည်း ရထား၊ ကား၊ ခြေကျင်တို့ဖြင့် ပြေးလွှားသယ်ပိုး ရောင်းချကြသည်။ ချွေးဒီးဒီးကျကြသည်။ ခမျာတို့ ပင်ပန်းကြပါသည်။

ထမင်းတစ်နပ်၊ ဟင်းတစ်ဖတ်ကို မပြတ်နေ့ည ပြေးလွှားရှာစားနေရသောကြောင့် ထွေးတို့ညီအစ်မသည် နှလုံးသားကို တံခါးပိတ်ထားခဲ့ကြသည်။ အချစ်ဆိုသည်ကို မေ့ထားခဲ့ရသည်။

သူချစ်၊ ကိုယ်ချစ် မောင်မယ်ချစ်၏ အနှစ်သာရသဘာဝကို တောင့်တပါလည်း ကုသိုလ်ကြမ္မာကမပွဲပြီး နေ့လည်းမနား၊ ညမအားဘဲ လှုပ်ရှားနေရ၊ ရုန်းကန်နေကြရသောကြောင့် အသက် (၁၉)၊ (၂၀) ရောက်လာကြသည်အထိ အချစ်၏ အရသာ၊ အချစ်သဘာဝ၊ အချစ်ကပေးသောရသကို လုံးဝစိတ်ပင်မကူးရဲခဲ့ကြပေ။ ဆိုရသော် ခင်ခင်ထွေးနှင့် ယဉ်ယဉ်ထွေးတို့သည် အပျိုစစ်စစ်ကလေးများ ဖြစ်သည်ဟုဆိုရမည်။

မိန်းမသားများဖြစ်သောကြောင့် လယ်ယာလုပ်ငန်းကို နားမလည်။ ရောင်းမည်၊ ဝယ်မည် ဆိုသည်လောက်ကိုသာ နားလည်ကြသည်။ ထို့ကြောင့် မိဘနှင့်အစ်ကိုက ထားရစ်ခဲ့သော လယ်ယာကိုရောင်းသည်။ လှည်းနှင့်နွားကိုရောင်းသည်။ ရသည့်ငွေနှင့် မိဘတို့ထားခဲ့သည့် သုံးပင်နှစ်ခန်းအိမ်ကို သေသပ်စွာဖြင့် ပြင်လိုက်သည်။

ဖြစ်ချင်တော့ ကံကြမ္မာဂြိုဟ်ဆိုးဝင်ကာတိုးချင်သော တပေါင်းတန်ခူး လေရူးဆော်သော ညတစ်ညတွင် ထိုအိမ်တစ်ခြမ်း မီးကျွမ်းခဲ့သည်။ အိမ်တစ်ခြမ်းမီးလောင်သွားရသည်။

ထွေးတို့ ဘာလုပ်မည်နည်း။ မည်ကဲ့သို့ ကြံကြမည်နည်း။ ဘဝရှေ့ရေးကို ဘယ်သို့တွေးရ၊ ဆက်ကြရမည်နည်း။

မှန်သည်။ လယ်ယာ၊ လှည်း၊ နွား ရောင်းချ၍ ရသမျှငွေကို အိမ်ပြင်လိုက်သည်။ ဗုက်ထားသောကျန်ငွေကို အစ်ကိုဖြစ်သူ ကိုအောင်ဆွေက သူ့မယားလှအတွက် ယူသွားသည်ဖြစ်သောကြောင့် လုံးဝကုန်ခဲ့ပြီ။ ယခုဆိုလျှင် တစ်နေ့ရှာမှ တစ်နေ့စားရသည့်ဘဝ။ ကိုင်း...ယခု အိမ်ကမီးလောင်ပြီ။ ဘာလုပ်မည်နည်း။

မတွေးနိုင်၊ မကြံနိုင်၊ မထွေးနိုင်၊ မအန်နိုင်ဘဝဖြင့် ညီအစ်မနှစ်ယောက် ရူးမလောက်ခံစားကြရ၏။ ပဋ္ဌာမြေလူး အရှုံးမီးဝိုင်း ပဒိုင်းတောမီးစွဲသည့်ကိန်းဆိုက်သည်။

နောက် ညီအစ်မနှစ်ယောက် တိုင်ပင်ပြီး ဆုံးဖြတ်သည်။

ထိုသို့ဆုံးဖြတ်သည့်အတိုင်း အိမ်တစ်ခြမ်းပဲ့ကို ရောင်းလိုက်သည်။ သိမ်ဆိပ်ရွာ၏ တိုင်ကောက်လမ်းဘက်တွင် အိမ်ငှားနေသည်။ အိမ်ငှားနေရာမှ ကျန်သည့်ငွေကို လုံခြုံလှပါပေသည်ဟု ယူဆသည့် အိမ်တွင်းတစ်နေရာတွင် ဗုက်ထားလိုက်သည်။ အလုပ်ကမူ ဈေးရောင်းသည့်အလုပ်ကိုပင် ဆက်လုပ်ကြသည်။

တစ်နေ့ ဒုံးဝန်းဘက်မှ ဈေးရောင်းပြီးအပြန် ကျိုက္ကော်အရောက် လှည်းမှောက်သည်။ အစ်မခင်ခင်ထွေး ဒဏ်ရာရသည်။ ညီမမှာမူ ဘာမျှမဖြစ်။ ဈေးတော့မထွက်နိုင်ကြ။ အစ်မ၏ဒဏ်ရာကို ကုသနေရသည်။

ကံများထပ်ဆိုးချင်တော့ တစ်ည သူတို့အိမ် သူခိုးခိုးခံရသည်။ ရှိသမျှအဝတ်အစား၊ ပန်းကန်ခွက်ယောက်မှအစ သူတို့ဗုက်ထားသော ငွေလေးများပါ ပါသွားသည်။ သူတို့ညီအစ်မ ချွတ်ခြုံကျဘဝသို့ ရောက်သွားကြရပါသည်။

ထမင်းတစ်လုတ်အတွက် အရင်းပြုတ်ပြီး ငွေတိုငွေစ လုံးဝမရှိ။ ငုံးတိတိဘဝတွင် ငိုရုံမှအပ ဘာမျှမတတ်နိုင်ဖြစ်ကြရရှာသည်။ ဈေးတွင်းမှယူထားသော နေ့ပြန်တိုး၊ ချေးငှားထားသော ငွေကြေးအချို့၊ ဆန်



www.burmeseclassic.com

www.burmeseclassic.com



ကြွေး၊ ဆီကြွေးကအစ ပူပင်လွန်းရသည့် ဘဝဆိုးသို့ ဇောက်ထိုးဆင်းရပါတော့သည်။

ဘာလုပ်မည်နည်း။

ဘာလုပ်မည်နည်း။

ဘာလုပ်မည်နည်း။

တွေးရင်း အဖြေမပေါ်။ အဖြေမပေါ်ရင်း တွေးရင်းမှ ညီမလေး ယဉ်ယဉ်ထွေးသည် တစ်နေ့ ဈေးထဲသို့သွားသည်။ အစ်မအတွက် မြန်မာဆေးဝါးများ ဝယ်ရန်၊ ဆန်ပြုတ်ကလေးကအစ ပြုတ်တိုက်ရန် ရည်ရွယ်ချက်ဖြင့် အသိတစ်ယောက်ထံမှ ငွေကျပ် ၁၀ ချေးလာသည်။(ယခင်ကာလမှ ငွေကြေးဖြစ်ပါသည်) အိမ်အရောက် အစ်မကိုဆေးတိုက်၊ ဆန်ပြုတ်တိုက်အပြီး အိမ်ရှေ့ကွက်ပြင်တွင် ထိုင်နေကြစဉ် စက်ဘီးဖြင့် လှည့်လည်ထီရောင်းသည့် ထီသည်တစ်ယောက် အိမ်ရှေ့ရောက်လာသည်။

အစ်မက ညီမကို ငွေမည်မျှကျန်ကြောင်းမေးရာ ညီမက ငွေ လေးကျပ်နီးပါးကျန်ကြောင်းဖြေသည်။ ထိုအခါ ခင်ခင်ထွေးသည် နေမကောင်းလျက်က အိမ်အောက်ဆင်းပြီး ထီတစ်စောင်ထိုးလိုက်ပါသည်။ ထီဖွင့်ရန်က ငါးရက်သာကျန်တော့သည်။

ရပ်ရွာကလူကြီးများနှင့်တိုင်ပင်ပြီး
ဆုငွေကိုရန်ကုန်သို့
လာရောက်ထုတ်သည်။
ဘုရားပေါင်းစုံကိုဖူးကြသည်။
ဘုရားပေါင်းစုံတွင်ငွေလှူကြသည်။
ကွယ်လွန်သူမိဘနှစ်ပါးကို.....

ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်၊ ရှစ်ရက်အကြာတွင် ဘိုင်စကယ်(စက်ဘီး)ဖြင့် ထီရောင်းသည့်လူငယ် ပြန်ရောက်လာပြီး မင်္ဂလာသတင်းပေးသည်။ ထိုမင်္ဂလာသတင်းဆိုသည်မှာ သူတို့ထိုးလိုက်သည့်လက်မှတ်က သိန်းဆုကြီးပေါက်နေသည်ဆိုသည့်သတင်းပင်။

ညီအစ်မနှစ်ယောက် ဝမ်းသာလွန်း၍ ဖက်ငိုကြသည်။

ရပ်ရွာက လူကြီးများနှင့်တိုင်ပင်ပြီး ဆုငွေကို ရန်ကုန်သို့ လာရောက်ထုတ်သည်။ဘုရားပေါင်းစုံကိုဖူးကြသည်။ ဘုရားပေါင်းစုံတွင် ငွေလှူကြသည်။ ကွယ်လွန်သူ မိဘနှစ်ပါးကို အမျှပေးဝေကြသည်။

မှတ်ချက်။ ။ ခင်ခင်ထွေးနှင့် ယဉ်ယဉ်ထွေးတို့ ညီအစ်မသည် အလှူဖြတ်ပိုင်းများ၊ အလှူထည့်ဝင်သည့်မှတ်တမ်းများ၌ သူတို့၏နာမည်ရင်းများဖြစ်ကြသော 'မြမြဆွေနှင့် ထွေးထွေး'ဟူသော အမည်ရင်းများဖြင့် ထည့်ဝင်လှူဒါန်းကြသည်။ အကြောင်းသော်ကား အစ်မသည် ကြာသပတေးသမီးဖြစ်ပြီး ညီမသည် စနေသမီးဖြစ်သောကြောင့်ဖြစ်သည်။ ခင်ခင်ထွေးနှင့် ယဉ်ယဉ်ထွေးဆိုသော အမည်တို့မှာ ငယ်စဉ်က ချစ်စနိုးခေါ်ခဲ့သောအမည်များဖြစ်ကြပါသည်။


### သူတို့အဘယ်ကြောင့် ထီပေါက်သနည်း

ဗေဒင်ကိန်းခန်းနှင့် ဇာတာခွင်အရ သူတို့ဒုက္ခဆင်းရဲတွင်း အနက်ဆုံးဆိုသောအချိန်တွင် ထီဝင်ပေါက်သည်။ ထို့ကြောင့် ဘဝလှသွားကြသည်။ ဘဝများ ပြန်တင့်တယ်သွားကြသည်။


သူတို့ထီပေါက်သော ထီလက်မှတ်တွင် သုည (၁)လုံး၊ (၅)သုံးလုံး၊ (၂)နှစ်လုံးပါသည်။ ထိုဂဏန်း

တို့သည် သူတို့ညီအစ်မနှစ်ယောက်နှင့် ဟပ်လွန်းသော ဂဏန်းများဖြစ်ကြသည်။

ခင်ခင်ထွေး ခေါ် မြမြဆွေဆိုသည့် အစ်မဖြစ်သူ ကြာသပတေးသမီး၏ဇာတာတွင် ကန်လဂ် တူ ကြာသပတေးကို မိဿတွင်ရှိသော သောကြာ သောမ




အစ်မ၏ဇာတာ




ညီမ၏ဇာတာ

ဂြိုဟ် (၂)လုံးက သမသတ်မြင်၏။ ကြာသပတေးသည် ရန်အိမ်တွင်တည်ပြီး ရန်ဂြိုဟ်(၂)လုံးဖြစ်သည်။ တနင်္လာ နိစ်နှင့် စနေသည် ဗြိစ္ဆာတွင်ပူးသည်။

အင်္ဂါနိစ်သည် လဂ်မှ (၁၀)တန့် လာဘ၊ ဘာဝ၊ ကရကဋ်၌ ခံသည်။ မိဿမှာ သောကြာဖြစ်သည်။ တနင်္ဂနွေက ပြိဿ ရန်အိမ်မှာတည်သည်။ ဗုဒ္ဓဟူး လည်း ရန်အိမ်မှာပင်တည်သည်။ ဓနုမှာ ရာဟုနိစ်၊ မေထုန်မှာ ကိတ်ဂြိုဟ် နိစ်ခံသည်။ လဂ်၏ (၂)တန့်တွင် မွေးနံ ကြာသာပတေး၊ စနေ တည်ရှိနေခြင်းက လွန်လွန်ကဲကဲကောင်းသည်။ ထို့ကြောင့်လည်း ထီပေါက်ခြင်းဖြစ်သည်။

ထွေးထွေးခေါ် ယဉ်ယဉ်ထွေးဆိုသည့် စနေသမီး၏ဇာတာတွင် ကိတ်ဂြိုဟ်နှင့် ဗြိစ္ဆာ လဂ်ပူးသည်။ ဥစ် ရသည်။ ပြိဿ၌ ရာဟု ဥစ်ရသည်။ ထိုရာဟုဥစ်သည် တနင်္လာ ဥစ်နှင့်ပူးသည်။ စန်းနှင့် ရာဟု လဂ်ဖြင့် ကိတ်ပူးခြင်းကား ဆိုးသည်။ ထို့ကြောင့် ဒုက္ခများ၊ သောကပွားရခြင်းပင်။ လဂ်၏ (၂)တန့်တွင် တနင်္ဂနွေနှင့် ဗုဒ္ဓဟူးပြ ဂြိုဟ်ပူးသည်။ (၂)တန့် ဓနုရာသီ အိမ်ရှင် ကြာသပတေးသည် (၁၁)တန့် လာဘ၊ ဘာဝ၊ ကန်ရာသီ၌ ပြဂြိုဟ်အဖြစ်ရပ်တည်သည်။ ထိုအိမ်သည် ရန်အိမ်ဟုလည်းဆိုနိုင်သည်။ အင်္ဂါ စနေပါပ (၂) လုံးကို မိန်ရာသီမှ သမသတ် မြင်လိုက်ပါသေးသည်။ မိတ်အိမ် မကာရတွင် သောကြာတည်သည်။ သူမ၏ မူလဇာတာအရ ဘဝတွင် ကောင်းကွက်မရှိ၊ ချမ်းသာ မည့်ကိန်းမပါ။

သို့သော် လဂ်။ (၂)တန့်အိမ်ရှင် ကြာသပတေး လာဘ်ခံခြင်းပင်။ ထိုတစ်ချက်တည်းက အငယ်ဖြစ်သူ 'စနေမ'ကို ထီက မ,လိုက်ခြင်းဖြစ်ပါသည်။

ဤကား ဆိုးရွားလွန်းသောဘဝ၊ ချွတ်ခြုံကျနေသော ဒုက္ခဝဲမှ ဂါထာနှင့်ကိုက်သော ထီဂဏန်းကိုထိုး မိသောကြောင့် ဘဝပြောင်းပြန် ချမ်းသာခြင်းကိုစံရ သော ကြာသပတေးနှင့် စနေ ညီအစ်မတို့၏ တစ် စွန်းတစ်စ ဘဝအကြောင်းဖြစ်သည်။

မောင်ထွန်းညွှန့်

(ကွမ်းခြံကုန်း)



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ဒဂုံမျိုးကြီးဝင်းဦး (ဗြိန်း)

# လှည့်ကွက်



www.burmeseclassic.com

www.burmeseclassic.com





# လှည့်ကွက်

ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)

"နန္ဒဝန်အပန်းဖြေဥယျာဉ်"

ဒီဥယျာဉ်က မြို့ဝင်ဝင်ချင်းတွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ယခင် ဒီပန်းခြံနေရာက မြို့၏အစွန် အနောက်ဘက်ကျသဖြင့် သချိုင်းမြေအဖြစ် သတ်မှတ်ထားသည့်နေရာ။ ယခု မြို့ရွာများ စည်ပင်တိုးတက်လာသည့် အခြေအနေကြောင့်လည်းကောင်း၊ မြို့အဝင်တွင် အမင်္ဂလာဖြစ်သည့် သချိုင်းမြေက ဆီးကြိုနေသည့်သဘောဖြစ်နေသဖြင့်လည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြီး အပန်းဖြေဥယျာဉ်ပြုလုပ်ထားခြင်းဖြစ်သည်။ ရန်ကုန်–မော်လမြိုင်သွား ကားလမ်းဘေးတွင် တည်ရှိသောမြို့လေးဖြစ်သဖြင့် ရောင်းဝယ်ဖောက်ကားမှုနှင့် စည်ကားနေသောမြို့ဖြစ်သည်။ ယခင်အချိန်များက ဒီနေရာများကို လာဖို့ဝေးစွ အသုဘပို့ကြမှသာ ရောက်ရှိသည့်နေရာဖြစ်သည်။

ယခုတော့ ဥယျာဉ်သဖွယ် တည်ဆောက်ပြီး ပန်းပင်၊ ပျိုးပင်များ စိုက်ပျိုးထားခြင်း၊ အပန်းဖြေထိုင်ခုံများ၊ ကလေးကစားကွင်းများ ပြုလုပ်ထားခြင်းကြောင့် နေ့စဉ် လူပြတ်သည်ဟူ၍မရှိပါ။ ဆယ်ကျော်သက်အရွယ် ချစ်သူမောင်နှံတို့ တိုးတိုးတိတ်တိတ် ချစ်တင်းနှီးနှောသည့်နေရာဆိုလျှင်လည်း မှားမည်မထင်ပါ။ ၃ ကေခန့်ကျယ်ဝန်းသော ဥယျာဉ်အတွင်း မျက်စိပသာဒဖြစ်စေရန် စနစ်တကျ စိုက်ပျိုးထားခြင်းများကြောင့် လာရောက်ကြသူများအတွက် စိတ်ချမ်းမြေ့ကြည်နူးရသည့် နေရာလည်းဖြစ်သည်။



အချိန်က နံနက် ၉ နာရီခန့်ဖြစ်သည်။

အပန်းဖြေဥယျာဉ်၏ ထိုင်ခုံတန်းလျားတစ်ခုအနီးတွင် ကိုယ်လုံးကိုယ်ထည်၊ မျက်နှာသွင်ပြင် ရှုမငြီးစရာနှင့် ဝတ်စုံက အထက်အောက် ဖက်ဖူးရောင်၊ နေကာမျက်မှန်တပ်၊ ဆံပင်တစ်ပတ်လျှိုထုံးဖြင့် ရပ်နေသော အမျိုးသမီးငယ်တစ်ဦးမှာ ဥယျာဉ်အတွင်းစိုက်ပျိုးထားသော ပန်းများနှင့်အပြိုင် အလှချင်းပြိုင်နေသည်။

သို့သော် ထိုအမျိုးသမီး၏ မျက်နှာမှာ လင်ပုတ်ဖမ်းထားသည့်

www.burmeseclassic.com



အသွင်ဖြင့် အလိုမကျဟန်များပေါ် ပေါက်နေပြီး ဥယျာဉ်၏ဝင်ပေါက်ဘက်သို့ မကြာခဏ မျှော်ကြည့်လိုက်၊ ထိုင်ခုံတွင်ထိုင်လိုက်၊ ထလိုက်ဖြင့် ဂနာမငြိမ်ဖြစ်နေသည်။ မိန်းကလေး၏ရင်တွင်း၌ကား.....

"ချိန်းထားရင် ဒီလိုချည်းပဲ၊ ဘယ်တော့မှ အချိန်မှန်လာတယ်လို့ကိုမရှိဘူး၊ ကိုယ်ချင်းစာစိတ်မရှိဘူး၊ လာမှတစ်ဝကြီးကို ပြောပစ်လိုက်ဦးမယ်၊ ဟွန်း....."

ထိုသို့ ပါးစပ်မှဖွင့်မပြောသာဘဲ စိတ်ထဲတွင် ဒေါသမုန်တိုင်းက တိုက်ခတ်လျက်ရှိသည်။ သူမဘက်က ပြန်တွေးလျှင်တော့ အမှန်ကိုး။ တစ်ဖက်လူဘက်ကကြည့်ပြန်လျှင်လည်း အိမ်မှာရှိတဲ့ သူ့ဇနီးကို လှည့်ပတ်ပြီးထွက်လာရမည်ဆိုတော့လည်း အခက်အခဲရှိချင်ရှိမှာပေါ့လေ။ ကိုယ်က ဒုတိယလူမဟုတ်လား၊ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ပြီး စောင့်နေရတော့မှာပေါ့။ အမျိုးမျိုးသောစိတ်များ ထွေပြားနေချိန်တွင်.....

"ညီမလေး...စောင့်နေရတာကြာပြီလားဟင်"

ထိုအမျိုးသမီးက ဘာမှမပြောဘဲ နှုတ်ခမ်းစူ၍ ထိုင်ခုံတစ်ဖက်သို့ မျက်နှာလှည့်နေသည်။ နှုတ်ဆက်သူအား လှည့်မကြည့်ပါ။ အသက် ၅၀ ကျော်ခန့် ထိုလူကြီးက.....

"စိတ်မဆိုးပါနဲ့ ညီမရယ်၊ အိမ်က ကိုယ့်မိန်းမကြီး ရိပ်မိမှာစိုးလို့ ကြံဖန်စဉ်းစားပြီး လိမ့်ထွက်လာရလို့ နည်းနည်းနောက်ကျသွားတာပါ၊ စိတ်မဆိုးနဲ့နော် ညီမ"

ထိုလူကြီးက အမျိုးသမီးငယ်၏ပခုံးလေးကိုကိုင်ပြီး ချော့မော့ပြောနေသည်။ အမျိုးသမီးက လက်ကိုပုတ်ထုတ်လိုက်ပြီး.....

"ဒီမှာ ဦးမင်းမောင်၊ ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဟိုဟာအကြောင်းပြ၊ ဒီဟာအကြောင်းပြနဲ့ စိတ်ကိုမရှည်ချင်တော့ဘူး၊ ဒီမှာတစ်ယောက်တည်းစောင့်နေရတာ ဘယ်လောက်ကြောင်တယ်

ပါးစပ်မှဖွင့်မပြောသာဘဲ
စိတ်ထဲတွင်
ဒေါသမုန်တိုင်းက
တိုက်ခတ်လျက်ရှိသည်။
သူမဘက် က ပြန်တွေးလျှင်တော့
အမှန်ကိုး။
တစ်ဖက်လူဘက်က
ကြည့်ပြန်လျှင်

ထင်လဲ"

"စိတ်ဆိုးပြေပါတော့ ညီ[…] ရယ်၊ အစ်ကိုကြီးရောက်လာပြီပဲ[…] အဲဒီလို နာမည်ကြီးတော့ မခေါ်[…] နဲ့၊ အရင်ခေါ်သလို အစ်ကိုကြီး[…] ပဲ ခေါ်ပါနော်"

ထိုအခါမှ အမျိုးသမီးငယ်[…] မျက်နှာမှာ ဒေါသရိပ်များပြေလျော့[…] သွားပြီး ဦးမင်းမောင်ဆိုသူဘက်[…] လှည့်ကာ.....

"အစ်ကိုကြီးရယ် ညီမက[…] အရေးကြီးလို့ ချိန်းလိုက်ရတာပါ၊ […] လိုနဲ့ တစ်သက်လုံး အစ်ကိုကြီး[…] ပုန်းလျှိုးကွယ်လျှိုး တွေ့နေရမ[…] လား၊ ညီမကတော့ အမြန်နီးချ[…] လုပြီ၊ အခုလည်း အစ်ကိုကြီး[…] အမြန်နီးရအောင်လို့ ညီမစီစဉ်ထာ[…] တာလေးတွေကို ပြောပြမလို့"

"ဒီလိုဆိုရင် ပြောပြစမ[…] ပါဦး"

"ဒီလို အစ်ကိုကြီးရဲ့၊ အ[…] ညီမတို့ချစ်ခရီးမှာ အစ်ကိုကြီး[…] မိန်းမက ညီမတို့အတွက် ဆ[…] ကြောင့်ခလုတ် ဖြစ်နေပြီလေ၊ […] တော့ သူ့ကို တစ်နည်းနည်းနဲ့ ရှ[…] ပစ်မှ အစ်ကိုကြီးနဲ့ညီမက အမြ[…] နီးရမှာလေ"

"အခုလည်း အစ်ကိုကြီး[…] အမြဲတွေ့လို့ရနေတာပဲ ညီမရ[…] ဒီလိုခိုးတွေ့နေတာလေးက သည်[…] ထိတ်ရင်ဖို ဖြစ်လှပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ဟုတ်မလဲ အစ်ကိုကြီးရယ်၊ ရှေ့ရေးကရှိသေးတယ် မဟုတ်လား၊ တကယ်လို့ အခုလို ခဏခဏ ချိန်းတွေ့နေရင် တခြားသူတစ်ဦးဦးက တွေ့သွားပြီး အစ်ကိုကြီးမိန်းမကို သွားပြောလိုက်ရင် ကြီးကြီးတောင် ပြဿနာတက်သွားဦးမယ်"

"ဟုတ်တော့ဟုတ်ပါတယ်လေ၊ အစ်ကိုကြီးကလည်း ညီမနဲ့ မခွဲနိုင်ဘူးလေ၊ အဲဒီတော့ ညီမရဲ့ အစီအစဉ်ကို ပြောပြပါဦး"

ထိုအမျိုးသမီးက ခေတ္တမျှ စဉ်းစားဟန်ပြုပြီးနောက်.....

"ဒီလို အစ်ကိုကြီးရဲ့၊ ညီမ လေ လူတစ်ယောက်နဲ့ ဆက်စပ်မိတယ်၊ သူ့နာမည်က ဒေါက်တာငွေရတဲ့၊ သူ့ဆီမှာ အေးအေးသက်သာနဲ့ သေသွားနိုင်တဲ့ ဆေးမှုန့်တစ်မျိုး ရှိတယ်တဲ့၊ အဲဒီဆေးမှုန့်ကို ကော်ဖီထဲထည့်တိုက်လိုက်ရင် ချက်ချင်း အာနိသင်မပြဘဲ တစ်နာရီကျော်လောက်မှ အိပ်ချင်လာပြီး နောက်ဘယ်တော့မှမနိုးဘဲ သေသွားရော၊ အဲဒီတော့ အဲဒီဆေးမှုန့်ကို အစ်ကိုကြီးမိန်းမ ညအိပ်ခါနီးမှာ ကော်ဖီထဲ ထည့်တိုက်လိုက်ရင် ပြီးရောပေါ့၊ အစ်ကိုကြီးလုပ်တယ်လို့လည်း ဘယ်သူမှမသိဘူးလေ၊ မေးတော့လည်း သွေးတိုးနဲ့ ရုတ်တရက်ဆုံးတယ်လို့ပြောပေါ့၊ မဟုတ်ဘူးလား"

ဦးမင်းမောင်မှာ အံ့အားသင့်သွားပြီး.....



"ဟင်.....ဒီလိုဆိုရင် အစ်ကိုကြီးက ဆေးခတ်ပြီး ကိုယ့်မိန်းမကို လုပ်ကြံရမယ်ပေါ့၊ ဟုတ်လား၊ ဖြစ်ပါ့မလား ညီမရယ်၊ စဉ်းစားပါဦး"

"အို....အစ်ကိုကြီးမလုပ်ရင်တော့ ဒီနေ့ ညီမနဲ့အစ်ကိုကြီး ပြတ်ပြီလို့ သဘောထားလိုက်တော့"

"အိုးဟိုး...ဒီလိုမလုပ်နဲ့လေ၊ အစ်ကိုကြီး စဉ်းစားပါရစေဦး"

ဦးမင်းမောင်မှာ ထိုအမျိုးသမီး ပြောသည့်စကားများကို အပြန်ပြန် အလှန်လှန် စဉ်းစားနေမိသည်။ တကယ်တမ်း ဒီလိုလုပ်မယ်ဆိုပြန်တော့လည်း မိမိလိပ်ပြာ မိမိမလုံချင်။ ကိုယ့်စိတ်ကလည်း ထိုအမျိုးသမီးနဲ့ အတူနေရရေးကို သာ အလေးသာနေသည့်အတွက် မဖြစ် မနေ လုပ်တော့မယ်လို့ စိတ်ပိုင်း ဖြတ်လိုက်တော့သည်။

"ကဲ..... ဒီလိုဆိုရင် အစ်ကိုကြီး ညီမပြောတဲ့အတိုင်း လုပ်ပါတော့မယ်"

"ဒီလိုမှပေါ့ အစ်ကိုကြီးရယ်၊ ညီမက တော့ ဝမ်းသာသွားပြီ"

"ညီမခိုင်းတဲ့ အတိုင်း လုပ်ပြီးရင်တော့ အစ်ကိုကြီးကို ပစ် မသွားရဘူးနော်"

"စိတ်ချပါ အစ်ကိုကြီးရယ်၊ အခု ညီမတို့စီစဉ်တာက အစ်ကိုကြီးနဲ့ညီမတို့ အမြန်နီးစပ်ရေးပဲလေ၊ ဒီလိုမှမလုပ်ရင် အစ်ကိုကြီးနဲ့ညီမလည်း တစ်သက်လုံးဝေးနေရမှာ"

"ကဲ.....ဟုတ်ပါပြီ၊ အဲဒီဆေးမှုန့်ကို အစ်ကိုကြီးက ဘယ်မှာသွားယူရမှာလဲ"

www.burmeseclassic.com



"ဒီလို အစ်ကိုကြီးရဲ့ မြို့ထဲက ၄ ရပ်ကွက်ထဲမှာ ဒေါက်တာငွေရဆိုတာရှိတယ်၊ အိမ်ရှေ့မှာ ဆိုင်းဘုတ်ရေးထားတယ်၊ သူက ဖနီးမရှိဘူး၊ သူနဲ့ တပည့်တစ်ယောက်ပဲနေကြတယ်၊ နောက်နေ့ မနက် ၁၀ နာရီလောက် သွားလိုက်ပေါ့၊ ဟိုရောက်ရင် ဒေါ်ခင်မမက လွှတ်လိုက်တယ်လို့ပြောပါ၊ အဲဒီအခါ သူက အစ်ကိုကြီးကို အဲဒီ ဆေးမှုန့်ပေးလိမ့်မယ်၊ သူတောင်း သလောက်တော့ အစ်ကိုကြီး ငွေ ပေးရလိမ့်မယ်၊ သူက သူ့နာမည် အတိုင်းပဲ၊ ငွေရရင် ဘာမဆိုလုပ် တယ်၊ သူ့ဆီက ဆေးမှုန့်ရရင် တော့ ညီမပြောထားတဲ့ အစီအစဉ် အတိုင်းပဲ ဆက်လုပ်ကြတာပေါ့၊ မဟုတ်ဘူးလား"

ထိုသို့ ရှည်လျားစွာ ပြောပြီးတော့မှ ထိုအမျိုးသမီးငယ်မှာ ခင်မမဆိုသူဖြစ်ကြောင်း သိနိုင်၏။ တစ်နည်းအားဖြင့် ဦးမင်းမောင်၏ ဇနီးကြီး ဒေါ်ရွှေစိန်အား ဆေးခတ်လုပ်ကြံပြီး သူနှင့်ဦးမင်းမောင်တို့ ပေါင်းသင်းနိုင်ရေးအတွက် မဟာလူသတ်မှုစီမံကိန်းကြီးကို ကြံစည်နေကြခြင်းဖြစ်သည်။

ထို့နောက် ဦးမင်းမောင်ရင်ခွင်ထဲသို့ ခင်မမက တိုးဝင်လာပြီး ဦးမင်းမောင်အား

"အစ်ကိုကြီး ညီမပြောတာတွေ တကယ်လုပ်မှာနော်"

"အစ်ကိုကြီးက ညီမကို မခွဲနိုင်တော့လည်း လုပ်ရတော့မှာပေါ့ ညီမရယ်"

"ညီမပြောတဲ့အတိုင်း အစ်ကိုကြီး မနက်ဖြန်ကို သွားလိုက်ပါ့မယ်"

"ဒါကြောင့် အစ်ကိုကြီးကို ချစ်ရတာ"

ထိုသို့ပြောပြီး ခင်မမမှာ ဦး မင်းမောင်အား တင်းကျပ်စွာ ဖက် ထားလိုက်သည်။

ဦးမင်းမောင်နှင့် ခင်မမတို့က တော့ ဆားငန်ရေနောက် ငေ တိုင်းသောက်က သောက်လေ သောက်လေ ငတ်မပြေသို့ ဆိုသက သို့ တဏှာဝဲဂယက်အတွင်း လွှတ် ရုန်းရှောင်မရကြဘဲ ဒုစရိုက်မှုကြီ ကျူးလွန်ရန် ကြံစည်မိကြခြင်းဖြစ် ပါသည်။

♛♛♛♛♛

"ဒေါက်တာငွေရ"

"အထွေထွေရောဂါကုဆေး ခန်း"

ဖော်မီကာအပြား အပြာ ရောင်ပေါ်တွင် အဖြူရောင်စာလုံး ဖြင့် ရေးသားထားသဖြင့် ဆေးခန်း ၏ ဆိုင်းဘုတ်က ထင်သာမြင်သာ ရှိလှသည်။ နံနက် ၁၀ နာရီခန့်တွင် ဦးမင်းမောင်မှာ ဆေးခန်းက အလွယ်တကူ ရှာဖွေတွေ့ရှိခဲ့၏

ဒေါက်တာငွေရကတော့ ၎င်း ၏ဆေးခန်းထဲတွင် ဆေးပုလင်း အညွှန်းများကိုဖတ်ပြီး ဆေးဘူးမျ ကို သူ့နေရာနှင့်သူ စနစ်တကျ စီ စဉ်ထားရှိနေသည်။ ဆေးပြင်ဘက် ဆေးခန်းနေရာတွင် စားပွဲတစ်လုံး





www.burmeseclassic.com

www.burmeseclassic.com

ာန်းလျားတစ်လုံးနှင့် ထိုင်ခုံတစ်
ထားပြီး စားပွဲပေါ်တွင် လူနာ
ရင်းမှတ်သည့် စာအုပ်တစ်အုပ်
'တုံကင်ယူရန်'ဟူသောဆိုင်း
တ်ကလေး ထောင်ထားသည်။

ဆေးကုသခန်းက အတွင်း
က်အခန်းဖြစ်သည်။ အတွင်းခန်း
၁၂ ပေပတ်လည်ခန့်ကျယ်ဝန်း
လူနာစမ်းသပ်ရန် ခုတင်တစ်
နှင့် လိုအပ်သော ရေနွေးအိုး
ည်ရန် ဂက်စ်မီးဖိုတစ်လုံးတို့ကို
င်ထားသည့် စားပွဲတစ်လုံးတို့ရှိ
ည်။ ထို့ပြင် စားပွဲငယ်တစ်လုံး
ဆက်တီခုံနှစ်လုံးလည်း ချထား
သေးသည်။

ဆေးများကို နံရံကပ်ဗီရိုတွင်
ည်း လိုအပ်သောဆေးများထည့်
ားသည်။ တပည့်ကျော် မောင်
အားကတော့ ဆေးခန်း၏တစ်ဖက်
ခန်းတွင်ရှိသော ထမင်းစားခန်းတွင်
ဆရာအတွက် စားသောက်စရာ
များ ချက်ပြုတ်ပြင်ဆင်နေသည်။

ဦးမင်းမောင်ရောက်သွားချိန်
တွင် ဆေးခန်း၌ မည်သူမျှမရှိပါ။
ရှင်းနေသည်။ မည်သူမျှမတွေ့
ဖြင့် ချောင်းဟန့်သံပြုလိုက်သည့်
အခါတွင် ဆေးခန်းအတွင်းခန်းမှ
လိုက်ကာဖယ်လိုက်ပြီး ဒေါက်တာ
ငွေရ ထွက်လာ၏။ ဒေါက်တာငွေရ
ာ ဘောင်းဘီအပြာရင့်ရောင်ပေါ်
တွင် ဂျူတီကုတ်အဖြူရောင်အရှည်
အားဝတ်ဆင်ထားပြီး နားကြပ်အား
လည်ပင်းတွင် ချိတ်တင်ထားသဖြင့်
ဒေါက်တာဟုယူဆရသောကြောင့်
ဦးမင်းမောင်က.....

"ဒေါက်တာငွေရပါလားခင်
ဗျာ"

"ဟုတ်ပါတယ်၊ ကျွန်တော်
ဒေါက်တာငွေရပါ၊ ဘာကိစ္စများရှိ
ပါသလဲခင်ဗျာ"

"ဒီလိုပါ ဆရာ၊ ကျွန်တော်က
ဦးမင်းမောင်ပါ၊ ဒေါ်ခင်မမက
ဆရာ့ ဆီလွှတ်လိုက်လို့ပါ၊ ဆရာ့
ကိုလည်း ဖုန်းနဲ့အကြောင်းကြား
ထားပြီးပြီလို့ သိရပါတယ်"

"အို..ဟုတ်တယ်..ဟုတ်တယ်၊
ဒေါ်ခင်မမက ကျွန်တော့်ကို မနေ့
ကတည်းက ဖုန်းဆက်ထားပါ
တယ်၊ ကဲ.....အတွင်းခန်းကိုဝင်ပါ၊
အေးအေးဆေးဆေးပေါ့ဗျာ၊ ထိုင်ပါ
ဦး"

ဒေါက်တာငွေရညွှန်ပြသည့်
ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်
ပြီးနောက် ဒေါက်တာငွေရမှာ
အပြင်ဘက်ထွက်ပြီး ထမင်းစားခန်း
ဘက်တွင် ၎င်း၏တပည့်အား ပြော
ဆိုနေသံကြားရသည်။ နံရံကာနေ
သဖြင့် ဘာပြောသည်ကိုတော့ ဦး
မင်းမောင် မသိပါ။ စိတ်ရှည်စွာနှင့်
ပင် ထိုင်စောင့်နေသည်။

ဒေါက်တာငွေရက အခန်းထဲ
ပြန်ရောက်လာပြီး ဆေးပုလင်းများ

ဦးမင်းမောင်ရောက်သွားချိန်တွင်
ဆေးခန်း၌ မည်သူမျှမရှိပါ။
လူရှင်းနေသည်။ မည်သူမျှမတွေ့သဖြင့်
ချောင်းဟန့်သံပြုလိုက်သည့်အခါတွင်
ဆေးခန်းအတွင်းခန်းမှ
လိုက်ကာဖယ်လိုက်ပြီး
ဒေါက်တာငွေရထွက်လာ၏။
ဒေါက်တာငွေရမှာ . . . .

ထပ်မံစိစစ်နေသဖြင့် ဦးမင်းမောင်
အနေဖြင့် လာရင်းကိစ္စကို ထပ်မံ
ပြောဆိုရန် ဝန်လေးနေမိ၏။ သို့
သော်လည်း အချိန်မကြာမြင့်စေ
ရေးအတွက် အရဲစွန့်ပြီး.....

"ဒေါက်တာ ဒေါ်ခင်မမပြော
ထားတဲ့ဆေး မရသေးဘူးလား
ဆရာ"

"ဒီမယ် ကိုမင်းမောင်၊ ဘယ်
အရာမဆို သူ့တန်ဖိုးနဲ့သူရှိတယ်
ဗျာ၊ ခင်ဗျား သဘောပေါက်ဖို့
ကောင်းတယ်"

ဒေါက်တာငွေရပြောလိုက်
သည့်အခါမှ ဦးမင်းမောင်လည်း
ခင်မမပြောခဲ့သောစကားကို သတိ
ရသွားသည်။ ထို့နောက် ၎င်း၏



www.burmeseclassic.com

www.burmeseclassic.com



ကုတ်အင်္ကျီအိတ်ထဲမှ ကျပ်တစ်ထောင်တန်တစ်အုပ်ကို ဆွဲထုတ်လိုက်ပြီး ဒေါက်တာငွေရ၏စားပွဲပေါ်သို့ တင်ပေးလိုက်သည်။ ထိုအခါမှ ဒေါက်တာငွေရမျက်နှာမှာ မှိုရသည့်မျက်နှာပမာ ဝင်းလက်တောက်ပလာပြီး....

"ဟဲ....ဟဲ၊ ဘယ်လိုမှတော့ မထင်ပါနဲ့ဗျာ၊ ခင်ဗျားလိုချင်တဲ့ဆေးကို ရှာနေလို့ပါ၊ ပေးမှာပါဗျ၊ မပူပါနဲ့၊ ဪ.....ဒါနဲ့ မေ့နေလိုက်တာ ကိုယ့်ဆီလာတဲ့ဧည့်သည်ကို ဘာမှဧည့်မခံရဘူးဖြစ်နေတယ်"

ဒေါက်တာငွေရက ခန်းဆီးလိုက်ကာစကို ဖယ်လိုက်ပြီးနောက် ထမင်းစားခန်းဘက်ဆီသို့လှည့်ကာပြောလိုက်သည်။

"မောင်အေးရေ ဧည့်သည်အတွက် အအေးယူခဲ့ပါကွာ"

"ဟုတ်ကဲ့ ဆရာ၊ ယူလာခဲ့ပါပြီ"

ထိုသို့အော်သံနှင့်အတူ မောင်အေးက လင်ပန်းတစ်ခုတွင် အအေးပုလင်းနှင့် ဖန်ခွက်ထည့်ယူလာပြီး အခန်းထဲဝင်ကာ ဦးမင်းမောင်ရှေ့စားပွဲတွင် ချပေးလိုက်သည်။

"ကဲ....ဦးမင်းမောင် အအေးသောက်ပါဦး"

ဒေါက်တာငွေရက အအေးပုလင်းမှ အအေးများကို ဖန်ခွက်အတွင်းသို့ ထည့်ပေးပြီး ဦးမင်းမောင်ရှေ့တွင်ချပေးလိုက်သည်။

ခင်ဗျားရဲ့
အချစ်တော်ဒေါ်ခင်မမနဲ့
ကျုပ်နဲ့ကလည်း
ချစ်သူတွေဆိုတော့
ကျုပ်နဲ့ခင်မမတို့ကြားမှာ
ခင်ဗျားက
ဆူးညောင့်ခလုတ်ပဲ လေဗျာ၊
ကျုပ်က—
ဝင်ငွေရှိတော့ကျုပ်ကိုပဲ....

ဦးမင်းမောင်က အအေးကို တဖြည်းဖြည်းချင်း သောက်နေသည်။ ဦးမင်းမောင်အနေဖြင့် ယခုသောက်နေသော အအေး၏အရသာမှာ သူသောက်ဘူးသည့် အအေးနှင့်မတူဘဲ အရသာမှာ စပ်ဖျဉ်းဖျဉ်းနှင့်ဖြစ်နေသော်လည်း မျိုချသည့်အခါ ချိုမြနေသဖြင့် ဖန်ခွက်ထဲရှိအအေးကို ကုန်အောင်မော့သောက်လိုက်၏။

ထိုသို့ အအေးသောက်ပြီးသော်လည်း ဒေါက်တာငွေရ[...] ၎င်း လိုချင်သည့် ဆေးမှုန့်အ[...] မပေး သေးသဖြင့် စိတ်ထဲတွ[...] မချင့်မရဲ ဖြစ်နေသည်။ ထပ်မံ[...] အရဲစွန့်ကာ ဒေါက်တာငွေ[...] အား.....

"ဘယ်လိုလဲ ဒေါက်တာကြ[...] ရယ်၊ ဆရာတိုက်တဲ့အအေးလည်[...] သောက်ပြီးပြီ၊ ငွေလည်းပေးပြီး[...] ကျွန်တော်လိုချင်တဲ့ဆေးကို ပေ[...] တော့လေဗျာ"

ထိုသို့ စိတ်မရှည်သံနှင့်ပြော[...] လိုက်သည်။ ဒေါက်တာငွေရက[...]

"ဪ.....ကိုမင်းမောင်၊ ခ[...] ဗျားက တယ်အတဲ့လူကိုးဗျ၊ ခ[...] ဗျားလိုချင်တဲ့ဆေးကို ခင်ဗျ[...] သောက်တဲ့ အအေးထဲမှာ ကျ[...] ထည့်တိုက်လိုက်ပြီဗျာ"

"ဗျာ...ဘယ်လို၊ ဘာဖြစ်[...] ကျွန်တော့်ကို ဒီလိုလုပ်ရတာလဲ"

"ဟား...ဟား....ဟား၊ ခ[...] ဗျားရဲ့အချစ်တော် ဒေါ်ခင်မမ[...] ကျုပ်နဲ့ကလည်း ချစ်သူတွေ[...] တော့ ကျုပ်နဲ့ ခင်မမတို့ကြား[...] ခင်ဗျားက ဆူးညောင့်ခလုတ်[...] လေဗျာ၊ ကျုပ်က ဝင်ငွေရှိတော[...] ကျုပ်ကိုပဲ ရွေးချယ်မှာပေါ့ဗျ[...] ဒါကြောင့် ခင်ဗျားကို ရှင်းပစ်ရတ[...] ခင်ဗျားက ချက်ချင်းတော့ သေ[...] ဘူးဗျာ၊ နာရီဝက်ကျော်ကျေ[...] လောက်တော့ခံမယ်၊ နာရီဝက်[...]



www.burmeseclassic.com

www.burmeseclassic.com

ကျော်ရင်တော့ သွေးခုန်နှုန်းတွေ မြန်လာပြီး ဆေးတန်ခိုးပြမယ် ပေါ့ဗျာ''

''ခင်ဗျား တော်တော်ရက်စက် ခဲ့တာ ဒေါက်တာရယ်၊ ခင်ဗျားနဲ့ ခင်မတို့က ပူးပေါင်းပြီး ကျုပ်ကို လုပ်ကြံတာပေါ့ဗျာ၊ ဟုတ်လား၊ ဘယ်ရမလဲဗျာ၊ ကျုပ်ကလည်း ခင်ဗျားကို ကျုပ်နဲ့ အတူ မရဏတိုင်း ပြည်ကို ခေါ်သွားရမှာ ပေါ့''

...ထိုသို့ပြောဆိုပြီး ထိုအခါး ကြားနောက် တွင် ဝှက်ထားသော ဓားမြှောင်အားထုတ် လိုက်ပြီး ဒေါက်တာ ငွေရအား ထိုးမည် ပြုစဉ် ဒေါက်တာ၊ ငွေရက.....

''ဟိုး.....ဆရာ ကြီး ကျုပ် ပြောတာ လေးတော့ နားထောင်ပါဦး၊ ခင်ဗျားက ကျုပ်ကို ဓားနဲ့ထိုး သတ်တော့ရော ဘာအကျိုးရှိမှာ လဲ အကျိုးမရှိတဲ့လုပ်ငန်းကိုမလုပ် ချင်စမ်းပါနဲ့ဗျာ၊ ကျုပ်က ဆရာဝန် လေ၊ လောကမှာ သေဆေးဆိုတာ ရှိရင် ဖြေဆေးဆိုတာလည်း ရှိတာ ပေါ့ဗျာ၊ ဟဲ.....ဟဲ''

ဦးမင်းမောင်မှာ ဓားနှင့်ထိုးရန် ရည်ရွယ်ပြီးမှ ဒေါက်တာငွေရ၏ စကားကြောင့် တွေဝေသွားသည်။ ထို့နောက်.....



''ဘာ.....အဆိပ်ဖြေဆေးရှိ တယ် ဟုတ်လား၊ ဒီလိုဆိုရင်လည်း ကျွန်တော့်ကို ဖြေဆေးလေးပေးပါ ဗျာ၊ ကျွန်တော် မသေချင်သေးပါ ဘူး၊ ကျွန်တော် ခင်မမနဲ့ စာရင်း ရှင်းချင်သေး လို့ပါ''

''ဟား... ဟား၊ ဦးမင်း မောင်၊ ကျုပ် နာမည်က ဘယ် သူလဲဗျာ''

ဦးမင်းမောင် က ကပျာကယာ ပင်.....

''ဒေါက်တာ ငွေရပါ ခင်ဗျာ''

''ဒါဆိုရင် ခင်ဗျားသဘော ပေါက်လေဗျာ၊ ဘယ်အရာမှ အလကားမရဘူးလေ၊ ဟုတ်တယ် မဟုတ်လား''

ထိုအခါမှ ဦးမင်းမောင်လည်း သဘောပေါက်သွားပြီး ၎င်း၏ကုတ် အင်္ကျီအိတ်ထဲမှ ကျပ်တစ်ထောင် တန်တစ်အုပ် ထပ်ထုတ်ပြီး ဒေါက် တာငွေရရှေ့တွင် ချပေးလိုက်ပြန် သည်။

www.burmeseclassic.com



သိပ်အံ့ဩသွားပြီလား။ ကျွန်တော်က ဒီမြို့ရဲ့စခန်းက စခန်းမှူး ရဲအုပ်နှင်းဦးပါ။ မောင်အေးကတော့ ကျွန်တော့်တပည့် နယ်ထိန်းတပ်ကြပ်ကြီးဖော်ဝမ်းပါ။ ခင်ဗျားနဲ့ ဒေါ်ခင်မမတို့ ပူးပေါင်းပြီး ခင်ဗျားငနီး . . .

"ဒေါက်တာရယ် မြန်မြန်ပေးပါ၊ ကျွန်တော် လည်ချောင်းတွေ ပူလာပြီ၊ နာရီဝက် လည်းပြည့်တော့မယ်"

"မပူပါနဲ့ဗျာ၊ ခင်ဗျားမသေစေရပါဘူး"

ဒေါက်တာ ငွေရက ၎င်း၏ တပည့်အား အော် ပြောလိုက်သည်။

"မောင်အေးရေ ဦးမင်းမောင်အတွက် ဖြေဆေးလေး အပြည့်အစုံယူခဲ့ပါကွာ"

မကြာမီ မောင်အေးဆိုသူလည်း အခန်းထဲရောက်လာပြီး ဦးမင်းမောင်အား ရုတ်တရက် လက်ထိတ်ခတ်လိုက်သည်။ ဦးမင်းမောင်က အံ့ဩသောမျက်နှာနှင့် ဒေါက်တာငွေရအားကြည့်ပြီး.....

"ဆရာ ဒါဘာလုပ်တာလဲ ဆရာ၊ ဘာဖြစ်လို့ ကျွန်တော့်ကို လက်ထိတ်ခတ်ရတာလဲ"

"ဖြည်းဖြည်းပေါ့ ကိုမင်းမောင်ရယ်၊ ပြောပြပါ့မယ်"

ဒေါက်တာငွေရမှာ ဝတ်ဆင်ထားသော ဆရာဝန်ကုတ် (Duty Coat)အား ချွတ်လိုက်ရာတွင် ပခုံးထက်ထောင့် အနက်ခံပေါ်၌ ငွေကြယ်နှစ်ပွင့်တပ်လျက် ရဲယူနီဖောင်းနှင့် တွေ့လိုက်ရသည့်အခါ ဦးမင်းမောင်မှာ ပိုမိုအံ့ဩသွားရသည်။

"ဘယ်လိုလဲ၊ သိပ်အံ့ဩသွားပြီလား၊ ကျွန်တော်က ဒီမြို့ရဲ့စခန်းက စခန်းမှူး ရဲအုပ် နှင်းဦးပါ၊ မောင်အေးကတော့ ကျွန်တော့်တပည့် နယ်ထိန်းတပ်ကြပ်ကြီးဖော်ဝမ်းပါ၊ ခင်ဗျားနဲ့ ဒေါ်ခင်မမတို့ ပူးပေါင်းပြီး ခင်ဗျားဖနီး ဒေါ်ငွေစိန်ကို ဆေးခတ်သတ်မယ့်အစီအစဉ်မှာ ဒေါက်တာငွေရက တာဝန်သိဝန်ထမ်းတစ်ဦးဖြစ်နေတော့ ကျုပ်တို့ရဲ့စခန်းကို အချိန်မီ အကြောင်းကြားခဲ့တယ်လေ၊ ဒီမှာတော့ ကျုပ်က ဒေါက်တာငွေရ အစား ဟန်ဆောင်ဆရာဝန်အဖြစ် လှည့်ကွက်လုပ်ပြီး ခင်ဗျားကို အခုလို ဖမ်းလိုက်ရတာပေါ့ဗျာ၊ ခင်ဗျား ပြောခဲ့တဲ့စကားတွေကိုလည်း ကျုပ်က အသံဖမ်းစက်နဲ့ ဖမ်းထားပြီးပြီ"

စခန်းမှူး ရဲအုပ် နှင်းဦးက စားပွဲခုံအောက်တွင် တပ်ထားသော အသံဖမ်းကက်ဆက်အသေးအား ယူလာပြီး ပြန်လည်ဖွင့်ပြနေသည်။ ထိုအချိန် ဆရာဝန်ဝတ်စုံဝတ်ထားသောလူတစ်ဦးနှင့် ဆရာမတစ်ဦးတို့ပါ အခန်းထဲရောက်လာပြီး...

"ဘယ်လိုလဲ စခန်းမှူးကြီး အဆင်ပြေတယ်မဟုတ်လား"

"ကျေးဇူးတင်ပါတယ် ဒေါက်တာငွေရ၊ အခုလို ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



...ခဲ့တဲ့အတွက် အထူးပဲကျေးဇူး
...င်ပါတယ်၊ ကဲ....ကိုမင်းမောင်၊
...င်ဗျားတွေ့ချင်လှတဲ့ ဒေါက်တာ
...ရဆိုတာ သူပါပဲဗျာ''

''ဟုတ်ကဲ့ ဦးမင်းမောင်၊
ကျုပ် ဒေါက်တာ
...ရပါ၊ မနေ့က ဒေါ်
...င်မမ ဖုန်းဆက်
...ပြောပြီး ကတည်းက
...့အသက် တစ်
...ချောင်းကယ် ဖို့
အတွက် ရဲစခန်းနဲ့
...က်သွယ်လိုက်တာ
...ါ ကျွန်တော်တို့
...ဆရာဝန်ဆိုတာ လူ
...သားတွေရဲ့အသက်ကို
...ယ်တင်ဖို့ တာဝန်
...ရှိတယ်လေ''

ဦးမင်းမောင်
...ာမှမပြောနိုင် တော့
...ါ သို့သော် သူ့
...ည်ပင်းကို ကိုင်
...ီး.....

''ဒါနဲ့ စခန်းမှူးကြီးရယ် ကျွန်
တော့်ကိုတိုက်တဲ့ အအေးထဲမှာ
...ဆေးခတ်ထားတယ်ဆို၊ အခု လည်
...ချောင်းထဲမှာ ပူစပ်ပူလောင်ကြီးဖြစ်
နေတယ်၊ လုပ်ပါဦးဗျာ''

''မပူပါနဲ့ ကိုမင်းမောင်၊ ခင်
ဗျားသောက်တဲ့ အအေးထဲမှာ မင်
သော်လ်(Menthol)လို့ခေါ်တဲ့ ပရုတ်
တစ်မျိုးထည့်ထားတာပါ၊ စိုးရိမ်
စရာမရှိပါဘူး''

ဦးမင်းမောင်မှာ ခေါင်းငိုက်
စိုက်ချလျက်ရှိနေသည်။ စခန်းမှူး
က.....



''ဒီမယ် ကိုမင်းမောင်၊ ခင်
ဗျားတို့လို ဒုစရိုက်သမားတွေက
ဂျင်လိုလည်ပေမယ့် ကျုပ်တို့ရဲတပ်
ဖွဲ့ဝင်တွေရဲ့ လှည့်ကွက်ထောင်
ချောက်မှာတော့ ခင်ဗျားတို့ မိရ
တာချည်းပါပဲ၊ ရာဇဝတ်ဘေးဆို
တာ ပြေးလို့မလွတ်ပါဘူးဗျာ''

ဦးမင်းမောင်အား ရဲတပ်ဖွဲ့ဝင်
များက ခေါ်သွားသည့်အခါ တာဝန်
သိသတင်းပေးသူ ဒေါက်တာဌေးရ
က ၎င်းတို့အဖွဲ့အားကြည့်ပြီး သက်
ပြင်းချလိုက်မိပါတော့သည်။

(၁၉၈၁ ခုနှစ်၊ ညောင်လေး
ပင်ရဲစခန်းတွင်
တာဝန်ထမ်း
ဆောင်ခဲ့စဉ်
သီတင်းကျွတ်ပွဲ
တော်၌ ရုပ်ရှင်
သရုပ်ဆောင်
ဦးတင်ဝင်း(ခ)ဦး
ထင်ကျော် ပေး
အပ်ခဲ့သော ဖော်ပြ
ပါဇာတ်လမ်းအား
စခန်းမှူး ရဲအုပ်
နှင်းဦးနေရာတွင်
စာရေးသူကိုယ်
တိုင် ပါဝင်
သရုပ်ဆောင်ခဲ့ပါ
သည်။ ပါဝင်ညွှန်
ပြ သရုပ် ဆောင်ခဲ့
ကြသည့် ရဲမှူးသိန်းဆွေ (ငြိမ်း)၊
တပ်ကြပ်မြင့်လွင် (ငြိမ်း)၊ ဒုတပ်
ကြပ်သိန်းလွင် (သေဆုံး)တို့အား
အမှတ်တရဖြင့် ပြန်လည်ခံစား
ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။)

**ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)**



www.burmeseclassic.com

www.burmeseclassic.com

# ပန်းနုရှာ ရှုံ့မဲ့ပန်း





www.burmeseclassic.com

www.burmeseclassic.com





ရန်နံ့မဲ့ပန်း





ပန်းနုလှသာ

"မြရဲ့သားက သိပ်တော်တာ

နံ့ရုံမှာချိတ်ဆွဲထားတဲ့ ဘွဲ့ တ်ပုံကြီးကိုကြည့်ပြီး ပြောလိုက် ကျွန်မရဲ့စကားက မြကို တဟင်း င်းတဟဲဟဲ ဖြစ်သွားစေတယ်။ ချိန်တည်းမှာပဲ သားအတွက် ယူပြီး ရှက်ပြုံးပြုံးနေတဲ့ မြရဲ့ ာ်နှာမှာ ကြည်နူးမှုအပေါင်း သောင်းနေတာကို တွေ့ရတယ်။ င်းပေါ့လေ... သား က တော်တယ်ဆို ာ့လည်း မိဘတွေ ယူရတာ ဆန်း ာ့ မဆန်းပါဘူး။ သား မောင်သီဟ ားက လူတော် လေး မဟုတ်လား။ မနှစ်ကမှ ဘီအီး ချင်နီယာဘွဲ့ကို နွေးနွေးရရှိထား ပြီးတော့ ရရှိထားတော့လည်း ရိုးရိုးသာမန် အဆင့်နဲ့တောင် မဟုတ်ဘူး၊ ထူးချွန်ဆိုတဲ့ အဆင့် ကောင်းကောင်းနဲ့ အောင်မြင်ထားတာ။ အမ်အီးဆက် တက်ဖို့တောင် ကွာလီဖိုင်းဝင်သေးတာ။ ဒါပေမဲ့ မောင်သီဟက ဘွဲ့တစ်ခု ရဖို့အတွက် ငါးနှစ်ဆက်တိုက်ကြီး တက်လာခဲ့ရတဲ့ တက္ကသိုလ်ကြီးကို ဆက်မတက်ချင်တော့ဘူးဆိုပြီး ဘီအီးဘွဲ့နဲ့သာ ရောင့်ရဲလို့ လုပ်ငန်း ခွင်ဝင်ဖို့ ကြိုးစားနေသတဲ့လေ။



ကဲ.....ဘယ်လောက်တောင် တော်လိုက်သလဲ။

ကျွန်မကတော့ မောင်သီဟရဲ့ ဘွဲ့ဓာတ်ပုံကြီးကိုကြည့်ပြီး မောင် သီဟကို ချီးကျူးပြီးရင်း ချီးကျူး နေမိတော့တယ်။ ဟုတ်တယ်။ ချီး လည်း ချီးကျူးလောက်စရာမဟုတ် လား။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝ အာမခံချက်ပေးနိုင်တဲ့ အဆင့်မြင့် ဘွဲ့တစ်ခုကို ပိုင်ဆိုင်ထားပြီ။ အဲဒီ ဘွဲ့နဲ့သာ အလုပ်လျှောက်မယ်ဆို ရင် မောင်သီဟ အလုပ်ကောင်း ကောင်းရနိုင်တယ်။ ဒီနေ့ခေတ်မှာ အလုပ် ကောင်းကောင်းရဖို့ ခဲယဉ်းနေတာ အားလုံး အသိ။ အနည်းဆုံး ဘွဲ့ လေးတစ်ခုလောက် ပိုင် ဆိုင်ထားနိုင်မှ။ ဘွဲ့ တောင်မှ ရိုးရိုးဘွဲ့ဆိုရင် လစာကောင်းကောင်း မရချင်ဘူးလေ။

ဆေးတက္ကသိုလ်၊



www.burmeseclassic.com

www.burmeseclassic.com



နည်းပညာ တက္ကသိုလ်တို့လို အဆင့်မြင့် တက္ကသိုလ်တွေက ချီးမြှင့်တဲ့ဘွဲ့တွေ ရရှိထားမှသာ နောင်ရေးအတွက် စိတ်အေးရတာ မဟုတ်လား။ ကျွန်မက.....

"မြတို့တော့ ခေါင်းမအေးရပြီ နော်၊ သားလိမ္မာလေးက ဘွဲ့ရပြီး ပြီဆိုတော့ သားရဲ့လုပ်စာကို ထိုင် ပြီးစားနေတော့ရုံပဲပေါ့၊ မြကိုတော့ မမစိန် အားကျတယ်ကွယ်"

"အဲဒီလိုလည်း မဟုတ်ရပါ ဘူး မမစိန်ရယ်၊ မြက သားကို အမ် အီးတောင် ဆက်တက်စေချင်တာ၊ သားက မတက်ချင်တော့ဘူးဆိုလို့ သာ၊ သားက မြတို့ပင်ပန်းတာ မကြည့်ရက်တော့ဘူးတဲ့လေ၊ သူက တစ်လှည့်ပြန်ပြီး လုပ်ကျွေးပါရစေ တဲ့ မမရဲ့၊ ဟင်း...ဟင်း...ဟင်း"

ဂုဏ်ယူဝင့်ကြွားနေတဲ့ မြရဲ့ အသံကို နားထောင်ရင်း ကျွန်မရင် ထဲမှာ မြကိုအားကျတဲ့စိတ်တွေ တဖွားဖွား ပေါ်ပေါက်နေမိတယ်။ စိတ်ထဲမှာလည်း ကျွန်မမှာ ဒီလို သားလေးတစ်ယောက်လောက်ရှိရင် သိပ်ကောင်းမှာပဲလို့ တွေးနေမိ တယ်။

ခက်တာက ကျွန်မ မွေးထား တာက သမီးလေ။

အင်း....သမီးအကြောင်းပြော ရမယ်ဆိုရင်တော့ ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းရာကျတော့မှာပါ ပဲ။ အချိန်ပြည့် ကိုရီးယားကားတွေ ထိုင်ကြည့်နေပြီး တစ်ချိန်လုံး ကို ရီးယားကားတွေထဲက မင်းသမီး တွေလို လှချင်ပချင်နေတာမှ မပြော ပါနဲ့တော့။ ဝယ်လိုက်ရတဲ့ အလှ ကုန်ပစ္စည်းတွေကလည်း သူ့အခန်း ထဲက မှန်တင်ခုံရှေ့မှာ နည်းနည်း နောနောမဟုတ်ဘူး။ ဟောတစ်ခု၊ ဟောတစ်ခု ဝယ်နေတဲ့ အဝတ် အစားတွေကလည်း သူ့ဗီရိုထဲမှာ အပြည့်ပဲ။

ဟင်း...အဝေးသင်တက္ကသိုလ် ကနေ ရိုးရိုးသာမန်ဘွဲ့တစ်ခုကို ယူ ထားပြီး အိမ်မှာ ဒီလို အေးအေး လူလူ စားနေသောက်နေနိုင်တဲ့ သမီးတစ်ယောက်ကို ကျွန်မလေ ဘယ်လိုပြောဆိုဆုံးမရမယ်မှန်းကို မသိတော့ဘူး။ ပြောပြန်ရင်လည်း ဆတ်ဆတ်ထိမခံတဲ့သူမို့ ကြားနေ ကျစကားတွေကိုပဲ ကြားရပြန်ဦး မယ်။

ကြားရဖန်များလွန်းလို့ ကျွန်မ တောင် သမီးရဲ့စကားတွေကို အလွတ်ရနေပြီလေ။

"မလိုပါဘူး မေမေရယ်၊ သမီး တို့မိန်းကလေးတွေက အထူး တလည် ကြိုးစားနေဖို့ မလိုပါဘူး၊ အချိန်တန် လင်ယူသားမွေး မီးဖို ချောင်ထဲ ဝင်ရမှာပဲလေ၊ အခုဘွဲ့ တောင်မှ မင်္ဂလာဆောင်ဖိတ်စာ ရိုက်ရင် မျက်နှာပန်းလှအောင်ယူ



ထားတာ၊ သမီးတို့အတွက် အ

ကြီးတာက ဘွဲ့ရပညာ

ယောက်ျားတစ်ယောက်နဲ့အကြ

ပါ ပေါင်းစည်းရဖို့ပဲ၊ ယူထ

ယောက်ျားက ဘွဲ့ရပညာတတ်

ဆိုလို့ကတော့ အဲဒီမိန်းမအ

ဘာပူစရာရှိတော့မှာလဲ"

သမီးပြောတဲ့အတိုင်းသ

ရင်တော့ ကျွန်မတော့ မြကိုခ

ခမက်တော်ဖို့သာရှိတော့တယ်

ရဲ့သား မောင်သီဟလေးက

ပညာတတ်ကလေးမဟုတ်လာ

အဲဒီလို ဘွဲ့ရပညာတတ်

ကို သမက်တော်လိုက်ရလို့က

ကိုယ့်ရဲ့သမီး အိမ်ထောင်ရေး



www.burmeseclassic.com

www.burmeseclassic.com

…မှု ကောင်းရင်ကောင်းသလို …မှုပုပန်နေစရာ လိုမှာမဟုတ်ဘူး …။ မွေးလာမယ့် သားသမီးမြေး …တွေလည်း အများနည်းတူ ဝတ် …ားနိုင်မယ်၊ သုံးနိုင်ဖြုန်းနိုင်မယ်။ …မလည်း သမက်ရဲ့ကောင်းမှုနဲ့ …နိုင်ယင်နိုင်မယ်လေ။ မဟုတ် …သား။ ကျွန်မ တွေးနေမိရင်းက …ျုံးတွေမဆည်နိုင်လောက် …င် ဖြစ်နေရတယ်။ မြကိုကြည့် …်တော့ ကျွန်မအပြုံးတွေကို …်လိုကောက်ချက်ချနေသလဲ … မြရဲ့မျက်နှာမှာ သားအတွက် …ယူပီတိဖြစ်နေတဲ့အပြုံးကိုသာ …နေရဆဲပဲ။

> သားလား၊ သားက အပြင်
> ခဏသွားတယ် မမစိန်ရဲ့၊
> သိပ် မကြာပါဘူး၊
> ပြန်လာတော့မှာပါ၊
> ဒီနားလေးက
> စာအုပ်ဆိုင်ကိုစာအုပ်
> သွားအပ်နေတာလေ၊
> ဟော.....

ကျွန်မလည်း ကွန္ဒြေလေး ထိန်းပြီး အပြုံးတွေဆည်ရင်းက စကား ဆက်လိုက်တယ်။

"မြကိုပြောရဦးမယ်၊ မမစိန် လေ မြို့ပြင်မှာ ဝိုင်းလေးတစ်ဝိုင်း ဝယ်ထားတယ် သိလား၊ အဲဒါ မကြာခင်မှာ မြရဲ့သားက အင်ဂျင် နီယာကြီးဖြစ်တော့မှာဆိုတော့ အဲ ဒီအခါကျ မမစိန်အိမ်ဆောက်ရင် လေ မြရဲ့သားကိုပဲ အကူအညီ တောင်းမှာနော်"

"အို.....မမစိန်ကလည်း ရပါ တယ်၊ ပြောရမယ့်လူတွေမှမဟုတ် တာ၊ ဟင်း.....ဟင်း"

"ကျေးဇူးပါပဲ မြရယ်၊ ဪ.. ဒါနဲ့ မြရဲ့သားရောဟင်"

"သားလား၊ သားက အပြင် ခဏသွားတယ် မမစိန်ရဲ့၊ သိပ် မကြာပါဘူး၊ ပြန်လာတော့မှာပါ၊ ဒီ နားလေးက စာအုပ်ဆိုင်ကို စာအုပ် သွားအပ်နေတာလေ၊ ဟော..... အသက်ရှည်ဦးမယ်၊ ပြောရင်းဆို ရင်းနဲ့တောင် ရောက်လာပြီ၊ သား ရေ ဒီကိုခဏလာပါဦးကွယ်"

မြက ဘယ်ကိုကြည့်ပြီး လှမ်း ခေါ်လိုက်တယ်မသိ။ မြရဲ့စကားသံ အဆုံးမှာပဲ မောင်သီဟလေး ကျွန်မ တို့အနား ရောက်လာတယ်။ လက် ထဲမှာလည်း စာအုပ်လေးနှစ်အုပ် ကိုင်လို့။ မောင်သီဟက စာအုပ် တွေကို စားပွဲပေါ်တင်လိုက်ပြီးတော့ နီးစပ်ရာ ဆက်တီခုံမှာပဲ ဝင်ထိုင် လိုက်တယ်။ ပြီးတော့ သူ့အမေကို ကြည့်လိုက်ပြီး.....

"ဘာခိုင်းစရာရှိလို့လဲ မေမေ"

ဟယ်.....ကြည့်စမ်း၊ လိမ္မာ လိုက်တာကွယ်။

အမေဖြစ်သူက ဘာမှတောင် မပြောရသေးဘူး။ ဘာခိုင်းစရာရှိ လို့လဲ မေမေတဲ့လေ။ အဲဒါကြောင့် ဖြစ်မယ်။ မြက သူ့သားကို နှုတ် ကမချစတမ်း တဖွဖွ ချီးကျူးမဆုံး ဖြစ်နေတာနေမှာ။ ချီးကျူးလည်း ချီး ကျူးလောက်ပါပေတယ် မောင် သီဟရယ်။

ကျွန်မသသမီးဆိုရင်လေ အမေ ဖြစ်သူက ဘယ်လောက်အာပေါက် အောင် ခိုင်းနေနေ တီဗွီအကြည့် ပျက်တယ်မရှိဘူး။

"ဇာတ်ရှိန်တက်နေလို့ပါ မေ မေရဲ့"ဆိုတဲ့ အကြောင်းပြချက် အောက်မှာ ကျွန်မ ခိုင်းသမျှအလုပ် တွေအကုန်လုံး ကျွန်မကိုယ်တိုင် လုပ်ခဲ့ရတာချည်း။ မောင်သီဟတို့ နဲ့များ ကွာပါ့။

ကျွန်မမှာ မောင်သီဟကိုအကဲ ခတ်ကြည့်နေရင်းက အမှတ်တွေ အများကြီးပေးနေမိတယ်။ ပြီးတော့ "ဒီလိုသားလေးမျိုးကိုသာ သမက် တော်လိုက်ရရင်တော့"ဆိုတဲ့အတွေး ကိုလည်း ကြိမ်ဖန်များစွာ တွေးနေ မိတယ်။ မောင်သီဟက ဘွဲ့ရပ…

www.burmeseclassic.com

တတ်လို့ မပြောရဘူး။ ဘွဲ့ရပညာတတ် ပီသစွာပဲ ဥပဓိရုပ်ကအစ အပြောအဆို၊ အနေအထိုင်အဆုံး ဘာဆိုဘာမှကို ပြောစရာမရှိတာလေ။

"ဒါက အန်တီစိန်ကြည်တဲ့သား၊ ဒီအန်တီက မြို့ပြင်မှာ ဝိုင်းလေးတစ်ဝိုင်း ဝယ်ထားတယ်တဲ့၊ အဲဒါ အဲဒီဝိုင်းလေးမှာ အိမ်လေးတစ်အိမ် ဆောက်ချင်လို့တဲ့၊ အိမ်နဲ့ပတ်သက်ပြီး သားကိုအကူအညီတောင်းစရာရှိလို့တဲ့ သားရဲ့"

"သြော်....ဟုတ်ကဲ့ မေမေ"

"အဲဒါ သားတတ်နိုင်တာလေး ကူညီပေးလိုက်ပါဦး"

"ဟုတ်ကဲ့ပါ မေမေ"

မောင်သီဟလေးကတော့ မြဘာပြောပြော "ဟုတ်ကဲ့"ချည်းပါပဲလား။ ကျွန်မသမီးဆိုရင်လေ ကျွန်မ ဘာပြောပြော၊ ဘာဆိုဆို ခေါင်းခါနေတော့တာချည်းပဲ။ ဒါလေးလုပ်လိုက်ပါဦးဆိုလည်း မလုပ်ချင်ဘူး၊ ဒီလိုလုပ်ပါလားဆိုလည်း မလုပ်ချင်ဘူးနဲ့၊ တော်ပြီ...တော်ပြီ၊ ဆက်မတွေးချင်တော့ဘူး။ တွေးမိလေလေ စိတ်ကုန်လေလေပဲ။

"မမစိန်ရေ.....အကူအညီတောင်းစရာရှိတာသာ တောင်းပေတော့၊ မြလေ လုပ်စရာလေး နည်းနည်းရှိလို့ ခွင့်ပြုဦးနော်"

"ကောင်းပါပြီ မြရယ်"

မြထွက်သွားပြီးပြီးချင်းမှာပဲ မောင်သီဟထံမှ အလိုက်တသိနဲ့....

"အန်တီ ဘာများအကူအညီပေးရမလဲ ခင်ဗျာ"

"ိ" ဆိုတဲ့အသံလေး ထွက်[illegible] တယ်။

မောင်သီဟကတော့ ကျွန်[illegible] က အမှတ်တွေအများကြီး ယ[illegible] တော့တာပါပဲ။ အခုလည်း ပေး[illegible] မိပြန်ပြီ တစ်မှတ်။ မောင်သီဟ[illegible] ပညာမှာတင် တော်တာမဟုတ်[illegible] လူမှုဆက်ဆံရေးလည်း ကောင်[illegible] ပါလားတော်။

ကြည့်နေ.....ဒီကောင်[illegible] ကြီးပွားချမ်းသာဦးမှာ။ နွေး[illegible] နဲ့ လိုက်လှဲစွာ မေးမြန်းလာ[illegible] မောင်သီဟရဲ့ ဖော်ရွေမှုကို ကျ[illegible] သဘောကျစွာနဲ့ တစ်ချက်ပြုံး[illegible] မိတယ်။ ပြီးမှ.....

"အန်တီက မြို့ပြင်မှာ [illegible] ခြောက်ဆယ်ပတ်လည်ဝိုင်း[illegible] ဝယ်ထားတာ သားရဲ့၊ ဘာမှ[illegible] ဆောက်ထားတာ မရှိပါဘူး[illegible]



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဝိုင်းချည်းသက်သက်ပဲ၊ အန်တီက အဲဒီဝိုင်းမှာ အိမ်လေး တစ်လုံး ဆောက်ချင်နေတာလေ၊ အဲဒါ ဘယ်လိုပုံစံမျိုး ဆောက်ရင် ကောင်းမလဲမသိ ဖြစ်နေတာ၊ ပေ ခြောက်ဆယ်ဝိုင်းနဲ့ ဘယ်အိမ်လေး မျိုးဆောက်ရင် အဆင်ပြေမလဲဟင် မောင်သီဟ၊ ဈေးက အသင့် အတင့်ပေါ့၊ သားက ဘီအီးဘွဲ့ကြီး ရပြီးပြီ ဆိုတော့ အိမ်နဲ့ပတ်သက်ပြီး အကြမ်းဖျင်းတွက်ချက်မှုလေးများ ပေးနိုင်မလားလို့ပါ"

အဲဒီအချိန်မှာပဲ မောင်သီဟ မျက်နှာပေါ်မှာ အရိပ်တစ်ခုဖြတ် ပြေးသွားတာကို ကျွန်မ မြင်ဖြစ် အောင် မြင်လိုက်တယ်။ အဲဒီနောက် မောင်သီဟက ခေါင်းကုတ်တယ်။ ရယ်ကျဲကျဲလုပ်တယ်။

"အဲ.....အဟဲ အိမ်အတိုင်း အတာ အကြမ်းဖျင်းတွက်ချက်မှု လား အန်တီ၊ အဲဒါကလေ လက် သမားတွေကို မေးကြည့်ရင် ပိုပြီး အဆင်ပြေမယ်ထင်တယ်၊ ကျွန် တော်တို့နဲ့စာရင် သူတို့က ပိုကျွမ်း တယ်လို့ ပြောလို့ရတယ်၊ ကျောင်း မှာတုန်းကတော့ အဲဒါတွေ သင် တော့သင်ရတယ်၊ ဒါပေမဲ့ လက် တွေ့ကနည်းတော့ ထင်သလောက် ကြီး မကျွမ်းကျင်ဘူး အန်တီ၊ လုပ် ငန်းခွင်ထဲရောက်မှပဲ ပြန်သင်ရ တော့မှာ အန်တီရဲ့"

ဘာကြောင့် မှန်းမသိဘူး။ မောင်သီဟ ပြောစကားမှာ ကျွန်မ စိတ်တွေ တအားကြီး နောက်ကျိ သွားရတယ်။

"ဟြော်.....ဟုတ်လား"

ဆိုတဲ့ နှုတ်ခမ်းက ထွက်ကျ လာတဲ့အသံတောင် ယဲ့ယဲ့ပဲထွက် တော့တယ်။

"အားနာလိုက်တာဗျာ၊ မတွက်ချက်ပေးနိုင်တဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ် အန်တီ"

"အို....မဟုတ်တာသားရဲ့၊ ရ ပါတယ်"

ကျွန်မ မောင်သီဟရဲ့တောင်း ပန်မှုကို ပျာပျာသလဲ ငြင်းဆိုလိုက် မိတယ်။

ဒါပေမဲ့ စိတ်ထဲမှာတော့ နောက်ကျိနေတုန်းပဲ။ လုပ်ငန်းခွင် ထဲရောက်မှ ပြန်သင်ရမှာတဲ့။ ဘယ် လိုလဲ။ စဉ်းစားလို့တောင် မရဘူး။ ဘီအီးအင်ဂျင်နီယာဘွဲ့ကြီးရထား တဲ့သူက အိမ်လေးတစ်အိမ်ရဲ့ တွက် ချက်မှုလေးကိုတောင် မလုပ်နိုင်ဘူး တဲ့။ ဒါဆိုရင် ငါးနှစ်တာကာလ အတွင်း သူတို့ရဲ့ကျောင်းမှာ ဘာ တွေကို သင်ခဲ့ရလို့ ဘာတွေများလုပ် နေခဲ့ကြရသလဲ။ "ငါးနှစ်တာ"ဆို တဲ့ အချိန်ကာလကြီးနဲ့ အဲဒီကာလ အတွင်း အသုံးပြုခဲ့ကြတဲ့ "ငွေ" တွေဟာ ဘာအတွက်ကိုများ ရှင်း

**ဒါပေမဲ့ စိတ်ထဲမှာတော့ နောက်ကျိနေတုန်းပဲ။ လုပ်ငန်းခွင်ထဲရောက်မှ ပြန်သင်ရမှာတဲ့။ ဘယ်လိုလဲ။ စဉ်းစားလို့တောင် မရဘူး။ ဘီအီးအင်ဂျင်နီယာဘွဲ့ကြီးရထားတဲ့သူက အိမ်လေးတစ်အိမ်ရဲ့ တွက်ချက်မှုလေးကိုတောင် မလုပ်နိုင်ဘူးတဲ့။ ဒါဆိုရင်....**

www.burmeseclassic.com



နှီးခဲ့ကြတာလဲ။ ကျွန်မဖြင့် နားကို မလည်နိုင်တော့ပါဘူး။ နံရံမှာချိတ်ဆွဲထားတဲ့ ဘွဲ့တံဆိပ်ကြီးနဲ့ ဓာတ်ပုံကြီးကို ကျွန်မ ဆတ်ခနဲ လှမ်းကြည့်လိုက်မိတယ်။ အဆင့်ကောင်းကောင်းနဲ့ အောင်မြင်ထားပြီး အမ်အီးဆက်တက်ဖို့တောင် ကွာလီဖိုင်းဝင်ကြောင်း ထောက်ခံပေးထားတဲ့ ဘွဲ့လက်မှတ်ကြီး။

အဲဒီဘွဲ့လက်မှတ်ကြီးကိုကိုင်ပြီး ဂုဏ်ယူမော်ကြွားစွာ ရှိနေတဲ့ မောင်သီဟရဲ့ ဘွဲ့ဓာတ်ပုံကြီး။ အိမ် ဧည့်ခန်းနံရံထက်မှာ ထည်ထည်ဝါ ဝါကြီး ရှိနေ တယ်လေ။



ကြည့်ပြီး ချက်ချင်းဆိုသလိုပဲ ကျွန်မ မျက်နှာလွှဲပစ်လိုက်တယ်။ အဲဒီနောက် ပြောစရာလည်း မရှိတော့တာမို့ ကြာကြာလည်း မထိုင်ချင်တော့တာနဲ့ ကျွန်မ ထိုင်နေရာကနေ ထလိုက်တယ်။

“ဒါဆိုရင် အန်တီ့ကို ခွင့်ပြုဦး၊ အန်တီပြန်လိုက်ပါဦးမယ်၊ အိမ်အတိုင်းအတာ တွက်ချက်မှုကိုတော့ အန်တီ လက်သမားတွေကိုပဲ မေးကြည့်လိုက်ပါ့မယ်၊ မြကို ပြောလိုက်ပါဦး၊ အန်တီသွားပြီလို့”

“ဟုတ်ကဲ့ပါ အန်တီ”

နှုတ်ဆက်ပြီးတာနဲ့ ကျွန်မ ဘာကိုမှ ဆိုင်းငံ့မနေတော့ဘဲ ဖိနပ်ရှိရာ လှေကားထစ်ဆီကိုပဲ ချက်ချင်း လျှောက်လှမ်းသွားမိတယ်။ လှေကားထစ်နားအရောက်မှာတော့ ကြားလိုက်ရတဲ့ သက်ပြင်းမွေ့ချသံယဲ့ယဲ့က ကျွန်မကို ပြုံးမိသွားစေတယ်။

အဲဒီနောက် ကိုယ့်ဖိနပ်ကို ဟန်ကျပန်ကျစီးပြီး လှေကားထစ်ကနေ ဟန်ကျပန်ကျဆင်းရင်း မြတို့အိမ်ထဲကနေ ထွက်လာခဲ့တော့တယ်။

အဲဒီအချိန်မှာပဲ မြတို့အိမ်ဝင်း နံရံဘေးမှာ ပေါက်နေတဲ့ ပန်းပင်လေးတစ်ပင်ပေါ်ကနေ ပန်းပွင့်လေး တစ်ပွင့်ကို တွေ့လိုက်ရတယ်။ လှလိုက်တာလေ။ ဘယ်လိုလှမှန်းကို မသိဘူး။

အရောင်အသွေးက နီရဲရဲပြည်နေပြီး ကြားထဲမှာ ရက်ဖောက်ထားတဲ့ အဝါရင့်ရင့်ကလည်း အနီရောင်ကို ထင်ဟပ်ပေးထား တယ်။ ရိုးတံကအစိမ်း ရောင်ရင့်ရင့်နဲ့ ဒီလို အရောင်ရင့်ရင့်တွေ ပေါင်းစပ်ဖွဲ့ စည်းထားတဲ့ ပန်းမျိုးကို ကျွန်မ တစ်ခါမှ မတွေ့ဖူးပါဘူး။ ဘာပန်းပါလိမ့်။

ခူးချင်တဲ့စိတ်က စိတ်ထဲမှာ မရိုးမရွ ဖြစ်လာရတယ်။ တအား မွှေးမယ့်ပုံပဲ။ ကျွန်မ ဆတ်ခနဲ ခူးလိုက်ပြီး မွှေးကြည့်လိုက်တော့.....

ဟင်.....ပန်းကလည်း လှသာ လှတာ၊ အနံ့လည်းမရှိဘူး။ ရနံ့မဲ့ ပန်းကြီးပါလား။ ကျွန်မ ချက်ချင်းပဲ လွှင့်ပစ်လိုက်တယ်။ ပန်းကလေးကတော့ မြေပြင်ထက်မှာ နွမ်းလျစွာနဲ့ ကျကျန်ရစ်ခဲ့တော့တယ်။

**ပန်းနုညွှာ**

www.burmeseclassic.com

www.burmeseclassic.com



ယောင်သာပန်
(စိန်ကျော့နိုး)



www.burmeseclassic.com

www.burmeseclassic.com



# မုဒြာ

**မောင်သာမန် (ဖိုးကုန်း)**

ဒီနေ့တစ်နေ့တင်မဟုတ်ပါ။ နေ့စဉ်ရက်ဆက်ဆိုသလို ဖိုးကျော် အလုပ်များနေတတ်သည်။ နံနက် မိုးလင်းသည်နှင့် ကျေးငှက်လေး များ ဘာသာဘာဝအသံနှင့်အတူ ဖိုးကျော်တစ်ယောက် ရွာဦးကန်မှ သောက်ရေ၊ သုံးရေ ခပ်၍ပြီးနေပြီ ဖြစ်၏။ ဖိုးကျော်၏မိခင် ဒေါ်ခင်စိန် က ရေနွေးအိုးကျိုလျက်မှ လယ် ခွင်ထဲသို့ သွားရန်ပြင်နေသော သူ့ အား.....

"ဟဲ့.....သူငယ်၊ စောသေး မဟုတ်လားကွဲ့၊ အမေ ငါးပိဖုတ် နေတယ်လေကွယ်၊ ထမင်းကြမ်း ငါးပိဖုတ်ဆီဆမ်းနဲ့ အဖန်ရည် လေး သောက်ပြီးမှ သွားပါ လား"

ဖိုးကျော်က.....

"မစောတော့ဘူး အမေ၊ ဆွမ်းကြီးခံကိုယ်တော်တွေ တောင် ပြန်ကြွလာကြပြီ၊ လယ် ထဲရောက်မှ အလောတော်ရယ်၊ ထမင်းကြမ်းကို နေမြင့်မှ ဒွေးလှကို အပို့ခိုင်းလိုက်ပေါ့"

ပြောပြောဆိုဆိုဖြင့် ခြံပေါက် နွားညိုနှစ်ကောင်နှင့် ထမ်းပိုးများ ထမ်းလျက် လယ်ကွင်းသို့ထွက်ခဲ့ ၏။ လယ်ကွင်းထဲရောက်တော့ မိုး စင်စင်လင်းနေပြီဖြစ်သည်။ မတ်ပဲ ထိုးရသည်မှာ အောက်ခါတ်(အစို ခါတ်)ရှိမှ မတ်ပဲပင်များ ပိုမိုဖြစ် ထွန်းကြသည်မို့ ဆောင်းဦးကာလ



တွင် အချိန်မီ ထယ်ထိုး၊ ထယ်ခွဲ ထွန်ကြောင်းဆွဲ၊ ပျိုးကြဲ၊ ကြမ်းတုံး ရိုက်ခြင်းတို့ဖြင့် စိုက်ပျိုးကြရ၏ ထို့ပြင် ကန်သင်းပေါ်တွင် အစ လိုက် ပုံထားသော ကောက်လှိုင်း များအား လှည်းလမ်းမပေါက်သေး သဖြင့် ဖိုးကျော် တစ်ယောက် ညီမများဖြစ်သော ဒွေးလှ၊ အေးလှ တို့နှင့် ကောက်လှိုင်းများအား တလင်းပြင် ထဲရောက်အောင် သယ်ပိုးရ၏။ သို့သာမက တစ် နေ့တာ ထွန်ယက်ပြီးစီးပါက နွားများအား လွှတ်ကျောင်းခြင်း ရေချိုးခြင်း၊ အစာကျွေးခြင်း များကို လုပ်ကိုင်ရပြန်၏ တစ်ဖန် ညနေရောက်ပါက အချိန်လှ၍ သောက်ရေသုံးရေ နှင့် နွားများအတွက် ရေများကို ခပ်ရလေ၏။

ထိုသို့ နေ့နေ့ညည အလုပ် များသော ဖိုးကျော် သည် အသက် နှစ်ဆယ် မျှသာ ရှိသေး၏။ သူ၏ပုံသဏ္ဍာန်သည်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့နှောင်းနှောင်း မဟုတ်။ တောင့်တောင့်တင်းတင်း ဖြင့် ကျန်းမာသန်စွမ်းပြီး တည်ကြည်ခံ့ညားလှသည့်လူညိုလူသန့်ဖြစ်၏။ ဖခင်ဆုံးပါးပြီးနောက် မိခင်ဖြစ်သူ ဒေါ်ခင်စိန်၊ ညီမများဖြစ်သော ဒွေးလှ၊ အေးလှတို့အား အစ်ကိုကြီး အဖအရာဆိုသကဲ့သို့ လယ်ယာလုပ်ငန်းဖြင့်လုပ်ကိုင် ကျွေးမွေးနေခြင်းဖြစ်၏။

ဖိုးကျော်သည် တခြားလူငယ်များကဲ့သို့ ခပေျာ်အပါး မလိုက်စား အရက်သေစာ သောက်စားခြင်းမရှိ။ ဟော့ဟော့ရမ်းရမ်းလည်းမဟုတ်။ ဘုရားတရား ရှိသေကိုင်းရှိုင်း၍ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားကြင်နာတတ်၏။ ယင်းသို့သော သူ၏ကောင်းခြင်းတို့ကြောင့် ရွာထဲ၌ရှိကြသော ကညာပျိုမိန်းမပျိုတို့သည် သူ့အား စိတ်ဝင်စားမှုရှိကြလေ၏။ စိတ်ကူးယဉ်ကြ၏။ ဖိုးကျော်အကျင့်စရိုက်ကောင်း၍ အလုပ်ကြိုးစားသူဖြစ်ကြောင်း သူမတို့အချင်းချင်းပြောတ်ထိုးကြ၏။ ဖိုးကျော်၏မျက်နှာကြောင့် ဖိုးကျော်၏ ညီမနှစ်ဦးမှာ သူမတို့အကြား မျက်နှာပွင့်ကြ၏။


ဖိုးကျော်၏ညီမများဖြစ်သော ဒွေးလှနှင့် အေးလှသည်လည်း အစ်ကိုဖြစ်သူကြောင့် မိန်းမပျိုများကြား အထူးအရေးပေးကြသည်ကို သိပါ၏။ သိလျက်နှင့်ပင် မိန်းမပျိုများကြား ရေလိုက်ငါးလိုက်နေကြ၏။ အေးလှကဆိုပါလျှင် ကွမ်းတောင်ကိုင် မမတို့အား.....

"အေးလှတို့အစ်ကိုကလေ မမတို့အထဲက ဘယ်မမနဲ့ကြိုက်ကြိုက် အေးလှတို့ ညီအစ်မနှစ်ယောက်က သဘောတူပြီးသားပါရှင်"

အေးလှ၏ လိမ္မာပါးနပ်သော စကားများက ရွာရှိမိန်းမပျိုများ၏ စိတ်ဘဝင်ကို ရွှင်ပြုံးစေပါ၏။ သို့ဖြင့် ဒွေးလှ၊ အေးလှ ညီအစ်မနှစ်ဦးမှာ နေ့စဉ်ဆိုသလို မုန့်ပဲသရေစာများ ဖေါခြင်းသောခြင်းဖြစ်နေရ၏။

ယင်းသို့ဖြင့် ရွာရှိကွမ်းတောင်ကိုင်များ မိန်းမပျိုအချင်းချင်း ဖိုးကျော်အကြောင်း တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောဆိုနေကြခြင်းအား အပျိုကြီးလည်းဖြစ်၊ အပျိုခေါင်းလည်းဖြစ်သော မမအေးက သတိပေးရ၏။

"ညည်းတို့အေ မုန့်ဆီကြော် ဘယ်နေမှန်းမသိ၊ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားဆိုတာလို ဖြစ်နေပြီ၊ ညည်းတို့ကသာ စိတ်ကူးယဉ်နေတာ၊ ဖိုးကျော်က ညည်းတို့ကို လှည့်မကြည့်ဘူး၊ သူ့အလုပ်နဲ့သူ ရှုပ်ကောင်းတုန်း၊ ဖိုးကျော်က မိန်းကလေးတွေနဲ့ ရောရောယှက်ယှက် မနေတတ်သလို ယောကျ်ားလေး



www.burmeseclassic.com

အပေါင်းအသင်းတွေနဲ့လည်း အရောတဝင် မရှိလှဘူး၊ သူ့မှာ မုဆိုးမအမေနဲ့ ညီမနှစ်ယောက်အတွက် ကြိုးစားရုန်းကန်နေရတုန်း၊ ငါ့စိတ်ထင် အဲဒီကောင် ဒီတစ်သက် မိန်းမ ယူချင်မှယူလိမ့်မယ်”

မမအေး၏စကားများကို မိန်းမပျိုလေးများ မနှစ်သက်ကြ။ သို့ကြောင့်.....

“မမအေးကြီးကတော့ လုပ်ပြန်ပြီ၊ သူများတို့ ငိုပစ်လိုက်မှာနော်”

ထိုသို့ပြောဆိုရယ်မောသည့်အခါတွင် မမအေးက မျက်နှာထားတင်းတင်းဖြင့်.....

“ကောင်မတွေနော်၊ လှလှပပလေးတွေနဲ့ မထကြနဲ့၊ မရှုကြနဲ့”

ဟု အသံသြသြဖြင့် ခပ်တင်းတင်းပြောလိုက်မှပင် အနီးမိန်းမပျိုများ တိတ်၍သွားကြ၏။

♛♛♛♛♛

အသက်နှစ်ဆယ်သာရှိသေးသည့် ဖိုးကျော်သည် ပုထုဇဉ်တစ်ဦးဖြစ်၏။ ထို့ကြောင့် သူ့တွင် ချစ်တတ်သည့်နှလုံးသားရှိပါ၏။ ချစ်လိုသည့်ဆန္ဒလည်းရှိပါလိမ့်မည်။ သို့စေကာမူ မှန်ကန်သည့်အသိစိတ်သည် သူ၏ဦးနှောက်တွင် ကိန်းအောင်းနေသကဲ့သို့ နှလုံးသားတွင်

**အသက်နှစ်ဆယ်သာ**
**ရှိသေးသည့်**
**ဖိုးကျော်သည်**
**ပုထုဇဉ်တစ်ဦးဖြစ်၏။**
**ထို့ကြောင့်**
**သူ့တွင်**
**ချစ်တတ်သည့်**
**နှလုံးသားရှိပါ၏။**
**ချစ်လိုသည့်ဆန္ဒလည်း**
**ရှိပါလိမ့်မည်။**
**သို့စေကာမူ**
**မှန်ကန်သည့်**
**အသိစိတ်သည်**
**သူ၏ဦးနှောက်တွင်.....**

အရိပ်ထင်နေသည်ကြောင့် ဆ
ကျင်ဘက် လိင်တို့အား ချစ်
သည့်ဆန္ဒများကို ဦးစားမပေးခဲ့ခြ
ပင်ဖြစ်၏။ သူသည် ဖခင်မရှိတေ
သည့်အတွက် မိခင်နှင့် ညီမ
အား လုပ်ကိုင်ကျွေးမွေးရမည်
သောအသိ။ သားသမီးများထဲတ
မိမိသည် သားကြီးဖြစ်သ
အနစ် နာခံစရာရှိပါက မိမိသ
အနစ်နာ ခံမည်ဟူသောအ
ထိုအသိများ ကြောင့်ပင် ဖိုးကျေ
သည် ချစ်သူမရှာဘဲ မိမိအ
သာ ဖြစ်ထွန်းအောင်မြင်အေ
ကြိုးစားနေခြင်းဖြစ်၏။

ယင်းကြောင့်ပင် ဖိုးကျော်
မိသားစုသည် စီးပွားရေး ဒီ
အလား တိုးပွားလာခဲ့ရ၏။ ရွှေ
ငွေနှင့်၊ လယ်နှင့်နွားနှင့်ဆိုသကဲ့
ဖြစ်လာသည့်အခါတွင် ဖိုးကျေ
သည် ပျိုတိုင်းကြိုက်တဲ့နှင်းဆီ
ဖြစ်လာရတော့၏။

ရံဖန်ရံခါဆိုသကဲ့သို့ မိခင်
ညီမများ မြို့သို့ဈေးဝယ်ထွက်သ
သို့ မြို့ပေါ်တွင် ပွဲလမ်းသဘ
သည့်အခါများတွင် မြို့ပေါ်ရှိ
မျိုးရင်းချာများထံတွင် ညီမ
ယောက်မှာ တည်းခိုလည်ပတ်
ရှိ၏။ ထိုအခါများတွင် ဖိုးကျေ
ပင် သူ၏ညီမနှစ်ယောက် ပွဲ
သဘင်တွင် သုံးစွဲနိုင်ရန် ငွေ
တချို့ ထုတ်ပေးလေ့ရှိ၏။ အ



www.burmeseclassic.com

www.burmeseclassic.com

...သူမှ သုံးစွဲရန်ထုတ်ပေးသော
...အား ဖွေးလုနှင့်အေးလုသည်
...လဟသ မသုံးဖြုန်း။ လိုသည်
...ောက်သာသုံး၍ ကျန်သည့်ငွေ
...များကို စုတတ်လေ့ရှိသည်။ ဖိုး
...ကျော်ကလည်း ညီမများ၏ ကောင်း
...န်သောအလေ့အထရှိသည်ကိုသိ
...၍ ညီမများလိုသမျှ ထုတ်ပေးလေ့
...ရှိသည်။

ဖိုးကျော်တို့မောင်နှမတစ်စု၏
...ကောင်းမွန်သော ဓလေ့စရိုက်များ
...ကြောင့် ရွာ၌ရှိကြကုန်သော လူကြီး
...သူမတို့သည် သူတို့၏ သမီး၊ မြေး
...များနှင့် ဖိုးကျော်အား သဘောတူ
...နေကြတော့၏။ ဖိုးကျော်ကလည်း ထိုကဲ့သို့သော အနေအထားတွင် ရွာရှိမိန်းမပျိုများနှင့် ရင်းရင်းနှီးနှီး နေလေ့မရှိ။ သူသည် သွေးကြီးသည်တော့မဟုတ်။ မေးထူးခေါ်ပြောဖြင့်သာ ဆက်ဆံတတ်၏။ တစ် ခုတော့ရှိသည်။ ဖိုးကျော်အနေဖြင့် လူမှုရေးတရားရှိသည်ကြောင့် ရွာ၏သာရေးနာရေးများတွင်သူသည် ကာလသားများနှင့်အတူ ဦးဆောင်လေ့ရှိ၏။ တက်ကြွစွာ ဆောင်ရွက်တတ်၏။ သီတင်းကျွတ် ရွာဦးစေတီ ဆွမ်းတော်ကြီးကပ်ပွဲမှစ၍ အလှူ မင်္ဂလာဆောင်၊ သာရေးနာရေးများတွင် ဖိုးကျော်၏ စီစဉ်ဆောင်ရွက်မှုများဖြင့် ပြီးမြောက်တတ်သည်ကြောင့် ရွာမိရွာဖမှစ၍ ဖိုးကျော်အား နှုတ်ဖျားမှမချရအောင်ရှိနေတော့သည်။



သို့စေကာမူ ကာလသား လူငယ်လူရွယ်တို့နှင့် ရင်းနှီးခင်မင်သော်လည်း ကာလသားများနှင့်လည်း ပေါလောပါလောဖြင့်မနေ။ လူငယ်လူရွယ်များမှာ အနီးအနားရွာများနှင့် မြို့ပေါ်တွင် ပွဲလမ်းသဘင်ရှိ၍ သွားလာပျော်ပါးကြသည်ကများ၏။ ထိုလူငယ်များတွင် ဖိုးကျော်ပါဝင်ခြင်းမရှိ။ ခင်မင်သူသူ ငယ်ချင်းများက.....

"ဖိုးကျော်ရေ....သူငယ်ချင်း၊ ဟိုဘက်ရွာမှာ ဘုရားပွဲရှိတယ်ကွ၊ တို့တစ်တွေ သွားကြည့်ကြမလို့ အဲဒါ မင်းလိုက်မလားလို့ လာခေါ်တာ"

ကာလသားသူငယ်ချင်းများက မည်သို့ပင်ခေါ်ခေါ် ဘယ်တော့မှ ဖိုးကျော်မလိုက်။ လိုက်လိုသည့် ဆန္ဒလည်းမရှိ။ ထို့ကြောင့်လည်း...

"မင်းတို့ပဲ သွားကြပါကွာ၊ ငါက အိပ်ရေးပျက်ခံလို့ မရဘူးကွ၊ မနက်ကျ လှေ့ပြီးသားစပါးတွေကို ပွဲရုံကို သွားပို့ပေးရဦးမယ်"

တစ်နည်းမဟုတ်တစ်နည်း အကြောင်းအမျိုးမျိုးပြ၍ ငြင်းပယ်တတ်သည့်ကြောင့် နောက်ပိုင်း ကာလသားများ သူ့အားမခေါ်တော့ပေ။ မည်သို့ပင်ဖြစ်စေ ရွာတွင် တစ်ခုခုဖြစ်ပါက ဖိုးကျော်သည် ရှေ့ဆုံးမှ ဦးဆောင်၍

www.burmeseclassic.com



ပါတတ်စမြဲ ပင်ဖြစ်တော့၏။

♛♛♛♛♛

သည်ရက်အတွင်း ဖိုးကျော်တို့အိမ်တွင် ဧည့်သည်တစ်ယောက် ထူးထူးခြားခြားရောက်ရှိနေ၏။ ထိုဧည့်သည်အား ရွာသို့ခေါ်လာကြသူများမှာ ဖိုးကျော်၏ညီမများဖြစ်ကြသော ဒွေးလှနှင့် အေးလှတို့ပင်ဖြစ်၏။ သူတို့ညီအစ်မနှစ်ဦးသည် သီတင်းကျွတ် မီးထွန်းပွဲတော်လည်ပတ်ရန် မြို့ရှိဆွေမျိုးအိမ်သို့သွားရာမှ နောက်တစ်နေ့တွင် သူတို့နှင့်အတူပါလာသော ဧည့်သည်ဖြစ်၏။ ထိုဧည့်သည်မှာ ထူးခြားစွာ လှပချောမောသူ မိန်းမလှတစ်ဦးပင်ဖြစ်သည်။

ထိုအမျိုးသမီးလေးသည် ဖိုးကျော်နှင့် မတိမ်းမယိမ်းလောက်ပင်ရှိလိမ့်မည်။ ထိုမိန်းကလေးအား မြင်တွေ့လိုက်ရသော ကာလသားလူရွယ် ချက်ကြီးမှာ အငမ်းမရစွာဖြင့် တခြားသောလူရွယ်တို့အား ပြောကြားခဲ့သည်။

“ပြောကိုမပြောချင်ပါဘူးကွာ၊ ဒွေးလှတို့နဲ့အတူပါလာတဲ့ မိန်းကလေးက လှမှလှကွာ၊ ရုတ်တရက် ချက်ချင်း နတ်ပြည်က နတ်သက်ကြွေကျတဲ့ နတ်သမီးလေးတစ်ပါး တို့ရွာထဲ ရောက်လာ

သူတို့ညီအစ်မနှစ်ဦးသည်
သီတင်းကျွတ် မီးထွန်းပွဲတော်လည်ပတ်ရန်
မြို့ရှိဆွေမျိုးအိမ်သို့သွားရာမှ....

သလိုပဲမောင်”

ဒွေးလှတို့ညီအစ်မ သူမကို ရွာထဲသို့ ခေါ်လာစဉ်က ထိုလှပျိုဖြူအား မြင်တွေ့လိုက်ရသော ပျိုပျိုအိုအို မည်သူမဆို ပါးစပ်အဟောင်းသား ဖြစ်ကြရ၏။ အသက် ငါးဆယ်ကျော် အရီးလေးမြငြိမ်းကမူ.....

“ပါတို့ရွာကို ခတ်ရှင်မင်းသမီးများ ရောက်လာသလား”ဟူ၏။

ထိုမိန်းမလှလေးမှာ ဒွေးလှတို့ညီအစ်မခေါ်ရာနောက်သို့ လိုက်ရင်းမှ ဖိုးကျော်တို့ခြံဝိုင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည့်အခါ ဖိုးကျော်အား နှုဂိုကတည်းက စိတ်ဝင်စားနေသည့် ကွမ်းတောင်ကိုင်ရွာပျိုဖြူတို့မှာ စိုးရိမ်သောကများစွာဖြင့် ဖိုးကျော်အတွက် သောကဖြာဝေခဲ့ရ၏။ ယင်းသို့ဖြင့် ရွာပျိုဖြူလေးများ တီးတိုးစကားများဖြင့်

ခေါင်းချင်းဆိုင်၍ သဖန်းပိုးထိုး
လေ၏။

“ဒွေးလှတို့ညီအစ်မကလည်း
ဒီလောက် စက်စက်ယိုလှနိုင်
မိန်းမလှလေးကို ဘယ်လိုအဓိပ္ပာ
နဲ့ အိမ်ကိုခေါ်လာတာလဲမသိ
ဒီအတိုင်းဆိုရင် ငါတို့ဖိုးကျော်
ယောက် သင်းလေးရဲ့ အလှ
ရက်ထဲက ရုန်းထွက်နိုင်ပါ့မလ
ဖိုးကျော် ရွာကျော်ပြီး ခဲပစ်မှာ
စိုးတာပဲဟယ်”

မိန်းမပျိုတစ်ဦးကမူ.....

“တွေးပြီးပူမနေပါနဲ့ဟာ၊
ကျော်က ငါတို့ရွာသားပါ၊ ငွဲ့စ
ရင် ငါတို့ကို ငွဲ့ရမှာပေါ့ဟယ်”

နောက်တစ်ဦးကမူ.....

“ငါပြောရဲတယ်ဟေ့၊
ကျော် တစ်ယောက် ဒီမိန်း
လေးကြောင့် သူနေ့စဉ်လု
အလုပ်တွေ ပျက်ကွက်ရမ
ဘာလို့လဲဆိုတော့ ဖိုးကျော်

www.burmeseclassic.com

မိန်းမလှကိုတွေ့ရတဲ့ သိဝိမင်းလို ...ိုင်ရမလို၊ ထရမလိုနဲ့ စိတ် ...ယောက်ကယက်ဖြစ်သွားနိုင် ...တယ်ဟေ့"

ထိုစဉ် အပျိုခေါင်း မမအေး ...တစ်ယောက် သူမတို့စုဝေးရာနေ ...ာသို့ မမျှော်လင့်ဘဲ ရောက်ရှိလာ ...း.....

"ဟဲ့...ကောင်မတွေ၊ အရည် ... အဖတ်မရစကားတွေ ရပ် ...ကြစမ်း၊ တစ်ဖက်မိန်းကလေး ...လည်း စာနာပြီး ပြောမှပေါ့အေ၊ ...ကျော်က နင်တို့ပြောသလို စိတ် ...င်စားတယ်ထား၊ အဲဒီကောင်မ ...လေးက ဖိုးကျော်ကို စိတ်ဝင်စား ...ချင်မှ စိတ်ဝင်စားမှာ၊ သူများ ...အကြောင်း ကွယ်ရာမှာပြောရင် ...တင်းတဲ့၊ မှတ်ထားကြ"

မမအေး၏စကားကြောင့် သူမတို့ ပါးစပ်ပိတ်သွားကြ၏။

ကွမ်းတောင်ကိုင်များနည်းတူ ကာလသား လူငယ်များသည်လည်း ဖိုးကျော်တို့ အိမ်သို့ ရောက်ရှိနေသော မိန်းမလှလေး အကြောင်း တီးတိုးဝေဖန် ပြောဆိုနေကြ၏။ ဖိုးကျော်ကိုလည်း မချင့်မရဲဖြစ်ကြ၏။

"တောက်ကွာ....ဖိုးကျော်လို မထုံတက်တေးနဲ့ ငါနေရာချင်းလဲပစ်လိုက်ချင်တယ်ကွာ"

သို့ဖြင့် မိန်းမလှကိစ္စနှင့်ပတ်သက်၍ ဖိုးကျော်အား ကာလသားများ မေးဖြစ်ကြသည်။

"ဖိုးကျော် မင်းတို့အိမ်ရောက်နေတဲ့ မဒီလေးက တယ်နိပ်ပါလားကွ"

ဖိုးကျော်က.....

"မင်းတို့ပြောလို့သာ၊ ငါကတော့ သတိမထားမိပါဘူး၊ ငါ့ညီမတွေရဲ့ မိတ်ဆွေဆိုတော့ ငါ့ရဲ့မိတ်ဆွေလို့ပဲ ငါမြင်တာကွ"

"တော်တော်လှတဲ့ အမျိုးသမီးပဲကွ၊ သူ့နာမည် ဘယ်လိုခေါ်လဲ"

ဖိုးကျော် စိတ်မဝင်စားသော အရာများကို မေးနေသော ကာလသားများအား ခပ်ချဉ်ချဉ်ဖြင့်.....

"သူ့နာမည်က မုဒြာတဲ့၊ ငါဒါပဲသိတယ်"

ချာခနဲလှည့်ထွက်သွားသော ဖိုးကျော်အား ကာလသားများက ပါးစပ်အဟောင်းသားဖြင့် ငေး၍ ကြည့်နေမိတော့၏။

အိမ်တွင် မုဒြာဆိုသောဧည့်သည်ရှိနေ၍ ဖိုးကျော်မှာ အနေကျုံ့လှ၏။ ဒွေးလှနှင့် အေးလှတို့ကလည်း မုဒြာအပေါ် ဧည့်ဝတ်ကျေပွန်လှပါ၏။ မုဒြာတစ်ယောက်ပြန်မည်ဆိုတိုင်း ဒွေးလှတို့ညီအစ်မက အပြင်းအထန်တား၏။ တစ်နေ့တစ်နေ့ဖြင့် မုဒြာတစ်ယောက် မပြန်နိုင်ဘဲ ဖြစ်နေရ၏။

နောက်ဆုံး မုဒြာနှင့်ဖိုးကျော် ခင်မင်သွားကြ၏။ မုဒြာအား ခင်မင်ရင်းနှီးသည့်တိုင် ဖိုးကျော်တစ်ယောက် သည့်ထက်ပို၍ အကျွမ်းမဝင်ခဲ့ပါပေ။ မုဒြာမှာ ရေလာမြောင်းပေးလုပ်နေသော်လည်း ဖိုးကျော် မသိလိုက်မသိဘာသာ နေလိုက်ပါ၏။

ယင်းသို့သော အနေအထားတွင် ဖိုးကျော်နှင့် မုဒြာတို့နှစ်ဦးကြား

အိမ်တွင်မုဒြာဆိုသောဧည့်သည်ရှိနေ၍
ဖိုးကျော်မှာအနေကျုံ့လှ၏။
ဒွေးလှနှင့်အေးလှတို့ကလည်းမုဒြာအပေါ်ဧည့်ဝတ်ကျေ
ပွန်လှပါ၏။
မုဒြာတစ်ယောက်ပြန်မည်ဆိုတိုင်း.....

www.burmeseclassic.com



မမျှော်လင့်သော ပြဿနာတစ်ခုသည် ထူးခြားစွာ ကြီးထွားလာခဲ့ကြသည်။ မည်သို့သော ပြဿနာသည် ဖိုးကျော်၌ မည်သည့်အတွက် ထင်ဟပ်သည်ဆိုသည်ကို မသိသော်လည်း မုဒြာ၏ ရင်ဖွင့်ချက်အရ ဖိုးကျော်တစ်ယောက် မုဒြာကို လက်ထပ်ရမည့်အခြေမျိုးသို့ ဆိုက်ရောက်နေ၏။ မိခင်ဖြစ်သူ ဒေါ်ခင်စိန်က သားဖြစ်သူ ဖိုးကျော်အား.....

"သူငယ် မှန်မှန်ပြောစမ်း၊ ဟိုကလေးမနဲ့သူငယ် ရည်ငံနေကြလား"

ဖိုးကျော်က တွင်တွင်ဘူးခါ၍ ငြင်းခဲ့သည်။

"ကတ်သီးကတ်သတ်အမေရာ၊ ကောင်မလေးကို စကားရောဖွဲ့ရော ဆက်ဆံတာကလွဲပြီး ထူးထူးခြားခြား ဘာမှမဖြစ်ခဲ့ပါဘူး၊ ဘာလဲ အမေ၊ သူက မိန်းကလေးတန်မဲ့ ဘာပြောလို့လဲ"

"ကလေးမက မင်းညီမတွေကိုပြောလို့ အမေက လုံမတွေကတစ်ဆင့် သိရတာပေါ့၊ သူများသားသမီးကို အပျော်တော့မကြံပါနဲ့ကွယ်"

ဖိုးကျော်က ပျာပျာသလဲဖြင့် ပြန်ပြောခဲ့သည်။

"ဟာ....အမေ ဘာတွေပြောနေတာလဲဗျာ"



တကယ်တော့လည်း ဖိုးကျော်၏နှလုံးသားထဲသို့ မုဒြာတစ်ယောက် တဖြည်းဖြည်းချွတ်နင်း ဝင်ရောက်နေပြီဖြစ်သော်လည်း ဖိုးကျော်၏နှုတ်မှ မုဒြာအား ဖွင့်ဟ ထုတ်ဖော်မှု မရှိသေးပါချေ။ ထိုစဉ်အတွင်း မုဒြာ၏နှုတ်မှ မပြောရဲတစ်မယ် ညီမများနှင့် မိခင်အား ရိပ်ဖမ်းသံဖမ်းဖြင့် ပြောကြားလာမှုအပေါ် ဖိုးကျော် အထင်လွဲသွားခဲ့၏။ ပြီးနောက် အထင်သေးသွားခဲ့ပါ၏။ ဖိုးကျော်သည် ယင်းကိစ္စနှင့်ပတ်သက်၍ အရှက်အကြောက်ကြီးသူဖြစ်ပါ၏။ မုဒြာအား စိတ်ဝင်စားသော်လည်း သူမ၏လုပ်[...] ကြောင့် သူ့အနေဖြင့် ဤနေ[...]တွင် ဆက်ဆက်ထိမခံခဲ့ပေ။

"နားနဲ့မနာ ဖဝါးနဲ့နာပါတော[...] အမေ၊ သမီးတို့နှစ်ယောက် [...] နေကြပါပြီ၊ ကိုဖိုးကျော်တ[...]ယောက် အမေ့ကိုပြောရမှ[...] ကြောက်နေလို့ သူ့ကိုယ်စ[...] သမီးက ဖွင့်ပြောရတာပါ အ[...]

မိခင် ဒေါ်ခင်စိန်သည် မိန်း[...] တစ်ဦးဖြစ်ခြင်းကြောင့် မိန်းကလေ[...]



www.burmeseclassic.com

www.burmeseclassic.com



တို့၏ ခံစားချက်ကို ကိုယ်ချင်းစာ ခ၏။ ယင်းအတွက် သားဖြစ်သူ ဖိုးကျော်အား ဖိ၍ထောင်းတော့၏။ မိခင်သည် သူတစ်ပါးသားသမီးအား နှုတ်နှင့်လည်းကောင်း၊ ကိုယ်အလက်ရောက်အားဖြင့်လည်းကောင်း ထိပါးစော်ကားသည်ကို အလွန်မုန်းတီး၏။

''ဖိုးကျော်နော် ဘယ်လိုပဲဖြစ်ဖြစ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မင်း မိကောင်းဖခင် သားသမီးပီပီ ဒီကလေးမကို အတည်ပဲဖြစ်စေရမယ်''

မုဒြာအပေါ်ထားရှိသော စိတ်ကူးယဉ်အိပ်မက်တို့သည် ဖိုးကျော်၏နှလုံးသားပေါ်၌ ပျက်ယွင်းသွားပြီကို ဖိုးကျော်ကိုယ်တိုင်သိပါ၏။ သူမ၏ အမူအကျင့်သည် မိန်းမကောင်းတို့ ထားသင့်ထားထိုက်သော အမူအကျင့် မဟုတ်သည်ကို မိခင်ပြောမှပင် သိရှိရခြင်းကြောင့်ဖြစ်၏။

မိခင်ဖြစ်သူအား ဖိုးကျော်က ပြောပြခဲ့၏။

''အမေပြောတဲ့ အတိုင်းဆို ဒီအမျိုးသမီးဟာ အမျိုးကောင်းသမီး မဖြစ်နိုင်ပါဘူး အမေ၊ ဘာဖြစ်လို့ လဲဆိုတော့ သူ့ကိုကျွန်တော် ဘာဆိုဘာမှ မပြောခဲ့လို့ပဲ''

ဖိုးကျော်၏စကားကြောင့် မိခင်ဒေါ်ခင်စိန်မှာ ပါးစပ်ဟ၍ ကြောင်ငေးသွားရ၏။



♛♛♛♛♛

ဖိုးကျော်နှင့် မုဒြာတို့၏ ကောလာဟလသည် ကျေးရွာအတွင်း ပွက်လောရိုက်သွားဟန်ရှိ၏။ ကာလသားလူပယ်တွင်းသာမက ကွမ်းတောင်ကိုင် မိန်းမပျိုတို့အတွင်း၌လည်း တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ပြောကြားနေကြပါ၏။ ဖိုးကျော်တစ်ယောက်သေ ချင်လောက်အောင် အရှက်ရခဲ့၏။ မိခင်ဖြစ်သူမှာ မည်သို့ဖြစ်စေ ရှေးရိုးဆန်သော လူကြီးဖြစ်ခြင်းကြောင့် နောင်ခါမှ နောင်ခါကြည့်ရှုရင်းပေရော့။ လူကြီးစုံရာနှင့် လက်ထပ်ထိမ်းမြားနိုင်ရန် တကဲကဲဖြစ်နေ၏။ ဖိုးကျော်တစ်ယောက် မရှုနိုင်၊ မကယ်နိုင်ဖြင့် မည်သို့လုပ်ရမှန်း မသိဖြစ်နေ၏။ မုဒြာအား ဖိုးကျော်က.....

''နင် ကလိမ်ကကျစ်ကျလှချည်လား၊ ငါ့ညီမတွေက အိမ်လည်ခေါ်လာတာကို အခွင့်ကောင်းယူပြီး ငါ့ကိုအပိုင်ချိုင်တာကတော့ ဟာ သိပ်ကိုရိုင်းလွန်းပါတယ်''

''ကိုဖိုးကျော် မုဒြာကို ဘယ်လိုထင်ထင်ပါ၊ မုဒြာ စိတ်မဆိုးပါဘူး၊ ကိုဖိုးကျော်ရဲ့ ယောကျ်ားပီသမှုတွေက မုဒြာရဲ့ရင်ကို လှုပ်ခါစေတယ် ကိုဖိုးကျော်၊ မုဒြာရဲ့နှလုံးသားထဲမှာ ကိုဖိုးကျော်ရှိနေတာ သိလိုက်ရတဲ့ မုဒြာ ဘယ်လိုမှ ထိန်းသိမ်းနိုင်စွမ်း မရှိတော့လို့ အမေ့ကိုထုတ်ပြောမိ

www.burmeseclassic.com



တာပါ၊ မုဒြာမှာ အပြစ်ရှိတယ်ဆို ရင်လည်း ကိုဖိုးကျော်ပေးတဲ့အပြစ် ကို မုဒြာခံပါ့မယ်ရှင်၊ မုဒြာခံပါ့ မယ်''

မုဒြာ၏ ညွတ်နူးဖွယ် အပြော၊ အဆို၊ သနားစဖွယ် ဟန်ပန်များ ကြောင့် ဖိုးကျော်၏ရင့်ထဲတွင်လှုပ် ခါသလိုဖြစ်ရသည်။ သူမကိုကြင် နာသနားချင်လာ၏။ ဖိုးကျော်တစ် ယောက် အငိုလွယ်၍ အရှိုက်ခက် သွား၏။ မုဒြာသည် ဖိုးကျော်၏ ပျော့ညံ့ချက်ကို သိနေ၍လားမသိ။ ရှိုက်ငိုလျက်မှ ဖိုးကျော်၏ရင်ခွင် ကျယ်သို့ ပြေးဝင်ခိုလှုံလိုက်၏။ ဖိုး ကျော်မှာ ကြောင်အအဖြင့် သူမ ၏ ပခုံးလေးနှစ်ဖက်အား သူ၏ လက်ဖြင့် ထိန်းထားလိုက်ရ၏။ ထို့ ပြင် ဖိုးကျော်၏ စိတ်သန္တာန်၌ လည်း.....

''မိန်းမတွေများ ကြိုက်မရှက်၊ ငိုက်မရှက်ဆိုတာ ဒါများလား''

ထိုသို့လည်း တောမရောက်၊ တောင်မရောက် တွေးနေလိုက် သေး၏။

ဖိုးကျော်တစ်ယောက် မုဒြာ အပေါ်၌ မိမိ၏နှလုံးသားတစ်ခုလုံး မြှုပ်နှံလိုက်တော့မည်ဟု ဆုံးဖြတ် ချက်ချမည့်ဆဲဆဲတွင် ကျေးရွာလူ ကြီးနှင့်အတူ အသက်သုံးဆယ် ကျော်အရွယ် အမျိုးသမီးတစ်ဦး ဖိုးကျော်တို့အိမ်သို့ ရောက်ရှိလာ၏။ အိမ်တွင် ဖိုးကျော်နှင့်တကွ မိခင် ပါရှိနေပြီး အိမ်ခန်းထဲတွင် မုဒြာရှိ နေပါ၏။ ဒွေးလှတို့ညီအစ်မမှာ ရွာ ထိပ်ရေကန်မှ ရေခပ်နေ၏။ အိမ် သို့ရောက်ရှိလာသော အမျိုးသမီး က စတင်၍ပြောပြခဲ့၏။

''ဒေါ်ကြီးတို့ဆီရောက်နေတဲ့ မုဒြာကို ကျွန်မ လာခေါ်တာပါရှင်၊ ကျွန်မနာမည်က ခင်မြရီလို့ခေါ်ပါ တယ်၊ မုဒြာက ကျွန်မယောက်မ ပါ၊ သူ ဒီရွာမှာရောက်နေတယ်လို့ သတင်းရတာနဲ့ ဒီက ကျေးရွာလူ ကြီးကို စုံစမ်းပြီး လိုက်လာခဲ့ တာပါ''

ဒေါ်ခင်စိန်က.....

''ဟုတ်လားကွဲ့၊ ဒေါ်ကြီး သမီးတွေနဲ့ လုံမရဲ့သူငယ်ချင်း မုဒြာမြို့မှာတွေ့ဆုံခင်မင်ကြပြီး ဒေါ် ကြီးတို့ဆီ အလည်လိုက်လာတာ ကွဲ့၊ ဒေါ်ကြီးတို့ဆီမှာက လုံမ ရဲ့သူငယ် ချင်းအတွက် ဘာမှပူ စရာမရှိပါဘူးကွယ်၊ အခုလည်း မုဒြာကို ဒေါ်ကြီးရဲ့သားနဲ့ နား ဖောက်ဖို့ကိစ္စ ဆွေးနွေးနေကြ တာ''

ခင်မြရီမှာ ကြောင်တောင် တောင်ဖြစ်သွားပြီး.....

''ရှင်...မဖြစ်နိုင်တာဘဲ ဒေါ် ကြီးရယ်၊ မုဒြာက အပျိုမဟုတ်ဘူး ရှင့်၊ သူ့မှာ ကာမပိုင်လင် ယောကျ်ားနဲ့၊ အိမ်ထောင်ပြုတာ

> မုဒြာ၏ ညွတ်နူးဖွယ် အပြော၊ အဆို၊ သနားစဖွယ် ဟန်ပန်များကြောင့် ဖိုးကျော်၏ရင်ထဲတွင် လှုပ်ခါသလိုဖြစ်ရသည်။ သူမကိုကြင်. . . .

မကြာသေးဘူး၊ နောက်ပြီး သူ့မှ ကိုယ်ဝန် နှစ်လနဲ့၊ ဒီအကြောင်း သူက ဘာမှမပြောဘူးလား''

ဖိုးကျော်၏မိခင်မှာ မျက်လ ပြူးမျက်ဆံပြူးဖြစ်သွားရပြီး.....

''ဘာဆိုဘာမှ မပြောပါ အေ၊ အမယ်လေး.....ဂါသားကြ ဒုက္ခရောက်တော့မလို့၊ မုဒြာ.. ဟဲ့ မုဒြာ၊ ထွက်ခဲ့စမ်း''

အိမ်ခန်းထဲမှ မုဒြာတ ယောက် ထွက်မလာသေး။ ခင် ရီ၏ စကားအား ဘေးမှနားထော နေသော ဖိုးကျော်၏မျက်နှာမှာ ည သည့်အခါ ညိုလိုက်၊ နီသည့်အ နီလိုက်ဖြင့် ဖြူနီညိုပြာ ဖြစ်ရ တော့၏။

ခင်မြရီက ဆက်လက်၍ပြေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။

"သူ့ယောကျ်ားက မြို့ပေါ်မှာ ဘာတီဗွီဆိုင်နဲ့ စားသောက်ဆိုင်ရှိတယ်လေ၊ အလုပ်သိပ်ရှုပ်တဲ့လူပဲ၊ သူ့မိန်းမနဲ့ပတ်သက်ပြီး စိတ်ဆိုးစိတ်ညစ်ပေါ်နေတော့ မုဒြာ ဒီမှာရှိတာကို သူစုံစမ်းလို့ရတာနဲ့ ကျွန်မကိုလွှတ်လိုက်တာ၊ မုဒြာက ကျွန်မယောက်မပါ၊ သူကအသက်ကြီးတော့ ကျွန်မအစ်ကိုကို အနိုင်ယူတတ်တယ်လေ၊ သူကိုယ် တိုင်လိုက်မလာတာက မုဒြာနဲ့ပတ်သက်ပြီး စိတ်မထိန်းနိုင်ဘဲ တစ်ခုခုလုပ် မိမှာစိုးလို့ဆိုပြီး နေခဲ့တာလေ၊ ဟဲ့.. မုဒြာ"

အိမ်ခန်းထဲမှ မုဒြာ တစ်ယောက် စိတ်မပါ လက်မပါဖြင့် ထွက်လာ၏။ ညှိုးငယ်သော မျက်နှာဖြင့် ဖိုးကျော်အား လှမ်းကြည့်လိုက်၏။ ဖိုးကျော်၏ မျက်နှာသည် ရှက်ခြင်း၊ စိတ်ဆိုး ဒေါသထွက်ခြင်းတို့ဖြင့် အသား တဆတ်ဆတ်တုန်၍ နေ၏။ ခင်မြရီက မုဒြာအား....

"ညည်းအေ ရုပ်ကလေး သနားကမားနဲ့ တော်တော်ဆိုးတာပဲလား၊ နင်စိတ်ဆိုးပြီး ထွက်သွားတာတည်းက နင့်မောင်တော်တစ်ယောက် ပျားတုပ်ခံရတဲ့လူလိုပဲ၊ နေမထိထိုင်မသာ"

မုဒြာက မျက်ရည်စမ်းစမ်းဖြင့် ပြောခဲ့၏။

"သူ့ကိုမပေါင်းချင်လောက်အောင် စိတ်ကုန်နေပါပြီ မမရယ်"

ခင်မြရီက.....

"ဟဲ့.....လင်နဲ့မယား လျှာနဲ့သွားဆိုတာ မကြားဘူးလား၊ ကလေးရလာရင် တည့်သွားမှာပေါ့အေ၊ ကဲ.....ကဲ သွားကြမယ်၊ ညည်းအဝတ်တွေပါရင် ထည့်စရာ



ရှိထည့်ပြီးယူခဲ့"

ထိုစဉ် ဒွေးလှနှင့် အေးလှတို့သည်လည်း ရေခပ်ရာမှပြန်လည်ရောက်လာကြ၏။ ဆလင်းဘက်အိတ်ကလေးဖြင့် မုဒြာက ထိုညီအစ်မအား ငိုမဲ့မဲ့မျက်နှာလေးဖြင့် လက်ပြ၍ ခင်မြရီခေါ်ရာနောက်သို့ လိုက်သွားတော့၏။ ကျေးရွာလူကြီးက ဖိုးကျော်တို့မိသားစုအား.....

"ခြေနှစ်ချောင်း မကယ်ကောင်းဆိုတဲ့စကား တယ်မှန်ပါလားကွ၊ မင်းညီမတွေကိုလည်း ပြောထားကွ၊ ခင်တိုင်းမင်တိုင်း၊ လူတွေ့တိုင်း အိမ်ကို ခေါ်မလာသင့်ဘူးလို့၊ ဘယ့်နှယ် ဖိုးကျော် မင်းလည်းကံကောင်းလို့ မယားခိုးမှုနဲ့ စွပ်စွဲခံရတော့မလို့ သိသိလေးရယ်၊ တို့တောသားတွေက သဘောဖြူမနောဖြူပြီး ရိုးသားကြတယ်၊ အဲဒီ ရိုးသားဖြူစင်မှုကို နင်းပြီး တချို့လူလည်တွေက တို့ဘဝတွေကို ချေဖျက်ဖို့ ကြိုးစားကြတယ်ကွ၊ ဒါတွေက ဆင်ခြင်ရမယ့်ကိစ္စတွေ ပါကွာ၊ နောက်ပြီး အဲဒီကောင်မလေးက အိမ် ထောင်ကျလို့ ကိုယ်ဝန်ရကာမှ ရရော ရန်ကုန်စိတ်ကျန်းမာရေး ဆေးရုံကဆေးကို တစ်လစာ တစ်လစာ ယူသောက်နေရတဲ့ စိတ်မကျန်းမာတဲ့ မိန်းကလေးတဲ့ကွ"

"ဗျာ....."

ထိုအာမေဋိတ်သည် ဖိုးကျော်၏နှုတ်ဖျားမှ ထွက်လာသောအသံဖြစ်ပြီး ဖိုးကျော်သည် မျက်မှောင်ကုတ်၍ မကျေမချမ်း လှမ်းကြည့်နေလေ၏။ ဒွေးလှနှင့် အေးလှသည်လည်း မျက်နှာငယ်လေးများဖြင့် မိခင်ဒေါ်ခင်စိန်ရှိရာသို့ အားကိုးတကြီး လှမ်းကြည့်၍ နေလေတော့၏။

**မောင်သာမန် (ဇီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ထိုင်းနိုင်ငံတွင် ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျခဲ့ရာ လူ (၂၀)ဦးသေ၊ (၁၆)ဦး ဒဏ်ရာရရှိ

ဘာသာရေးပွဲတော်တစ်ခုမှ ပြန်လာသော သက်ကြီးရွယ်အို ဘာသာရေးသမားများ အများဆုံး ပါဝင်သော ဘတ်စ်ကားတစ်စီးသည် ထိုင်းနိုင်ငံမြောက်ပိုင်းသို့ ရောက်ရှိစဉ် လမ်းဘေးချောက်ထဲ ၁၀ မီတာအနက်သို့ ထိုးကျခဲ့ရာ လူ (၂၀)ဦး သေဆုံးခဲ့ပြီး (၁၆)ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါဘတ်စ်ကား ချောက်ထဲကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ထိုင်းနိုင်ငံတွင် ယခုကဲ့သို့ ယာဉ်မတော်တဆဖြစ်ရပ်များစွာဖြစ်ခဲ့ပြီး လူပေါင်းများစွာ သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

**ဆောင်းဟေမန်**

Ref:AFP

28.10.2013

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com



# လေယာဉ်မောင်းနှင်နေစဉ် လေယာဉ်မှူး မူးလဲ

ဗြိတိန်နိုင်ငံတွင် လေယာဉ်မှူး တစ်ဦးသည် လေယာဉ်မောင်းနှင်နေစဉ် ရုတ်တရက် မျှားနာကာ မူးလဲခဲ့သောကြောင့် ခရီးသည်တစ်ဦးက လေယာဉ်ကို ဝင်ရောက်မောင်းနှင်ခဲ့ပြီး ဟမ်ဘာဆိုက်လေဆိပ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။


လေယာဉ်မှူး လဲကျသည့်အချိန် လေဆိပ်ဆက်သွယ်ရေးမှ တစ်ဆင့် အကူအညီတောင်းခဲ့ရာ လေဆိပ်အာဏာပိုင်များက လေယာဉ်မောင်းသင်ဆရာနှစ်ဦး၏ အကူအညီဖြင့် ညွှန်ကြားခဲ့သောကြောင့် လေယာဉ်မှာ လေဆိပ်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့သည်။

အဆိုပါခရီးသည်မှာ လေယာဉ်မောင်းနှင်ဖူးသော အတွေ့အကြုံမရှိသော်လည်း အံ့သြဖွယ်ရာ ပင် လေယာဉ်ကို အန္တရာယ်ကင်းစွာ ဆင်းသက်နိုင်ခဲ့သည်။ လေယာဉ်မှူးမှာ ဆေးရုံရောက်ပြီး သေဆုံးသွားကြောင်း သိရသည်။

**ဆောင်းဟေမ**

Ref:International New

26.10.201



www.burmeseclassic.com



# ဆရာရဲ့စေခိုင်းမှုကြောင့် ဝမ်းနည်းစွာ အထပ်(၃၀)အမြင့်မှ ကျောင်းသားတစ်ဦး ခုန်ချသေဆုံးခဲ့မှု

တရုတ်နိုင်ငံတွင် အသက် (၁၀) နှစ်အရွယ် ကျောင်းသားတစ်ဦး စာသင်ခန်းအတွင်း စကားပြောမိခြင်းကြောင့် စာလုံးရေ တစ်ထောင်ပါသော တောင်းပန်စာတစ်စောင်ကို ဆရာက ရေးခိုင်းခဲ့ရာ လုပ်ဆောင်နိုင်ခြင်းမရှိသောကြောင့် အထပ် (၃၀) အမြင့်ရှိသော အဆောက်အအုံပေါ်မှ ခုန်ချကာ သေဆုံးသွားခဲ့သည်။

ကျောင်းသားသည် ဆရာ၏ ခိုင်းစေမှုကို ပြီးဆုံးအောင် မဆောင်ရွက်သောကြောင့် ဆရာက အဆောက်အအုံပေါ်မှ ခုန်ချရန် စေခိုင်းခဲ့ကြောင်း အိမ်နီးချင်းဆွေမျိုးများက ပြောကြားခဲ့သည်။

အဆိုပါကျောင်းသားသည် ၎င်းတို့မိသားစု နေထိုင်ရာနေအိမ်အောက်ဘက် ကားပါကင်နေရာတွင် ပြုတ်ကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: International News

-3-11-13



www.burmeseclassic.com



# လူ (၇၉)ဦးသတ်မှုဖြင့် အဖမ်းခံခဲ့ရသူ

အသက် (၂၈)အရွယ် ဂျူဟန်ပက်ဘာလိုဗက်ကွက်ဇ်သည် ရဲတစ်ဦး၊ ကဇ္ဈချသည်တစ်ဦး၊ သူ၏ပြိုင် ဘက်များနှင့် ဘေးမှရပ်ကြည့်သူ များကို သတ်မှုဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဗက်ကွက်ဇ်အား ဆေးခြောက် (၃၅)ထုပ်၊ ကိုကင်း (၂၂)ထုပ်နှင့် အမျိုးသမီးအဖော်တစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။


ဗက်ကွက်ဇ်သည် လူပေါင်း (၄၅)ဦးကို သတ်ခဲ့သည်ဟု ဝန်ခံ ထားပြီး (၃၄)ဦးမှာ ၂၀၁၁ခုနှစ်မှ ယခုအချိန်အထိ သတ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။ သူသည် မူးယစ်ဆေးဝါးရောင်းချသည့် အဖွဲ့တစ်ဖွဲ့မှ အဖွဲ့ဝင်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

BURMESE CLASSIC .com

**ဆောင်းဟေမန်**

Ref: International News

29.10.2013





www.burmeseclassic.com

www.burmeseclassic.com



# Halloween ဝတ်စုံဒီဇိုင်းနဲ့ အဆိုတော် မိုင်လေဆိုင်းရပ်(စ်)

အဆိုတော် မိုင်လေဆိုင်းရပ်စ်သည် ယခုနှစ် Halloween နေ့တွင် ၁၉၉၉ ခုနှစ်၌ ပရိသတ်များ၏ ဝေဖန်မှုကိုခံခဲ့ရသည့် အဆိုတော် Lil Kim ၏ ဝတ်စုံဒီဇိုင်းအတိုင်း ထပ်တူ ဝတ်ဆင်ခဲ့သည်။

အဆိုတော် Lil Kim သည် VMA ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်စဉ် မဆင်မခြင် ဝတ်စားဆင်ယင်မှုကြောင့် ပြည်သူများ၏ ကဲ့ရဲ့ခြင်းကို ခံခဲ့ရသူဖြစ်သည်။ မိုင်လေဆိုင်းရပ်စ်သည် ယခုနှစ် MTV နှင့် VMA ဆုပေးပွဲအခမ်း အနားတွင် မသင့်လျော်သည့် ဝတ်ဆင်မှုများကြောင့် ပရိသတ်၏ ဝေ ဖန်မှုကို ခံခဲ့ရသည်။


ယခုနှစ် Halloween ပွဲတော်တွင် ဆိုင်းရပ်စ်သည် ဆံပင်ကို ခရမ်းရောင် ဆိုးခဲ့ပြီး အဆိုပါဝတ်စုံကို ပုံတူကူးကာ ဝတ်ဆင်ခဲ့သည်။

**ဆောင်းဟေမန်**

BURMESE CLASSIC .com

Ref: World Entertainment

4/11/2013





www.burmeseclassic.com

www.burmeseclassic.com





# ကိုယ်ထိလက်ရောက်ကျူးလွန်တဲ့ ခရစ္စဘရောင်း

အသက် (၂၄)နှစ်အရွယ် အဆိုတော် ခရစ္စဘရောင်းနှင့် သူ၏သက်တော်စောင့်တို့သည် ဝါရှင်တန်မြို့ရှိ ဟိုတယ်တစ်ခု၏ရှေ့၌ အသက် (၂၀)အရွယ် လူငယ်တစ်ဦးကို ကိုယ်ထိလက်ရောက် ထိုးကြိတ်မှုကြောင့် အဖမ်းခံခဲ့ရသည်။

ဖြစ်ပွားပုံမှာ ထိုးကြိတ်ခံရသည့်လူငယ်သည် အမျိုးသမီးတစ်ဦးနှင့် ဓာတ်ပုံတွဲရိုက်နေသော ခရစ္စဘရောင်းနှင့် ဓာတ်ပုံတွဲရိုက်ရန် ကြိုးပမ်းမှုကြောင့် အထိုးခံခဲ့ရခြင်းဖြစ်သည်။ ယခုအခါ သူတို့နှစ်ဦးကို ဥပဒေအရ ဆက်လက်လုပ်ဆောင်ရန် ဗဟိုအကျဉ်းထောင်သို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။

အမှုနှင့်ပတ်သက်၍ ကြားနာမှုကို နိုဝင်ဘာလ ၂၀ ရက်နေ့တွင် လော့စ်အိန်ဂျလိစ်ခရိုင်၊ အ… အာဏာရ တရားသူကြီးရှေ့… ကြားနာရန် စီစဉ်ထားကြောင်… သည်။

**ဆောင်း…**

Ref: CNN…

-2…



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## နှင်းပျောက်နေ့ရဲ့တေးချင်းတစ်ပုဒ်

နွေအလွမ်း

"ဒီမိန်းကလေးကို ဘာကြောင့်များ အခွင့်အရေးတွေ ပေးနေရသလဲ မောင်၊ နှင်းမကြိုက်ဘူး"

ကုမ္ပဏီမှအပြန် နှင်းထက်ထက်က ကျွန်တော်ရှိရာဆေးခန်းသို့ ရောက်လာသည်။ မိန်းမ ရောက်တိုင်းလည်း ဆရာဝန်ဖြစ်သော ကျွန်တော့်အနီးအနားတွင် ဝင်းပပခင်က ရှိနေတတ်၏။ ဆေးခန်းတွင် သူနာပြုဆရာမကြီးတစ်ဦး၊ ကွန်ပေါင်ဒါတစ်ဦး၊ စာရေးမတစ်ဦးရှိကြသည်။ ဝင်းပပခင်သည် ဆေးမှတ်တမ်းရေးသော စာရေးမဖြစ်ရာ နှင်းထက်ထက်ရောက်တိုင်း ဆေးခန်းထဲတွင် ကျွန်တော်တို့နှစ်ဦးသာ တွေ့ရတတ်၏။

"မင်း ဘာတွေဖြစ်နေတာလဲ နှင်း"

"နှင်း ဘာဖြစ်နေလဲဆိုတာ မောင်သိပါတယ်"

"အဲဒါ မင်းက သက်သက် အပြစ်ရှာနေတာပါ"

"မီးဆိုတာ မလောင်ခင်တားရမှာပဲ၊ နှင်းဘက်ကိုလည်း မောင်ငဲ့ကြည့်ဦး၊ နှင်းတို့က စီးပွားရှာနေကြတာပါ၊ အလှူလုပ်နေတာမဟုတ်ဘူး၊ မရှိဆင်းရဲသားတွေ၊ ဘာသာရေးဆိုင်ရာ ရဟန်းသံဃာတော်တွေ၊ သက်ကြီးဝါကြီးတွေဆို ဆေးဒါန လုပ်ပေးနေကျပါ၊ ကိုယ့်ထဲက နှိုက်ယူသူကို အလှူလုပ်နေတာ မဟုတ်ဘူး"



"နှင်း...မင်းတော်တော့ကွာ"

နှင်းထက်ထက်က မိန်းမသားဖြစ်၍ ဆေးခန်းလာတိုင်း စာရင်းဇယားနှင့် ဆေးလက်ကျန်ကအစ စိစစ်တတ်သည်။ ကျွန်တော်က ထိုသို့မဟုတ်ပေ။ လူတစ်ဖက်သားအပေါ် ညှာတာစိတ်ဖြင့် အားနာမိ၏။ သည်တော့လည်း မှတ်တမ်းရေးသူ၏ မရိုးသားမှုများကို ခံရသည်။ နှင်းထက်ထက်ကြောင့်သာ သူတို့လုပ်ရပ်များပေါ်သွား၍အလုပ်ထွက်သွားကြခြင်းဖြစ်၏။

ဝင်းပပခင်က ကွန်ပေါင်ဒါကြီး၏မိတ်ဆွေပါ။ သည်တော့လည်း အားနာစိတ်ဖြင့် အလုပ်ခန့်အပ်ခဲ့ရ၏။ ထိုအချက်ကိုလည်း နှင်းထက်ထက်က မနှစ်သက်ပေ။

"အဲဒါမှ ပေါင်းရိုက်လို့ရတာပေါ့ မောင်၊ ရှင်ဟာလေ သိပ်ကို အူတဲ့ယောကျ်ားပဲ"

"သူတို့ချင်း ပြန်ထိန်းနိုင်တာပေါ့ နှင်းရာ"

"မောင်ထင်သလိုဆိုရင်မဟုတ်

www.burmeseclassic.com

ပါတယ်၊ ဒါပေမဲ့ မျောက်ပြဆန် တောင်းလာမှ ခက်မယ်နော်၊ ပြီးတော့ နာမည်နဲ့ ရုပ်နဲ့ လိုက်ဖက်ပါတယ်၊ နှင်းကတော့ မောင့်ဂုဏ်သိက္ခာကျမှာစိုးလို့ပါ''

နှင်းထက်ထက်စေတနာကို ကျွန်တော်သိပါ၏။ အထူးသဖြင့် ကျွန်တော့်လို ဆရာဝန်တစ်ဦးအတွက် မိန်းကလေးများ ချဉ်းကပ်ကြသည်မှာ အမှန်ပင်။ နှင်းထက်ထက်ကိုတွေ့မှ မကပ်ရဲကြတော့ပေ။ တချို့ဝေဒနာရှင်များက အရေး မကြီးသည့် ဝေဒနာကို အကြောင်းပြ၍ ရင်းနှီးမှုရှာချင်ကြသည်။ ဖုန်းဆက်၍ အီစီကလီ လုပ်တတ်ကြသည်။ မိန်းမ,ရှိမှန်း သိလျက်နှင့် လာရောနေကြသည်။



''မောင်နော် နှင်းက မောင့်အတွက် ကာကွယ်နေတာပါ၊ မောင့်ကို သဝန်တိုလို့ ရန်လုပ်နေတာ မဟုတ်ဘူး၊ ကိုယ့်ဘက်က မှန်ပေမယ့် ပတ်ဝန်းကျင်မှာ ကဲ့ရဲ့စရာ၊ အထင်သေးစရာတွေ ဖြစ်လာမှာ စိုးရိမ်တယ်၊ ဘာကြောင့်လဲဆိုရင် မောင်က လူတကာရိုသေခံရတဲ့ ပုဂ္ဂိုလ်လေ''

''မစိုးရိမ်ပါနဲ့ နှင်းရယ်၊ မောင့်ဘက်က နှင်းမှနှင်းပါပဲ၊ နှင်းကလွဲပြီး မောင့်နှလုံးသားထဲမှာ ဘယ်သူမှ မရှိဘူး''

''ဖြစ်နိုင်ရင် နှင်းကလွဲပြီး ဘယ်မိန်းမမှ ရင်းရင်းနှီးနှီး မနေပါနဲ့ကွယ်၊ လူဆိုတာ အခွင့်အရေးရရင် ချောင့်တ
လာကြတယ်''

ကျွန်တော်က နှင်းထက်ထ
အပေါ် အပြစ်မမြင်မိပေ။ ကိုယ့်
ဘက်က ရိုးသားခြင်းကိုလည်း တ
ဝန်ယူရဲ၏။ သို့ပေမယ့် တိုက်ဆို
သည်လားတော့ မပြောတတ်ပ
နှင်းထက်ထက် ရောက်လာချိန်တို
ဝင်းပပခင်က ကျွန်တော်နှင့်အတူ
နေတတ်၏။ အစက သတိမထား
သော်လည်း နှင်းထက်ထက်ပြေ
တော့မှ ကျွန်တော်က အကဲခတ်
၏၊ သတိထားမိ၏။

''လူနာရှင်းချိန်ရောက်မှ သ
မသိတာကို လာမေးတာပါကွာ''

''ဟင်း...လာမေးချိန်ကလည်
မိန်းမလာခါနီးအချိန်ပဲ၊ တမင်များ
လုပ်နေသလား မပြောတတ်ဘူး''

''မင်းထင်လို့ပါ မိန်းမရာ''

''မယုံရင် စောင့်ကြည့်လိုက်
မောင်၊ နှင်းတို့က မြွေမြွေချင်းမို့ ခြေ
မြင်ပြီးသား''

ဝင်းပပခင်ကို နှင်းထက်ထ
ပြောမှ ကျွန်တော်က သေသေချ
ချာကြည့်မိ၏။ ရောက်စက ငြိမ်
သလောက် တဖြည်းဖြည်းနှင့်သွက်
လက်လာ၏။ ကျွန်တော့်အဖို့ သွက်
လက်ခြင်းသည် ထုံအခြင်းထက်
ကောင်းမှန်း နားလည်ထား၍ အပြ
မဆိုသာသော်လည်း လူနာရှင်နှင့်
အတူပါလာသော အမျိုးသားများ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆက်ဆံရေးက ရင်းနှီးလွန်းနေသည်။ တစ်ခါတစ်ရံတွင် ဝင်းပပခင်၏ ရယ်မောသံက ကျွန်တော့်အခန်းထဲမှ ကြားရ၏။ တိုက်ရိုက်ပြောလျှင် ရှက်သွားမည်စိုး၍ ကျွန်တော်က ကွန်ပေါင်ဒါကြီးကိုသာ တိုးတိုးတိတ်တိတ် ပြောပြထားရသည်။ သည်အကြောင်းသာ နှင်းထက်ထက်သိလျှင် ပို၍အပြစ်ပြောသည်ပင်။

''နှင်းတို့က ကုမ္ပဏီမှာ မိန်းကလေးများစွာကို အုပ်ချုပ်နေရတာပါ မောင်ရာ၊ ဘယ်သူ့ကို ဘယ်လိုကိုင်တွယ်ရမယ်၊ ဘယ်သူ့ကိုဘယ်လိုပြောရမယ်ဆိုတာ သိထားပြီးသားပါ၊ လုပ်ငန်းမှာ အားနာတာ၊ စာနာတာတွေက ကိုယ့်ရဲ့ပျော့ညံ့ချက်ပဲ မောင်၊ သူတို့ကို ဆူသင့်တာဆူ၊ ပြောသင့်တာ ပြောရတယ်၊ တော်ရင်တော်သလို ဆုပေးရတယ်၊ မောင်က နားမလည်သေးပါဘူး ကွယ်''

ကျွန်တော့်မှာ ဟင်းခနဲ သက်ပြင်းချမိ၏။ ဆေးခန်းတွင် အပြာတော်သူနာပြုဆရာမကြီးနှင့် ကွန်ပေါင်ဒါကြီးတို့က အသက် ၅၀ ကျော်အရွယ်ပါ။ သည်တော့ အသက်ငယ်သူမှာ ဝင်းပပခင်တစ်ယောက်တည်းသာရှိ၏။

သူ့ကို ကျွန်တော် မည်သို့ပြောပြရပါမည်နည်း။ သူမဘာသာ အလိုက်သိလျှင် ပိုကောင်းပါလိမ့်မည်။

♛♛♛♛♛

''မောင်..မနေ့က ကားထဲမှာ ဝင်းပပခင် ပါသွားတယ်ဆို''

ကျွန်တော် အံ့သြသွားရ၏။ သည်အကြောင်းကို နှင်းထက်ထက်က မည်သို့သိခဲ့သည်မသိပေ။ မနေ့က အရေးကြီးလူနာအိမ်သို့ ဆရာဝန်လာခေါ်ရာ ဝင်းပပခင်က သူမပါ လိုက်မည်ဆိုပြီး ဆေးအိတ်ကို ကိုင်ဆွဲလိုက်ပါလာခဲ့၏။ ကျွန်တော်လည်း မလိုက်နှင့်ဟု မပြောဝံ့သည်က အမှန်ပင်။ လူနာရှင်ပါနေမှ ဝင်းပပခင်က လိုက်ရန်မလိုဟု ထင်မိသည်။

''နှင်း ဘယ်လိုသိခဲ့တာလဲ''

''ဟုတ်၊ မဟုတ်သာ မောင်ပြောပါ၊ နှင်းက မောင့်စကားကို ကြားချင်တယ်''

''ဟုတ်တယ်လေ၊ လူနာက လာပင့်လို့ သူ့ပါခေါ်သွားတာ''

ကျွန်တော်က တစ်ဖက်သားကို အားနာသဖြင့် ကိုယ်စားဝန်ခံလိုက်၏။ သည်တော့မှ ပိုဆိုးနေတော့သည်။

''ဩော်.....သွားအတူ၊ လာအတူပေါ့လေ''

နှင်းထက်ထက်ထံမှ ခနဲ့စကားက ကျွန်တော့်သစ္စာတရားကိုစော်ကားလိုက်သလိုပါ။ ဒေါသက ရုတ်ခြည်းထွက်သွား၏။ သို့ပေမယ့် ကိုယ့်ဇနီးမယားဖြစ်နေ၍ စိတ်ကိုလျှော့လိုက်ရသည်။ နှင်းထက်ထက်၏ မျက်လုံးအကြည့်ကို ကျွန်တော်မကြိုက်ပေ။ ထိုအကြည့်တွင် အဓိပ္ပာယ်များစွာ ပါနေ၏။

''မောင့်ကို အဲဒီလိုမကြည့်ပါနဲ့ နှင်း''

''နှင်း အံ့သြလွန်းလို့ပါ၊ မောင့်ကားပေါ်မှာ နှင်းက အတူတူလိုက်မစီးတာ နှင်းက ကားကိုယ်တိုင်မောင်းပြီး လာရတာလေ၊ ကိုယ့်ခင်ပွန်းမောင်းတဲ့ကားပေါ်မှာ ဇိမ်

နှင်းတို့က ကုမ္ပဏီမှာ
မိန်းကလေးများစွာကို
အုပ်ချုပ်နေရတာပါ
မောင်ရာ၊ ဘယ်သူ့ကို
ဘယ်လို ကိုင်တွယ်ရမယ်၊
ဘယ်သူ့ကိုဘယ် လိုပြောရမယ်ဆိုတာ
သိထားပြီးသားပါ၊
လုပ်ငန်းမှာ
အားနာတာ၊ စာနာတာတွေက
ကိုယ့်ရဲ့ပျော့ညံ့ချက်ပဲမောင်၊
သူတို့ကို .....

www.burmeseclassic.com



ကျကျစီးချင်တာပေါ့ မောင်ရယ်၊ ဒါ ပေမဲ့ နှင်းမှာ အခွင့်အရေးမရှိဘူး လေ''

''မောင် နားလည်တယ် နှင်း၊ မောင်တို့က အလုပ်သဘောအရ ဆက်ဆံတာပါ''

''ဟင်း...ဟင်း၊ အဲဒီလိုပဲပြော ကြတာပဲ၊ အိမ်ထောင်ရေးဖောက် ပြန်မှုမှာ အလုပ်သဘောအရ နီး စပ်ပြီး ဖြစ်သွားကြတာများပါတယ်၊ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်နိုင်ရင် ကောင်းတာပေါ့''

''နှင်းမကြိုက်ရင် မောင်ကား မယူလာတော့ဘူး၊ တက္ကစီနဲ့ပဲလာ မယ်၊ အပြန် နှင်းရဲ့ကားရှိနေတာ ပဲ''

ကျွန်တော်သာလျှင် အနစ်နာ ခံပြီးပြောလိုက်မှ နှင်းထက်ထက် တစ်ယောက် စိတ်ချမ်းမြေ့သွားပုံပါ။ ကျေနပ်သွား၏။ နှင်းထက်ထက်၏ မျက်ဝန်းနှင့် အပြုံးတို့က စောစော ကလို မဟုတ်တော့ပေ။ အရောင် တလက်လက်နှင့် အကြည့်မှာ သာ ယာလာ၏။ အပြုံးလည်း ချိုသာ သွားသည်။

''တကယ်နော် မောင်''

''မင်းကျေနပ်ဖို့ပဲ အရေးကြီး ပါတယ်၊ မောင့်အတွက် မလိုပါဘူး ကွာ၊ မောင်က ကျောပူသာခံမယ်၊ နားပူမခံနိုင်ဘူး''

မည်သို့ပင်ဖြစ်စေ နှင်းထက် ထက်က ကျေနပ်သွား၏။ သည် တော့လည်း စိတ်ဆိုးပြေလွယ်သွား ရာ ကျွန်တော်လည်း ပင့်သက်မော ကို ချလိုက်နိုင်တော့သည်။

♛♛♛♛♛

''ဟင်...ဒေါက်တာ၊ ကားပါ မလာဘူးလားဟင်''

ဝင်းပပခင်က အထူးအဆန်း သဖွယ် မေးနေ၏။ ကျွန်တော်လည်း အကြောင်းပြချက်တစ်ခုပေးလိုက် ပြီး ဆေးခန်းထဲသို့ တန်းဝင်လာ တော့သည်။ သူမက ဆေးအိတ်ကို လုကိုင်၍ အနောက်မှလိုက်ပါလာ

ကျွန်တော်သာလျှင်
အနစ်နာခံပြီးပြောလိုက်မှ
နှင်းထက်ထက် တစ်ယောက်
စိတ်ချမ်းမြေ့သွားပုံပါ။
ကျေနပ်သွား၏။
နှင်းထက်ထက်၏ မျက်ဝန်းနှင့်
အပြုံးတို့က
စောစောကလို
မဟုတ်တော့ပေ။
အရောင် တလက်လက်နှင့်
အကြည့်မှာ.....

၏။ သည်လုပ်ရပ်ကို နှင်းထက် ထက် မြင်သွားလျှင် မလွယ်ပါ သည်တော့ ကျွန်တော်က လည် တွင် တစ်ဆို့ဆို့ဖြစ်နေသည့်စကာ တစ်ခွန်းကို အားမနာတမ်းပြော လိုက်၏။

''နောက်ကို ဆေးအိတ်ထ မဆွဲပါနဲ့ ဝင်းပပခင်''

''ဟင်...ဒေါက်တာကလည် ဘာဖြစ်လို့လဲ၊ အားနာလို့လား''

''ဆေးအိတ်ကို မိန်းမတော မကိုင်ခိုင်းဘူး၊ ဘာကြောင့်လဲဆို ဘုန်းနိမ့်မှာစိုးလို့ပါ''

''ဟင်း...ဒေါက်တာက အ သီးလိုက်တာနော်၊ ခစ်.....ခစ်''

ဆေးအိတ်အား စားပွဲပေါ်တ ၍ ဝင်းပပခင်က ပြန်ထွက်သွား အဝသို့ရောက်မှ.....

''ဒေါက်တာ အဆင်သင့်ဖြ ရင် လူနာတွေစောင့်နေတာ အ နာစရာနော်၊ ဝင်ခိုင်းလိုက်တော မယ်''

''ခဏနေပါဦးဟာ၊ ငါ အ လဲပါရစေဦး''

ကျွန်တော်က အနည်းငယ် စိတ်တိုသွား၏။ ဆရာလုပ်လွ သော ဝင်းပပခင်ပါ။ နှင်းထ ထက် ပြောမည်ဆိုလျှင်လည်း ေ စရာပင်။ ကျွန်တော်က စိတ်တို ဖြင့် ဟောက်ပစ်လိုက်သည်။

''ဟုတ်ကဲ့ ဒေါက်တာ''



www.burmeseclassic.com

www.burmeseclassic.com



ဝင်းပပခင်၏မျက်နှာမှာ အရောင်ပြောင်းသွား၏။ ချက်ချင်း ညှက်သွားပြီး နှုတ်ခမ်းစူသွားသည်။ ထိုနေ့က ကျွန်တော်ရှိရာသို့ ဝင်လာပြီး မစပ်စုတော့ပါ။ ကျွန်တော့်မှာ အနည်းငယ် စိတ်သက်သာရာရသွားမိ၏။ သို့ပေမယ့် ဝင်းပပခင်က စိတ်ကောက်ဟန်ဖြင့် ကျွန်တော့်ကို စကားမပြောဘဲ ဆေးခန်းသို့ရောက်လာသည့် သူ့သူငယ်ချင်းကောင်လေးနှင့် ရယ်ရယ်မောမော စကားပြောနေတော့၏။



လူနာများကြားတွင် ကျွန်တော့် ဆေးခန်းမှာ နာမည်ပျက်ရပေတော့ မည်။ ယောကျ်ားလေးတရုန်းရုန်း နှင့် သွေ့သည်ကမပြတ်ပေ။

♛♛♛♛♛

"မောင် ဘာဖြစ်လို့ ဖုန်းပိတ်ထားတာလဲ၊ နှင်းခေါ်နေတာကြာလှပြီ၊ ဖုန်းအနားမှာမရှိလို့လား ဟင်"

ကျွန်တော်က ချက်ချင်းစဉ်းစားလိုက်၏။ ဖုန်းက ကျွန်တော့်အနားမှာထားနေကျ။ လူနာသည့်သည်များ ခေါ်နေကျ၊ နေ့စဉ် ဖုန်းသံက ကြားနေကျပါ။ ဖုန်းပိတ်ထား၍ မဖြစ်ပေ။ အထူးသဖြင့် ကျွန်တော်တို့လို ဆရာဝန်များ အနေဖြင့် ဖုန်းရှိမှ အဆင်ပြေ၏။ တချို့လူနာရှင်များက ရောဂါအခြေအနေမေးမြန်းဆွေးနွေးကြ၏။ တချို့က ဆေးအကြောင်းမေးမြန်းလေ့လာကြ၏။ အရေးပေါ်လူနာများရှိလျှင် ဆရာဝန်ကိုသာ အားကိုးကြရာ ဖုန်းမှာ မရှိမဖြစ်လိုအပ်နေသည်။

"ဒီအလာ လမ်းမှာ ကားပျက်သွားတယ်မောင်၊ မောင့်ဆီ ဖုန်းဆက်တာ စက်ပိတ်ထားပါတယ်တဲ့၊ ဒီတော့ ဝပ်ရှော့ခ်ကို လှမ်းချိတ်ပြီး ပို့လိုက်ရတယ်"

"ဒါဆို နှင်းက ဘာနဲ့လာခဲ့တာလဲ"

"တက္ကစီနဲ့ပေါ့ မောင်ရယ်၊ စောစောထွက်လာပါတယ်ဆိုမှ ကားကပျက်ရသေးတယ်၊ မောင်က စက်ပိတ်ထားတာ အရေးကြီးလူနာရှိလို့လားဟင်"

နှင်းထက်ထက်က ရိုးရိုးတန်း တန်းမေးသော်လည်း ကျွန်တော်က ကိုယ်မှန်သည်ထင်၍ စိတ်တိုဒေါသ ထွက်မိ၏။

"ဘာကြောင့်ပိတ်ရမှာလဲ၊ ဒီမှာကြည့်ပါလား"

"ဟင်..ဒါဆို ဘာဖြစ်လို့စက်ပိတ်တယ်လို့ ပြောနေတာလဲ"

"ဆက်သွယ်ရေးအကြောင်း မင်းသိသားပဲ၊ ပြောချင်ရာပြောနေတာကွ"

"နားမလည်တော့ပါဘူး၊ စက်က ပိတ်ထားလို့ ပိတ်ထားတယ်လို့ ပြောတာပဲ၊ ဖုန်းကိုရော ဘယ်သူ ကိုင်သေးလဲမောင်"

နှင်းထက်ထက်ပြောတော့မှ ဝင်းပပခင်ကို ပြေးမြင်မိ၏။ လူနာတစ်ယောက်နှင့် ရောဂါအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးနေချိန်က ဝင်းပပခင်မှာ မယောင်မလည်ဖြင့် နှစ်ခါရောက်လာသေးသည်ကို တွေ့မိသည်။ သူများစက်ပိတ်သွားသလားတော့ မပြောတတ်ပါ။ နောက်မှ ဥစ္စာပျောက် ငရဲရောက် ဆိုသလိုပင် မဖြစ်နိုင်ပါဘူးလေဟု တွေးမိပြီး စိတ်ကိုဖြေသိမ့်လိုက်၏။ ကျွန်တော့်စိတ်ကို လူတစ်ဖက်သားအား မစွပ်စွဲလိုပေ။

လူနာအားလုံးကို တစ်ပြေးတည်း ဆက်ဆံတတ်သည်။ အဆင့်အတန်း ခွဲခြားဆက်ဆံလိုခြင်း အလျှင်းမရှိပေ။ ထို့ကြောင့်လည်း ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် ဂုဏ်သိက္ခာရှိစွာဖြင့် နေလာနိုင်ခဲ့၏။ ဝေဒနာရှင်များ၏ ရောဂါတစ်ဝက်သည် ကျွန်တော့်ရှေ့ရောက်သည်နှင့် ပကတိအကောင်းဖြစ်သွားစေသည်။ အခုတော့.....

"ဆေးခန်းက လူစည်တယ်နော် ဒေါက်တာ၊ ဟိုကောင်မလေးက ဒေါက်တာ့အမျိုးလား"

"ငှားထားတာပါဗျာ"

"ကြည့်လည်းလှပ်နော်၊ လည်တဲ့ပုံလေး၊ ဒေါက်တာ့အတွက် စိုးရိမ်မိတယ်၊ တော်ကြာ ဆေးခန်းမှာ သူ့ကြောင့် သိက္ခာကျနေဦးမယ်"

"ဟုတ်တယ်ဗျာ၊ ကျုပ်လည်း စိတ်ညစ်တယ်၊ မိန်းမက မနှစ်သက်ဘူး၊ ကောင်မလေးကလည်း ဟိုစပ်စပ်၊ ဒီစပ်စပ် လုပ်တတ်တယ်၊ ကူညီတာထက် အလိုက်မသိသလိုဖြစ်နေတော့ ပြောရမှာ အားနာတယ်ဗျာ၊ သူ့ဘာသာ အလိုက်သိရင် ဘယ်လောက်များ ကောင်းမလဲ"

"မောင်းထုတ်လိုက်ပေါ့ဗျာ၊ ကိုယ့်စီးပွားရေးထက် ဇာတ်လမ်းရှုပ်လာရင် ဘယ်လိုလုပ်မလဲ"

ကျွန်တော့်မှာ တွေဝေသွားရ၏။ နှင်းထက်ထက်သည် သံသယစိတ်ကြီးတတ်၏။ ကျွန်တော့်အပေါ်တွင် နားလည်ခြင်းများဖြင့် ခွင့်လွှတ်တတ်သော်လည်း ကောက်ကျစ်ယုတ်မာစိတ်ရှိသူကြောင့် အိမ်ထောင်ရေးတွင် မပျက်စီးလိုပေ။ ဝင်းပပခင်တွင် ထိုစိတ်မျိုးမရှိဟု မပြောနိုင်ပါ။ ရှိနေလျှင် ကျွန်တော့်မှာ အနေကျပ်လှပါ၏။ ပြီးတော့လည်း မိန်းမက ရှင်းပြခြင်းကို လက်ခံမည်မဟုတ်ပါ။ တစ်ဖွတ်ထိုးပြူမှ သွားနိုင်၏။

"ဒေါက်တာ.....ဒေါက်တာ့အတွက် အအေးယူလာပါတယ်"

ကျွန်တော်က မိတ်ဆွေလူနာရှင်ရှေ့တွင်ဖြစ်၍ ငြင်းဆန်လိုက်သည်။ ဝင်းပပခင်၏မျက်နှာက ချက်ချင်းပျက်သွားပြီးမှ အအေးခွက်ကို ပြန်ယူသွား၏။

"အစားအသောက်တော့သ[...] ထားနော် ဒေါက်တာ၊ ဆေးခ[...] သွားမှ ဒုက္ခဖြစ်လိမ့်မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

♛♛♛♛♛

"မောင်.....မောင့်ဖုန်းက [...] လို့ကိုမရဘူး"

"ဟုတ်တယ် နှင်း၊ ဖုန်းဘ[...] ဖြစ်နေသလဲမသိဘူး"

နှင်းထက်ထက်က ဖုန်းကို[...] ကြည့်လိုက်၏။ သူ့ဖုန်းနှင့် [...] ကြည့်ရာ ဖုန်းမြည်သံကို ကြ[...] သည်။

"ဘယ်လိုလဲ၊ ဒီဖုန်းက မျ[...] လှည့်ပြနေတာများလား"

ကျွန်တော်ကိုယ်တိုင်လည[...] အံ့သြရ၏။ အရင်က ဆေးခန်း[...] တွင် ဖုန်းမြည်သံကြားနေကျ[...] မနက်က အိမ်ထဲတွင်လည်း [...] လို့ရသည်။ နှင်းထက်ထက်ရော[...] လာလျှင် ဖုန်းပြန်ကောင်းလာသည[...] နှင်းထက်ထက်မလာခင်တွင် ဆေ[...] ခန်းသို့ရောက်ပြီး ခဏအကြာတွ[...] မည်သည့်ဖုန်းမှ ဝင်မလာတော့[...]

"ဟုတ်တယ် နှင်းရဲ့၊ ကို[...] မိတ်ဆွေတွေခါလည်း မရ[...] စက်ပိတ်ထားတယ်ချည်းပြော[...] တာတဲ့"

"ဖုန်းမကောင်းဘူးနဲ့တူတယ[...]



www.burmeseclassic.com

www.burmeseclassic.com

သစ်ဝယ်လိုက်မယ်''

''နှမြောစရာကွာ''

''ကုမ္ပဏီမှာ ဖုန်းအပိုတစ်လုံး နေသားပဲ မောင်၊ အဲဒါကိုယူသုံး က်လေ''

နောက်တော့ ကျွန်တော့်တွင် းနှစ်လုံးဖြစ်သွား၏။ ထိုဖုန်းနှစ် ရှိလာသော်လည်း နောက်တစ် ပါ အရင်အတိုင်းဖြစ်နေသည်။ န်တော်လည်း ဖုန်းကြောင့်စိတ် စ်သွားရ၏။ အတော်ပင် ဒုက္ခ သည့် ဖုန်းများပင်။

''မနေ့က ဆရာ့ဖုန်းခေါ် လို့ ဆေးရုံကိုတန်းသွားတာ မေဆုံး သွားပြီဗျာ''

''ဟာ.....သွားပါပြီ''

ကျွန်တော့်မှာ အဒတော်ပင် ်မကောင်းဖြစ်သွားရတော့သည်။ းကြောင့် ကျွန်တော့်လူနာ သက်ပေးခဲ့ရ၏။ ကျွန်တော်သာ ချိန်မီရောက်လာလျှင် ထိုသို့ဖြစ် ည်မဟုတ်ပေ။

''အမေက ဆရာ့ကိုချည်းခေါ် တာပါ၊ ဆရာပဲ အမေ့ရောဂါ ကြောင်းကို နားလည်တာလေ၊ ရာသာရှိရင် အမေ အခုလို ရုတ် က်ဆုံးရမှာမဟုတ်ဘူး၊ ဆရာ့ ကိုဆက်တာ ဘယ်လိုမှဆက် ဘူးဗျာ''

ကျွန်တော်လည်း ပင့်သက် ကို ချလိုက်မိတော့သည်။ ထို အကြောင်းအား နှင်းထက်ထက်ကို ပြောပြလိုက်သည်နှင့်.....

''စိတ်မကောင်းစရာပဲ မောင်၊ သတ္တဝါတစ်ခု၊ ကံတစ်ခုပေါ့ကွယ်၊ ဆုံးဖို့ကံပါလာတာလို့ပဲ သဘော ထားလိုက်ပါတော့နော်၊ မောင့်လူ နာအတွက် နာရေးမှာ သွားကူကြ တာပေါ့ကွယ်''

ကျွန်တော်က ဆရာဝန်ပီပီ လူ နာတစ်ယောက်၏အသက်ကို အတတ်နိုင်ဆုံး ကယ်တင်ချင်သူပါ။ ကျွန်တော်ကြည့်ရှုနေချိန်တွင် တစ် ခုခုဖြစ်သွားမည်ကို စိုးရိမ်ပူပန်တတ် သည်။ ယခုတော့ မသေဆုံးသင့်ဘဲ သေဆုံးသွားရသည့်အတွက် နှမြော ဝမ်းနည်း ကြေကွဲခြင်းဖြစ်ရသည်။ ကျွန်တော်သာမဟုတ်ပါ။ နှင်းထက် ထက်လည်း ကျွန်တော့်နည်းတူ ခံ စားနေရ၏။

ထို့နောက် နှင်းထက်ထက်က ဖုန်းကိုပြန်လည်စစ်ဆေးကြည့်ပြီး သည့်နောက်တွင် ပြဿနာ၏အဖြေ ကို ရလိုက်၏။

''ဒီမှာ မောင်၊ ဖုန်းက စက် ပိတ်ထားတယ်ပဲ ပြောနေမှာပေါ့၊ ဖုန်းကို Silent mode လုပ်ထားတာ ပဲ၊ မောင်လုပ်တာလား''

''မလုပ်ပါဘူးကွာ၊ မောင်က ဆေးထိုးအပ်ကလွဲပြီး ဖုန်းမှစိတ် မဝင်စားတာပဲ၊ နှင်းအသိပါကွာ''

''ဒါဆို မောင့်ဖုန်းကို တစ် ယောက်ယောက် ဝင်ကလိပြီး ပညာ ပြသွားတာပဲ၊ ပြီးတော့ မောင့်ဖုန်း Contactမှာ နှင်းထည့် ထားတဲ့ နာမည်တွေ ပျောက်နေ တယ်၊ ဒီမှာ တွေ့လား''

နှင်းထက်ထက်က ဖုန်းကို ကျင်လည်စွာကိုင်လိုက်ပြီး ကျွန် တော့်ကို ပြလိုက်သည်။ ပြီးတော့ သက်သေပြပြန်၏။

''တွေ့လား၊ Silent mode ကို နှိပ်လိုက်ရင် ဖုန်းက အသံမမြည် တော့ဘူး၊ ဒီတော့ စက်ပိတ်ထား တယ်ပဲ ပြောနေမှာပေါ့''

''ဖုန်းဘေးမှာ အသံအတိုး အကျယ်ရှိတယ်လေ၊ အသံကိုပြန် ကျယ်လိုက်ပေါ့၊ မောင်ဟာလေ သိပ်အ,တာပဲ သိလား၊ ဒါကြောင့် မို့ လုပ်ချင်တိုင်းလုပ်နေကြတာ''

နှင်းထက်ထက်က Camera ကို ဖွင့်လိုက်သည့်နောက် ကျွန်တော် ဆေးကုနေသည့်ပုံများ ထွက်လာ ၏။

''ဟင်....ဒီပုံတွေ မောင်ရိုက် ထားတာမဟုတ်တာတော့ သေချာ တယ်၊ ဒါဆို တစ်ယောက်ယောက် က ဝင်ရိုက်သွားတာပဲ''

''ဘယ်သူက ရိုက်ရဲမှာလဲ ကွ''

''ရိုက်လိုက်လို့ ကင်မရာမှာ ပေါ်တာပေါ့၊ ဒါဆို ဟိုဟာမလုပ် တာပဲနေမှာ၊ အလုပ်ကထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှင် ကောင်းလိမ့်မယ် မောင်''

နှင်းထက်ထက်က အပြင်ဘက်သို့ ထွက်ကြည့်လိုက်ရာ ဝင်းပပခင်က မရှိတော့ပေ။ ပြန်သွားပြီထင်သည်။ ဆေးခန်းပိတ်ချိန်ဖြစ်၍ လစ်ပြေးသွားခြင်းဖြစ်မည်။ ပြဿနာမဖြစ်ချေလို၍ ကျွန်တော်က.....

''ဩော်.....မေ့နေလိုက်တာ နှင်းရာ၊ အဲဒီနေ့က လူနာရှင်က အမေရိကားက သူ့သားဆီ ဆေးခန်းသွားတယ် ဆိုတဲ့ပုံကို သက်သေပြချင်တယ်ဆိုလို့ ရိုက်သွားတာနေ လိမ့်မယ်''

''မဖြစ်နိုင်ဘူး မောင်''

''ဟုတ်တယ် နှင်းရဲ့၊ သူတို့ ဖုန်းကမကောင်းလို့ မောင့်ဖုန်းနဲ့ ရိုက်ခိုင်းလိုက်တာ၊ ပြန်ကူးပေးရဦးမယ်၊ ဘယ်လိုကူးရမလဲဟင်''

နှင်းထက်ထက်မျက်လုံးများက ယုံကြည်ပုံမပြပေ။ ကျွန်တော်လည်း ပြဿနာမတက်စေလို၍ လိုးလွှဲ ပြောလိုက်ရသည်။ ဝင်းပပခင်လက် ချက်ဆိုသည်ကို ရိုးတိုးရိပ်တိပ်သိ နေသလိုလိုပါ။

''မောင် ဒီဟာမဘက်ကနေ ဘာလို့ကာကွယ်ပြောနေရသလဲ ဟင်၊ မောင်တို့က ရိုးမှရိုးကြရဲ့လား''

နှင်းထက်ထက်မေးခွန်းက ကျွန်တော့်သိက္ခာအား မြောင်းထဲ ရောက်သွားစေ၏။ ဒေါသစိတ်က မခံချင်စိတ်ကို ဖြစ်စေရသည်။ ကျွန် တော့်ဘဝတွင် ထိုသို့သော



သိက္ခာ ကျစေလောက်သည့် အပြောမျိုး မခံစားရဘူးပေ။ ဝင်းပပခင်ကဲ့သို့ သောမိန်းကလေးမျိုးကို ကျွန်တော့်မှာ ကိုယ်ချင်းစာ စိတ်ကလွဲ၍ မည်သည့်စိတ်မျှ မရှိပါ။

''မင်းက မယုံတာလား''

''ဟုတ်တယ်လေ၊ ဒီဟာမ ဘက်ကနေ ရှေ့နေလိုက်နေမှ ယောကျ်ားတစ်ယောက်ရဲ့စိတ် ဘယ်လိုလုပ်ပြီး ယုံစားလို့ရမှာ နှင်းကို ပေါက်ကွဲအောင် မလု နော်၊ ရှင်လိမ်ညာနေတာ ရှင့်မျ လုံးက ပေါ်နေတယ်၊ တန်ဖိုးမရှိ မိန်းမတစ်ယောက်ကြောင့် ရော ကျွန်မပါ သိက္ခာကျမှာ လို့ ပြောနေတာ၊ ကိုယ့်အ မနာလိုသူတွေကို ဝမ်း အောင်မလုပ်နဲ့''

''နှင်း.....မင်းစိတ် လျှော့ပါကွာ၊ ကိုယ်တော တယ်နော်၊ ကိုယ်ဘာမှမဖြစ် စိတ်ချပါကွာ''

နှင်းထက်ထက်က မ ရည် ပေါက်ပေါက်ကျပြီး နေ တသိမ့်သိမ့်ငိုနေတော့သ ကျွန်တော်လည်း စိတ်မကော နိုင်ပေ။ ကျွန်တော့်အတွက် ကြေကွဲနေရခြင်းကို မ ရက်ပါ။ သည်တော့ မိန်း ကိုသိ၍ စိတ်လျှော့ခိုင်း ရ၏။

''ဒီဟာမကို ပြောစရာ ပြတ်ပြတ်သားသားပြောနော် က မစာနာလို့ ပြောနေတာမ ဘူး၊ စည်းမရှိဘူး၊ လူဆိုတာ စည်း၊ ကိုယ့်စည်း ရှိရမှာပေါ့ နဲ့မဆိုင်တာ ဝင်မရှုပ်ရဘူး လည်း သူ့ပဲပိုင်ထားတာနေ

www.burmeseclassic.com

"သေသေချာချာ မသိသေးဘဲနဲ့ မစွပ်စွဲပါနဲ့ကွာ၊ မင်းကို ငရဲမကြီးစေချင်ဘူး"

"နှင်းက သေချာလို့ကိုပြောတာ၊ မယုံရင် စောင့်ကြည့်ပေါ့"

ကျွန်တော်လည်း ဝင်းပပခင်၏ စည်းမရှိခြင်းကြောင့် မည်သို့ပြောဆိုရမည်မသိတော့ပေ။ ဖြစ်နိုင်လျှင် ကျွန်တော်တို့ ပယောဂ မပါဘဲနှင့် အလုပ်မှ ထွက်သွားစေချင်၏။

♛♛♛♛♛

"ဒေါက်တာ ပပပါ၊ ဒေါက်တာ့ကို ပြောစရာရှိလို့ပါရှင်"

အိမ်တွင်ရှိနေစဉ်တွင် ဝင်းပပခင်က ဖုန်းဆက်၏။ တမင်ပင် နှင်းထက်ထက်မရှိချိန် ဖုန်းဆက်ခြင်း ဖြစ်၏။ ကျွန်တော်က ဝင်းပပခင်မည်သည့် စကားပြောမည်ကိုသိချင်၍ နားထောင်လိုက်သည်။

"မနေ့က အစ်မ ပြောတာတွေ ပပ အကုန်ကြားပါတယ် ဒေါက်တာ၊ ပပကို အလုပ်မထုတ်လိုက်ပါနဲ့နော်၊ ပပက မိဘတွေကို လုပ်ကျွေးနေရလို့ပါ ဒေါက်တာရယ်၊ ဟင့်.....ဟင့်"

ကျွန်တော်လည်း ပင့်သက်မောကို ချလိုက်တော့သည်။

"ပပမှာ အများရှိရင် ခွင့်လွှတ်ပါ၊ ပပလေ ဘယ်နေရာ ကိုမှ အလုပ်ပြောင်းမလုပ်ပါရစေနဲ့နော်"

"နင်က အရင်ကရော ဘယ်



မှာလုပ်ခဲ့တာလဲ"

"ကုမ္ပဏီမှာပါ၊ ငွေစာရင်းကိုင်ရပါတယ်"

ကျွန်တော်က အတော်ပင် အံ့သြသွားမိ၏။ လစာကောင်းသော ကုမ္ပဏီမှ အပြင်ဆေးခန်းတွင် စာရေးမလာလုပ်ခြင်းက မည်သည့်အတွက်ကြောင့်ဆိုသည်ကို မမေးကြည့်ဘဲနှင့် သိနေသည်။ အခုလိုပင် မျက်စိနောက်၍ အလုပ်ရှင်မှ မကြိုက်သည်လား၊ ငွေစာရင်းစိတ်မချ၍ ထုတ်ပစ်လိုက်သည်လား မပြောတတ်ပါ။

"အေး.....နင်ဘာပြောဦးမလို့လဲ၊ လိုရင်းကိုပြော"

ကျွန်တော်က အားမနာတော့ပေ။ ခပ်ပြတ်ပြတ်သာ မေးပစ်လိုက်၏။

"ပပကို အလုပ်ကနေ မထုတ်လိုက်ပါနဲ့နော်"

"အဲဒါဆိုလည်း နင့်လုပ်ရပ်ကို ပြင်ပေါ့ဟာ၊ ငါ့မိန်းမက မကြိုက်ဘူး၊ ဘာမှမလုပ်နဲ့"

"ဟင်း.....ဒေါက်တာ့ ဇနီးက မာနကြီးတယ်၊ ပပ စကားမပြောရဲဘူး ဒေါက်တာ"

"သူ့မှာ မာနမရှိဘူး၊ မျက်နှာထားနဲ့အနေတော့ တည်တယ်၊ ဒါပေမဲ့ စိတ်ကောင်းရှိတယ်၊ မဟုတ်တာ မလုပ်ဘူး၊ လုပ်လာရင်လည်း သူကခွင့်မလွှတ်တတ်ဘူး၊ အကျိုးအကြောင်းပြောရင် သူက နားလည်ပေးတယ်၊ ကိုယ့်အခက်အခဲကိုပြောပြရင် ဖြေရှင်းပေးတယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"နင့်ဘက်က ပြုပြင်လိုက်ရင် ပြီးပြီ၊ ငါ့မိန်းမက ရှုပ်တာမျိုးမကြိုက်ဘူး၊ အေးအေးဆေးဆေးနဲ့ ရိုးသားတာပဲကြိုက်တယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ပပ

www.burmeseclassic.com



ပြုပြင်ပါ့မယ်ရှင်''

ကျွန်တော်လည်း ပြောချင်တာ ပြောချလိုက်ရ၍ ကျေနပ်သွား၏။ ကိုယ့်အပြောကို လိုက်နာပါစေဟု သာ ဆန္ဒပြုချင်သည်။ ဆေးခန်း ရောက်သည့်နောက် ဝင်းပပခင်တစ် ယောက် ငြိမ်ချက်သားကောင်းနေ ၏။ ထိုနေ့က နှင်းထက်ထက် ရောက်လာချိန်တွင် ကျွန်တော်က သူတို့အခြေအနေကို ကြည့်နေမိ သည်။ နှင်းထက်ထက်ကလည်း ကျွန်တော်တို့အခြေအနေအား အကဲ ခတ်နေပေမည်။ ဝင်းပပခင် က သုံးရက်ခန့်သာ အချိုးပြင်ပြီး နောက်ပိုင်းတွင် အရင်အတိုင်းပင်။

♛♛♛♛♛

''ဟိုဆတ်စလူးမကို မပြောင်း သေးဘူးလား မောင်၊ မောင်မပြော ချင်ရင် နှင်းပြောမယ်''

ဆေးခန်းပိတ်ချိန်တွင် မည်သူ မျှမရှိမှ နှင်းထက်ထက်က သူ့ရင် ထဲမှစကားကိုပြောလာ၏။

''ချက်ချင်းပြောင်းဖို့က ဆေး ခန်းမှာ လူလိုတယ် နှင်း''

''လူမရှားပါဘူး မောင်၊ လုပ် ချင်သူတွေ အများကြီးရှိတယ်၊ သူ တစ်ယောက်တည်း လုပ်ကိုင်တတ် တာမဟုတ်ဘူး''

''ခဏစောင့်ပါဦးကွာ''

''မစောင့်နိုင်ဘူး မောင်၊ ဒီ ဆေးခန်းထဲမှာ သူ့မျက်နှာကိုမမြင် ချင်ဘူး၊ မီးလိုပူလောင်တယ်၊ မယ် ကုဝဏ်ရုပ်နဲ့ ကွာခြွကိုမရဘူး''

''မင်းက သက်သက်အပြစ် ပြောနေတာပဲကွာ၊ မေတ္တာထား ကြည့်စမ်းပါ၊ အေးမြလာလိမ့်မယ်''

နှင်းထက်ထက်က ကျွန်တော့် အား ခနဲ့သည့်အကြည့်နှင့်.....

''အပြင်မှာ သူ့အကောင်တွေ နဲ့ စောင်းမြောင်းပြောနေတာ မကြားဘူးလား၊ နှင်းတို့က မျက်စိဖွင့်၊ နားစွင့်ထားတယ်၊ ဘယ်တော့မှ စိတ်ကို အမှောင်ချ မထားဘူး၊ ဘယ်သူ ဘာလုပ်လဲ ဆိုတာ လေ့လာနေတာ၊ အပြစ်မြင် မျက်လုံးနဲ့ ကြည့်တာမျိုး မဟုတ်ပေ မယ့် သူတို့လုပ်ရပ်တွေကို စောင့် ကြည့်နေတာ၊ တရားလွန် လာရင် တော့ ပြောမှာပဲ''

''ပြောကွာ..ပြော..ပြော၊ စိတ် ညစ်တယ်''

ကျွန်တော်လည်း သူတို့နှစ် ယောက်အတွက် စိတ်ညစ်မိ၏။ အထူးသဖြင့် နှင်းထက်ထက်အပေါ် စည်းရုံး၍မရမှန်းသိသဖြင့် ဝင်းပပ ခင်အား ထိန်းရပြန်သည်။

''လူနာမလာရင်လည်း အထဲ မှာဝင်ထိုင်နေတာမဟုတ်ဘူး၊ နှင့် သူငယ်ချင်းတွေနဲ့ ထိုင်ရယ်မနေနဲ့ ဝင်းပပခင်''

ဝင်းပပခင်က နှင်းထက်ထ
အား တမင်ပင်အရွဲ့တိုက်နေသလ
မပြောတတ်ပါ။ အထူးသဖြင့် နှ
ထက်ထက်၏စိတ်ကို ပေါက်ကွဲ
ရန်ဆွနေခြင်းဖြစ်ပေမည်။ ကျွ
တော်ပြောမှ ဝင်းပပခင်က ဆေးခ
ထဲ ပြန်ဝင်ထိုင်၏။

''သူ့ဘာသာသူ ဘာဖြစ်ဖြ
ပေါ့၊ ကလေးမှမဟုတ်တာ၊ ဘ
ဖြစ်လို့ သွားခေါ်ရတာလဲ''

''မြင်မကောင်းလို့လေ၊ တဟ
ဟီးတဟားဟားနဲ့၊ ကွဲရဲ့ကြမှာ
ကွာ၊ ဆေးခန်းနာမည်ပျက်တယ်''

''အပျက်ကိုခေါ်ထားမှ ပျ
မှာပေါ့၊ မနက်ဖြန် စာရေးမတ
ယောက် ထပ်ခေါ်မယ်၊ ဒါမှ မန
လိုဖြစ်ပြီး ငြိမ်သွားမှာ''

ကျွန်တော်က နှင်းထက်ထ
စီစဉ်သည်ကို မပြောတော့ပေ
နောက်တစ်နေ့တွင် စာရေးမလေ
တစ်ယောက် ရောက်လာ၏။ သည
တော့ ဝင်းပပခင်က မကြိုက်ပေ
မနှစ်သက်စိတ်ဖြင့် ပညာပြသည
နောက်ရောက်လာသော မိန်း
ကလေးက ရိုးသားအေးဆေး၏
တည်တည်ငြိမ်ငြိမ်ရှိ၏။ သို့သော်
ဝင်းပပခင်က ကျွန်တော့်အားပေး
ထားသော ကတိကိုမတည်ပေ
နောက်မိန်းကလေးအား လက်တွဲ
ခေါ်ချင်စိတ်ရှိသည့် အတွဲ့သမား
တစ်ယောက်ဖြစ်နေ၏။ ထိုစိတ်



www.burmeseclassic.com

www.burmeseclassic.com



တ်မျိုး ကျွန်တော်လည်း လက်မ
သေး။

"ကွန်ပေါင်ဒါကြီး၊ မနေ့က
က်အောင့်တဲ့လူနာကို ဒီဆေးတွေ
လိုက်တာလား၊ သေသေချာချာ
ပေးလိုက်တယ်လေဗျာ"

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်
တ်မရှိတုန်း ပပပေးလိုက်တာပါ"

ကျွန်တော့်ဒေါသက ဝင်းပပ
ထံ ရောက်သွား၏။ ဆရာဝန်၏
သက်က ဆေးများပေးခြင်းပင်။

"နင်က ကိုယ်နဲ့မဆိုင်ဘဲ ဘာ
ရှုပ်တာလဲ၊ ကိုယ့်အလုပ်ကိုယ်
ယ်၊ ကိုယ့်နေရာ ကိုယ်နေပါလား၊
ဆေးမှားလို့ တစ်ခုခုဖြစ်ရင် ငါပဲခံ
ရာ၊ ဘယ်လောက်တာဝန်ကြီးလဲ"

"ပပမှာ နေရာအတည်တကျ
မရှိဘဲ"

"နင်တို့နှစ်ယောက်ကို တာ
န်ပေးထားတာပဲ၊ နင့်ဘာသာ
တ်လျှားလတ်လျှားလုပ်နေတာ၊
ာမပြောနဲ့"

"ကျွန်တော် တောင်းပန်ပါ
ယ် ဆရာ"

ကွန်ပေါင်ဒါကြီးက ကြားမှဝင်
တောင်းပန်နေသည်။

"တောင်းပန်မနေနဲ့၊ ကျွန်
တော့်ဆေးခန်း နာမည်ပျက်တာ
ပဲဗျာ၊ ဒါ နောက်ဆုံးဖြစ်ပါစေ"

လုပ်ငန်းနှင့်ပတ်သက်လျှင်
ျွန်တော်က ခွင့်မလွှတ်တတ်ပါ။
ဆမလက်မှတ်ကို အသက်လိုတန်
ဖိုးထား၏။ ဝင်းပပခင် ရောက်လာ
မှ ကျွန်တော့်မှာ ဒုက္ခဖြစ်ရတော့
မလိုပါ။ သည်တော့ သောက်ဆေး
ပေးသည်ကအစ ကျွန်တော်က
ကြည့်နေရ၏။

♛♛♛♛♛

နှင်းထက်ထက်က ကုမ္ပဏီ
ကိစ္စနှင့် စင်ကာပူသို့ထွက်သွားရာ
ကျွန်တော်တစ်ယောက်တည်းကျန်
ခဲ့ရ၏။ မိန်းမ မရှိချိန်တွင် ကျွန်
တော်က အေးအေးဆေးဆေး နား
ပူသက်သာသည်ဟုထင်မိ၏။ သို့
သော် ဖုန်းဖြင့် တစ်နေ့နှစ်ကြိမ်
ဖုန်းဆက်သည်။

"မောင်နော် ပေးထားတဲ့
ကတိကို မဖျက်နဲ့၊ ဟိုဆော်စလုံး
မရော ငြိမ်နေရဲ့လား"

"ငြိမ်ပါတယ် နှင်းရယ်"

ကျွန်တော်က ငြိမ်သည်ဟုသာ
ပြောရသည်။ ဝင်းပပခင်က နှင်း
ထက်ထက်မရှိမှ ပိုဆိုးနေ၏။ ည
စာထမင်းကို ဝယ်စားရသဖြင့် ဆေး
ခန်းပိတ်ချိန်တွင် ကျွန်တော်က စား
သောက်ဆိုင်သို့ သွားနေကျပါ။

"ဒေါက်တာ ပပလည်းလိုက်
ဆာလို့ လိုက်ပါရစေနော်"

သည်လိုရဲတင်းသည့် မိန်းမ
မျိုး ကျွန်တော်အံ့ဩသွား၏။ ကျွန်
တော့်နေရာတွင် တခြားသူဖောက်
ပြန်တတ်သည့် ယောက်ျားမျိုးဆို
လျှင် ဝင်းပပခင်တစ်ယောက်
မလွယ်ပေ။ ယောက်ျားတစ်ယောက်
အပေါ် ချဉ်းကပ်လာသည်ဆိုမှ ထို
မိန်းမတွင် အကြံအစည်တစ်ခုခုရှိ
နေပေမည်။ ကျွန်တော်က ဒါမျိုး
တော့မရပါ။ သည်တော့ စကားကို
ပြတ်သားစွာ ပြောချလိုက်တော့
သည်။

"နင့်ကို အားနာလို့ လိုက်
လျောတာ၊ အ,တယ်လို့ မထင်နဲ့
ဝင်းပပခင်၊ နင့်ကြောင့် ငါ့လုပ်ငန်း၊
ငါ့ဂုဏ်သိက္ခာ အထိခိုက်မခံနိုင်ဘူး။
မိဘလုပ်ကျွေးနေတယ်ဆိုတဲ့စကား
ကို စာနာလို့ နှင်းအပြောကိုခံပြီး
နင့်ဘက်က ရပ်တည်ပေးခဲ့တယ်၊
အဲဒါကို ကမ်းတက်မလာနဲ့ကွ"

"ဟင်...ပပက ဘာများကမ်း
တက်လို့လဲ ဒေါက်တာ"

"နင့်လုပ်ရပ်တွေ ငါသိတယ်၊
ငါ့ဖုန်းကို အပြင်ကမခေါ်နိုင်အောင်
နင်ဖျက်ထားတာတွေ၊ လူနာကို
ဆေးမှားပေးခဲ့တာတွေက ယုတ်မာ
ခဲ့တာတွေပဲမဟုတ်လား၊ နင့်ကြောင့်
လူနာတစ်ယောက် သေပြီးပြီ၊ တစ်
ယောက်ကိုလည်း ကျေနပ်အောင်
တောင်းပန်ခဲ့ရပြီးပြီ၊ ဒီတော့ နင်
ထွက်သွားပါတော့၊ ငါတောင်းပန်
ပါတယ်၊ ငါတို့လင်မယားကို ဒုက္ခ
မပေးပါနဲ့၊ အိမ်ထောင်ကို ပြိုကွဲ



www.burmeseclassic.com

www.burmeseclassic.com



အောင် မလုပ်ပါနဲ့တော့”

ဝင်းပပခင်လည်း သူမ၏အကြံအစည် မအောင်မြင်မှန်းသိသည့်နောက် မာနစိတ်ဖြင့် တုံ့ပြန်လာ၏။

“ကျွန်မ ဘာလုပ်လုပ် ဒေါက်တာ့မိန်းမက သိနေတာ တော်ပါတယ်လို့ ပြောလိုက်ပါ၊ ဒေါက်တာလည်း တကယ့်သစ္စာရှင်ကြီးပါလား၊ ဟုတ်တယ်၊ ဒေါက်တာမသိသေးတာ ကျွန်မ ပြောခဲ့ပါရစေ၊ ကုမ္ပဏီပိုင်ရှင်ကို ညာစားနေလို့ သူ့မိန်းမကသိပြီး အလုပ်ကအထုတ်ခံရတာပါ၊ ကုမ္ပဏီပိုင်ရှင်ကလည်း မိန်းမကြောက်ရတော့ ကျွန်မကို ပစ်ခွာခဲ့တယ်လေ၊ ဒီတော့ ကျွန်မရဲ့ပစ်မှတ်က ငွေရှိ၊ ဂုဏ်ရှိတဲ့သူတွေကို လက်စားချေချင်တယ်၊ ဒီလိုစိတ်နဲ့ ချဉ်းကပ်ခဲ့တာပေါ့”

ဝင်းပပခင်၏ အကြံအစည်ကို ိရသည့်နောက် ကျွန်တော်လည်း ကြောက်လန့်သွားရသည်။ ပြီးနောက် သူ့စိတ်ဓာတ်အား ရွံရှာသွားမိ၏။

“ဒေါက်တာက ကျွန်မကို အခွင့်အရေးပေးနေတော့.....”

“နင်မှားနေပြီ ဝင်းပပခင်၊ ငါဘယ်သူ့ကိုမှ အခွင့်အရေးမပေးခဲ့ဘူး”

“ဟုတ်ရဲ့လား ဒေါက်တာရယ်၊ သေသေချာချာ ပြန်စဉ်းစားဦးနော်”

ဝင်းပပခင်၏ ခန့်သံက ကျွန်



တော့်အပေါ် အပိုင်တွက်ထားပုံရ၏။ သူမ ဆိုလိုသည်မှာ ကျွန်တော်က စိတ်ဝင်စားနေသယောင်ယောင်ပုံမျိုး ပြောနေခြင်းဖြစ်သည်။

“ကျွန်မက ဒေါက်တာ့ကို စိတ်ဝင်စားတယ်၊ ဒါကြောင့်လည်း...”

ဝင်းပပခင်က စကားကိုဆ
မပြောဘဲ ကျွန်တော့်မျက်နှာကို
စိုက်ကြည့်နေ၏။ ကျွန်တေ
အတွက် သင်ခန်းစာတစ်ခု
ကျွန်တော့်အမှားကို သိခြင်းန
အတူ နှင်းထက်ထက်ပြောခဲ့
သော စကားများက မှန်နေလေ
ကျွန်တော့်စေတနာကို တလွဲထ
သွားသည့်အတွက် စိတ်မကော
ဖြစ်သွားမိသည်။ ပြီးတေ
ကျွန်တော့် သိက္ခာကို ထိခိုက်
စြန်၏။ သည်တော့ ဝင်းပပ
ကြောင့် ကျွန်တော့်ဘက်က စိ
မကောင်းစရာ တစ်ခုကို ဆုံးဖြ
လိုက်ရ၏။ လူ နာရှင်များအတွ
မည်သို့ပေးဆပ်ရမည်ကို နှင်းထ
ထက်ပြန်လာမှ တိုင်ပင်ရပေမည

♛♛♛♛♛

အနှစ်နှစ်အလလက
ယောဇဉ်ဖြစ်ရပါသော ဆေးခ
လေးအား ကျွန်တော်က ပိတ်
လိုက်ရသည်။ ကျွန်တော် က
လည်ရာ နေရာလေးတစ်ခု
လွမ်းမောခြင်းနှင့်အတူ ကျွန်တေ
ကို အားထားကြသော ဝေဒ
ရှင်များ၏ တမ်းတခြင်းကို
နည်းစွာ မျက်ရည်ဝဲမိ၏။
ဆောင်းနှင်းပွင့်လေးများသ
နွေဦးဝင်ရောက်လာသဖြင့် နှင်း



www.burmeseclassic.com

www.burmeseclassic.com


လေးများက တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားရ၏။ ကျွန်တော့် နှလုံးသားထဲတွင်လည်း ကျွန်တော့် ဆေးခန်းလေးအား အမှတ်တရရှိ နေဆဲပါ။ တမ်းတစိတ်နှင့် ကြေကွဲ မဆုံးတော့ပေ။

ကျွန်တော်တို့ ဆရာဝန် လောကတွင် ဖြစ်ရပ်များစွာရှိကြ၏။ ကိုယ့်သမားဂုဏ်အား ငွေနှင့်ပေး ဆပ်လိုက်ရခြင်းများမှာ ဝင်းပပခင် လို မိန်းမများကြောင့်ဖြစ်ပေမည်။ တချို့က ကိုယ်တိုင်ကပင် ဖောက် ပြန်စိတ်ရှိနေသည့်အတွက် သောက စိတ်နှင့် ပူပန်နေသော ဇနီးအပေါ် ကိုယ်ချင်းမစာတော့ပေ။ အချစ်စိတ် ကြောင့် ကိုယ့်ဂုဏ်သိက္ခာအား လဲ သွားနိုင်ကြ၏။ သည်ကော့ အိမ် ထောင်ရေးအရှုပ်တော်ပုံကြားတွင် တစ်ခဏသာယာမှုက တစ်ဘဝလုံး အတွက် ပြင်မရသည့်အမှားမျိုး ဖြစ် သွားတော့သည်။

ဖရိုသူအတွက် အကြောင်း မဟုတ်သော်လည်း ဆရာဝန် လောကသည် သူတို့ကြောင့် နာ မည်ပျက်ကြရသည်။ ကျွန်တော့် ဆရာတစ်ဦးဆိုလျှင် ဆေးပညာတွင် အလွန်ထူးချွန်၏။ အလွန်တော်သူ ဖြစ်၏။ သို့သော် မိန်းမလည်တစ် ယောက်နှင့် တွေ့သောအခါတွင် သူ့ ဂုဏ်သိက္ခာသည် ထိုးကျသွားရ တော့သည်။ အိမ်ထောင်ရေးပြိုကွဲ သည့်အပြင် နောက်ဆုံးတော့ ဘဝ ပါပျက်ခဲ့ရ၏။

နောက်တစ်ယောက်ကတော့ ချောက်ထဲကျလုလုတွင် ဇနီးဖြစ်သူ ၏ ကယ်တင်မှုကြောင့် လက်မတင် လေး လွတ်မြောက်ခဲ့ရ၏။ ကာမ ဂုဏ်ဆိုသည် လူသားများ၏ဘဝ တစ်ခုအား အလွယ်တကူ ဖြိုခွဲနိုင် သော လက်နက်တစ်ခုဟုဆိုက မမှားပေ။ ထိုကာမဂုဏ်ကိစ္စကို စောင့်ထိန်းနိုင်ရန် ဘာသာရေးဖြင့် ထိန်းချုပ်နိုင်၏။ ကျွန်တော်က ဗုဒ္ဓ ဘာသာဝင်ဖြစ်သည့်အားလျော်စွာ ဘာသာရေးကို အလေးထားကျင့် ကြံရပေမည်။ ကျွန်တော်တို့ငယ်စဉ် အချိန်က မိဘများ၏ ဆုံးမမှုက ကြီးပြင်းလာသည့်အချိန်တွင် လွန် စွာမှ အဖိုးတန်နေသည်။

**ကျွန်တော်တို့**
**ဆရာဝန်လောကတွင်**
**ဖြစ်ရပ်များစွာရှိကြ၏။**
**ကိုယ့်သမားဂုဏ်အား**
**ငွေနှင့်ပေးဆပ်လိုက်ရခြင်းများမှာ**
**ဝင်းပပခင်လို**
**မိန်းမများကြောင့်...**



နှင်းထက်ထက်သည် ဘာသာရေး ကိုင်းရှိုင်းသူဖြစ်ရာ ကျွန်တော့်အား လွန်စွာမှ တည့်မတ် ပေးနိုင်သူဖြစ်၏။ တစ်ခါတလေ ကျွန်တော်က အလုပ်ပင်ပန်းသည့် အချိန်မျိုးတွင် ဘာသာရေးဘက် တွင် အာရုံစိုက်မှု လျော့နည်းသွား တတ်သည်။

"ငါးပါးသီလခံပြီး ဦးချအိပ် တော့မယ်ကွာ၊ ပင်ပန်းတယ်"

"မလုပ်ပါနဲ့ ယောက်ျားရာ၊ နှင်းတို့မှာ ဘုရားတရားကြောင့် အခု လို နေရတာပါ၊ ကဲ...ထ၊ ရေချိုး ပြီးရင် တရားထိုင်ကြမယ်နော်၊ လာ ပါ ယောက်ျားရယ်၊ လိမ္မာပါတယ်"

ကျွန်တော့်အား ကလေးတစ် ဦးပမာ ဦးဆောင်လမ်းပြပေးနိုင်သူ ဖြစ်၏။ နှင်းထက်ထက်က သူမ ကိုယ်တိုင်လည်း အလုပ်များသည့်



www.burmeseclassic.com


www.burmeseclassic.com



ကြားမှ ဘာသာရေးကို မပျက်ကွက်ခဲ့ပါ။ အမြဲတမ်းလိုလို ဘုရားစင်တွင် ဘုရားပန်းများနှင့် လန်းဆန်းနေတတ်၏။ နှင်းထက်ထက်က သပြေပန်းသာ ကပ်လှူတတ်သူဖြစ်သည်။

"သပြေက အောင်မြင်ခြင်း အထိမ်းအမှတ်နဲ့ အေးချမ်းအောင်လို့ ပေါ့ မောင်ရယ်၊ နှင်းလေ ဘုရားမှာ သပြေတွေဝေပြီး စိမ်းနေရင် သိပ်စိတ်ချမ်းသာတာပဲ၊ ရင်ထဲမှာ လန်းဆန်းသွားတယ် မောင်"

ဩော်.....အခုတော့ဖြင့် နှင်းထက်ထက် မရှိချိန်တွင် ဘုရားစင် ၌ သပြေပန်းများလည်း မဝေနိုင်တော့ပေ။ ကျွန်တော်လည်း ကိုယ့် သောကနှင့်ကိုယ်ဖြစ်နေ၍ ဘုရားပန်းအတွက် မစီစဉ်နိုင်။ ထို့ကြောင့်လည်း အန္တရာယ်များနှင့် ကြုံနေရပြီလား မသိပါ။ ထိုကိစ္စကို နှင်းထက်ထက်အား ပြန်လာမှ ပြောတော့မည်ဟု ဆုံးဖြတ်ထား၏။ နှင်းထက်ထက် ပြန်ရောက်ချိန်အမီ ဘုရားပန်းများ စိမ်းစိုလန်းဆန်းအောင် ထိုးထားလိုက်မည်ဟုတွေးထားသည်။



"လွမ်းလိုက်တာ နှင်းရာ၊ မောင့်ရင်ခွင်ဆီ မြန်မြန်ပြန်လာပါတော့ကွယ်၊ အိမ်ရှင်မ မရှိခြင်းရဲ့ ဒုက္ခကို မောင်နားလည်ပါပြီကွာ၊ နှင်းက မောင့်ဘဝ၊ မောင့်ကမ္ဘာငယ်လေးပါပဲ၊ မောင့်ကို တစ်ယောက်တည်း အကြာကြီးမထားခဲ့ပါနဲ့တော့ကွယ်"


လွမ်းတေးသီရင်း ကျွန်တော်က နှင်းထက်ထက်ကို တမ်းတလိုက်၏။ နှင်းထက်ထက် မရှိချိန်သည် ကျွန်တော့်ဘဝအတွက် အထီးကျန်ဖြစ်စေရသည်။ တကယ်တော့ အိမ်ထောင်ရေးဟူသည် နားလည်မှုများဖြင့် တည်ဆောက်ထားသော သစ္စာချစ်ဗိမာန်ကြီး တစ်ခု ဖြစ်၏။

သည်တော့ မည်မျှပင် ဝေးကွာစေကာမူ ကျွန်တော်နှင့် နှင်းထက်ထက်တို့၏ နှလုံးသားတွင် သစ္စာတရားထားရှိပါက ချစ်ခြင်း မေတ္တာဟူသည် မည်သူမျှ ဝင်ရောက်ဖျက်ဆီးနိုင်လိမ့်မည် မဟုတ်ပေ။

အခုတော့ နှင်းပျောက်နေ့ဖြစ်ရသည် ခဏတာခွဲခွာခြင်းက လွမ်းတေးသီရင်း ကျွန်တော်က စောင့်မျှော်နေရမည်သာဖြစ်တော့သည်။

လေးစားစွာဖြင့်
နွှဲအလွန်

www.burmeseclassic.com



ခင်ဦး (ပုထိကော့နိုး)

# ဝစီဒုစရိုက် ကျူးလွန်မှု

www.burmeseclassic.com

www.burmeseclassic.com





**ဝစီဒုစရိုက်ကျူးလွန်မှု**


**ခင်ဦး (ပုတီးကုန်း)**

လူတို့၏သမိုင်းဦးအစ၌ ခြေသလုံးအိမ်တိုင်ဘဝမှ တဖြည်းဖြည်းယဉ်ကျေးလာပြီး အစုအဝေးနှင့်နေတတ်လာသည်။ လူတို့စုဝေးရာ အစုအဝေး၊ အုပ်စုမှသည် ကျေးရွာများတည်ထောင်လာသည်။ လူတို့မှာ ထိုအချိန်မှစ၍ ကိုးကွယ်ယုံကြည်မှုများ ပြုလုပ်လာကြသည်။ သဘာဝတရားအရ လူတို့၏ ကြောက်တတ်မှု၊ ရယူလိုမှုသဘောတရားများ ပိုင်ဆိုင်ထားရာ ယင်းတို့အဖွဲ့အစည်း၊ အစုအဝေးတို့သည် ဤသဘာဝတရား၏ သဏ္ဌာန်တစ် ခုသာဖြစ်သည်။

သဘာဝဝန်းကျင်ကြီးအတွင်း နေထိုင်နေသော လူသားတို့မှာ မီးလောင်ခြင်း၊ လေမုန်တိုင်းထန်ခြင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်ဆိုးများကို ကြုံတွေ့ရစမြဲ ဖြစ်သည်။ ထို့အတူ မြွေ၊ ကျား၊ သစ်၊ ဆင်ရိုင်းစသော တောတွင်း တောရိုင်း တိရစ္ဆာန်တို့ရန်များ၊ လူသားအချင်းချင်း အုပ်စုလိုက်ရန် ငြိုးရန်စများ၊ ရောဂါဘေးဆိုးများ ကြုံတွေ့ရသည့်အခါ ထိုအကြောက် တရားတို့ ပြေငြိမ်းရာ ကိုးကွယ်မှုကို ရှာဖွေကြသည်။ ယင်းမှတစ်ဆင့် ယဉ်ကျေးမှုတိုးတက်လာပြီး မိမိတို့ယုံကြည်ရာ ဘာသာတရားများ ကိုင်းရှိုင်းလာကြသည်။

ထို့အတူ သီးခြားယုံကြည်မှုအရ နတ်၊ ပုဂ္ဂိုလ်များအား ကိုးကွယ်မှုများသည်လည်း ယနေ့တို[...] ထွန်းကားဆဲပင်ဖြစ်သည်။

ယနေ့ခေတ်ကြီးမှာပင် ဒေါ[...] တင်တို့ကဲ့သို့ နတ်၊ ဗေဒင်မျ[...] အယူသီးသောသူများ မရှားဘ[...] ဒေါ်လုံးတင်မှာ ကြောက်ရွံ့စိတ်[...] စိုးရိမ်စိတ်၊ သံသယစိတ်၊ အ[...] ငယ်စိတ်များ ပြည့်လျှံနေသူဖြ[...] သည်။ အရာရာတွင် သူတစ်ပါး[...] ယုံကြည်လွယ်သည်။ အားကိုးစိ[...] လည်းရှိသည်။ မိမိအိမ်၌ နတ်[...] များစွာတင်၍ ပူဇော်ပသလေ့[...] သည်။



ဒေါ်လုံး တင် [...] ယောကျ်ားဖြစ်သူ ဦးစံသိန်း[...] ဗုဒ္ဓဘာသာဝင် တစ်ဦးဖြ[...] အနန္တောအနန္တငါးပါးကို[...] အာရုံပြုသည်။ မည်သ[...] နတ်၊ ဗေဒင်ကိုမျှ အ[...] အကြည် မရှိပေ။ ဒေါ[...] တင်အား ပြောမရ[...] ကြည့်နေရသော်လည်း [...] သက်မှုမရှိလှပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လုံးတင်ရေ.....ဒေါ်လုံးတင် ရှိပါရဲ့လား"

"ဟဲ့.....ဘယ်သူတုံး"

တစ်နေ့ညနေပိုင်း၌ ဒေါ်လုံးတင်အိမ်သို့ ရွာထဲမှ ဒေါ်ကျင်မြ ရောက်လာသည်။

"မကျင်မြပါလား၊ မလာစဖူး အလာထူးလှချည်လား"

"ဩော်.....ရှင့်ကို သတင်းထူးပြောစရာရှိလို့တော်"

"ဘာများလဲဟဲ့"

"ရွာထဲမှာ အခုပြောင်းလာတဲ့ မြင့်မြင့်မူဆိုတာ နတ်ဝင်ပူးပြီးဟောတာ တယ်မှန်တယ်ဆိုပဲ၊ သူ့မှာ မယ်တော်အစွဲရှိတယ်တဲ့"

"ဟုတ်လား၊ တို့တစ်ခါလောက် သွားမေးကြရအောင်"

"အဲဒါ အဖော်လာညှိတာပါ"

"သွားမယ်လေ၊ နောက်တနင်္ဂနွေနေ့က ငါ့မွေးနေ့၊ သွားမေးရအောင်"

"ဆက်ဆက်လာနော်၊ ကျွန်မစောင့်နေမှာ"

ဒေါ်လုံးတင်နှင့် ဒေါ်ကျင်မြတို့ အချိန်းအချက်ပြုပြီး ဒေါ်ကျင်မြလည်း ရွာထဲမှ သူမ၏အိမ်သို့ ပြန်သွားလေသည်။

မိုးချုပ်စတွင် ဦးစံသိန်းမှာ မျက်နှာမကောင်းဘဲ မှုန်တေတေဖြင့် ပြန်ရောက်လာသည်။

"ယောက်ျား.....ရှင့်ကြည့်ရတာ၊ ဒီနေ့ တွက်ခြေမကိုက်ဘူးထင်တယ်"

"ကွမ်းတွေက အရွက်သေးတော့ ဈေးလျှော့ပေးတယ်၊ အရှုံးပေါ်လာလို့ဟေ့"

"ကွမ်းသီးကရော"

"အင်း အလုံးကြီးက ဆယ့်ငါးကျပ်ပေးတယ်၊ အသေးတွေရွေးချလို့ အရင်းပဲရခဲ့တယ်"

"အင်း..မယ်တော်ကို ပူဇော်ပသဦးမှ"

"တယ်...ဒီမိန်းမနှယ်၊ ကွမ်းပေါင်ပိုးမကျအောင် ဂရုစိုက်ပါဆို"

ထိုည အမွေးတိုင်တစ်ထုပ်နှင့် ဖယောင်းတိုင်တစ်ထုပ်ဖိုးပါ အဆစ်ပါသွား၍ ဦးစံသိန်းမှာ တောက်တခေါက်ခေါက် ဖြစ်ခဲ့ရသည်။

ထိုအချိန် မြင့်မြင့်မူတို့အိမ်၌ အနံ့၊ ငှက်ပျောပွဲပြင်လျက် အမွေးတိုင်၊ ဖယောင်းတိုင်များ လင်းထိန်နေသည်။

"မြင့်ရေ.....မြင့်"

"ဟော.....အစ်ကိုပြန်တာ ဒီနေ့ စောတယ်နော်"

"ဒီနေ့ မုန်တိုင်းသတင်းကြေညာထားလို့ လှေမှာ လူတွေစောစောကတည်းက ပြည့်နေတာနဲ့ အမြန်ပြန်လာတာလေ"

မြို့နှင့်လေးအိမ်တန်းရွာလေးကို ခေါက်တုံ့ခေါက်ပြန် ကူးတို့လုပ်နေသော မြင့်မူ၏ယောက်ျား ကိုလှမြင့်မှာ အလုပ်ကြိုးစား၍ ငွေရှာသူဖြစ်သည်။ ထို့အတူ မြင့်မြင့်မူမှာလည်း နတ်ဂင့်ရင်း ဟောချက်မှန်ကန်မှုကြောင့် နေ့စဉ်ဝင်ငွေရှင်နေသည်။

"မြင့် မီးတွေလင်းထိန်နေပါလား၊ မေးတဲ့သူရှိလို့လား"

"အင်း....ဒီနေ့ည ဒေါ်ကျင်မြတို့ လာမယ်တဲ့"

မကြာမီ ဒေါ်ကျင်မြနှင့် ဒေါ်လုံးတင်တို့ ဝင်လာကြသည်။

"ဩော်....ဒေါ်လေးတို့ ထိုင်ကြပါ"

မြို့နှင့်
လေးအိမ်တန်းရွာလေးကို
ခေါက်တုံ့ခေါက်ပြန်
ကူးတို့လုပ်နေသော
မြင့်မူ၏ယောက်ျား
ကိုလှမြင့်မှာအလုပ်ကြိုးစား၍
ငွေရှာသူဖြစ်သည်။
ထို့အတူမြင့်မြင့်မူမှာလည်း
နတ်ပင့်ရင်း......

www.burmeseclassic.com





"ဆရာမရေ ဒီကဒေါ်လုံးတင်က မေးချင်လို့တဲ့"

"ဩော်.....မြင်ရ၊ ကြားရသမျှတော့ ပြောပြပါမယ်"

မြင့်မြင့်မူမှာ ဘုရားပွဲငါးဖီးပွဲ၌ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထပ်မံထွန်းညှိကာ ရှိသေစွာ ဦးချသည်။ ယင်းနောက် မယ်တော်တစ်ပါးကိုပင့်ရာ ဒေါ်လုံးတင်၏နဖူးကို ဆတ်ခနဲ လက်ဝါးနှင့်ရိုက်လေတော့သည်။

"ငါ့သမီးက ဘာနေ့သမီးလဲ"

"ဗုဒ္ဓဟူးသမီးပါ"

ဒေါ်လုံးတင်က မျက်နှာငယ်လေးဖြင့် ပုဆစ်ဒူးတုပ်ထိုင်ကာ ရှိရှိသေသေပြောလိုက်သည်။

"ငါ့သမီး အိမ်တွင်းရေးပြဿနာမြင်တယ်"

"ဘယ်လိုပါလဲရှင်"

ဒေါ်လုံးတင်က အထိတ်တလန့်မေးလိုက်သည်။

"သမီးယောကျ်ားက သူစိမ်းမိန်းမတစ်ဦးနဲ့ရှုပ်မယ်၊ လင်မယားကြား ပြဿနာရှိတယ်"

"ဟင်....."

ဒေါ်လုံးတင်မှာ မျက်လုံးပြူးကာ ဒေါ်ကျင်မြဘက်သို့ လှည့်ကြည့်လိုက်သည်။

"ပြဿနာ အတော်ကြီးကျယ်မှာလား၊ လင်မယားကွဲကိန်းများရှိမလား"

ဒေါ်လုံးတင်က ရှေ့သို့တိုး၍ မေးရာ မြင့်မြင့်မူက ပြန်ဖြေ၏။

"သမီးရဲ့လင်ယောကျ်ားက ဒေါသကြီးတယ်၊ စိတ်ထက်တယ်၊ မဟုတ်ရင်မခံတတ်ဘူး၊ လက်မကြီးမာပြီးကော့နေတယ်၊ နဖူးမှာ မှဲ့ကြီးတစ်လုံးရှိတယ်၊ ဟုတ်လား"

"ဟယ်.....မှန်လိုက်တာ၊ ရှိပါတယ်"

ဒေါ်လုံးတင်က ခေါင်းတညိတ်ညိတ်လုပ်စဉ် ဒေါ်ကျင်မြမှာ မြင့်မြင့်မူကို အယုံကြီးယုံနေတော့၏။ ဦးစံသိန်းတွင် တကယ်လည်း မှဲ့ရှိသည်ကို ဒေါ်ကျင်မြလည်းသိသည်။

"သမီးက ဘုရားမှာ ပုတီးစိပ်၊ ကိုးနဝင်းပုတီးစိပ်ပါ၊ စိတ်ရှည်ရှည်နဲ့ သည်းခံပါ၊ မိမိယောကျ်ားနဲ့ စကားအချေအတင်၊ ခိုက်ရန်ရှိတယ်၊ သမီးရဲ့ခင်ပွန်း ထောင်ကျကိန်းရှိနေတယ်"

"ဘုရား.....ဘုရား၊ ကယ်[...] ဦးရှင်"

ဒေါ်လုံးတင်မှာ အသံပင်တု[...] ယင်နေပြီဖြစ်သည်။ ခိုကိုးစရာ အ[...] ကိုးရှာသည်။

"ယတြာချေရမယ်"

"ဘယ်လိုယတြာချေရမ[...] ရှင်"

"ဆီးသားကို ဘုရားရုပ်ထု[...] ဝါးညွန့်ကိုးညွန့်ဘုရားမှာလှူလိုက်[...]"

"ဟုတ်ကဲ့၊ လုပ်ပါ့မယ်"

နတ်ပူးခြင်းပြီးသွားပြီးသည်[...] နောက် မြင့်မြင့်မူမှာ ဒေါ်လုံးတ[...] ကိုကြည့်ရာ ဒေါ်လုံးတင်မှာ စိုး[...] ထိတ်လန့်နေ၍ ယတြာမှန်မှန်ခ[...] ရန်ပြောပြီး အားပေးလိုက်သည်[...] ဟောပြောခ ငွေကျပ် ၅၀၀၀ [...] လိုက်သည်။

"အမယ်လေး [...]လိုက်တ[...] ရှင်၊ သူဟောတိုင်းဖြစ်ရင် ဒုက္ခ[...]

www.burmeseclassic.com



ပဲ''

''ဩော် ..... ရှင်ကလည်း ယတြာကောင်းရင် မင်းလောင်း တောင်ပျောက်တယ်ဆိုတဲ့ စကား ရှိပါတယ်''

''အိမ်ရောက်ရင် ဘုရားရှေ့မှာ ပုတီးစိပ်ရမယ်''

ထိုည ဒေါ်လုံးတင်မှာအလွန် ပင်အလုပ်ရှုပ်သွားသည်။

နောက်တစ်နေ့နံနက်လင်းသော် ကွမ်းတောင်းများ၊ ကွမ်းသီးအိတ်များနှင့် မြစ်ဆိပ်ကမ်း၌ချရင်း ဦးစံသိန်းတစ်ယောက် ကူးတို့ကို စောင့်နေသည်။

''ဟော..... လာပြီ''

''ဦးလေး ကွမ်းသီးအိတ်တွေ၊ ကွမ်းတောင်းတွေ အကုန်ချမှာလား''

''အေးကွ၊ အကုန်ချမယ်၊ မင်းက ကူးတို့သမားအသစ်ထင်တယ်''

''ဟုတ်ကဲ့၊ ဒီရွာကိုပြောင်းလာတာ သုံးလပဲရှိသေးတယ်၊ မိန်းမကတော့ နတ်ဟော၊ ဗေဒင်ဟောလုပ်တယ်''

''ဟော..... ငါ့မိန်းမ လုံးတင်လည်း ဒီအလုပ်ပဲလုပ်နေတာ၊ ငါ ရှာလိုက်၊ သူက နတ်သွားမေးလိုက်ပဲကွ''

''ဟား..... ဟား.... ဟား''

ကူးတို့သမားလေး ကိုလှမြင့်မှာ ကွမ်းရောင်းသမား ဦးစံသိန်းနှင့် ခင်သွားသည်။ မြို့၌ဈေးရောင်း၍ အပြန်၌ လှမြင့်ကူးတို့နှင့်ပင်ပြန်လာတတ်သည်။

တစ်နေ့တွင် ကမ်းနားဈေးထမင်းဆိုင်၌ မိန်းမငယ်တစ်ဦးနှင့် ဦးစံသိန်းတို့ တိုးတိုးကပ်၍ ပြောဆိုနေကြသည်။ မိန်းမငယ်မှာ အသက် ၃၅ နှစ်ခန့်ရှိသည်။ ဝတ်စားမှုမှာ ခေတ်မီသည်။ ဆွဲကြိုး၊ လက်ကောက်များ ဝတ်စားထားပြီး ပိုက်ဆံအိတ်တစ်လုံးကိုင်ထားသည်။ သန့်ရှင်းသပ်ရပ်သော ပုံစံရှိသည်။

မျက်နှာအနေအထား တင်းမာပုံရသည်။ ဦးစံသိန်းမှာ မျက်နှာငယ်လေးဖြင့် တောင်းတောင်းပန်ပန် ပြောနေပုံရသည်။ သူတို့ပြောစကားကို မသိသော်လည်း အနေအထား ထူးခြားနေ၍ ကိုလှမြင့်မှာ အာရုံစိုက်နေမိသည်။ သူ့အမြင်နှင့် သူ့အထင်အတိုင်း ယူဆကာ မသိကျိုးကျွန်ပြု၍ ထွက်လာခဲ့သည်။ အိမ်သို့ရောက်သော် သူ၏မိန်းမကို သူ၏အထင်အတိုင်း ဖောက်သည်ချတော့သည်။

''မြင့်ရေ မင်းဆီခဏခဏလာတဲ့ ဒေါ်လုံးတင်ရဲ့ယောကျ်ားက ခပ်ဖြောင့်ဖြောင့်မိန်းမတစ်ယောက်နဲ့ ရှုပ်နေပုံရတယ်ကွ''

''ဟင်..... ဟုတ်လား၊ မြင့်လည်း သူ့မိန်းမကြီးကို အဲဒီအတိုင်း ဟောလိုက်တယ်''

''အဲဒီမိန်းမက ငွေရှိပုံကွ၊ လုံးကြီးပေါက်လှ၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ ထက်ပုံလည်းရတယ်''

www.burmeseclassic.com

"ဟယ်.....မြင့်ရဲ့အာရုံမှာလည်း အဲဒီအတိုင်းမြင်လို့ ဒေါ်လုံးတင်ကို ပြောသေးတယ်"

သို့ဖြင့် ညစာစားပြီး ညကို အေးချမ်းစွာဖြတ်သန်းခဲ့ကြသည်။ နံနက်စောစော လှေကိုကြိုးချည်၍ လှေဝမ်းထဲမှရေများကို ခပ်ထုတ်နေသည်။

"ဟော့.....လှမြင့်ရေ"

"ဗျာ.....ဦးစံသိန်း"

"မင်း နေ့လယ်အားရင် ငါ့ကို ခုနစ်အိမ်တန်းရွာကို လိုက်ပို့ပေးနိုင်မလား"

"ရပါတယ်ဗျ"

သို့ဖြင့် မြို့သို့ကွမ်းပို့အပြီး ဦးစံသိန်းနှင့် သူ၏အဖော် ခပ်ဖြောင့်ဖြောင့်အမျိုးသမီးတို့ကို ခုနစ်အိမ်တန်းရွာသို့ လိုက်ပို့သည်။ မြစ်ကမ်းအရောက် လှေမှအဆင်း၊အတက်ကို ဦးစံသိန်းက ထိုမိန်းမ၏လက်အား တယုတယ ဆွဲငင်ကူညီခဲ့သည်။

"လှေအဆင်း၊ မြင်းအတက်တဲ့၊ သတိနဲ့ဆင်းနော် မစန်းရီ"

"ဩော်.....မစန်းရီတဲ့လား"

အမည်နာမကို သိချင်နေသော ကိုလှမြင့်မှာ ထိုအမျိုးသမီး၏နာမည်ကို သိလိုက်ရသည်။ လှေကို မြစ်ကမ်းဘေးဆိုက်ပြီး လှေထဲ၌ ကိုလှမြင့်က စောင့်နေရသည်။ နှစ်နာရီနီးပါးကြာသော် သူတို့နှစ်ဦး ပြုံးရွှင်စွာ ပြန်လာကြသည်။ ဦးစံသိန်းမှာ မှိုရသောမျက်နှာကြီးဖြင့် မစန်းရီအား ဖေးဖေးမမ ဂရုစိုက်နေသည်။

"ဒီလူကြီးကြည့်ရတာ နှာဘူးကြီးကျနေတာပဲ"

ကိုလှမြင့်မှာ ဦးစံသိန်းကို အမြင်ကတ်၍ အိမ်သို့အပြန်တွင် သူ၏ဇနီးကို အကြောင်းစုံပြောပြတော့သည်။

"မစန်းရီဆိုတော့ အပ်ိုသမီးပေါ့"

မြင့်မြင့်မူမှာ ဒေါ်လုံးတင်က

လှေကို မြစ်ကမ်းဘေးဆိုက်ပြီး
လှေထဲ၌ ကိုလှမြင့်က စောင့်နေရသည်။
နှစ်နာရီနီးပါးကြာသော် သူတို့နှစ်ဦး . . . .

အိမ်အရောက်လာချိန် အပ်ိုသမီ
ဟုဆိုရာ ဒေါ်လုံးတင်မှာ သူ
စုံစမ်းရသမျှ မြို့မ(–)ရပ်ကွက်နေ
မစန်းရီဖြစ်နေကြောင်း သိလိုက်ရ
အတော်ပင်ယုံကြည်လာပြီး မြ
မြင့်မူထံ ချောင်းပေါက်မတတ်လာ
နေချေတော့သည်။

လှေနားချိန် ထမင်းဆိုင်၌ လ
မြင့်ရေနွေးသောက်နေစဉ် ဦးစံသိ
တို့ ဝင်လာသည်။ လှမြင့်မှာ ဆ
ခနဲထ၍ လှေဆီသို့ ဆင်းလာ
သည်။

"ဦးစံသိန်း ခြံကရော ဒီနှ
အထွက်များရဲ့လား"

"မဆိုးပါဘူး၊ ခုနစ်အိမ်တ
ရွာကခြံတွေက အထွက်လည်
ကောင်းတယ်၊ အလုံးလည်းကြ
တယ်"

"ဦးစံသိန်းရဲ့ဖောက်သည်
သမားတွေက သစ္စာရှိပါတယ်၊
ကိုလည်း ကျေးဇူးတင်ပါတယ
အရင်တစ်ခေါက်က အဆင်ပြေ
လို့ဝမ်းသာမိတယ်"

"ခင်ဗျားက စျေးလည်းမြ
ပေးတာပဲဗျာ"

"ကျွန်မ အကျိုးအမြတ်
သလို ဦးစံသိန်းလည်း မနည်းမေ
ပါဘူး၊ ကျွန်မလည်း ယုံကြည်လ
လို့ ရှင့်ကိုငွေအပ်မယ်၊ အဝယ်တ
လုပ်ပေါ့"

"ဗျာ...တကယ်ပြောတာလ



www.burmeseclassic.com

www.burmeseclassic.com



ရာ''

''တကယ်ပါ၊ ရှင်က စိတ်ဆတ်ပေမယ့် စိတ်ကောင်းရှိတာ ကျွန်မယုံတယ်''

ထိုသို့ စီးပွားဖက်နှစ်ဦး ယုံကြည်မှုရလာကာ ဦးစံသိန်းအား ငွေသုံးသိန်းထုတ်ပေး၍ ကွမ်းသီးအဝယ်ခိုင်းသည်။ ယို့အတူ သွားလာရေးအဆင်ပြေစေရန်၊ လူရိုသေ၊ ရှင်ရိုသေဖြစ်ရေးအတွက် အင်္ကျီနှင့်ပုဆိုးတစ်စုံ လက်ဆောင်ဝယ်ပေးလိုက်သည်။

''ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ဘဝမှာ ဒီလိုအဝတ်ကို ဒီတစ်ခါပဲ ဝတ်ရတာ''

မစန်းရီမှာ ရိုးသားပွင့်လင်းစွာ ပြောနေသောဦးစံသိန်းကို ကရုဏာဖြစ်စွာ ကြည့်နေမိသည်။

ထိုနေ့ညနေ ကူးတို့လှေစီးရင်း ရေမျက်နှာပြင် နီကျင်ကျင်ကိုကြည့်ရင်း ပြုံးရွှင်စွာ လိုက်ပါလာသော အသွင်ထူးသည့် ဦးစံသိန်းကို ကိုလှမြင့်က အကဲခတ်နေသည်။

အိမ်သို့အရောက် ငွေထုပ်နှင့် အင်္ကျီထုပ်လေးကိုပိုက်ကာ ပြုံးပြုံးရွှင်ရွှင်နှင့် အိမ်ပေါ်သို့လှမ်းတက်လိုက်သည်။

''နတ်သိကြားများ၊ မယ်တော်များ မတော်မူပါ၊ ဤအင်္ဂါသမီး မစန်းရီဆိုသော သူတစ်ပါးလင်အားကြံသူ မိန်းမပျက်ကို အဝေးသို့နှင်၍ သမီးတော်ယောက်ျားက မုန်းတီးပါစေသား၊ မ,စစောင့်ရှောက်တော်မူပါ''

''ဟင်.....မလုံးတင်''

''ရှင်...ကို.....ကိုစံသိန်း''

''မင်း ဘာတွေလုပ်နေတာလဲ''

''ရှင်က မုန်းရက်ပေမယ့် မိန်းမဖြစ်သူက လင်ကိုမပစ်ရက်နိုင်လို့ ယတြာချေနေတာလေ''

''ဟာ....မိန်းမရာ၊ ရူးလည်းရူးပါပေ့''

''ဟုတ်တယ်၊ ကျွန်မ ရူးနေတာကြာပြီ၊ ရှင့်ကြောင့်၊ ရှင့်ရဲ့သစ္စာမဲ့မှုကြောင့် ကျွန်မအသည်းတွေ၊ ရင်တွေ ကွဲကြေပြီး နာကျင်ခံစားနေရတာလေ''

''ဟာ...ငါ့မိန်းမကို ငါအချစ်ဆုံး၊ ငါ့မိန်းမကလွဲရင် ဖွဲနဲ့ဆန်ကွဲပါကွာ၊ ငါကြိုးစားနေတာ မင်းအတွက်ပါ''

''နားထောင်လို့တော့ကောင်းသားပဲ''

''ကဲ.....ထမင်းခူးကွာ''

''မအားဘူး''

''မင်း ဘာဖြစ်နေတာလဲ''

''ရှင်ဖြစ်နေတာလေ''

''မင်းလွဲမှားနေပြီ မိန်းမ''

''ရှင်က တလွဲတွေလုပ်နေတာကိုး''

''မလုပ်ရပါဘူးကွာ၊ ဒီမှာငွေ

နတ်သိကြားများ

မယ်တော်များ မတော်မူပါ၊

ဤအင်္ဂါသမီး

မစန်းရီဆိုသော

သူတစ်ပါးလင်အားကြံသူ

မိန်းမပျက်ကို အဝေးသို့နှင်၍

သမီးတော်ယောက်ျားက. . .

ထုပ်၊ ငါ့ကိုယုံလို့ သုံးသိန်းထုတ်ပေးတယ်''

''ဒီအထုပ်ကရော''

''အင်္ကျီနဲ့ပုဆိုးလက်ဆောင်''

''ဘာ...ဘာ..လက်ဆောင်တွေဘာတွေနဲ့ အချစ်တွေထူးနေပါလား''

''ဟာ....မဟုတ်တာမပြောပါနဲ့''

''ဘာမဟုတ်ရမှာလဲ၊ အကောင်အထည်ပေါ်နေတာတောင် မုန်လာဥလုပ်ချင်နေသေးတယ်''

''မိလုံးတင်ရယ် ငါရက်လို့ပါကွာ''

''အို.....ကျုပ်က ရက်ရုံတင်မကဘူး၊ ရင်ပါကွဲနေပြီရှင့်''



www.burmeseclassic.com

www.burmeseclassic.com

“မင်းမယုံရင်လည်း ကြိုက်သလိုလုပ်ကွာ”

“ကောင်းပြီ၊ ရှင် ကျုပ်နဲ့ကွာပေး”

“ဘာ.....”

အလွန်ချစ်သော ဇနီး၏နှုတ်မှ စိမ်းကားရက်စက်သောစကားကို ကြားရသဖြင့် ဦးစံသိန်းမှာ အလွန်အံ့အားသင့်သွားသည်။

“အေး....မင်းဒီလို ယုံစားနေတဲ့ သံသယတွေက တရားခံဘယ်သူလဲဆိုတာ ငါသိပြီ”

ငယ်ပေါင်းချစ်ရသူ မိန်းမ၏ သံသယမီးကို ပိုမိုလောင်ကျွမ်းစေသူမှာ မြင့်မြင့်မူနှင့် ကိုလှမြင့်တို့သာဖြစ်ကြောင်း ဦးစံသိန်း နားလည်လိုက်သည်နှင့် နံရံမှ ဓားရှည်ကိုဆွဲကာ လှမြင့်တို့အိမ်သို့ ပြေးလာခဲ့ပေတော့သည်။

“ငါ့မိန်းမကို လှုံ့ဆော်သွေးထိုးပြီး အမြင်မှားအောင်လုပ်တဲ့ လင်မယားတွေ၊ သေစမ်းကွာ..... သေစမ်း”

“ကဲ.....ကဲ”

“ဒုတ်.....ဒုတ်”

“အား.....”

“အမယ်လေး.....”

ထမင်းစားနေသော လင်မယားနှစ်ဦးစလုံးကို ဓားရှည်ဖြင့် ခုတ်ရာ နှစ်ဦးစလုံး နေရာတွင် ပွဲချင်းပြီးသေဆုံးလေတော့သည်။

♛♛♛♛♛



မြို့မရဲစခန်းအတွင်း နှစ်လောင်းပြိုင် လူသတ်မှုကြောင့် စခန်းမှူး ဒုရဲမှူး ကြည်နိုင်နှင့် အမှုစစ် အရာရှိ ရဲအုပ်စစ်နိုင်တို့မှာ ခေါင်းချင်းရိုက်လျက်ရှိသည်။

“ကဲ..တရားခံ စံသိန်းကို ခေါ်ခဲ့ကွာ”

စံသိန်းရောက်လာသော အခါ စခန်းမှူးက မေးခွန်းထုတ်လိုက်သည်။

“ခင်ဗျား ဓားနဲ့ခုတ်သတ် ခင်ဗျားပဲ ရဲစခန်းလာပြီး အဖမ်း တာ၊ ခင်ဗျားရဲ့ အမြင်မှန်ရမှု တော့ ဝမ်းသာပါတယ်၊ ခင်ဗျ ဘာဖြစ်လို့ ဒီလောက်ဒေါသကြီး လင်မယားနှစ်ဦးစလုံးကို သတ် တာလဲ”

“ကျွန်တော်တို့လင်မယား အရမ်းချစ်ခဲ့ကြတာပါ၊ ကျွန်တေ မိန်းမ ဘာလုပ်လုပ် ခွင့်လွှတ် ရှာဖွေကျွေးမွေးခဲ့တာပါ၊ သူကကျွ တော့်အပေါ် အမြင်မှားလာအော လှမြင့်က သူ့အမြင်၊ သူ့အယူအ တွေနဲ့ သူ့မိန်းမ မြင့်မြင့်မူကိုပြေ တယ်၊ မြင့်မြင့်မူက နတ်လို မယ်တော်တစ်ပါး ဝင်ပူးသလိုလို ကျွန်တော့်မိန်းမကိုဟောပြီး ငွေညှ တယ်၊ မိန်းမဆိုတာ စိတ်အားငယ် တတ်၊ ယုံကြည်လွယ်တတ်တော လှမြင့်ပြောသမျှစကားထက်ပိုယုံ ပို ကြောက်အောင် ဖြစ်ခြောက်တယ် မိန်းမကယုံပြီး ကျွန်တော့်အပေါ် တကယ်အငြိုးကြီးပြီး ရန်ရှာတော့ ငယ်၊ နောက်ဆုံး လမ်းခွဲဖို့အထိ ပြောလာတော့ ကျွန်တော် အရမ်း ခံစားရတယ်၊ ဒါကြောင့် တရားခံ အစစ်ဖြစ်တဲ့ သွေးထိုးသူလင်မယား ကို ဒေါသအလျောက် ခုတ်သတ် မိပါတယ်”

စံသိန်းမှာ ခြေရင်း တုန်ယ



www.burmeseclassic.com


www.burmeseclassic.com



ိုက်မောစွာ မျက်ရည်များကျလာ
သည်။

"နေပါဦးဗျ၊ ခင်ဗျားနဲ့မစန်းရီ
ိုတာ ဘယ်လိုဆက်ဆံရေး
း‌လဲ"

"ကျွန်တော်တို့က ရိုးရိုးသား
ား စီးပွားဖက်ပါ၊ မစန်းရီကငွေ
ုထုတ်ပေးတယ်၊ ကျွန်တော်က
မ်းသီးကောက်ပေး
ယ်၊ ခြံတွေ
ားပြီး ခြံရှင်တွေနဲ့
က်စပ်ပေးတယ်၊
 လိုလုပ်ရင်း
ကျိုးအမြတ်ရ
ာရင် မစန်းရီက
န်တော့်ကို မျှတ
ေးတယ်၊ ရွာတွေ
 နှစ်ဦး သွား
ားတာက ခြံတွေ
လျှောက် ကြည့်
 ဆက်စပ်တာပါ၊
ကို လှမြင့်က သူ့
ဆင်နဲ့သူ သွား
ေလေလွင့်ပြောတယ်၊ မြို့မှာ
ချင်းတိုင်း ကျွန်တော်တို့ဆုံဖြစ်
ကို လှမြင့်က အယူလွဲပြီး
ဆင်မှားတယ်၊ နတ်၊ ဗေဒင်
ယွယ်တဲ့ ကျွန်တော့်မိန်းမက
ုတို့ပြောသမျှ ယုံတယ်၊ သူယုံ
ေလ မြင့်မြင့်မူဆိုတဲ့ နတ်
ာဆရာမက ငွေယူလို့



ကောင်းလေပေါ့၊ လောဘကြီးပြီး
သူတစ်ပါးအကျိုးပျက်အောင်လုပ်
တဲ့လင်မယားကို လူပြည်မှာမထား
တော့ဘူးဆိုပြီး သတ်လိုက်မိပါ
တယ်"

"ဖြစ်ရလေဗျာ၊ လူတွေနှုတ်
က တယ်လည်းကြောက်စရာ
ကောင်းပါလား၊ ဒါကြောင့် ဘုရား
သခင်က 'ပိသုဏာဝါစာ'ဆိုတဲ့ဝစီ
ကံကို ရှောင်ခိုင်းတာပေါ့
ဗျာ"

"ကျွန်တော့်ရဲ့
တဒင်္ဂဒေါသ ကို
မချုပ်တည်းနိုင်ခဲ့လို့
ဘဝတစ် ခုလုံး ပျက်စီးရပြီပေါ့ဗျာ"

"ဒါပဲပေါ့ဗျာ၊ လူတွေဟာ
စောင့်ထိန်းမှုဆိုတဲ့ သမာဓိတရား
မရှိကြလို့ လက်လွတ်စပယ်ပြောသူ
ကပြော၊ ယုံတဲ့လူကယုံ၊ လုပ်တဲ့လူ
က မစဉ်းစားဘဲ လုပ်ချင်သလိုလုပ်
ကြလို့ လူမှုဒုက္ခတွေဝေနေတာပေါ့
ဗျာ"

"ကျွန်တော်မှားပါပြီ ဆရာ၊
ကျွန်တော့်ပြစ်မှုအတွက် ပေးအပ်
လာမယ့် ပြစ်ဒဏ်ကို ခံပါတော့
မယ်"

"အေးဗျာ၊ လူသားနှစ်ဦးမှာ
ပြစ်ချက်ကြီးမားစွာမရှိဘဲ နှုတ်
ကြောင့်သေကြရတယ်၊ ခင်ဗျားက
လည်း အတွေးအခေါ်အားနည်းပြီး
ဒေါသကြီး၊ စိတ်တိုမှုကြောင့် ဘဝ
မှာ ဒုက္ခဆင်းရဲကြုံရတော့တယ်"

စခန်းမှူးက တရားချရင်း လူ
ရိုးစိတ်တိုသမားကြီး စံသိန်းအား
မျှတသောပြစ်ဒဏ်ပေးရန်
စွဲချက် တင်ရေးအတွက်
အမှုစစ်အရာရှိနှင့် ဆွေး
နွေးရင်း ကျန်ရစ်ခဲ့ပေတော့
သည်။

စံသိန်းကား မျက်
ရည်များဖြင့် လေးတွဲ့သော
ခြေလှမ်းနှစ်စုံကို အချုပ်ခန်း
ဆီသို့ဦးတည်လျက် တရွေ့ရွေ့
လျှောက်သွားနေပေတော့သည်။

**ခင်ဦး (ပုတီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# ကြယ်စင်တစ်ပွင့်

နှင်းစက် (လားရှိုး)

"တကယ်ပြောတာ နွယ်ရဲ့၊ နွယ် တကယ်လို့များ သေသွားခဲ့ပြီဆိုရင်လေ ဟောဒီမိုးကောင်းကင်ကြီးပေါ်မှာ ကြယ်စင်တစ်ပွင့်ထပ်တိုးနေလိမ့်မယ်၊ သိလား"

"ယုံတမ်းစကားတွေလား မောင်၊ အဟင်းဟင်း...မောင်ပြောတာကို နွယ်ယုံလိုက်ပါ့မယ်၊ အင်း.....ဒီလိုဆိုရင်တော့ အဲဒီကြယ်စင်လေးတစ်ပွင့်ကို မောင်မော့ကြည့်နိုင်အောင်လို့ နွယ်က အရင်သေပြရမှာပေါ့"

သူနှင့်နွယ်တို့၏ ရယ်သံလေးတွေ ညံခနဲ။ ထိုအချိန်က ဘာရယ်မဟုတ် ပြောမိပေမယ့် တကယ်တမ်း တည်ငြိမ်လာရသောအသက် သုံးဆယ်အရွယ်သို့ အရောက်မှာတော့ စကား နောက်ဘရားပါဆိုတာကို အနည်းအကျဉ်းမျှ သူလက်ခံနိုင်ခဲ့ပါပြီ။ နွယ်ပြောသလို နွယ် အရင်သေခဲ့ရင်.....။

♛♛♛♛♛

"သားရေ သွားဦး၊ ကျူရှင်လခ ပေးရမှာမို့ ငွေငါးထောင်လောက်ကို မေနွယ်ခဏလှည့်ပေးပါဦးလို့"

သူ့ဇနီး ကေသီထွေးမှာ နွယ်နှင့်သူ့ကို သဝန်တိုဖို့နေနေသာသာ အရေးဟယ်၊ အကြောင်းဟယ်ဆိုလျှင် နွယ့်ကိုသာ ကိုးကွယ်ရာ။ ကေသီထွေး သားဦးလေးကို စတင်မျက်နှာမြင်ရပြီဆိုကတည်းက နွယ့်မှာ သူမကိုယ်တိုင် မီးဖွားရသလိုမျိုး။

သားဖွားဆောင် မွေးခန်းထဲကနေ 'ကေသီထွေးရဲ့ဘေဘီ'လို့ နွယ့်လက်ထဲ လာထည့်တဲ့အခါ အနီးထုပ်ထဲမှ နီတာရဲကလေးလေးကို စတင်ထွေးပွေ့ခွင့်ရခဲ့သူကလည်း နွယ်ပါပဲလေ။ နောက်ထပ် သမီးလေးတိုးလာပြန်တော့လည်း နွယ့်မှာ သွေးထုတ်နေရင်းတန်းလန်းကနေ ဆုတောင်းပေးနေခဲ့သတဲ့။



အင်းစိန်ဆေးရုံကြီး သွေးလှူဘဏ်ကနေ သားဖွားဆောင်ထဲက ကေသီထွေးအတွက် စိတ်ပူပေးခဲ့ရှာတဲ့နွယ်။ သွေးလှူဘဏ်နဲ့ သား ဖွားဆောင် မဝေးလှပေမယ့် နွယ့်မှာ ကေသီထွေးအတွက် တစ်ဝ



www.burmeseclassic.com

www.burmeseclassic.com

စာမျှ အချိန်တွေကြာခဲ့ရသလိုပါပဲ တဲ့လေ။

ဒုတိယသမီးလေးကို လွယ်ထားရတဲ့ ကိုယ်ဝန်ခြောက်လ အရောက်မှာပဲ ကေသီထွေး၏ မိဘနှစ်ပါးလုံးက တောင်ကြီး၊ အင်းလေး၊ ပင်းတယ ဘုရားဖူး ယာဉ် တိမ်းမှောက်တဲ့အထဲပါ သွားခဲ့ပါသည်။

ကိုယ်ဝန်ကြီးနှင့် ကေသီထွေး တစ်ယောက် စိတ်ကျရောဂါ မခံစားရအောင်လို့ နွယ့်မှာ ကေသီထွေးကို နေ့ရော ညပါ ဖေးမ၊ ကူညီ စောင့်ရှောက်ခဲ့ရှာပါသည်။ ထို့ပြင် သားကြီးဖျားနေသလား၊ ကျောင်းသွားသလား၊ စာလိုက်နိုင်ရဲ့လားဆိုသော ကေသီထွေး၏ကိုယ်စား နွယ် ကပဲ စိုးရိမ်ပူပန်ခဲ့ရရှာပါသည်။

ယခုလည်း ခွဲစိတ်ခန်းကထွက်လာလျှင် သွေးအားနည်း၍ မျှော်လင့်ချက်အနည်းငယ်သာ ကျန်ရှိတော့သည့် ကေသီထွေးအတွက် သွေးအမျိုးအစားတူသော နွယ့်မှာ သွေးပါထုတ်၍ ကူရပြီ။ နွယ်က ဒီ တစ်ကြိမ်နှင့်ဆိုပါလျှင် အရေးပေါ် သွေးလှူပေးခဲ့တာ ရှစ်ကြိမ်ရှိပြီမို့ တစ်ခါမှ သွေးမလှူဖူးသော သူ့မှာ သာဓုတွေသာ အကြိမ်ကြိမ် ခေါ်ရပါသည်။

သူ၏ဆွေမျိုးသားချင်းများက နှမ်းဖြူးရုံသာ တတ်နိုင်သည်မို့ ထုံး စံအတိုင်း သန့်စင်ထားသော အနီး



ပိတ်ဖြူဖြူလေးထဲမှ ဒုတိယသမီး လေးကို သူနှင့်ကေသီထွေးအရင် ထွေးပွေ့ခွင့်ရခဲ့သူမှာလည်း နွယ်ပဲ ဖြစ်ခဲ့ရပါသည်။ နွယ်၏သစ္စာ၊ မေတ္တာတရားကြောင့်ပဲလားတော့ မသိပါ။ သားကောသမီးပါ နွယ့်ကို မေနွယ်လို့ ခေါ်ဝေါ်တွယ်တာခဲ့သော အခါ မထူးဆန်းပါတော့။

ဆေးကုမ္ပဏီတစ်ခုမှာ အလုပ် လုပ်နေရသော သူ့အတွက် နယ်ဘက်ကုမ္ပဏီများသို့ အလှည့်က... သွားရောက်စာရင်းယူရသောအ... မျိုးတွေမှာ နွယ်တို့မိသားစုသည်... ဆွေမျိုးများပမာ။

"အို.....ငွေထုတ်ဖို့ကို ... နွယ့်နာမည်နဲ့ပဲ လွှဲခိုင်းချေ၊ အ... က ဘာမှနားလည်တာ မဟု... ဘူး"

သူ နယ်ဘက်... ရောက်နေချိန် ရုံးချ... မှာထုတ်ရမယ့် လစာ... ကို ထုတ်ယူမည့် ကိုယ်စားလှယ်သည် 'ရင်နွယ်ဆက်' သ... ဖြစ်နေခဲ့ပါသည်... တစ်ခါကလည်း နွယ်... မင်္ဂလာဈေးဘက်... အသွား သူ့မိတ်ဆွေ... တစ်ယောက်က...

'ဟာ . . . မရင်နွယ်ဆက်၊ ... ဝယ်လာတာလား၊ ကိုငြိမ်း ... ကောင်းတယ်မဟုတ်လား၊ မိသား... စုလိုက် ကျွန်တော့်အိမ်လာလည်... ကြဦးဗျာ"

ထိုသို့ဆိုပြီး လိပ်စာကတ်ထု... ပေးသွားသည်။ နွယ့်မှာ ကျေ... တော့ လေ့သူကြီးဖြစ်နေရရှာ... တော့၏။

တကယ်တမ်းလည်း ပတ်ဝန်း... ကျင်ကကော၊ ကိုယ်စောင့်နတ်တွေ...



www.burmeseclassic.com

www.burmeseclassic.com



ကပါ သူနှင့်နွယ့်ကို ရာသက်ပန်မျိုးမြေကျ ပေါင်းသင်းခွင့်ရနိုင်ကြမည်လို့ ထင်ခဲ့ကြပါလိမ့်မည်။

"နွယ်နဲ့ကိုကို့ကို အထွေး သဝန်မတိုဘူးလား"

ထိုသို့ ကေသီထွေးကို သွေးတိုးစမ်း၍ မေးခဲ့ဘူးပါသည်။ ထိုအခါ ကေသီထွေးတစ်ယောက် သူ့ကို ထူးဆန်းစွာကြည့်လာပါတော့သည်။ ဟုတ်သည်လေ။ သူနှင့်နွယ်အကြောင်းသိကြသော ပတ်ဝန်းကျင်က ကေသီထွေးအတွက် စိတ်ခံရောင်စုံကို ဖန်တီးပေးနိုင်ကြသည်လေ။

"ကိုကိုရယ် ကိုကိုနဲ့အထွေး အတူတူနေရချိန်ထက် မမနွယ်နဲ့ အတူနေရချိန်က ပိုများနေတာမို့ မမနွယ်ရဲ့စိတ်ကို အထွေးအသိဆုံးပါ၊ အထွေးသေရင်တောင်မှလေ မမနွယ်က ကလေးနှစ်ယောက်အတွက်ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး ဖျာဝင်ခင်းမှာမဟုတ်ဘူး ကိုကို"

"အလဲ့လဲ့.....နွယ့်ရှေ့နေ အထွေးက လေလုံးထွားလှချည်လား"

"လေလုံးထွားတာမဟုတ်ဘူး ကိုကို၊ ကိုကို့ကို မမနွယ်လိုချင်မှဖြင့် အထွေးနဲ့ကိုကို မယူခင်ကတည်းက မမနွယ်က ကိုကို့ကို ယူမှာပေါ့၊ မမနွယ် ဒီလောက်လုပြီး ဒီလောက်ကျက်သရေရှိတဲ့ ဆံပင်ရှည်ကြီး ပိုင်ဆိုင်ထားတာကို၊ ကိုကို့လိုလူမျိုးကို မာယာထောင်ချောက်တောင် ဆင်စရာမလိုပါဘူး၊ ရပ်ကွက်ထဲက ကာလသားကော၊ ပျို့ပျို့အိုအို ယောကျာ်းမှန်သမျှက ဘာပဲလုပ်ရလုပ်ရလေသီချင်းတွေ စောင်းမြောင်းဆိုလို့ နည်းလမ်းမျိုးစုံ ရှာနေကြတုန်း၊ ဟိုတစ်နေ့ကဆိုရင် ပရဟိတအဖွဲ့က တက္ကသိုလ်ကျောင်းသူလေးတွေကတောင် မမနွယ်အတွက် ဒေါသတွေဖြစ်ရလို့ပါဆို"

ကေသီထွေး၏စကားကို သူစိတ်ဝင်စားသွားရပါသည်။

"ဘာ.....ဘာတွေကြောင့် ဒေါသဖြစ်ရတာလဲဟင်"

> ကေသီထွေးကို သွေးတိုးစမ်း၍ မေးခဲ့ဘူးပါသည်။ ထိုအခါကေသီထွေး တစ်ယောက်သူ့ကို ထူးဆန်းစွာ ကြည့်လာပါတော့သည်။ ဟုတ်သည်လေ။ သူနှင့်နွယ် အကြောင်းသိကြသော....

"ဘာဖြစ်ရမှာလဲ ကိုကိုရဲ့၊ နာရေးကူညီမှုအသင်းရုံးချုပ်ရှိတဲ့ မြောက်ဒဂုံကို လိုင်းကားစီးပြီးသွားကြတာကိုလေ လူတစ်ယောက်က အင်းစိန်ကနေ မြောက်ဒဂုံအထိ တောက်လျှောက်လိုက်လာတာတဲ့၊ တက္ကသိုလ်ကျောင်းသူလေးတွေက ဘာသင်တန်းပို့ချပွဲတက်ဖို့ဆိုလား၊ အဲဒါသွားတာကို မမနွယ် လိုက်ပို့ပေးခဲ့တာ၊ နောက်ဆုံး မမနွယ်ရဲ့ သိက္ခာကိုလည်း ငဲ့ပါဦးကွယ်လို့ မမနွယ်တောင်းပန်မှပဲ လှည့်ပြန်သွားတာတဲ့၊ အဲဒီလူက အသက်အစိတ်ဝန်းကျင်လောက်ပဲရှိသေးတာတဲ့၊ အမယ်.....သူကလေ မမနွယ်ကို မရရင် သူ့ကိုယ်သူ သတ်သေမယ်လို့တောင် ခြိမ်းခြောက်သွားသေးသတဲ့"

သူ့ရင်တွေ အမောကြီးမောရပါပြီ။ မွေးရနံ့ကို လေညင်းဆောင်ပေးခဲ့ပြီတည်း။ နွယ့်ဘဝ ထာဝစဉ်မွှေးပျံ့နိုင်ပါစေလေ။

♛♛♛♛♛

'တစ်ပင်တည်းရင်ထဲကနွယ်' သီချင်းကို ဂီတာတစ်လက်ဖြင့် ကျွမ်းကျင်အောင် သင်ခဲ့ဖူးပါသည်။ ဂီတာတဒင်ဒင် တဒေါင်ဒေါင်ဖြင့် ညစဉ် သူတို့လူငယ်အဖွဲ့ နှစ်ပါးရီကြာမျှ အချိန်ဖြုန်းတတ်ပါသည်။

www.burmeseclassic.com



တစ်ခါတလေ နွယ်တို့မိသားစု စကားလက်ဆုံပွဲကျသော နေ့ရက်များနှင့် ကြုံကြိုက်ပါက သူတို့ ခဲမလောက်တီးဝိုင်းအတွက် လက်ဖက်သုပ်တစ်ပန်းကန်ပင် ရောက်လာတတ်ပါသေးသည်။

တချို့သောသမီးရှင်များက အိမ်ရှေ့ဂိတ်တာတီး၊ ပိုးပန်းလာသူတွေကို ရပ်ကွက်ရုံးတိုင်ပြီး ဖယ်ရှားခိုင်းကြ၊ လေးခွနှင့်ပစ်ကြရှိသော်လည်း နွယ်တို့မိဘများကတော့ ခေတ်ရေစီးကြောင်းကို သဘောထားကြီးစွာဖြင့် လက်ခံတတ်ပါသည်။ ကဲ့ရဲ့ဝေဖန်တတ်သည့် ပတ်ဝန်းကျင်ကတော့.....

"ဟွန်း...အဘိုးကြီးက သမီးတွေမွေးထားပြီး အိမ်ရှေ့ကာလသားတစ်သိုက် လမ်းသလားနေတာကို မျက်နှာပွင့်ချေရဲ့ဆိုပြီး ဂုဏ်ယူနေတာ"

ထိုစကားအတွက် သူ့မှာ ခံပြင်းရလျက် နွယ့်ကိုပြောပြဘူးသည်။

"မောင်ရယ် နွယ်တို့မိသားစုအတွက် သိပ်မခံစားနဲ့နော်၊ တစ်ခါကရောဝတီညများရုပ်ရှင်ထဲကလိုပေါ့၊ အကယ်ဒမီလွင်မိုးက မိုးသန္တာထက်ကို ပြောတာလေ၊ ဖေဖေတို့ခေတ်တုန်းက ကိုယ့်နိုင်ငံအတွက် ဘာလုပ်ပေးရင်ကောင်းမလဲလို့ စဉ်းစားခဲ့ကြပေမယ့် အခု သမီးတို့ခေတ်က ဒီလိုမျိုးမဟုတ်တော့ဘဲ ငါ့နိုင်ငံ၊ ငါ့တိုင်းပြည်က ငါ့ကိုဘာလုပ်ပေးနိုင်မလဲလို့ မျှော်လင့်ကြတာလို့ ပြောတာလေ"

သူ့မှာ ဟာခနဲ နွယ့်ကိုအထင်ကြီးစွာ ကြည့်လိုက်မိပါသည်။

"ဒီလိုပါပဲ မောင်ရယ်၊ နွယ်တို့မိသားစုက အရမ်းကြီးမချမ်းသာပေမယ့် အများအတွက်ဆိုတာကိုပဲ အလေးထားတယ်၊ ကိုယ့်ဘဝကို မမြင့်တင်ပေးနိုင်တဲ့ အပြစ်မြင်တတ်သူ၊ ကဲ့ရဲ့တတ်သူ လူနည်းစုကိုတော့ ချန်လှပ်ထားခဲ့ရတာပေါ့၊ မဟုတ်ရင် သူတို့အတွက် အချိန်ကုန်တာပေါ့ မောင်ရယ်၊ နောက်ဆုံးအနေနဲ့ အဲဒီလူနည်းစုကို လိုအပ်လာရင် မဖြစ်မနေ နွယ်တို့လိုဖြစ်လာအောင်လို့ လက်တွဲခေါ်ယူရမှာပေါ့"

နွယ်တို့မိသားစုနှင့် သူတို့မိသားစု လက်ပွန်းတတီး သိပ်မရှိလှသော်လည်း နွယ်တို့အိမ်ကို သူမကြာမကြာ ရောက်သွားတတ်ပါသည်။ စတိုးဆိုင်သေးသေးလေးနှင့် အပ်ချုပ်ဆိုင်ကိုတွဲ၍ အိမ်ရှေ့မျက်နှာစာအပြည့် ဖွင့်ထားသော နွယ်တို့မိသားစုဆီသို့ ဈေးဝယ်အကြောင်းပြကာ သူရောက်သွားတတ်ပါသည်။ နွယ့်အစ်မတွေက အဝတ်အစားချုပ်တာ အရမ်းတော်ပါသည်။ အပ်ထည်များက ပုံကာလျှံကာရှိနေတတ်ပါသည်။

အကောင်းမြင်စိတ်ထား[...] သော မိသားစုမှန်း သူလက်[...] လိုက်ရသော နေ့ရက်တစ်ရက်ရှိ[...] ပါသေးသည်။ ထိုနေ့က သူဈေး[...] ကအတွက် နွယ်၏မိခင် ဈေးဝယ်[...] ပြန်တာနှင့်ကြုံသည်။ သူဆွဲခြင်း[...] ကူဆွဲဖို့ ပြေးအလာ နွယ့်မိခင်[...] ရောက်ခါနီး ဆယ်ပေလောက်[...] အကွာမှာပဲ လမ်းဘေးပုံ့ကျကု[...] စိမ်းသည်က သုံးပြီးသားရေညှိ[...] တွေကို လမ်းမပေါ် ဗွမ်းခနဲလှ[...] အပေါ်.....

"ဟယ်....အန်တီ့ကို ရေတွေ[...] လောင်းမိပြီ၊ ဒါရန်စတာပဲ"

သူ့မှာ လက်သီးလက်မောင်း[...] တန်း၍ ထိုဈေးသည်နှင့် ရန်ဖြစ်ဖို့[...] အသင့်ပြင်ထားလိုက်သည်။ ထိုဈေး[...] သည်နှင့် နွယ့်မိခင် နင်ပဲငါ[...] စကားများကြလျှင် နွယ့်မိခင်ဘက်[...] က ကူညီပေးဖို့ဖြစ်သည်။

"အန်တီလာတာကို မမြင်[...] လိုက်မိလို့ပါ၊ မတော်လို့ပါနော်"

"ရပါတယ်ကွယ်၊ တစ်ကိုယ်[...] ရေသန့်ရှင်းမှုက အရေးကြီးတယ်[...] ခုလို ရေတွေစိုသွားတော့ အိမ်[...] ရောက်တဲ့အခါ မဖြစ်မနေ ရေချိုး[...] ရတော့မှာမို့ သန့်ရှင်းစင်ကြယ်သွား[...] တဲ့အခါ ရောဂါကင်းတာပေါ့၊ အန်[...] တီကတော့ ကျေးဇူးတင်မိပါရဲ့"

ဈေးသည်ကောင်မလေးမှာ[...]



www.burmeseclassic.com

www.burmeseclassic.com



ချက်လုံးလေး ကလယ်ကလယ်။ အနီးအနားမှ အပေါင်းပါဈေးသည်တွေလည်း အပြေးထလာ၍ နွယ့်မိခင်ကို ထိုင်မရှိခိုးရုံတမယ်။ နွယ့်မိခင်၏အပြုံးကို ပန်းချီရေးလို့ပင် မိနိုင်မည်မထင်ပါတော့။

"ကျေးဇူးတင်လိုက်တာ အန်တီရယ်၊ ကျေးဇူးတင်လိုက်တာ၊ အန်တီက မကျေနပ်လို့ ဈေးခေါင်းချုံးသွားတိုင်ရင် ကျွန်မတို့ လမ်းဘေးမှာ ဈေးရောင်းရတော့မှာ မဟုတ်ဘူး။ ဟဲ့..ကောင်မတွေ နင်တို့တွေ နောက်တစ်ခါ ရေလောင်းရင် ကြည့်လောင်းကြချေ၊ ဒါ ဒီအန်တီမို့လို့ပေါ့၊ တခြားလူဆိုရင် ပါးတောင်ရိုက်သွားဦးမယ်၊ ဘယ်လိုမှ သဘောမထားပါနဲ့ အန်တီရယ်.....နော်"

နွယ့်မိခင်ကို တောင်းပန်လိုက်၊ အချင်းချင်း အော်ကြဟစ်ကြနှင့် နွယ့်မိခင်၏ ဈေးဆွဲခြင်းတောင်းထဲ ခရမ်းသီး၊ ပဲသီး၊ ခုံးပတီသီးတို့ပြည့် သွားပါတော့သည်။ သူ့မှာအပြေးအလွှား ဆွဲခြင်းကို သွားကူဆွဲရသည်။

"အေးပါကွယ်၊ ခုလိုပေးကြတဲ့ အသီးအနှံတွေကို သီးစုံဟင်းလေးချက်ပြီး ထိုင်ကိုယ်တော်တွေကို ခုနစ်ရက်သားသမီးအလှူအဖြစ် လှူပေးမယ်နော်၊ လူဆိုတာအညွှန့်နဲ့နေတာပါကွယ်၊ တစ်သက်လုံး ဈေးရောင်းရမယ်လို့တော့ မရှိပါဘူး၊ ဩော်.....သူလေးက အောင်ငြိမ်းချမ်းတဲ့၊ ကိုငြိမ်းလို့ပဲ ခေါ်ကြတယ်၊ အနောက်ပိုင်းတက္ကသိုလ်မှာ အဝေးသင်ဒုတိယနှစ် တက်နေတာလေ"

နွယ်၏မိခင်က ဆွဲခြင်းကူဆွဲပေးသော သူ့ကိုပါ ဈေးသည်များနှင့် လှမ်း၍မိတ်ဆက်ပေးနေပါသေးသည်။ ထိုစဉ်က ဈေးသည်များကို ဈေးသည်များဟုသာ အရိုးစွဲခဲ့သည့်အတိုင်း မတူမတန်သဘောထားတစ်ခု ထားခဲ့မိသည်ကအမှန်ပင်။ အမြဲတမ်း ချွေးနံ့တွေ နံ့နေတတ်ပြီး နေလောင်ထားသော အသားအရေ၊ ကြမ်းတမ်းသော စကား၊ ပါးကွက်ကျားများကို သူရွံမိသည်။

ဒီနေ့တောင်မှ နွားနို့ဆိုင်သို့ နွားနို့ပုလင်း လာဝင်ပို့ရင်း အင်္ဂလိပ်စာသင်တန်းသို့သွားရန် ဈေးရှေ့ကဖြတ်လမ်းမို့ ရောက်ခဲ့မိတာဖြစ်သည်။ အိမ်က နွားနို့ကို တစ်ရက်ခြားယူသလို နွားနို့ပုလင်းပြန်ပို့ပေးရန်တာဝန်က ညီမလေး၏တာဝန်။ ဒီနေ့ညီမလေးက သူ့ကိုတွက်ကတ်လိုက်ခြင်းပင်။

"ဩော်.....ဒီအမေကမွေးတဲ့ ဒီသမီးတွေမှာလည်း ဒီလိုအကောင်းမြင်စိတ်ရှိတာ မဆန်းပါဘူးလေ၊ နွယ်က မိကောင်းဖခင်သားသမီးပီသပါပေရဲ့"

နွယ်တစ်ယောက် ဒီဖိုင်နာသင်တန်းတက်လိုက်၊ အိမ်မှာဈေးရောင်းလိုက်၊ ကွန်ပျူတာသင်တန်းတက်လိုက်နှင့် အချိန်ကုန်နေသလိုသူသည်လည်း နိုင်ငံခြားဆေးကုမ္ပဏီတစ်ခုမှာ အလုပ်ရသွားခဲ့ပြီ။ ထို့ကြောင့် ညစဉ်ညတိုင်း တစ်ပင်တည်းရင်ထဲကနွယ်နှင့် ဝေးဝေးလာရပါတော့သည်။ သို့သော် လခထုတ်တိုင်း နွယ့်ကို ဝက်သားတုတ်ထိုးလိုက်ဝယ်ကျွေးတတ်တာကိုတော့ မပျက်ကွက်ခဲ့ပါ။ တစ်ခါတစ်ရံ အမဲစွပ်ကို ရှောက်ရွက်နိုင်နိုင်၊ ငရုတ်ကောင်းကဲကဲဖြင့် နှစ်ယောက်သားရှူးရှူးရှားရှားသောက်ကြ၊ ချွေးသုတ်၊ နှပ်တွေညှစ်ကြ။

"ဒီနှစ်တော့ အောင်မှာပါ နွယ်ရယ်"

ဆယ်တန်းစာမေးပွဲဖြေတာ လေးနှစ်ရှိပြီဖြစ်သောနွယ့်ကို သူအားပေးသည်။ နွယ့်ကို ဘွဲ့ရပညာတတ်ကြီး ဖြစ်စေချင်သည်။ သူကသာ ပြောနေပေမယ့် နွယ်ကတော့ ပြုံးပြုံးလေး။

နွယ်စာကျက်ရမည့်အချိန်မှာ ပွင့်လင်းရာသီ။ မင်္ဂလာအချိန်၊ အလှူအတန်းအချိန်တွေမို့ အငယ်ဆုံးသမီး နွယ့်မှာ ခေါင်းမရှောင်ရက်ချေ။ ဆိုင်အလုပ်၊ အိမ်အလုပ်၊ ဈေးဝယ်ထွက်ရ၊ စက်ဝိုင်းချုပ်ရနှင့်



www.burmeseclassic.com

www.burmeseclassic.com



ည ၉ နာရီကျော်အထိ နွယ်မနားရ။ သူ နွယ့်ကို လွမ်းရသည့်ရက်များမှာ နွယ့်နံဘေး စာတွေသွားကူကျက်ပေးရပါသည်။ နွယ်ကလည်း သူ့ကိုချစ်စိတ်ဖြင့်သာ စာကျက်သံတွေ နားစွင့်နေပေမယ့် စီးကွင့်ချိထိုးနေသော်နွယ့်မှာ အိပ်ငိုက်သဖြင့် အပ်စူးမိစမြဲ။

နောက် သူ့နံဘေး ကေသီထွေး ရောက်လာချိန်မှာတော့ လစာထုတ်ရက်များမှာ ဝက်သားတုတ်ထိုးစားဖို့ နွယ်မလိုက်တော့။ အမဲသားကိုလည်း ဖြတ်လိုက်ပြီလို့ နွယ်ပြောလာသည်။ သူ့မှာမူပျက်နေသလောက် နွယ့်မျက်နှာကတော့ အပြုံးမပျက်။ ပြုံးတာ ကိုယ့်အိတ်ထဲကငွေ တစ်ပြားမှလျော့မသွားတာပဲလို့ နွယ်ပြောတော့ သူ့မှာ မလုံမလဲ။ 'အပြစ်ရှိသူက ကျွန်တော်ပါ' ဆိုသလိုမျိုး။

ကေသီထွေးနှင့်အတူ အလုပ်လုပ်ရတာမို့ တီတီတာတာပြောတတ်သော ကေသီထွေးအပေါ် သူ သာယာလာမိသည်။ အသက် နှစ်ဆယ်ကျော်လာပြီမို့ သူ့ကိုယ်သူ အရွယ်ရောက်ပြီလို့လည်း တွေးထင်ထားမိသည်။ ကားတစ်စီးတည်း အတူစီး၊ ထမင်းအတူစား၊ ဆေးခန်းများ၊ ဆေးဆိုင်များ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် အလုပ်အတူတွဲလုပ်ရသည်မို့ ရစ်ပတ်ချင်သော

**တစ်ရက်တော့**
**ကေသီထွေးတို့အိမ်သို့**
**နွယ့်ကိုအလည်**
**ခေါ်သွားခဲ့ပါသည်။**
**ထိုအချိန်မှစ၍**
**သူ့အပေါ် နွယ့်စိတ်များ**
**ပြောင်းလဲသွားခဲ့ခြင်းပင်။**
**နွယ့်မှာ စာကျက်ဖို့**
**အချိန်သာမရှိရင်နေရမည်။**
**ကေသီထွေး၏**
**မိဘနှစ်ပါးနှင့်.....**

ကြိုးတွေက တစ်နွယ်ငင် တစ်စင်ပါခဲ့ရပြီ။ လစာထုတ်ရက်များမှာ ရောက်လေ့ရှိသော ဝက်သားတုတ်ထိုးဆိုင်အစား ရန်ကုန်မြို့၏အထင်ကရကော်ဖီဆိုင်များ၊ စတိုးဆိုင်များ ဖြစ်လာသည်။

ကေသီထွေးက တစ်ခုတော့ ကောင်းသည်။ ကဗျာဝါသနာအိုးမို့ လို့လားမသိ။ စိတ်ထားနူးညံ့သည်။ စာကောင်းစာမွန်လေးတွေ ဖတ်သောကြောင့် အတွေးအခေါ် ကောင်းလေးတွေရှိသည်။ နွယ့်လို အများကြီးမပြုံးနိုင်ပေမယ့် 'ငါ' ဆိုသော အတ္တတော့ ကေသီထွေးမှာ

မရှိပါချေ။

ကေသီထွေး၏မိဘများ ကိုယ်ပိုင်လုပ်ငန်းအဖြစ် တက္ကစီးထောင်ထားပြီး အေးအေး ချမ်း ဘုရားသွား၊ ကျောင်းတ စာဖတ်နှင့် အေးအေးလူလူ နေ ကြသူများဖြစ်သည်။ သားအကြီ အိမ်ထောင်ကျပြီး တာမွေဘက် နေသည်မို့ တစ်ဦးတည်းသော ကေသီထွေးကို အချစ်ပိုကြသ နွယ်ကလည်း ကေသီထွေးကို မင်ရှာပါသည်။

တစ်ရက်တော့ ကေသီ တို့အိမ်သို့ နွယ့်ကိုအလည်ခေါ်သ ခဲ့ပါသည်။ ထိုအချိန်မှစ၍ အပေါ် နွယ့်စိတ်များ ပြောင်း သွားခဲ့ခြင်းပင်။ နွယ့်မှာ စာက ဖို့အချိန်သာမရှိရင်နေရမည်။ သီထွေး၏ မိဘနှစ်ပါးနှင့် စက လက်ဆုံကျလိုက်၊ သာရေးနာ ပြေးလိုက်၊ အလှူအတန်းတွေ ဝိုင်းဝန်းကူညီလိုက်ကြနှင့် အသ နှစ်ဆယ်ကျော်သာရှိသေးသော မှာ သူမကိုယ်သူမ ဒီဘဝမှ နိဗ္ဗာန်ဝင်တော့မည့်အလား။

တဖြည်းဖြည်း သူနှင့်ကေ ထွေးတို့ မိုးမမြင်၊ လေမမြင်ဖြစ် ကြစဉ် တစ်နှစ်ကျော်၊ နှ အချိန်ကာလမှာပဲ ကေသီထွေ ၏ စမ်းချောင်းရပ်ကွက်နှင့် နွ တို့ရပ်ကွက်မှာ နွယ်က အရေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ပရဟိတအဖွဲ့အမှုဆောင်တစ်ယောက်ဖြစ်ခဲ့ပြီ။ ထိုရပ်ကွက်တွေမှာ ဘာပွဲဖြစ်ဖြစ် နွယ်က ပါလေရာ။ ထိုကြားထဲ အရေးပေါ်သွေးလိုအပ်နေသူများကို ကူညီနိုင်ဖို့ သွေးကူညီမှုအသင်းဖွဲ့စည်းလိုက်သေးသည်။ နွယ်က တက္ကသိုလ်ဆိုတာကို အိပ်မက်မမက်နိုင်သေးသော်လည်း နွယ့်အနီးအပါးမှ ကလေးများက တက္ကသိုလ်က ကလေးတွေချည်း။

"ပင်ပန်းလိုက်တာ နွယ် ရယ်"

"နဖူးကကျတဲ့ ချွေးက အလကားဖြစ်သွားတော့ဘူးပေါ့ မောင်"

သူ့အချစ်ဆုံးနှင့် အချစ်ဦးက နွယ်ဖြစ်ခဲ့ဖူးသည်မို့ နွယ်ပင်ပန်းနေတာတော့ မကြည့်ရက်ပါချေ။ နွယ့်နံဘေးမှာ ယပ်ခတ်၊ ချွေးသုတ်ပေးရသူ ဖြစ်ခွင့်ရချင်သည်။ နွယ့်ကို ရေအေးအေးလေး ကမ်းလင့်ချင်သည်။ ဒါပေမဲ့.....

ကုမ္ပဏီမှာ ဝန်ထမ်း(ထူးချွန်)အဖြစ် ဆုရခဲ့ပြီးပြီ။ နာမည်ကောင်းနှင့်အတူ သူ့လစာလည်း အများကြီးတိုးခဲ့ပြီ။ တစ်နေ့တစ်နေ့ ဆေးဆိုင်တွေကနေ သိမ်းယူရသမျှသော သိန်းဆယ်ချီငွေများကို ရေတွက်ရသည့်အပေါ် ဘဝင်ထင်လာမိသည်။ ထို့ထက်ပို၍ ဘုရားပေးသောဆုအဖြစ် ကေသီထွေးဆိုသည့် ချစ်စရာကောင်မလေးတစ်ယောက်လည်း သူ့အနားမှာရှိနေပြီ။ မည်သူမှတွန်းချတာမဟုတ်ဘဲ နွံအိုင်ကြီးထဲ လိုလားစွာ ခုန်ချမိသူက သူကိုယ်တိုင်ပင် ဖြစ်ခဲ့တော့သည်။



"အနိမ့်ကျဆုံးအလုပ်ကို အမြင့်မြတ်ဆုံးနှလုံးသားပိုင်ရှင်တွေကပဲ လုပ်နိုင်တယ်တဲ့၊ နွယ့်ရဲ့နှလုံးသားကို မြင့်မြတ်စေချင်လိုက်တာ၊ စွန့်လွှတ်နိုင်ဖို့၊ ပေးဆပ်နိုင်ဖို့ နွယ်ကြိုးစားနေမိတာပါပဲ၊ နွယ်လေ နေ မင်းကြီး၊ လမင်းကြီး ဖြစ်ခွင့်မရရင် တောင်မှ ကြယ်စင်တစ်ပွင့်တော့ ဖြစ်ခွင့်ရချင်တယ်မောင်"

"အများအတွက်ဆိုတဲ့ စိတ်ရှိသူပဲနွယ်ရယ်၊ ဖြစ်လာမှာပေါ့"

နွယ် ပြုံးပြုံးပြန်ပါပြီ။ နွယ်က အသားလတ်သည်။ လှသည်။ ရပ်ကွက်ထဲမှာ ရေပန်းစားသည့် မိန်းကလေးများစာရင်းမှာ နွယ်တို့ညီအစ်မတွေက ထိပ်ဆုံးက။ နွယ့်လို ပြုံးနိုင်ဖို့ သူကြိုးစားကြည့်ချင်ပါသေးသည်။

"တကယ်ပြောတာ နွယ်ရဲ့၊ နွယ်တကယ်လို့များ သေသွားခဲ့ပြီ ဆိုရင်လေ ဟောဒီမိုးကောင်းကင်ကြီးပေါ်မှာ ကြယ်စင်တစ်ပွင့်ထပ် တိုးနေလိမ့်မယ်၊ သိလား"

"ယုံတမ်းစကားတွေလား မောင်၊ အဟင်းဟင်း...မောင်ပြောတာကို နွယ်ယုံလိုက်ပါ့မယ်၊ အင်း.....ဒီလိုဆိုရင်တော့ အဲဒီကြယ်စင်လေးတစ်ပွင့်ကို မောင်မော့ကြည့်နိုင်အောင်လို့ နွယ်က အရင်သေပြရမှာပေါ့"

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com



သူ့အမှားတစ်ခုက ကေသီထွေးကို တာဝန်ယူဖို့ ဖြစ်လာသောအခါ သူ့မှာ အိပ်မက်ဆိုးကြီးကို မက်လိုက်ရသည့်နှယ်။ ကေသီထွေးက နွယ့်ထက် တစ်နှစ်ခန့်ငယ်သည်။ ကေသီထွေးမှာ နွယ့်ကိုဖက်ကာ အားပါးတရငိုသည်။

"အထွေးကိုခွင့်လွှတ်ပါ မမနွယ်ရယ်၊ အခုဖြစ်ပြီးသမျှကို အထွေး အကုန်မေ့ပေးပါ့မယ်၊ ကိုကိုနဲ့ မမနွယ်ပဲ လက်ထပ်မယ်ဆိုရင်လည်း အထွေးလေ ဘယ်လိုမှ သဘောမထားပါဘူး"

"အထွေးရယ် အထွေးလို မိကောင်းဖခင်သားသမီးလေးနဲ့ ကိုငြိမ်း ဖူးစာဆုံရတာကို မမနွယ် အရမ်းဝမ်းသာနေမိတာပါ၊ မမနွယ်လေ ကိုငြိမ်းအတွက် စိတ်ချသွားပြီ၊ သီရိမာကို ကျေးဇူးရှင်အဖြစ် ကြည်ညိုမိလွန်းလို့သာ သီရိမာအပေါ်က သွန်လောင်းချခဲ့တဲ့ ထောပတ်ဆီပူအိုးက ရေခဲတမျှ အေးခဲသွားရတာပါ၊ မယ်ဥတ္တရာသာ သီရိမာအပေါ် အပြစ်မြင် စိတ်ကွက်လိုက်ရင်....အမယ်လေး....."

ကေသီထွေးတစ်ယောက် နွယ့်ရင်ခွင်ထဲ တသိမ့်သိမ့်ရှိုက်ငိုလျက်။ သူ့အပေါ်မှာ နွယ်၏ချစ်လက်စတွေ ကုန်သွားပြီဆိုတာကိုတော့ သူ သိလိုက်ပါပြီ။ ထိုနေ့မှစ၍ သူ့ကို နွယ်က 'မောင်'လို့ခေါ်ဝေါ်မှုကို အကန့်အသတ်မရှိ ရပ်တန့်ပစ်လိုက်ပါတော့သည်။

"ကိုငြိမ်းကို ကြည်ဖြူစွာနဲ့ လက်ခံလိုက်ပါ အထွေးရယ်၊ ကိုငြိမ်းက ကွမ်း၊ ဆေးလိပ် လုံးဝ ကင်းရှင်းတဲ့ လူရည်တတ်၊ ပညာတတ်ပါ၊ သူ့လခနဲ့ အထွေးတို့ရပ်တည်နိုင်လောက်ပါတယ်၊ မမနွယ် အမြဲတမ်း အထွေးတို့အနားမှာပဲရှိနေမှာပါ၊ မိန်းကလေးဖြစ်တဲ့အထွေး ဘဝမှာ အပျိုစင်ဘဝကို တန်ဖိုးထား ထိန်းသိမ်းရမယ် အထွေး၊ ကိုယ့်အပျိုစင်ဘဝကိုအပ်နှင်းလိုက်ရတဲ့ အမျိုးသားနဲ့ ကိုယ့်အိမ်ဦးနတ်အမျိုးသားဟာ တစ်ဦးတည်းပဲ ဖြစ်သင့်တယ်"

ကေသီထွေး၏ နောက်ကျောပြင်လေးကို ပွတ်သပ်၍ပြောနေသော နွယ်၏စကားများသည် တကယ့်ကို ရင်ဘတ်ထဲမှ လာခြင်းဖြစ်ကြောင်းကိုတော့ သူရိုးသားစွာ သိနေနှင့်ပါသည်။

"အဖြူရောင်ချည်းပဲရှိတဲ့ ကင်းဘတ်ပေါ်မှာ အနက်ရောင်မင်စက်လေးတစ်စက်ကိုပဲ ချရေးကြည့်လိုက်ပါ အထွေးရယ်၊ နွယ်တို့အပါအဝင် လူသားအားလုံးဟာ မြင်ကွင်းကျယ်မြင်နေရတဲ့ အဖြူရောင်အများကြီးကို မမြင်ကြဘဲ အဲဒီမင်အမည်းစက်လေးတစ်စက်ကိုပဲ မြင်နိုင်ကြမှာပါ။ ဘာလို့လဲဆိုတော့ သူက အမည်းစက်ဖြစ်နေတာကို

♛♛♛♛♛

ကေသီထွေး၏မိဘတွေ
သောနှစ်မှာပဲ တက္ကသိုလ်ဝင်တ
စာမေးပွဲ အောင်မြင်သွားခဲ့သည်
သူ့မှာ ယောက္ခမတွေ ဆုံးပါးသွ
သည့်အတွက် မျက်ရည်လေး
မရစ်ဝဲခဲ့ရ။ နွယ်စာမေးပွဲအောင်တ
ကို မျက်ရည်ကျခဲ့ရပါသည်။ နွ
က သူ့လောက်ပင် တုန်လှုပ်မှု
သလိုပင်။ နွယ့်မိဘနှစ်ပါးနှင့် အစ
များမှာ ကြီးမှအတောင်စုံတဲ့ငှက်
နွယ့်ကိုပြောပြီး ပျော်ရွှင်နေကြပါ

နွယ့်မှာ မိသားစုအတွ
ကျေးဇူးတစ်ခု ဆပ်နိုင်လော
သည်အထိ အောင်ပွဲရသွားခဲ့သ
မျိုး။ နှစ်တိုင်းကျက်ခဲ့သမျှစာ
က အလွတ်နီးပါးရနေခဲ့ပြီမို့ ဒီနှ
မှာ အကောင်းဆုံးဖြေနိုင်ခဲ့ပြီ
နွယ်ပြောဖူးခဲ့တာ အမှတ်ရမိသည်
စာမေးပွဲအောင်တယ်ဆိုပြီး နွယ့်
မိသားစုနှင့် အကြာကြီးပျော်ရွှ
မနေနိုင်ပါချေ။ မိဘမဲ့သွားပြီဖြ
သော ကေသီထွေးဆီ အပြေးသွ
ရသည်။ ကေသီထွေး၏အစ်ကိုနှ
နွယ်ပဲ ဦးဆောင်ကာ နာရေးကိ
စီစဉ်ရပါ၏။

စမ်းချောင်းမှ တိုက်အိမ်နှ
ကားနှစ်စီးကို ကေသီထွေး၏ဖ
ကြီးက ဆက်လက်ထိန်းသိမ်းစော
ရှောက်ပေးထားသည်။ တက္က

www.burmeseclassic.com

www.burmeseclassic.com

ငှားခရသမျှကို ဘဏ်မှာအပ်ပြီး ကေသီထွေးဘက်မှ အမွေခွဲလိုပါလျှင် ချက်ချင်းခွဲဝေပေးမည်ဟု ကတိပြုထားသည်။ ကေသီထွေးကလည်း သဘောထားကြီးသူပီပီ အစ်ကိုကြီး အဖရာမို့ ဘာမှပြောမနေတော့။ သူရသမျှလစာကိုသာ ခြိုးခြံချွေတာ၍ ကေသီထွေး သုံးစွဲရှာသည်။ လိုအပ်မှုရှိလာလျှင် နွယ့်ထံပြေးရစမြဲ။ ယခု နေနေရသောအိမ်ကိုပင် နှစ်ဖက်မိဘများ စုပေါင်းစပ်ပေါင်း၍ ဝယ်ပေးခဲ့လို့သာ တော်ပါသေးသည်။ နွယ်တို့အိမ်နားမှာပဲ ဝယ်နေနိုင်ခဲ့တာမို့လည်း ကျေနပ်ရပါ၏။

ကေသီထွေး၏ အစ်ကိုကြီးကလည်း ညှာတာစိတ်ရှိပါသည်။ သူ့ကို ကားမောင်းသင်စေချင်သည်။ ဘက္ကစီကိုယ်ပိုင်မောင်းစေချင်သည်။ ဒါကို ခါးခါးသီးသီးငြင်းသူက ကေသီထွေး။ မိဘနှစ်ပါးကို ကားနှင့်ပတ်သက်၍ ဆုံးရှုံးခဲ့ပြီးပြီမို့ ကားဆိုသောအသံကို မကြားချင်။ လောလောဆယ် ပူပင်နေရတာက ကေသီထွေး၏ကျန်းမာရေး။ နွယ်တို့မိသားစု ရှိနေလို့သာ။ ကလေးနှစ်ယောက်ကလည်း မေနွယ်.....မေမေနွယ်နှင့် နွယ့်ကို အတော်ချစ်ရှာပါသည်။

"အထွေးသေရင် အထွေးရဲ့သားနဲ့သမီးကို မမနွယ် စောင့်ရှောက်ပေးပါနော်၊ အထွေးမနေရတော့ဘူးဆိုတာ အထွေးသိပါတယ်"

"ဘဝဆိုတာ ကိုယ်အရှုံးပေးမှ ရှုံးတာပါ အထွေးရယ်၊ ကိုယ်သာလျှင် အရှင်ပဲလေ"

နှစ်နှစ်လောက် ကေသီထွေး တရှောင်ရှောင်။ ငိုလိုက်၊ ရယ်လိုက်၊ အိပ်လိုက်၊ ဖျားလိုက်နှင့်။

အငယ်ကလေးမလေးပင် တတောက်တောက်ပြေးနေပြီ။

နွယ်ပြုံး၍ ကေသီထွေး၏ လက်ချောင်းဖြူဖြူလေးများကိုဆုပ်ကိုင်လိုက်ပါသည်။ နွယ်ပြုံးသလို ကေသီထွေးလည်း ပြုံးတတ်ချင်ပါသည်။

"အထွေးရယ် အထွေးက ဝမ်းနဲ့လွယ်မွေးရတဲ့ မိခင်အရင်းပါကွယ်၊ မမနွယ်နဲ့ စိတ်ချမယ့်အစား အထွေးကိုယ်တိုင် အထွေးရဲ့သားသမီးတွေကို စောင့်ရှောက်ရမှာလေ၊ အထွေးသားသမီးတွေအတွက် အသက်ပေးပြီး မွေးထုတ်ပြီးကာမှကွယ်၊ အကယ်၍များ သားနဲ့သမီးအတွက် အသက်ပေးလျှော်ရမယ်ဆိုရင်လေ မမနွယ်ပဲ အသက်ပေးလျှော်ကြေးပေးမှာပါ၊ မိခင်အရင်းဖြစ်တဲ့ အထွေးကပဲ သားသမီးတွေအနားမှာ ကျန်ရစ်ပေးရမှာလေ"

♛♛♛♛♛

"မိခင်အရင်းဖြစ်တဲ့ အထွေးကပဲ သားသမီးတွေရဲ့အနားမှာ ကျန်ရစ်ပေးရမှာလေ"ဆိုသော နွယ်၏စကားကြောင့် ကေသီထွေးတစ်ယောက် သေရွာကနေ ပြန်လာခဲ့ပါပြီ။ ဟိုတုန်းကလို ခုတင်ထက်မှာ တအီအီဖြင့် ငိုပွဲဆင်နေသော ကေသီထွေး မဟုတ်တော့။ သားကြီးကိုကျောင်းပို့၊ သမီးငယ်ကို မူကြိုပို့၍ အိမ်ဓာဟီရများ လုပ်ကိုင်ပြီးလျှင် နွယ်တို့အိမ်ဘက်သို့ ကေသီထွေး အပြေးသွားကာ ဈေးကူရောင်းပေးသည်။

အပြင်လူမှုရေးအလုပ်တွေနှင့် အချိန်ကုန်နေတတ်သော နွယ့်အတွက် ကေသီထွေး လာကူပေးသဖြင့် နွယ့်မှာ ကေသီထွေးကို ကျေးဇူးတင်နေရပါသည်။ ကေသီထွေး၏အစ်ကိုကလည်း ပြန်လည်နေရာချထားရေးဌာနမှာမို့ နွယ်တို့ပရဟိတအဖွဲ့များနှင့် အမြဲတမ်းလိုလို ထိတွေ့မှုတော့ရှိပါသည်။

ကေသီထွေးတစ်ယောက် ဈေးရောင်းလိုက်၊ စက်ဝိုင်းကူချုပ်လိုက်နှင့် ပျော်ရွှင်နေသလို ကလေးနှစ်ယောက်မှာလည်း နွယ်တို့အိမ်မှာပဲ အိပ်လိုက်၊ စားလိုက်။ နွယ့်မိဘများကို အဘိုး၊ အဘွား ရင်းချာများလို၊ နွယ့်အစ်မ အပျိုကြီးများ

www.burmeseclassic.com

ကိုလည်း ကြိုးကြိုး၊ ကြိုးကြိုးနှင့် ကပ်၍လိုက်၊ ညာစားလိုက်။

"ဝေး....ဟေး....ဟေး၊ မေနွယ်ပြန်လာပြီဟေ့"

သူနှင့်အတူ ယှဉ်တွဲ၍ ဆိုင်ထဲသို့ဝင်လာသော နွယ့်ကိုသာ ကလေးတွေကမြင်ကြပြီး ဖခင်အရင်းဖြစ်သော သူ့ကိုမမြင်ကြပေ။ သူနှင့်နွယ် လမ်းထိပ်မှာဆုံသဖြင့် ဒီလိုအချိန် ကေသီထွေးတို့သားအမိကို လာကြိုနေမှန်းသိသောသူ့ကို နွယ်ခေါ်လာပေးတာပင်။ နွယ် သူ့အပေါ် အေးစက်သွားခဲ့ပြီထင်ပါသည်။ နှစ်ယောက်သား အတူ လမ်းလျှောက်နေခဲ့ရသော်လည်း



ရင်ခုန်သံကမညီ။

"သားနဲ့သမီးကလည်းကွာ ဖေဖေ့ကိုတော့ မကြိုကြဘူး"

သူ ဝန်တိုစွာဖြင့် ပြောလိုက်မိတော့ နွယ်ပြုံး၏။ သားကြီးက နွယ့်ကို သောက်ရေတစ်ခွက်ခပ်တိုက်သည်။ သမီးငယ်က နွယ့်ကို ယပ်ခတ်ပေးနေသည်။

"ဟာ..ဖေဖေ့ကို အိမ်ရောက်ရင် ပြုစုပေးမှာပေါ့၊ အခုတော့ မေနွယ်ပင်ပန်းလာတာလေ၊ ခဏနေရင် မေနွယ်က အခမဲ့ပညာဒါနကျောင်းမှာ စာသွားသင်ပေးရတော့မှာ"

သိတတ်နေပြီဖြစ်သော သားကြီးက သွက်လက်စွာပြောတော့ အားလုံးမှာ ဝါးခနဲပွဲကျသွားရပါတော့သည်။ သူ ကျေနပ်မိပါသည်။ တစ်ဖက်မှာ ကမ်းပါးပြိုလျှင် တစ်ဖက်မှာ သောင်ထွန်းမှာပဲမဟုတ်လားလေ။ သူ့မွေးချင်းမောင်နှမ၊ မိဘနှစ်ပါးတို့ကိုပင်လျှင် နွယ်တို့လို ရင်းနှီးမှု မရှိသလိုပါပဲလားလို့ တွေးမိသည်။ ပတ်ဝန်းကျင်ကောင်းလို့

နွယ်တို့မိသားစုကို သတ်မှတ်[...] သည့်အခါ သားနှင့်သမီးအတွက် သူစိတ်ချသွားရပါပြီ။

အိမ်အပြန်လမ်းတစ်လျှောက် ကလေးနှစ်ယောက်မှာ မနက်ဖြန်[...] လည်း မေနွယ်တို့ဆီသွားခိုင်းမှ [...] ကျက်မှာနော် ဒါပဲတဲ့။

"အထွေးရယ် တစ်ခါတလေ[...] များ ကိုကိုနဲ့နွယ့်ကို အထင်လွဲစ[...] ပါဦး"

သူ ထိုသို့ပြောလိုက်ချင်[...] သော်လည်း ကေသီထွေး[...] နောက်ပြောင်နေသည်ဟုသာ ထ[...] မြင်ပါလိမ့်မည်။ ဟုတ်လည်းဟုတ်[...] ပါသည်လေ။ နွယ်တို့မိသားစု[...] ဘဝနေထိုင်မှုကို သူ့ထက်သိသူ[...] ကေသီထွေးပဲဖြစ်ပါလိမ့်မည်။

"အထွေးလေ...မမနွယ် ဘ[...] ကြောင့်များ ကိုကို့ကို မယူတာ[...] ဆိုတာ သိလိုက်ရကတည်းက မ[...] နွယ်အပေါ်မှာ သံသယတွေကင်[...] ရတာမို့ ကိုကို့စိတ်ရှင်းအောင်ပဲ ကြ[...] စားပါ ကိုကို၊ အထွေးလေ ကို[...] ကို ဘယ်တော့မှ မမနွယ်[...] သမုတ် မှာမဟုတ်ဘူး ကို[...] ဘာလို့လဲဆိုတော့ မမနွယ်[...] ကိုယ်ကျင့်တရားကို ယုံလို့[...] ခုချိန်ခါမှာ မမနွယ်ဟာ ကို[...] အပေါ် စိတ်နဲ့တောင် ဖြစ်မှာ[...] မှာမဟုတ်ဘူး"

ကြည့်စမ်း။ သူ့ရင်ထဲကို [...]



www.burmeseclassic.com

www.burmeseclassic.com



သီထွေးများ မြင်လိုက်လေသလား။

"မမနွယ်က ကိုကိုနဲ့မယူဖြစ်ခင် လူမှုရေးလုပ်ငန်းတွေ လုပ်ရင်ရမယ့်ကုသိုလ်စိတ်နဲ့ ကိုကို့ကို ရင်အကွဲခံပြီး လဲခဲ့တာပါ"

"ဘာ.....ဘာ.....ဘယ်လို"

"ဟုတ်တယ် ကိုကို၊ အထွေးရဲ့မိဘတွေ အေးအေးချမ်းချမ်း လူမှုအသင်းအဖွဲ့တွေမှာ ဦးစီးလုပ်ကိုင်ခဲ့ပေမယ့် အထွေးက ဖေဖေ၊ မေမေတို့လိုမှ မဖြစ်ခဲ့တာဘဲ၊ အကယ် ၍သာ မမနွယ်လို အသိတရားတစ် ခုဝင်ပြီး အထွေးလည်း အများအကျိုးသယ်ပိုးနိုင်သူ ဖြစ်ခဲ့ယ်ဆိုရင်လေ မမနွယ်လိုမျိုး ကိုကို့ကိုယူ ဖြစ်ခဲ့မှာမဟုတ်ဘူး"

ကေသီထွေး၏အသံမှာ ငိုသံစွက်ခဲ့ရပါပြီ။ သူသည်လည်း မျက်ရည်များ ရစ်သိုင်းအုံ့ဖွဲ့လာခဲ့ရပါပြီ။ တစ်စုံတစ်ခုကို ဆုံးရှုံးလိုက်ရပြီး လေဟာနယ်ထဲ လွင့်စဉ်သွားရသူနှယ်။

"အခုကြည့်လေ၊ မမနွယ်လို အထွေး လွတ်လွတ်လပ်လပ်နဲ့ သွားလာနိုင်တော့ဘူးလေ၊ မမနွယ်ဟာ အထွေးအတွက် ချေးအစသေးအဆုံး မရွံမရှာ ပြုစုစောင့်ရှောက်ပေးခဲ့တဲ့ ကျေးဇူးရှင်မို့ ဘေးကနေပဲ အထွေးက ပါရမီဖြည့်ပေးနိုင်ပါတော့တယ်၊ ဘေးစကားတွေကိုယုံရင် ဘေးတွေ့တတ်တယ်တဲ့ ကိုကို၊ ဘယ်သူ့စကား ကောလာဟလကိုမှ အထွေးမယုံတာမို့ မမနွယ်အပေါ်မှာ ကိုကို ဟိုးအရင်က သံယောဇဉ်လက်ကျန်လေးနဲ့ ခေါ်ပြောဆက်ဆံ ကူညီစောင့်ရှောက်ပေးပါနော်"



ပြောပြီး ကေသီထွေး မိုးကောင်းကင်ကြီးကို မော့ကြည့်လိုက်ပါသည်။ နေဝင်တော့မည်ဆိုပေမယ့် တိမ်တောက်မှုကြောင့် အလင်းရောင်လက်ကျန်က လှပနေပါသေးသည်။ ကလေးနှစ်ဦးကတော့ သော့တွဲကိုယူကိုင်၍ အိမ်တံခါးမကြီးဆီသို့ သူ့ထက်ငါအရင်ရောက်အောင် ပြေးကြလေပြီ။

"လူတွေအားလုံးဟာ မရေတွက်နိုင်တဲ့ဘဝတွေ ပြောင်းချင်ပြောင်းနေမယ်၊ ကမ္ဘာကြီး ပျက်ချင်ပျက်သွားမယ်၊ ဒါပေမဲ့ အနန္တစကြဝဠာကြီးကတော့ ဘယ်တော့မှ ပြောင်းလဲသွားမှာမဟုတ်ဘူး ကိုကို"

ကေသီထွေးကတော့ ဒီဘဝအတွက် ဘာတွေပြင်ပြီးသည်မသိ။ ဟိုတုန်းကလို စကားပြောတာကလေးမဆန်ပါတော့ချေ။ သူ့မှာ တော့ မျက်ရည်များ ကျမလာရအောင် ထိန်းနေရပါသည်။ ကေသီထွေး၏ စကားများက သူ့အတွက် ငိုချင်လျက် လက်တို့ ဆိုသလိုမျိုး။ ဒီဘဝမှာဖြင့် ဝေးသထက် ဝေးကြရပြီပေါ့နွယ်။

"ကိုကိုခရီးထွက်နေခိုက် မမနွယ် သေဆုံးသွားခဲ့ပြီ၊ မမနွယ်မရှိတော့ဘူးလို့ သတင်းကြားရင်လေ ကြားကြားချင်း ရန်ကုန်ကို ဖုန်းလည်း မဆက်နဲ့ဦး၊ ကိုကို အရင်ဆုံးလုပ်ရမှာက မိုးကောင်းကင်ကြီးကိုသာ မော့ကြည့်လိုက်ပါ ကိုကို၊ ကြယ်စင်တစ်ပွင့် ထပ်တိုးနေတာကို တွေ့ရလိမ့်မယ်"

**နှင်းစက် (လားရှိုး)**



www.burmeseclassic.com

www.burmeseclassic.com

အောင်ကျော်မြင့်

# တိရစ္ဆာန်ကပြောတဲ့လူ့သမိုင်း





www.burmeseclassic.com

www.burmeseclassic.com





## စာရိတ္တကပြောတဲ့လူ့သမိုင်း

**အောင်ကျော်ဖြိုး**

ကုန်သည်ပွဲစားလုပ်ခဲ့ရင် လွယ်ကူသလောက် စာရေးဆရာ တစ်ယောက်ဖြစ်ဖို့ဆိုတာ အတော့်ကိုအခက်သားလား။

စာပေဆိုတာက စာရေးဆရာတွေရဲ့ ခံစားထိတွေ့မှုက ရလာတဲ့ အသိပညာတွေပါပဲ။ လောကကြီးမှာ မိတ်ဆွေကောင်းကိုရှာရင်တွေ့လွယ်ပါတယ်။ ဒါပေမဲ့လို့ သစ္စာရှိပြီး ဟန်မဆောင်ဘဲ ဩဝါဒကောင်းတွေပေးဟတ်တဲ့ မိတ်ဆွေတွေကတော့ စာအုပ်ကောင်းတွေနဲ့ အဲဒီစာအုပ်ကောင်းတွေကိုရေးသားခဲ့တဲ့ စာရေးဆရာတွေပါ။

စာပေအနုပညာနယ်ပယ်မှာ ကျွန်တော် Crazy ဖြစ်ခဲ့ရတဲ့အမျိုးသမီးစာရေးဆရာမများရှိပါတယ်။ **ဂျာနယ်ကျော်မမလေး၊ လူထုဒေါ်အမာ၊ ခင်နှင်းယု၊ ခင်ဆွေဦး၊ နုနုရည် (အင်းဝ)၊ မိုးမိုး(အင်းလျား)၊ ပြီးတော့ မှုခင်းဇာတ်လမ်းတွေကို မပြတ်ရေးသားနေတဲ့ ဆရာမ ထက်ထက်ဦးဝေ**လည်း အပါအဝင်ပေါ့။

သည်ဆရာမတွေရဲ့ အတွေးအမြင်၊ အယူအဆ၊ ယုံကြည်ချက်၊ ရေးပုံရေးနည်းကစလို့ လူ့ဘောင်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေနဲ့ ကင်းကွာသွားတယ်လို့မရှိပါဘူး။ သူတို့ရေးတဲ့စာတွေကို ဖတ်ပြီးခဲ့ရင် ရင်ထဲမှာ အသိတစ်ခုရလိုက်ပြီး အဲဒီအသိက ရက်ရှည်လများ ခံစားနေရတတ်တာ အမှန်ပါ။



အခုနောက်ပိုင်းမှာတော့ ဆရာမထက်ထက်ဦးဝေရဲ့ ဝတ္ထုတွေကိုပဲ ဦးစားပေးဖတ်မိတာများပါတယ်။ အိမ်သူကလည်း လစဉ် မှန်မှန် ဆရာမရေးတဲ့ စာတွေပါတဲ့ မှုခင်းအမြင်မဂ္ဂဇင်း၊ တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းတွေ ဝယ်ဖတ်တယ် မဟုတ်လား။

ဆရာမ ထက်ထက်ဦးဝေကိုတော့ ကျွန်တော် တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ ဒါပေမဲ့လို့ ဆရာမ ရေးလိုက်တဲ့စာတွေ၊ ကဗျာတွေရဲ့ အပေါ် ကနေပဲ ဆရာမရဲ့ ဟန်ပန်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သွင်တွေကို မှန်းဆကြည့်ရတာ မျိုးပါ။

ဆရာမရေးတဲ့ စာတွေကို ဖတ်ကြည့်လိုက်ရုံနဲ့ ဆရာမကို တွေ့ဖို့ မလိုဘူးထင်ပါတယ်။ စာတွေထဲမှာ ရေးထားတဲ့ အကြောင်းအရာတွေက ဆရာမရဲ့ စေတနာ၊ မေတ္တာတွေကို ဖော်ကျူးထားခဲ့ပြီပဲ။ သည်ကတည်းကိုက ဆရာမကို တွေ့နေရပါပြီ။

စေတနာ၊ မေတ္တာပါမှလည်း စာရေးဆရာဖြစ်တာပါ။ အဲဒါတွေကြောင့်ပဲ ဆရာမခမျာ အောင်မြင် ကျော်ကြားနေတဲ့ သည်မဂ္ဂဇင်း နှစ်အုပ်ရဲ့ ပင်တိုင်စာရေးဆရာမ ဖြစ်လာရတာလို့ ရိုးသားစွာနဲ့ ကျွန်တော် ထင်ပါတယ်။

ရန်ကုန်ရောက်လို့ မှုခင်းတိုက်ရှိရာကို သွားခဲ့လို့ရှိရင် တာဝန်ခံ အယ်ဒီတာနဲ့ စကားပြောပြီး ပြန် ထွက်လာတာများပါတယ်။ မဂ္ဂဇင်းမှာရှိတဲ့ အခြားသူတွေကို စကားမပြောရဲတာလည်း ပါသပေါ့။ ကိုယ်နဲ့မှလည်း မရင်းနှီးသေးတာ။ အဲဒါကြောင့်မို့ ဆရာမ ထက်ထက်ဦးဝေ ကို ကျွန်တော် မမြင်ဘူးခဲ့တာပါ။

♛♛♛♛♛

ပြီးခဲ့တဲ့ တစ်လလောက်ကတော့ ပို့ထားတဲ့စာမူကိစ္စအကြောင်း သိချင်လို့ ရန်ကုန်ကို ရောက်ဖြစ်ခဲ့တယ်။

ရန်ကုန်ရောက်တော့လည်း ရောက်တဲ့အခိုက်မှာ လေထန်ကုန်း၊ လေအန်ကုန်း၊ ဒါတင်မကသေးပါဘူး။ မဂ္ဂဇင်းတိုက်ရှိရာကိုဝင်လို့



စာမူတွေပေး၊ သူတို့ဆီက စာမူခတွေထုတ်၊ စာပေအကြော တွေ ဆွေးနွေးကြနဲ့ အချိန် ကုန်သွားတာတောင်မှ မသိလို ပါဘူး။

စာပေကိုချစ်တော့လည်း တောပေတောမှာ ပျော်မွေ့ရတ ကျွန်တော့်အတွက် ပင်ပန်းတယ် မရှိပါဘူး။ ကဗျာဆရာကြီး ထွ နေနွယ်ရဲ့ ကဗျာလိုပေါ့။

**စာပေသည်သာ ချစ်သူပါတည့်**
**တစ်ဖြာထပ်လောင်း အဖော်ကောင်းတည့်**
**အပေါင်းအသင်း မိတ်ဆွေရင်းတည့်**
**မကင်းမကွာ အသည်းပမာတည့်**

ဆိုတာလေ။

ရန်ကုန်မှာ ရ အတော်ကြာ နေထိုင်ပြ အမြန်ရထားကြီးစီး နေထိုင်ရာမြို့ကို ပြန် လာခဲ့တယ်။ မဂ္ဂဇ တိုက်ကနေ ပေးလိုက်တ စာမူခငွေတွေကို စိတ် မချတာနဲ့ ကျွန်တော် အင်္ကျီအိတ်ထဲမှာပဲ လုံးထွေး ထည့်လာခဲ့တယ်။

ကျွန်တော်ထိုင်နေတဲ့ ခုံ ထိုင်ခုံပေါ်မှာက လုံးကြီးပေါက်လှ ခပ်ဝဝအမျိုးသမီးတစ်ယောက် လည်း ပါလာတယ်။ သူ့ကိုကြည့် ရတာ အဆင့်အတန်း ခပ်မြင့်မြင့် ထဲကလို့ပဲ မှတ်ယူရတယ်။ သူ

www.burmeseclassic.com

ဘေးမှာတော့ မိန်းမကြီးတစ်ယောက်က မီးရထားရဲ့အရှိန်နဲ့ အိပ်ငိုက်ပြီးနေတယ်လေ။

ကျွန်တော်ကတော့ ကိုယ့်ဘာသာကိုယ်ပဲ မဂ္ဂဇင်းတိုက်က မေတ္တာလက်ဆောင်ရလာတဲ့ မှုခင်းအမြင်စာအုပ်ကိုပဲ သဲကြီးမဲကြီးနဲ့ ဖတ်နေလိုက်တယ်။ ကျွန်တော်စာဖတ်တယ်ဆိုတာ ကလေးများဖတ်သလို စိတ်ပျော်ချင်လို့ ဖတ်တာမျိုးမဟုတ်ပါဘူး။ ကြီးမြင့်တဲ့သူတွေလိုလည်း သူတစ်ပါးကို ဆရာလုပ်ဖို့ ဖတ်တာမျိုးလည်း မဟုတ်ပါဘူး။ ကိုယ့်ရဲ့ဘဝမှာ လိုက်နာကျင့်ကြံနေထိုင်သွားဖို့ ဖတ်ရတာမျိုးပါ။

စာကိုကြိုက်တဲ့သူဟာ စာထဲမှာ နစ်မျောမိမှာပါပဲ။ ခရီးသွားရင်း စာဖတ်ရတဲ့အရသာက ကျွန်တော့်အတွက်တော့ တစ်မျိုးပါပဲ။ စာဖတ် စာဖတ်ရတဲ့အရသာကို ဘယ်လို အရသာမျိုးနဲ့မှ ကျွန်တော် မလဲနိုင် ပါဘူး။

သည်လထုတ် မှုခင်းအမြင်မှာ ပါတဲ့ ဆရာမ ထက်ထက်ဦးဝေရဲ့ ဝတ္ထုကလည်း ကောင်းလွန်းအားကြီးနေတော့ ပတ်ဝန်းကျင်ကိုတောင်မှ မေ့သွားတယ်။ ကျွန်တော်သည်လို စိတ်ဝင်တစားနဲ့ စာဖတ်နေတာကို ရှေ့ခုံမှာထိုင်နေတဲ့ အမျိုးသမီးက စိတ်ဝင်စားလို့နဲ့တူပါတယ်။ ကျွန်တော်လည်း စာဖတ်ပြီးရော သူက စတင်လို့ စကားဆိုလာတယ်။



စကားသာဆိုပေမယ့် သူ့မျက်လုံးတွေကတော့ ကျွန်တော့် စာမူခတွေ လုံးထွေးထည့် ထားတဲ့ အကျီအိတ်ပေါ်မှာ ရောက်နေတာ ကို အမှတ်မထင် တွေ့လိုက် ရတယ်။ ကျွန် တော့်ထက် လည်း အသက်ကြီးပုံရပါတယ်။

"ဒီက ငါ့မောင်က စာအတော် ဖတ် နိုင်တဲ့သူပဲ၊ ဖတ်တော့လည်း မှုခင်းလိုဟာမျိုးမှ ကောင်းပါတယ်၊ မှုခင်းဖတ်တော့ ကိုယ့်အတွက် အကျိုးရှိတာပေါ့၊ ငါ့မောင်က မှုခင်းရေးတဲ့ စာရေးဆရာတွေထဲမှာ ဘယ်သူ့ကို အနှစ်ခြိုက်ဆုံးလဲ"

ကျွန်တော်ကလည်း မဆိုင်းမတွဘဲ ပြန်ဖြေလိုက်ရတယ်။

"ကျွန်တော်ဖတ်နေတဲ့ မှုခင်းအမြင်မဂ္ဂဇင်းမှာ လစဉ်မပြတ်ရေးနေတဲ့ ဆရာမ ထက်ထက်ဦးဝေပါပဲ၊ ဆရာမ ရေးထားတာတွေက လူ့ဘဝနဲ့ အတော့်ကို နီးစပ် တယ်၊ ဦးတည်ချက်၊ ယုံကြည်ချက်ကအစပေါ့"

ကျွန် တော့် အပြောကို သဘောကျသွားလို့နဲ့တူပါတယ်။ သူ့ဘာသာသူ ဟက်ခနဲတစ်ချက် ရယ်လိုက်ပြီးမှ.....

"အဲဒီစာရေးဆရာမကို လူကိုရော တွေ့ဘူးရဲ့လား၊ လူမတွေ့ဘူးဘဲနဲ့ သိပ်လည်းချီးမွမ်းစကားဆိုမနေပါနဲ့ကွာ"

ကိုယ် Crazy ဖြစ်နေတဲ့ စာရေးဆရာကို သည်လိုပြောလာတော့လည်း ကျွန်တော် မခံချင်တာအမှန်ပါ။ နှစ်ယောက်ချင်းသာဆိုရင်တော့ သူပြောတဲ့ စကားတွေကို အကြောင်းပြုလို့

www.burmeseclassic.com



ပြောပစ်လိုက်ချင်တာလေ။

ခုဟာက လူကြားထဲမှာဖြစ်လေတော့ စိတ်ကိုမနည်းကြီးချုပ်ထိန်းလို့.....


''လူတွေ့စရာမလိုပါဘူး၊ ဆရာမရဲ့စာတွေကို ဖတ်ခဲ့ရင် ဆရာမကို တွေ့လိုက်ရသလို ခံစားမိပါတယ်၊ ဆရာမ ရေးတဲ့စာတွေက ဆရာမရဲ့ ရုပ်သဏ္ဍာန်တွေကို ဖော်ပြပြီးသားပဲမဟုတ်လား''

သည်တော့မှ အဲဒီအမျိုးသမီးက သူ့ကိုယ်သူ ညွှန်းပြီးပြောလာတယ်။ ကျွန်တော့်ကိုလည်းကြည့်၊ ကျွန်တော့်အကျီအိတ်ကိုလည်း ကြည့်ပေါ့။

သူပြောတာတွေက ကျွန်တော့်အတွက်တော့ ကြည့်ပြီးသားရုပ်ရှင်ကို ကြည့်လိုက်ရသလိုပါပဲ။

သူက စာရေးတဲ့ ထက်ထက်ဦးဝေဖြစ်တဲ့အကြောင်း၊ အခုလည်း စာရေးဖို့ ကုန်ကြမ်းလေးများ ရမလားဆိုပြီး သူ့အသိရှိတဲ့မြို့ကို ထွက်လာခဲ့ရတဲ့အကြောင်း၊ အခုလို သူရေးတဲ့စာတွေကိုဖတ်ပြီး သူ့ကို Crazy ဖြစ်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဆိုတာတွေပေါ့လေ။ ကျွန်တော့်ကို ပြောနေလိုက်တာ။

ကျွန်တော်ဆိုတဲ့သူကလည်း စာရေးသက်ကလည်းကြာ၊ စာဖတ်သက်ကလည်းရင့်၊ စာပေလောက



ထဲမှာ ပေးဆပ်ခြင်းများစွာနဲ့ ကျ
လည်လာခဲ့ရလေတော့ သူပြော
စကားတွေကို ထောက်ရှုပြီး သိ
ရာရာတွေကိုသိဖို့ သူ့ကိုပဲ စုံစ
လိုက်ရပါတယ်။

သူကတော့ ခုထက်ထိအော
အပြုံးမပျက်သေးပါဘူး။

''ဆရာမ ထက်ထက်ဦးဝေ
တာ ဒီကအစ်မကြီးကိုး၊ တွေ့ရတ
ဝမ်းသာလိုက်တာဗျာ၊ ဆရာမ
တဲ့ ဝတ္ထုတွေကို လစဉ်လတို
မှုခင်းအမြင်နဲ့ တကယ့်ဖြစ်ရပ်မှ
မဂ္ဂဇင်းတွေမှာ ကျွန်တော်ဖတ်
တယ်''

ကျွန်တော့်စကားကြောင့်
အားတက်သွားပုံရပါတယ်။

''ကျေးဇူးတင်ပါတယ်ကွ
စာရေးရတာ လွယ်တာမဟုတ်
ဘူး၊ အစ်မမှာ ဝါသနာပါလို့
ရေးနေရတာ၊ တစ်ဖက်ကလည်
အလုပ်တာဝန်တွေက ရှိသေးတ
လေ''

ဟုတ်တာပေါ့။ ကျွန်တေ
တောင်မှ အိမ်မှုကိစ္စ၊ ရပ်မှုကိစ္စ
နဲ့ လုံးချာပတ်ချာလိုက်နေတဲ့ကြ
ထဲကနေ ကဗျာတွေ၊ ဝတ္ထုတွေ
ရေးနေခဲ့ရတာ။

♛♛♛♛♛

သည်လိုနဲ့ သူနဲ့ကျွန်တေ



www.burmeseclassic.com

www.burmeseclassic.com



ကားတွေပြောလာကြတာ ဘူတာ
စွာကို ကျော်ဖြတ်လာခဲ့တဲ့အထိ
အောင်ပါပဲ။ ကိုယ်ရင်းနှီးတဲ့သူနဲ့
ကားပြောနေရမယ်ဆိုရင် ကျွန်
တော်ကတော့ ပတ်ဝန်းကျင်ကို
အောင်မှ မေ့ပျောက်ထားချင်ပါ
တယ်။

ရင်းရင်းနှီးနှီး ပြောဆိုနေရာက
အမှတ်မထင်ဆိုသလို သူ့
ကြောင်းကို စပ်စုမိလျက်
ားဖြစ်သွားတယ်။ အစ်မ
ီးက အတန်းပညာအရည်
ချင်းဘယ် ထိအောင်နေခဲ့
သလဲ၊ ခရီးသွားတိုင်းမှာ
ရေးဆရာအသင်းဝင် ကတ်
ပါရဲ့လား၊ စာရေးသက်
ယ်လောက်ရှိပြီလဲပေါ့။

သည်မှာတင် အမျိုး
ီးက ဆိုလာတယ်။ အိမ်က
ွားရေး မကောင်းတာနဲ့
ယ်တန်းလောက် အရောက်
ကျောင်းကထွက်ခဲ့ရ တယ်ပေါ့။
ရေးဆရာအသင်းဝင် ကတ်
ကလည်း ခုထက်ထိအောင်
ုပ်ရသေးဘူးဆိုတာ လည်းပါ
ယ်။ စာရေးသက်ကတော့
ါးစပ်ထဲရှိရာကို လျှောက်
တာပေါ့လေ။

သည်ကတည်းကိုက ကျွန်
ော့အပေါ် သူအင်ထုနေမှန်းသိ
ရတယ်။ သူအင်ထုနေမှန်းကို
လည်း သူ့အတန်းပညာအရည်
အချင်းကို သိလိုက်ရတာနဲ့ ကျွန်
တော် မှန်းဆလို့ရသွားပြီပဲ။ ကျွန်
တော်ပြောခဲ့တဲ့ စာရေးဆရာမ
ထက်ထက်ဦးဝေရဲ့ ပညာအရည်
အချင်းက B.Sc.Physics ဆိုတော့
သူပြောတဲ့စကားတွေနဲ့ မိုးနဲ့မြေပမာ
လို ကွာခြားနေတာကတော့အမှန်။

ဒါကြောင့်မို့ ကျွန်တော့်ကိုယ်



ကျွန်တော် သတိထားမိလိုက်ပါ
တယ်။ အင်္ကျီအိတ်ထဲမှာထည့်ထား
တဲ့ စာမူခပိုက်ဆံတွေကိုလည်း ယူ
လာတဲ့ အညိုရောင်အိတ်ကြီးထဲကို
ပြောင်းထည့်လိုက်ရတယ်။

ကျွန်တော်တွေ့ချင်နေတာက
စာရေးဆရာမ ထက်ထက်ဦးဝေ
အစစ်၊ အခုတွေ့နေတာက ထက်
ထက်ဦးဝေအတုကြီး ဖြစ်နေလေ
တော့ သူ့ကိုကြည့်ရင်း ချွေးစေး
တွေ တောင်မှ ထွက်လာတယ်။
ဘယ့် နှယ်လုပ်ရပါ့။

ဒါပေမဲ့လို့ ကျွန်တော်ဘာမှ
မလုပ်လိုက်ရခင်လေးမှာပဲ ကျွန်
တော်တို့စီးနေတဲ့ တွဲပေါ်ကို လက်
မှတ်စစ်အဖွဲ့တွေ ရောက်ချလာ
တယ်။

ခရီးသည်တွေရဲ့ လက်မှတ်ကို
လိုက်စစ်ဆေးရင်းကနေ သူ့ခမျာ
လက်မှတ်မပါဘဲ ရထားခိုးစီးလာ
လို့ လက်မှတ်စစ်တွေရဲ့နောက်မှာ
ပါ လာတဲ့ ရဲတွေရဲ့ခေါ်ဆောင်
ရာကို မျက်နှာမကြည်မသာနဲ့
လိုက်သွား ခဲ့ရတယ်။

စိတ်တော့မကောင်းပါဘူး။
ကျွန်တော့်အတွက်လည်း ပါသ
ပေါ့။ ခရီးသွားခဲ့ရင် ဒါမျိုးတွေကို
တော့ဖြင့် ကောင်းကောင်းကြီး
ဂရုစိုက်ရပေမယ်။ လိမ်ညာပြော
ဆိုခြင်းဟာ အကြမ်းဖက်ခြင်းရဲ့
မိခင်ဖြစ်သလို ဟိုင်းတစ်လုံး၊
ဟန်တစ်လုံးနဲ့ပြောဆိုမှုများက
လည်း ယေဘုယျအားဖြင့်
သူရဲဘောကြောင်တဲ့သူများ
သာဖြစ်တယ်ဆိုတာကိုပါပဲ။

**ခရီးသွားရင်း ရေးဖော်တစ်ဦး ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်တစ်ခုကို ကာယကံရှင်၏ ခွင့်ပြုချက်အရ သီကုံးရေးဖွဲ့ပါသည်။**

**အောင်ကျော်ဖြိုး**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





## ဒေါ်သ၏အစွန်းတစ်ဖက်

ဆုမွန်ဦး (ဟသာတ)

သီတာသောင်ခြေရွာလေးမှာ သာယာငြိမ်းချမ်းအေးမြလျက်ရှိပြီး ရွာရှိလူများက တံငါအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုကြသည်။ လူငယ်လူရွယ်များက တိုးတက်လာသော ခေတ်နှင့်အတူ ရွာနီးချုပ်စပ် အနီးတစ်ဝိုက်သို့ ခရီးသွားများကို ပို့ဆောင်ပေးလေ့ရှိသော ဆိုင်ကယ် ကယ်ရီအလုပ်ကို လုပ်ကိုင်ကြလေသည်။ ထိုအထဲတွင် သီတာသောင်ခြေရွာလေးမှ တာရာဟူသော လူငယ်တစ်ဦးပါ၏။ တစ်ရွာတည်းနေသူ ကေသာနှင့် ချစ်ကြိုက်နေ၏။ ဆိုင်ကယ် ကယ်ရီဂိတ်ရှိရာသို့ ကေသာရောက်ရှိလာသည်။ တာရာ့သူငယ်ချင်းများကိုတွေ့၏။

"ဟဲ့.....သက်ခိုင်၊ တာရာရောဟဲ့"

"တာရာ ပါဆင်ဂျာနဲ့ပါသွားတယ်ထင်တယ် မကေသာ"

"ဒါဆို တာရာလာရင် ပြောလိုက်ပါဟယ်၊ ငါ ဟိုလက်ဖက်ရည်ဆိုင်မှာ စောင့်နေတယ်လို့"

စကားဆုံးတော့ ကေသာတစ်ယောက် ဆိုင်ကယ် ကယ်ရီဂိတ်လေးနှင့် မနီးမဝေးရှိ လက်ဖက်ရည်ဆိုင်လေးသို့ နာရီဝက်ခန့်ကြာတော့ တာရာရောက်လာသည်။ ဆိုင်ကယ်ကို သစ်ပင်ရိပ်တစ်ခုတွင် ရပ်၍ထားလိုက်ပြီး လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာ၏။



"ကေသာ ရောက်နေတာကြာပြီလား"

"သိပ်မကြာသေးပါဘူး တာရာ"

"ဒါနဲ့ ကိစ္စရှိလို့လား"

"ထွေထွေထူးထူးရယ်လို့တော့ မရှိပါဘူး တာရာရယ်၊ ဒါပေမဲ့ တာရာ့ကို တိုင်ပင်စရာရှိလို့"

"ဘာတိုင်ပင်မှာလဲ"

စကားကိုဖြတ်လိုက်ရင်းက....

"ကေသာ ရန်ကုန်ကို သွား မလားလို့"

"ဘာသွားလုပ်မှာလဲ ကေသာရဲ့"

"ကိုယ့်ဘဝရှေ့ရေးအတွက်ပေါ့ တာရာရယ်၊ တာရာနဲ့လည်း ဆိုင်တာပေါ့"

"ဘာ.....ကိုယ်နဲ့ဆိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊ ဘာကိစ္စမို့လို့လဲ”

“ကေသာ့ရဲ့အဒေါ်တစ်ယောက်က တောင်ဥက္ကလာပမှာနေတယ်လေ၊ အဲဒါ အဒေါ့်ဆီမှာနေရင်း ကေသာ အလှပြင်သင်တန်းတက်မယ်၊ ပြီးရင် ဆိုင်ဖွင့်မယ်၊ ကေသာတို့ဘဝ အခြေချတဲ့ ဇာစ်နေ့ကျရင်နိုင်မာအောင်လေ”

“ဩော်.....ကေသာရယ်၊ ခုလည်း ကိုယ်ငွေစုနေတာပဲဟာ”

“ဒါတော့ဒါပေါ့ ကိုရယ်၊ ဒါပေမဲ့ ဘဝရှေ့ရေးဆိုတာ ပန္နက်ခိုင်မှ စိတ်အေးရမှာ၊ အဲဒါကြောင့် ကို ့နဲ့တိုင်ပင်တာ”

တာရာကစဉ်းစားဟန်ပြု၍...

“ကိုယ်တော့ မသွားစေချင်ဘူး ကေသာရယ်၊ အဓိကကတော့ ကိုယ် ကေသာနဲ့ မခွဲနိုင်ဘူး”

“ဩော်....ကိုကလည်း ကေသာ သင်တန်းတက်ပြီး ဆိုင်ဖွင့်တဲ့ အခါကျတော့ ကိုလည်း မြို့ကို တက်လာခဲ့ပေါ့”

တာရာ နားထောင်နေရသော်လည်း ကေသာ့စကားများကို မထောက်ခံချင်။ ဒါပေမဲ့ ဘဝရှေ့ရေးဟူသည်ကရှိ၏။ တကယ်တော့ ထိုအတွေးများသည် ဘဝကို ဦးဆောင်ရမည့် မိမိကသာတွေး၍ မိမိကသာ စွန့်စားရမည့်အလုပ်ဖြစ်၏။ မိမိ ဆိုင်ကယ်ကယ်ရီဆွဲသော အလုပ်သည် ဘဝတစ်ခုကို မထူထောင်နိုင်။ နောက်ဆုံး ကေသာ၏ စိတ်ကူးတို့ကို ခွင့်ပြုလိုက်ရတော့၏။

♛♛♛♛♛

နွေမိုးဆောင်းဟူသော ရာသီစက်ဝန်းတစ်ခုက နှစ်ကြိမ်တိတိပြီးဆုံးသွား၏။ ကေသွယ်ပင်လျှင် ရန်ကုန်မြို့ကြီးသို့ ရောက်ရှိလာပြီး အဒေါ်ပြုစ်သူအိမ်တွင် နေထိုင်ကာ ဗြူတီပါလာသင်တန်းတစ်ခုသို့ တက်ရောက်ရင်း ခုဆိုလျှင် ‘ခရေနန်း’ ဟူသော ကိုယ်ပိုင်ဆိုင်လေး တစ်ဆိုင်ကိုပင်လျှင် ဖွင့်ထားပြီး[illegible] ဖြစ်လေသည်။

တာရာ့ကိုလည်း ရန်ကုန်သ[illegible] လာရောက်ရန် မှာကြားလာ၏။

“ဩော်..ကေသာ..ကေသာ[illegible] ငါ့ကိုတကယ်ချစ်ရှာသားပဲ၊ လူတေ[illegible] ဟာ အချစ်နဲ့တွေ့ရင် စွမ်းဆော[illegible] ရှင်တွေဖြစ်လာကြတယ်ဆိုတ[illegible] တကယ်ပဲပေါ့၊ သူနဲ့ငါရှေ့ရေ[illegible] အတွက် သူ့ခမျာ စွန့်စားခဲ့ရတာ[illegible]

ကာလတစ်ခုတွင်တော့ တာ[illegible] ရာ ရန်ကုန်မြို့သို့ အပြီးအပိုင်ထွက်[illegible] ခဲ့သည်။ ကေသာ၏ ဗြူတီပါလာ[illegible] ဆိုင်လေး၌ပင် နေထိုင်ခဲ့၏။ နှ[illegible] ကိုယ်တူ လက်ထပ်ဖို့အရေးကိုတော[illegible] ကာလတစ်ခုတွင် ရက်မြတ်ရွေးရ[illegible] အေးအေးဆေးဆေးတိုင်ပင်ရန်ဆ[illegible] ဖြတ်ထားခဲ့၏။

ရန်ကုန်ရောက်စမို့ တာရာ[illegible] မည်သည့်အလုပ်ကိုမျှ မလုပ်တ[illegible] ကေသာ၏အလုပ်များကိုသာ တ[illegible] နိုင်သမျှဝိုင်းကူရင်း နေခဲ့သည်။ [illegible]

**ကာလတစ်ခုတွင်တော့ တာရာ ရန်ကုန်မြို့သို့ အပြီးအပိုင်ထွက်ခဲ့သည်။**
**ကေသာ၏ ဗြူတီပါလာ ဆိုင်လေး၌ပင် နေထိုင်ခဲ့၏။**
**နှစ်ကိုယ်တူ လက်ထပ်ဖို့အရေးကိုတော့**
**ကာလတစ်ခုတွင် ရက်မြတ်ရွေးရင်း အေးအေးဆေးဆေးတိုင်ပင်ရန်**



www.burmeseclassic.com

www.burmeseclassic.com





သာ ဆိုင်ဖွင့်သည်မှာ မကြာသေး ဟုဆိုသော်လည်း ကံလိုက်သည်လားမပြောတတ်။ အလုပ်အကိုင်ဟူသည်က မပြတ်။ ကေသာ့ဆိုင်တွင် အလုပ်သမလေးများ ငါးဦးခန့်ရှိ၏။ သူဇာ၊ မေမြတ်နိုး၊ လှပရှင်း၊ မြင့်မိုရ်၊ လဲ့လဲ့ဝင်းတို့ဖြစ်ကြ၏။

အားလုံးသည် ကေသာနှင့် သင်တန်းအတူတက်ခဲ့သူ သူငယ်ချင်းများဖြစ်ကြ၏။ ထို့ကြောင့် လုပ်ရကိုင်ရသည်မှာ အဆင်ပြေသည်။ သင်တန်းကာလပြီးတော့ ဟိုအလုပ်ရှာ၊ သည်အလုပ်ရှာဖြစ်နေသော တူမ၏အဖြစ်ကို မကြည့်နိုင်သော အဒေါ်က နောက်ဆုံး ဆိုင်ဖွင့်ပေးခဲ့၏။ ကေသာတို့ဆိုင်လေးသည် မြို့ထဲနှင့် မနီးမဝေး။ အဒေါ်အိမ်လေးနှင့်တော့ နှစ်မိုင်ခန့်မျှဝေးလေ၏။

ကေသာတို့၏ ခရေနန်း ဗြူတီပါလာဆိုင်လေး နာမည်ရ၍လာသည်။ နာမည်ရလာတော့ Customer တွေ မပြတ်အောင်လာကြသည်။ ည ၉ နာရီ ဆိုင်ပိတ်ချိန်ဝင်လျှင် မနည်းပိတ်ရ၏။ ကျန်သော အလုပ်သမလေးများ ဆိုင်ပိတ်လျှင် ပြန်ကြသော်လည်း မြင့်မိုရ်မှာမူ ကေသာနှင့် ဆိုင်ဖွင့်စကတည်းက အတူနေသည်။ ထိုမှ သီတာသောင်ခြေရွာမှရောက်လာသော တာရာနှင့်ပင် ကျွမ်းကျွမ်းဝင်ဝင်ရှိလာသည်။

ချည်သီးနှင့်ဆား အတူထားက အရည်ပျော်တတ်သည်ဆိုသော စကားအတိုင်း ပုရိသတို့၏ ဓလေ့အတိုင်း မြင်ပါများတော့ခင်၊ ခင်ရာမှတစ်ဆင့် သံယောဇဉ်ဖြစ်၊ ဖလံမျိုးတွေမို့ မီးကိုတိုးမိကြတော့သည်။ တစ်နေ့ ကေသာ မြို့ထဲသွားခိုက် မြင့်မိုရ်နှင့်တာရာ အချစ်ဇာတ်လမ်း ခင်းကျင်းကြသည်။ ကေသာ မြို့ထဲမှပြန်လာ၏။

“ကို မဆိုးနဲ့နော်၊ ဟွန်း.... မမကေသာကိုပဲရမယ်၊ မြင့်မိုရ်ကတော့ ဟွန်း.....ဝေလာဝေးသေး”

“ချစ်လို့ပါ မြင့်မိုရ်ရယ်၊ ကို မြင့်မိုရ်ကို တကယ်လက်ထပ်မှာပါ”

အခန်းတံခါးထိပ်မှ နှုတ်ဆိတ်ရင်း နားထောင်နေသော ကေသာ ဒေါသဖြစ်သွားသည်။ အချိန်မီ စိတ်ကိုချုပ်တည်းရ၏။ မသိချင်ဟန်ဆောင်နေလိုက်သည်။ သို့သော် တာရာနှင့် မြင့်မိုရ်တို့၏ဇာတ်လမ်းက အထွတ်အထိပ်တက်လာ၏။ အပြက်အပြက်နှင့် အခက်ခက်တွေ စုံလာသည်။ တစ်နေ့တွင် ကေသာမှ တာရာအား အပြင်သို့ခေါ်သွား၍ တိတ်တဆိတ် ထိုအကြောင်းများကို မိမိသိနေကြောင်း ပြောပြလိုက်၏။ ထိုနေ့မှစ၍ မကြာမကြာ စကားများရန် ဖြစ်ကြ၏။

‘ရည်းစားလူလု၊ အနုကျွဲခတ်’ ဆိုသောစကားကဲ့သို့ ချစ်ခြင်းဝေစုမှ ပေါက်ဖွားခဲ့သော ရန်ငြိုးရန်စတို့



www.burmeseclassic.com

www.burmeseclassic.com

က အခွင့်အခါကြုံလေတိုင်း မငြိမ်း ဖွယ် မအေးဖွယ် ဖြစ်ရပ်များနှင့်သာ ကြုံရင်းနေလေတော့၏။

♛♛♛♛♛

"ကလင်...ကလင်...ကလင်"

ဖုန်းမြည်လာသောအသံ ကြောင့် ဒေါ်မြသွယ် ဖုန်းကို ကောက် ကိုင်လိုက်သည်။

"ဟယ်လို အန်တီ သွယ်လား ခင်ဗျာ"

"ဟုတ်ပါ တယ်ရှင်၊ မင်း ဘယ် သူလဲ"

"ဩော်... ကျွန်တော် တာ ရာပါ ခင်ဗျာ"

"ဩော်... မောင်တာရာ၊ ဘာကိစ္စရှိလို့ လဲကွဲ့"

"ဟို....ဟို ကေသာ ရေချိုး ခန်းထဲမှာ ရေချိုးရင်း ချော်လဲလို့ ခေါင်းကိုထိသွားပြီး သတိမရဘူး အန်တီသွယ်၊ ခု ကျွန်တော်တို့ ဆေးရုံကြီးကိုသွားမှာမို့ အကြောင်း ကြားတာပါ"

"ဩော်.....ဖြစ်မှဖြစ်ရပလေ ကေသာရယ်၊ ဘယ်လိုများဖြစ်ရ တာလဲ၊ ဟုတ်ပြီ..ဟုတ်ပြီ၊ ခုပဲ အန်တီ သွယ်လာခဲ့မယ်"

စကားဆုံးတော့ ဒေါ်မြသွယ် ဆေးရုံကြီးသို့သွားရန် တက္ကစီငှား၍ ထွက်လာခဲ့သည်။ ရန်ကုန်ဆေးရုံ ကြီး ဦးနှောက်နှင့်အာရုံကြောပြင်ပ လူနာဌာနသို့ရောက်တော့ တာရာ နှင့် မြင့်မိုရ်တို့ကိုတွေ့ရသည်။ ကေသာကတော့ ခုတင်တစ်လုံး ပေါ်တွင် လဲလျောင်းနေ၏။



"ဖြစ်မှဖြစ်ရလေ သမီးလေး ရယ်၊ ဘယ်လိုများဖြစ်ရပါလိမ့်"

"ရေချိုးမယ်ဆိုပြီး ရေချိုးခန်း ထဲ ဝင်သွားတာပဲ အန်တီသွယ် ရယ်၊ အော်သံကြားလို့ ပြေးဝင် သွားတော့ ချော်လဲနေတာ တွေ့ရ တယ်၊ သူ့ခေါင်းမှာလည်း ဆောင့် မိပြီး ဒဏ်ရာရထားတယ်"

ခဏကြာတော့ ဆရာဝန်ကြီး နှင့် ဆရာဝန်များရောက်လာသည်။ ခေါင်းကို ဓာတ်မှန်ရိုက်ကြည့်ရန် ညွှန်ကြား၏။ ဆရာဝန်မလေးအချို့ ကေသာ့ကို ဓာတ်မှန်ခန်းသို့ ခေါ် သွားရင်း ဓာတ်မှန်ရိုက်ကြည့်သည့် အဖြေထွက်လာ၏။

"အင်း.....ဒဏ်ရာကတော့ နည်းနည်းများတယ်၊ ခုလောလော ဆယ်တော့ ဦးနှောက်သွေးစိမ့် တဲ့ လက္ခဏာတွေ့ရတယ်၊ လိုအ ရင် ခွဲစိတ်ရမယ်၊ ခုလောလော ဆယ်တော့ လူနာကို စောင့်ကြည့်ရဦးမယ်"

ထိုမှ ဦးနှောက် နှင့် အာရုံကြော ဆေးရုံ အခန်းတစ် တွင် သာတ ခဲ့ရတော သည်။ ကေသာ တစ်ယောက် ဝေဒနာက မသက်သာ။ ဖြစ်သည့် အချိန်မှစ၍ သတိပြန်လည်မလာ တော့။ ဦးနှောက်အား ခွဲစိတ် ကုသရ၏။ သို့သော် ကုသ မအောင်မြင်။ ခွဲစိတ်ကုသပြီး တစ်ပတ်ခန့်ကြာသော ကာလတွ ကေသာတစ်ယောက် ရရှိသေ ဒဏ်ရာဖြင့် ဆုံးပါးသွားတော့

စျာပနအခမ်းအနား အဒေါ်ဖြစ်သူ ဒေါ်မြသွယ်က ကမကထပြု ဦးဆောင်ခဲ့ရ

www.burmeseclassic.com



ဒီတာသောင် ခြေရှာလေးရှိ ကေသာ့မိဘများကိုလည်း အကြောင်းကြားဆင့်ခေါ်ကာ ကေသာ၏ နောက်ဆုံးခရီးက ဖြောင့်ဖြောင့်ဖြူးဖြူးလေး ပြီးဆုံးသွား၏။

''ဖြစ်မှဖြစ်ရလေ တူမလေးရယ်၊ အင်း...တူမလေးမရှိတော့ပေမယ့် မောင်တာရာဟာလည်း ကိုယ့်ဘကိုယ့်သားတစ်ယောက်ဖြစ်တာမို့ အဲဒီလုပ်ငန်းကို မင်းပဲဦးစီးလက်စနဲ့ ဦးစီးပါကွယ်၊ ဒေါ်လေး ခုလောလောဆယ်တော့ နားပါရစေကွယ်''

''ဩော်.....ရပါတယ် ဒေါ်လေးရယ်၊ စိတ်ချပါ၊ ကေသာမရှိတော့ပေမယ့် ကေသာ့လုပ်ငန်းတွေလေစ်ဟင်းရစေပါဘူး''

♛♛♛♛♛

တစ်ညလုံး ပူလောင်အိုက်စပ်နေ၍ ဒေါ်မြသွယ် တော်တော်နှင့်အိပ်မပျော်။ ထို့ကြောင့် မိုးလင်းလုနီးနီးလေးရှိတော့မှ မှေးခနဲအိပ်ပျော်သွားတော့၏။ အိပ်ပျော်မည်မှမကြာသေး တစ်စုံတစ်ယောက်က တံခါးခေါက်သံကို ကြားလိုက်ရသည်။

''ဒေါက်...ဒေါက်...ဒေါက်''

''ဘယ်သူလဲကွဲ့''

''ကျွန်မပါရှင်''

ဒေါ်မြသွယ် ထ၍တံခါးဖွင့်ပေးတော့ မိန်းကလေးတစ်ယောက်ဖြစ်၏။ ဦးခေါင်းတွင်လည်း တစ်ခေါင်းလုံးအပြည့် ပတ်တီးစများကို ပတ်ထားသည်။ မိန်းကလေးမှာ ကေသာဖြစ်၏။

''ဟင်...သမီးလေး ကေ... ကေသာ၊ သမီး ဒေါ်ဒေါ့်ဆီ လာတယ် ဟုတ်လား''

''သမီး ဒေါ်ဒေါ့်ကို ပြောစရာ

ခုသမီး
ဒေါ်ဒေါ့်ကို
နှုတ်ဆက်ဖို့လာခဲ့တာပါ
ဒေါ်ဒေါ်ရယ်၊
သမီးဒေါ်ဒေါ့်အပေါ်မှာ
ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့
ကံသုံးပါးနဲ့
ပြစ်မှားမိတဲ့ကိစ္စတွေရှိရင်
ခွင့်လွှတ်ပါလို့.....

ရှိလို့ပါ ဒေါ်ဒေါ်ရယ်၊ သမီးသေရတာဟာ တာရာပြောသလို ချော်လဲလို့မဟုတ်ဘူး၊ သမီး တာရာနဲ့ စကားများရန်ဖြစ်ရာကနေ သူက သမီးကို ဆောင့်တွန်းလိုက်လို့ နောက်ကိုလန်ကျပြီး အုတ်နံရံနဲ့ ဆောင့်မိသွားတာ၊ တာရာက မြင့်မိုရ်ဆိုတဲ့ကောင်မနဲ့လည်း ဖောက်ပြန်နေကြတာလေ''

''----''

''တာရာဟာ သမီးအပေါ် သိပ်ရက်စက်တာပဲ ဒေါ်ဒေါ်ရယ်၊ ခု ဒီလုပ်ငန်းကို လုပ်တာဟာလည်း သူနဲ့သမီးရဲ့ ဘဝရှေ့ရေးအတွက်ပါ၊ အစတုန်းက သူ ဒီလိုမဟုတ်ဘူး၊ ခု ခရေနန်းကို ရောက်လာတော့မှ မြင့်မိုရ်နဲ့တွေ့ပြီး သမီးအပေါ် ငြိုငြင်လာတာ''

''ယောက်ျားဆိုတာ ဒီလိုပါပဲ သမီးရယ်၊ ဒါကြောင့် ယောက်ျားဆိုတာ သေမှချီးမွမ်းလို့ စကားရှိတယ်မဟုတ်လား''

''အဲဒီနေ့ကလည်း မြင့်မိုရ်ကိစ္စနဲ့ပတ်သက်ပြီး စကားများကြတယ်လေ၊ အဲဒီမှာ သူက သမီးကို ဒေါသနဲ့လှမ်းတွန်းရာက လဲကျအသွား အုတ်နံရံနဲ့သမီးခေါင်းဆောင့်မိသွားတာပါ''

''----''

''ခု သမီး ဒေါ်ဒေါ့်ကို နှုတ်ဆက်ဖို့ လာခဲ့တာပါ ဒေါ်ဒေါ်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမီး ဒေါ်ဒေါ့်အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးနဲ့ ပြစ်မှားမိတဲ့ ကိစ္စတွေရှိရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်၊ သမီးသွားတော့မယ်နော်''

''ဟဲ့.....သမီး ဘယ်ကိုသွားမှာလဲ၊ ဒေါ်ဒေါ့်ကိုလည်း ပြောခဲ့ဦးလေ၊ သမီး.....သမီးရေ၊ သမီးလေး ကေသာ''

''ဒေါ်မြသွယ်...ဒေါ်မြသွယ်၊ ဘာတွေဖြစ်နေတာတုန်းဗျာ၊ မဟုတ်မှလွဲရော ခင်ဗျား အိပ်မက်မက်နေတာထင်တယ်''

ခင်ပွန်းသည်နှိုးမှ ဒေါ်မြသွယ် အိပ်မက်မှလန့်၍နိုးသွားတော့၏။

''သြော်.....ငါအိပ်မက်မက်နေတာကိုး၊ အိပ်မက်ထဲမှာ သမီးလေးက သူသေရတာဟာ ချော်လဲလို့မဟုတ်ဘူး၊ တာရာနဲ့ စကားများ ရန်ဖြစ်ကြပြီး ဖြစ်ရတာလို့ဆိုတယ်၊ ဟုတ်ရောဟုတ်ရဲ့လား၊ အင်း....ငါ ကြားဘူးတာတော့ အိပ်မက်ဆိုတာ မမှန်တစ်ဝက်၊ မှန်တစ်ဝက်တဲ့၊ ဘာပဲဖြစ်ဖြစ် စုံစမ်းတော့ကြည့်ရမယ်''


♛♛♛♛♛

ဒေါ်မြသွယ် ခရေနန်းသို့ ရောက်လာခဲ့သည်။ ကေသာနှင့် ပတ်သက်၍ စုံစမ်းရန်ဖြစ်၏။

''မောင်တာရာရေ.....''

''သြော်...ရှိပါတယ် အန်တီသွယ်၊ ဘယ်သူများလဲလို့၊ ထိုင်..ထိုင်ပါခင်ဗျား၊ ဒါနဲ့ အန်တီသွယ် ကိစ္စရှိလို့လား''

''ရှိတာပေါ့ မောင်တာရာရယ်၊ ရှိလို့လည်း အန်တီသွယ် လာခဲ့တာပေါ့၊ အင်း..... အန်တီသွယ်လာတဲ့ ကိစ္စကတော့ တခြား မဟုတ်ဘူး၊ တူမလေး



ကေသာရဲ့ ကိစ္စပါပဲ''

ထိုစကားကြားတော့ တာ
အနည်းငယ် မျက်နှာပျက်သ
သည်။

''ကေသာ့ရဲ့ဘာကိစ္စများ
ခင်ဗျာ''

တာရာ့မျက်နှာကို သေ
ကြည့်၍.....

''မောင်တာရာကို အန်
တစ်ခု မေးပါရစေကွယ်''

''မေးပါခင်ဗျာ၊ မေးပါ''

''တူမလေးကေသာ သေ
ရတာဟာ သွေးရိုးသားရိုးရောဟု
ရဲ့လားကွဲ့''

''ဘာ....ဘာ..ခင်ဗျာ၊ ဟု
ပါတယ်၊ သွေးရိုးသားရိုးပါပဲ၊
ချိုးခန်းထဲမှာ ချော်လဲရင်း ခေါ
ကိုထိခိုက်သွားတာပါ၊ ဘာဖြစ်
လဲ အန်တီသွယ်''

ဒေါ်မြသွယ် စဉ်းစဉ်းစား
ပြုရင်းမှ.....

''ဒီလိုကွဲ့၊ ခုတလော အန်
မတွေးဘဲ အိပ်မက်ထဲမှာ သ
လေးကေသာကို အိပ်မက်မ
တယ်၊ သူက အိပ်မက်ထဲမှာ အ
တီ့ကို လာနှုတ်ဆက်တာတဲ့၊
တော့ သူသေရတာဟာ ချော်
လို့ မဟုတ်ဘူး၊ မော
တာရာနဲ့ ရန်ဖြစ်စက
များပြီး မောင်တာရာတ
လိုက်လို့ လဲကျ



www.burmeseclassic.com

www.burmeseclassic.com



ိုးခေါင်းထိခိုက် ခဲ့ရတာလို့
ပြောတယ်၊ အဲဒါ အဲဒီအတိုင်း
ုတ်များဟုတ်နေသလားလို့ပါ''

တာရာက ပျက်နေသောမျက်
ာကို ပြင်လိုက်ရင်းက.....

''ဒေါ်ဒေါ်ရယ် အိပ်မက်ဆို
ာ အမှန်မှမဟုတ်တာ၊ ပြီးတော့
သွားလေချောက်ချားလို့ မက်တဲ့
ာ်စွ၊ ပြီးတော့ ကေသာ့အလောင်း
ည်း မြေကျသွားပြီမို့ ဥပါဒါန်
ကြောင့် ဥပဒ်မဖြစ်စေချင်ဘူး၊ ကျွန်
တော်လည်း ကေသာ့ကို တစ်နေ့မှ
မေ့မရပါဘူးခင်ဗျာ''

''အင်းပေါ့လေ၊ ထားပါတော့၊
ါပေမဲ့ သမီးလေးကို အိပ်မက်တိုင်း
ီအတိုင်းပြောပြောနေတော့ ဒေါ်
ဒေါ် နည်းနည်းတော့ သံသယဖြစ်
ချင်လာတယ်၊ ဒါနဲ့ အဲဒီနေ့က မြင့်
မိုရ်ရော ရှိတယ်မဟုတ်လား''

''ဪ.....သမီးရှိပါတယ်
ဒေါ်ဒေါ်၊ မမကေသာက ရေချိုး
ယ်ဆိုပြီး ရေချိုးခန်းထဲဝင်သွားရာ
ာ အော်သံကြားတော့ သမီးပြေး
ဝင်သွားတာ ချော်လဲနေတာ တွေ့
ရတာပါပဲ ဒေါ်ဒေါ်''

''အင်း.....ဒီလိုဆိုရင်လည်း
ပြီးတာပါပဲကွယ်၊ ဒေါ်ဒေါ့်စိတ်ထဲ
တောင်မကျဖြစ်နေလို့ပါ''

♛♛♛♛♛

**ထိုမျှလောက်သောအကြောင်းများဖြင့်တော့**
**ဒေါ်မြသွယ်၏ သံသယများသည် ကျေပျက်မသွား။**
**တခြားသော မိန်းကလေးများကို တိတ်တဆိတ်စုံစမ်းကြည့်၏။**
**ထိုမှ တာရာ၏အရှုပ်ဇာတ်ထုပ်များပေါ်လာရတော့၏။**
**တာရာသည်.....**

ထိုမျှလောက်သောအကြောင်းများဖြင့်တော့ ဒေါ်မြသွယ်၏ သံသယများသည် ကျေပျက်မသွား။ တခြားသော မိန်းကလေးများကို တိတ်တဆိတ်စုံစမ်းကြည့်၏။ ထိုမှ တာရာ၏ အရှုပ်ဇာတ်ထုပ်များပေါ် လာရတော့၏။ တာရာသည် အိပ်မက်ထဲမှာ ကေသာပြောသည့်အတိုင်း မြင့်မိုရ်နဲ့ ဖောက်ပြန်နေကြလေသည်တဲ့။

''ဒါဆိုရင် မောင်တာရာနဲ့ မြင့်မိုရ်တို့က ငါ့သမီးလေးကို သေကြောင်းကြံစည်ခဲ့ကြတာလား၊ ဆရာဝန်ကြီးရဲ့ အဖြေကတော့ ဦးနှောက် နှောက်စေ့ကွဲဒဏ်ရာတဲ့၊ ဒါလည်း မဖြစ်နိုင်ပါဘူးလေ၊ ဒါဆို သမီးလေးပြောသလို စကားများရန်ဖြစ်တယ်ဆိုတာက ဖြစ်နိုင်စရာရှိတယ်တဲ့''

ဖြစ်ချင်တော့အချင်းဖြစ်သည့်နေ့က ခရေနန်းပြုတီပါလာမှာ ပိတ်သောနေ့ဖြစ်လေသည်။ ပိတ်ရက်တွင် တခြားသော မိန်းကလေးများမရှိကြ။ တာရာနှင့်အတူ မြင့်မိုရ်သာရှိနေကြသည်မို့ အကြောင်းတစ်ခုဟာ အဖြေရှာရခက်နေရပြန်လေသည်။

ထိုမှ ဒေါ်မြသွယ် ခရေနန်းပတ်ဝန်းကျင်ရှိ လူနေအိမ်များသို့ စုံစမ်းကြည့်ပြန်လေသည်။ ထိုအခါ ဒေါ်မြသွယ်လိုချင်နေသောအဖြေမှာ နီးစပ်လာ၏။ ခရေနန်းပြုတီပါလာမှ ညတိုင်းရန်ဖြစ်သည့်အသံများ ကြားရသည်။ ထိုနေ့အချင်းမဖြစ်မီ အချိန်ပိုင်းကလည်း မိန်းမတစ်ယောက်၏ ငိုသံများ ကြားရသည်ဆိုသော အိမ်နီးချင်းများထံမှ သတင်းရလာသည်။

ဒေါ်မြသွယ် ဆုံးဖြတ်ချက်ချလိုက်၏။ ကေသာသေဆုံးမှုသည်

www.burmeseclassic.com



သွေးရိုးသားရိုးမဟုတ်ကြောင်း သတင်းရရှိလာ၏။ ထို့ကြောင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် ရဲစခန်းသို့သွားကာ အမှုဖွင့်တိုင်ကြားလိုက်တော့၏။ ဒေါ်မြသွယ်၏ တိုင်တန်းချက်အရ ရဲစခန်းမှသွားရောက်ကာ တာရာနှင့်မြင့်မိုရ်တို့ကို ခေါ်ယူစစ်ဆေးတော့၏။

"ကဲ....မောင်တာရာ မကေသာ သေဆုံးရမှုဟာ သူ့ဘာသာသူ သွေးရိုးသားရိုး ချော်လဲပြီး ဦးခေါင်းဒဏ်ရာရလို့ဆိုတာ မဟုတ်ပါဘူး၊ အဲဒီကိစ္စ မောင်တာရာ ဘာပြင်းချင်သေးလဲ၊ တို့မှာ ခိုင်လုံတဲ့သက်သေ အထောက်အထားတွေလည်း ရှိထားပါပြီ မောင်တာရာ"

"ဟုတ်ကဲ့၊ ကျွန်တော်ဖြောင့်ချက်ပေးပါတော့မယ် ဆရာ၊ ဒါပေမဲ့ ကျွန်တော် ကေသာ့ကိုတမင်သေစေဖို့ ရည်ရွယ်ပြီး လုပ်တာတော့မဟုတ်ပါဘူး၊ သူနဲ့ကျွန်တော် စကားများရာကနေ အမှတ်တမဲ့ ဖြစ်သွားတာပါ၊ အဖြစ်ကတော့ ဒီလိုပါ ဆရာ....."

♛♛♛♛♛

"ကို ကေသာ့ကို မှန်မှန်ပြော၊ ကိုနဲ့မြင့်မိုရ် ဖြစ်နေကြတယ်မဟုတ်လား"

"ဟော့....ကေသာ၊ ငါမဟုတ်



ဘူးလို့ ဘယ်နှခါပြောရမလဲ၊ မင်းစကား ဒီမှာတင်ရပ်"

"သြော်.....ကိုတာရာရယ် မျက်စိနဲ့တပ်အပ်မြင်တာတောင်မှ ဖြောင်လိမ်ဖြောင်စား လုပ်ချင်သေးတယ်၊ ဟိုတစ်နေ့က ရှင်တို့ရဲ့ မမြင်အပ်တဲ့ မြင်ကွင်းတွေကို ကျွန်မကိုယ်တိုင် မြင်ခဲ့တာရှင့်၊ ခဲ့တာ၊ သိလား"

"သြော်...မင်းကိုယ်တိုင် တယ်ဆိုရင် အဲဒီနေ့က မင်းလ တွေ့ပြလိုက်ပေါ့ကွ၊ ဘယ်န လက်ဆုပ်လက်ကိုင်မရှိတဲ့ ကြေးတွေနဲ့ လာစွပ်စွဲနေတာ

ကေသာက မြင့်မိုရ်ဘက် လှည့်၍.....

"ဟိုတစ်ယောက် လည်း အရိပ်နေ အခက်ချိုးချိုးပဲ၊ ကမှာ ယောက် ရှားသလား မသိ ကြည့်ထားတဲ့ ဖူးတရားက မထော ရှင်တို့ တွေမှ ကြရဲ့ တိရစ္ဆာ တွေ.....တိရစ္ဆာ တွေ၊ တိရစ္ဆာန်မှ ဒီလို တာ"

ကေသာမှာ ပြောရင် ဒေါသထွက်လာပြီး အနီးရှိ မြ ၏ဆံပင်အား ဆွဲ၍ဆောင့်တော

"ဟဲ့.....ကေသာ မလ မလုပ်နဲ့"

"ဘာ.....နင့်ကြောင်မ နင်ကနာတာလား၊ နင်တို့



www.burmeseclassic.com

www.burmeseclassic.com

ယောက်လုံး ငါသတ်ရမှ ကျေနပ်မယ်''

ကေသာ့လက်ထဲတွင် ဆွဲဆုပ်ထားသော မြင့်မိုရ်၏ဆံပင်များကို တာရာက ဆွဲဖြေ၏။ မရ။

''ကဲဟာ.....ငါပြောနေတယ်၊ တော်တော့ဆိုတာ မရဘူးလား''

တာရာ ဒေါသတွေ ပေါက်ကွဲ သွားတော့၏။ ထို့ကြောင့် ကေသာ့ ကိုဆွဲကာ တွန်းပစ်လိုက်သည်။ ကေသာ နောက်သို့ ပက်လက်လန်၍ လဲကျသွား၏။ လဲ့ အကျတွင် အောက်ခြေမှ ကွန်ကရစ်နံရံဖြင့် အရှိန်ပြင်းစွာ ဆောင့်မိသွားတော့၏။

''ဒုန်း.....''

''အမယ်လေး.....''

''ဟင်...ကေသာ လဲကျသွားပြီ၊ မလှုပ်တော့ဘူး၊ ဘာများဖြစ် သွားပါလိမ့်၊ ဘုရား .....ဘုရား''

မြင့်မိုရ်က လဲကျရင်း မလှုပ်တော့သော ကေသာ့ဆီသို့ပြေးကာ ခေါ်ကြည့်၏။

''မမကေသာ.....ကေသာ၊ ဟင်.....နောက်စေ့မှာလည်း သွေးတွေပါလား၊ ခေါ်လို့လည်းမရတော့ဘူး ကိုတာရာ၊ လာ....လာကြည့်ပါဦးရှင်၊ မမကေသာခေါ်လို့မရတော့ဘူး၊ သေများသွားပြီလားမသိဘူး၊ အဲဒါ ဘယ်လိုလုပ်ကြမလဲ''

''ဟင်...ကေသာမလှုပ်တော့ဘူး ဟုတ်လား၊ ဟာ...ခေါင်းကလည်း သွေးတွေအရမ်းထွက်နေတယ်၊ ဆေး...ဆေးရုံပို့မှဖြစ်မယ်၊ ငါဒေါ်မြသွယ်ဆီ ဖုန်းဆက်မယ်၊ နင်လည်း ဘယ်သူမေးမေး ရေချိုးခန်းထဲမှာ ချော်လဲတာလို့ပြော၊ ဟုတ်လား''



♛♛♛♛♛

''အဖြစ်အပျက်ကတော့ အဲဒါပါပဲ စခန်းမှူးကြီးရယ်''

ပြောပြီးနောက် တာရာနှင့်မြင့်မိုရ်တို့မှာ မျက်လွှာများချထားကြလေသည်။


''ဟုတ်ပါပြီ၊ ကျွန်တော်တို့ သဘောပေါက်သွားပါပြီ၊ တကယ်တော့ မောင်တာရာဟာ မကေသာကို တမင်သေစေလိုတဲ့ ဆန္ဒမပါပါဘူး၊ အမှတ်မထင်ဖြစ်သွားခဲ့တဲ့ ရန် ပွဲလေးတစ်ခုကနေ ဖြစ်ခဲ့ရတဲ့ သေမှုသေခင်းကိစ္စလေး တစ်ခုပါပဲ၊ အင်း..... ဒါပေမဲ့ လူတစ်ယောက် ကိုယ့်ကြောင့် သေရပြီ ဆိုတာနဲ့ ကျူးလွန်သူဟာ တရားခံဖြစ်သွားပါပြီ၊ ဒါကြောင့် တရားဥပဒေက ပေးအပ်မယ့် ပြစ်မှုပြစ်ဒဏ်ကို ခံယူဖို့ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ''

ရဲတပ်ဖွဲ့ဝင်တစ်ဦးက တာရာ့အား လက်ထိပ်ခတ်လိုက်၏။

ဒေါသဟူသည် အမှားကိုဖြစ်စေ၏။ ထို့ပြင် အမှောင်တရားများဖြင့်လည်း ဝန်းရံထားတတ်ကြောင်း တာရာ၏အဖြစ်အပျက်များက သက်သေထူလျက်ရှိနေတော့သည်။

ဆုမွန်ဦး (ဟင်္သာတ)

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







## ကျွန်တော့်ရဲ့ချစ်

ချစ်သဲမောင်

**အဲဒီ**ညကို ကျွန်တော် ဘယ်လိုမှ မေ့လို့မရပါဘူး။ ကျွန်တော် ဒီတိုင်းလိုပဲ သတင်းကြည့်နေတယ်။ ကျွန်တော့်အမျိုးသမီး ရေချိုးခန်းထဲကထွက်လာပြီး ကျွန်တော့်ကိုပြောတယ်။

"ခြေထောက်မှာ ဘာလို့ မှဲ့တစ်လုံးထွက်လာပါလိမ့်"

ကျွန်တော်ကတော့ မိန်းကလေးတွေ တော်တော်များများ ဘာမှမဟုတ်တဲ့ ကိစ္စလေးကို ရေး ကြီးခွင်ကျယ်လုပ်တယ်ဆိုပြီး ဂရုမစိုက်ဘဲ ဒီတိုင်းထားလိုက်တယ်။



ကျွန်တော်တို့ဘဝက ဖြတ်သန်းလာရတာ အေးအေးဆေးဆေးပါပဲ။ ကျွန်တော်ကုမ္ပဏီမှာ ရာထူးတစ်ခုရပြီးနောက်ပိုင်းမှာ သူကလည်း အိမ်က ဝေယျာဝစ္စတွေ အားလုံးကို တာဝန်ယူခဲ့တယ်။ ကျွန်တော့်အလုပ်က အမြဲအချိန်ပိုလုပ်နေရသလို ခရီးလည်းခဏခဏ ထွက်ရတယ်။ တစ်ခါတလေထွက်လိုက်ရင်လည်း သုံးပတ်လောက်ကြာတယ်။ ခရီးထွက်နေတုန်း တချို့ကတော့ အိမ်က လူကြီးတွေရဲ့ကျန်းမာရေး၊ ကလေးတွေရဲ့ ပညာ ရေးကို စိတ်ပူတတ်ကြတယ်။ ကျွန်တော်ကတော့ စိတ်ချလက်ချပါပဲ။ ဘာလို့ဂဲဲဆိုတော့ ကျွန်တော်သိတယ်။ သူကျွန်တော့်မိဘတွေကို ကောင်းကောင်းပြုစုလိမ့်မယ်၊ သားလေးကိုလည်း စာပြပေးမယ်ဆိုတာတွေကို။

တကယ်တော့ သူ့ကိုအားကျနေတဲ့သူတွေဟာ ကျွန်တော့်ကိုအားကျနေတဲ့သူတွေလိုပဲ များပါတယ်။ တခြားလူတွေရဲ့အမြင်မှာ သူဟာ မနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ အထက်လူကြီးရဲ့ မျက်နှာကိုကြည့်ပြီး လုပ်စရာမလိုဘူးလေ။ ကျွန်တော်တို့လည်း အရင် ကတည်းက ကားဝယ်ထားတယ်။ ကွန်ဒိုကိုလည်း ပြောင်းနေနိုင်ပါပြီ။ ကျွန်တော်တို့ ရှိမန်းတစ်ဆိုတာကို မသိပေမယ့် ကျွန်တော်တို့ရဲ့ကမ္ဘာလေးဟာ သာသာယာယာပါပဲ။ သူ ဒီလိုတစ်ခုခုလွဲနေသလိုပို ခံစားနေရပြီး သူတစ်ယောက်

တည်း ဆရာဝန်သွားပြတယ်။ ဆေးစစ် ချက်ထွက်လာပြီ။ မှဲ့ကင်ဆာတဲ့။ ဒီဆေးစစ်ချက်အဖြေဟာ ကျွန်တော့်ကို တုန်လှုပ်သွား စေတယ်။

အဲဒီနေ့တွေမှာ ကျွန်တော်တို့ နာမည်ကြီးဆေးရုံတော်တော်များများကို ပတ်ခဲ့တယ်။ အဖြေတွေက တော့ အတူတူတွေ ပါပဲ။ နာမည် အရမ်းကြီးတဲ့ ဆရာဝန်တစ်ယောက်က ကျွန်တော့်ကို ပြောပြတယ်။

“မင်းအမျိုးသမီးရနေတဲ့ အရေပြားကင်ဆာဟာ သေနှုန်း ၉၀ ရာခိုင်နှုန်းရှိတယ်၊ အဆိုးဆုံး အရေပြားကင်ဆာတစ်ခုပါ”

သိပ်မကြာပါဘူး။ ဆရာဝန် ပြောထားသလိုပဲ သူ့ရဲ့လက်မောင်း၊ ပေါင်၊ နောက်ကျောတွေမှာ မှဲ့အသစ်တွေ အများကြီး ထွက်လာတယ်။ သူ့ရဲ့ခန္ဓာကိုယ်နဲ့စိတ်ဓာတ်တွေဟာ တဖြည်းဖြည်းချင်း ကျဆင်းလာတယ်။

ကျွန်တော်မှတ်မိသလောက် သူ အရင်ကတည်းက တစ်ခါတလေ ဖျားပြီးဖိုက်နာတတ်တာက လွဲလို့ သူနေမကောင်းတဲ့အချိန်မရှိသလောက်ပဲ။ ဒါပေမဲ့ အခုတော့ တစ်ခဏလေးမှ အနားမယူတတ်တဲ့သူက နောက်ဆုံးတော့ ဆေးရုံခုတင်မှာ လဲနေရပါပြီ။ သူမရှိတော့



တဲ့အိမ်ဟာ အရမ်းကိုတိတ်ဆိတ်လွန်းတယ်။ မီးဖိုခန်းမှာ အပူငွေ့မရှိတော့ဘူး။ ရေချိုးခန်း၊ ဧည့်ခန်းက အသုံးအဆောင်ပစ္စည်းတွေပေါ်မှာ ဖုန်တွေလွှမ်းခြုံနေပြီ။

အရင်တုန်းက လင်းလင်းရှင်းရှင်း၊ နွေးနွေးထွေးထွေးရှိတဲ့၊ ပြန်ရောက်တာနဲ့ သက်သောင့်သက်သာရှိတဲ့အိမ်လေးဟာ ကျွန်တော် မသိတဲ့နေရာအဖြစ် ပြောင်းလ[ဲ]တော့မယ်။ ကျွန်တော် အိမ်က ပစ္စည်း တော်တော်များများနဲ့ စိမ်းနေပါလား။ မိုက်ခရိုဝေ့ဖ်သုံးတာ ထမင်းချက်တာ၊ ကော်ဖီ၊ လက် ဖက်ရည် တစ်ခွက်ဖျော်ဖို့ ခေါက် ဆွဲထုပ်ပြုတ်ဖို့ ကျွန်တော်စမ်းနေ တာ နေ့ဝက် ရှိပြီ။ ဘယ် ခလုတ်နှိပ် ရမှန်းမသိ ဘူး။ ချက်လို့ ထွက်လာ တာက လည်း သူချက်တဲ့ အရသာနဲ့ ကွာ ပါလား။ အရင်က သူ လွယ်လွယ်ကူကူ လက် ကမ်းပေးလိုက်တဲ့ နေ့စဉ်သုံး ပစ္စည်းတွေဟာ အခုရှာနေတာ နေရာနဲ့နေပြီ။ ရှာမတွေ့ဘူး။ သူဆေးရုံတက်ပြီးနောက်ပိုင်း ကျွန်တော်လည်း ခွင့်ရက်ရှည်ယူ လိုက်ပြီး သူ့အနားမှာ တတ်နိုင် သလောက် အဖော်လုပ်ပေးတယ်။ ဒီအချိန်မှာမှ ကျွန်တော် သဘော ပေါက်လိုက်တယ်။ အိမ်တစ်အိမ် တာဝန်ကျေပွန်တဲ့ ဇနီးကောင်းတစ် ယောက်မရှိရင် ယောက်ျားတွေဟာ ဆံဘယ်လောက်ရှာနိုင်ပါစေ အ

www.burmeseclassic.com

www.burmeseclassic.com



ာ ဘယ်လောက်ပဲ သားသားနား
ားရှိနေပါစေ အလကားပါပဲ။ တစ်
နေ့မှာ အသိတစ်ယောက်က စင်
ကာပူမှာ ဒီလိုအရေပြားကင်ဆာကို
အထူးကုတဲ့ ဆေးရုံတစ်ရုံရှိတယ်
ပြောတယ်။ ဒီလိုရောဂါမျိုးကုလို့
ပျောက်တာတွေလည်းရှိတယ်။ ဒါ
ပေမဲ့ စရိတ်တော့ တော်တော်ကြီး
တယ်၊ ကုထုံးတစ်ခုက သုံးလကြာ
တယ်။ သိန်း ၃၀ လောက်ကုန်
တယ်တဲ့။

ကျွန်တော် ဒီသတင်း မိန်းမ
ကိုပြောပြတော့ ရောဂါဝေဒနာ
ညှဉ်းပန်းခံနေရပြီး သတိမလည်
တလည်နဲ့ ကျွန်တော့်ကို ရှင်းရှင်း
လင်းလင်းလေး ပြောလိုက်တယ်။

"ရှင်တို့နဲ့ မခွဲရက်ဘူး"

သူ အားအင်ချည့်နဲ့ပြီး ရှင်း
လင်းတဲ့ စကားသံလေးတွေကြား
တော့ ကျွန်တော့်မျက်ရည်တွေဟာ
မျက်လုံးအိမ်ထဲမှာ မနေနိုင်တော့ပါ
ဘူး။

ကျွန်တော်အရင်က တစ်ခါမှ
မြင်မိခဲ့ဖူးဘူး။ ငါတို့လင်မယား
လောက်ထိ ချစ်ကြမယ်လို့။ ဒါပေ
မဲ့ အဲဒီအချိန်မှာ ကျွန်တော် ခံစား
ရတယ်။ ငါတို့ဟာ ကမ္ဘာပေါ်မှာ
အချစ်ဆုံးတွေ။ အတူတူနေထိုင်ခွင့်
ဟာ ဘယ်လောက်ထိကောင်းလဲ။

"သူငါ့ကို ထားခဲ့လို့မရဘူး"

"ငါ သူ့ကို လိုအပ်တယ်"

**ဒီလို
အသက်ရှင်ခွင့်ရမယ့်
အခွင့်အရေး
တစ်မျှင်လေးဟာ
ကျွန် တော်တို့ရဲ့
မျှော်လင့်ချက်ဆိုတာကို လည်း
မသိကြပါဘူး။
အဲဒီအချိန် မှာ....**

ငါတို့ အတူတူအိုကြမယ်၊
သားလေး လူကြီးဖြစ်တဲ့အချိန်ထိ၊
သားလေးရဲ့သားလေးက "ဘိုးဘိုး
ဘွားဘွား" လို့ခေါ်တာကို အတူတူ
နားထောင်မယ်။ သူ့ကိုစင်ကာပူခေါ်
သွားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ကျွန်တော်ရုံးကိုသွားပြီး ခွင့်
ရက်ရှည်ယူတဲ့အချိန်မှာ လုပ်ဖော်
ကိုင်ဖက်တစ်ယောက် တီးတိုးပြော
တာ ကြားလိုက်တယ်။

"ငါသာဆိုရင် ကုမနေတော့
ပါဘူး၊ သိန်း ၃၀ တောင်၊ မပျောက်
ရင် လူလည်းရှုံး၊ ပိုက်ဆံလည်း ဆုံး
နေဦးမယ်"

ဒီလိုပြောနေကြတဲ့လူတွေဟာ
ကိုယ့်ရဲ့အရင်းနှီးဆုံးသူ ဆုံးရှုံးရ
တော့မယ့် ဝမ်းနည်းမှုမျိုးကို မခံစား
ဖူးသေးလို့ပါ။

ဒီလို အသက်ရှင်ခွင့် ရမယ့်
အခွင့်အရေးတစ်မျှင်လေးဟာ ကျွန်
တော်တို့ရဲ့ မျှော်လင့်ချက်ဆိုတာကို
လည်း မသိကြပါဘူး။ အဲဒီအချိန်
မှာ ကျွန်တော် စဉ်းစားတယ်။ သိန်း
၁၀၀၊ သိန်း ၁၅၀ ဖြစ်နေပါစေ အိမ်
တွေကားတွေကိုပဲရောင်းရောင်း သူ
အသက်ရှင်ခွင့်ရမယ်ဆိုရင် အားလုံး
ကျေနပ်ပါတယ်။ စင်ကာပူမသွား
ခင် အိမ်နားက စူပါမားကတ်မှာ နေ့
စဉ်သုံးလိုမယ့် ပစ္စည်းတွေသွားဝယ်
တယ်။ သီတင်းကျွတ်ရှေ့ရက်ပိုင်း
ဆိုတော့ စူပါမားကတ်ထဲက လူတွေ
ရဲ့မျက်နှာဟာ ပြုံးရွှင်နေကြတယ်။
လူတွေအားလုံး ရယ်ရယ်မောမော
နဲ့။ ကျွန်တော် ရုတ်တရက် ခံစား
လိုက်ရတယ်။ ငါ ဒီပြုံးပျော်တဲ့လူ
တွေနဲ့ တော်တော်လေးကိုကင်းကွာ
နေပါလား။ ပျော်ရွှင်ရယ်မောခြင်း
အားလုံးဟာ ကျွန်တော့်ဇနီး နေ
မကောင်းတဲ့အချိန်ကစပြီး ကျွန်
တော်နဲ့ မသက်ဆိုင်တော့သလိုပါပဲ။

ကျွန်တော် သူပေးလိုက်တဲ့
စာရင်းအတိုင်း နေ့စဉ်သုံးပစ္စည်း
တွေကို ဝယ်လိုက်တယ်။ အိတ်ကို
မ,ပြီး ထွက်လာတော့မှ တော်တော်
လေး လေးနေပါလား။ ဒီလောက်
နှစ်ရှည်လတွေမှာ အိမ်မှာနေတာ၊

www.burmeseclassic.com



သုံးတာအားလုံး သူစီမံထားတာ စေ့စေ့စပ်စပ်ပါပဲ။

ကျွန်တော်လုံးဝမသိခဲ့ဘူး။ ဆန်တစ်အိတ်ဘယ်လောက်ကျလဲ၊ ဆီတစ်ပုံး ဘယ်လောက်ကျလဲဆိုတာတွေကို ကျွန်တော် လုံးဝမသိခဲ့ဘူး။ ဒီပစ္စည်းတွေကို အိမ်သယ်ပြန်ရတာဟာ တော်တော်လေးပင်ပန်းတဲ့အလုပ်တစ်ခုဆိုတာကို။ ကျွန်တော်ဟာ ကျွန်တော်တို့အိမ်ရဲ့ မဏ္ဍိုင်ကျောမလို့ တစ်သက်လုံး ထင်လာခဲ့တာ။ သူလဲသွားတဲ့အချိန်မှာမှပဲ သဘောပေါက်တော့တယ်။ သူကသာ ကျွန်တော်တို့အိမ်ရဲ့ ဗဟိုကျောမပါ။ ကျွန်တော်တို့ ကွမ်ကျိုးမှာနေခဲ့တဲ့အချိန်ဟာ မင်္ဂလာဆောင်ပြီးနောက်ပိုင်း အချိုမြိန်ဆုံးဘဝအစိတ်အပိုင်းလေးပါ။ ဒီသုံးလအတွင်းမှာ ကျွန်တော်တို့ နေ့နေ့ညည ခြေတစ်လှမ်းမှ မခွာခဲ့ဘူး။ အတူတူရယ်မောကြတယ်၊ အတူတူငိုကြတယ်။ ကျွန်တော်တို့ ရင်ဖွင့်စကားသံတွေ မကြားရတာ ဘယ်လောက်ထိ ကြာပြီလဲဆိုတာကို မမှတ်မိတော့ပါဘူး။ ပထမတစ်လမှာတော့ သူ တော်တော်လေး ကောင်းလာသလိုလိုရှိလာတယ်။ တစ်ခါတလေ သူ့လက်ကိုတွဲပြီး ပန်းခြံထဲမှာ လမ်းလျှောက်ရင်း ကျွန်တော်တို့နှစ်ယောက်ရဲ့ အတိတ်က ဇာတ်လမ်းတွေကို ပြန်ပြောဖြစ်တယ်။ ကျွန်တော်တို့ ပထမဆုံးဆုံတဲ့အချိန်လေး။ ပထမဆုံး အတူကြည့်ခဲ့တဲ့ ရုပ်ရှင်နာမည်လေးက "Titanic"။

သူ ကျွန်တော့်ကိုပြောပြတယ်။ ကျွန်တော် သူ့ကို ဒီရုပ်ရှင်ကြည့်ဖို့



ချိန်းတဲ့အချိန်။ အမှန်တကယ်တော့ သူ သူ့ငယ်ချင်းတွေနဲ့ ကြည့်ပြီးသားပါ။

ကျွန်တော့်ကို မငြင်းရက်လို့ ကျွန်တော်နဲ့နောက်တစ်ခေါ
လိုက် ကြည့်ပေးတာပါတဲ့။
အကြောင်း လေးတွေဟာ
အချိန် ပြန်စဉ်းစားလိုက်ရင်
ရာ တစ်ခုလိုပါပဲ။ အတူနေလာ
ဒီလောက်ကြာပြီ။ ဒီလောက်
စကားအကြာကြီး မပြောဖြစ်
ဘူး။

ဒီသုံးလအတွင်း ကျွန်
မျက်စိရှေ့မှာ သူတစ်နေ့တ
ဆုတ်လျော့လာတာကို မြင်
တယ်။ အထူးကုထုံးကလည်း
အပေါ်မှာ အာနိသင်မရှိခဲ့
ဆန်ပြုတ်လေးတစ်ခွက်
တောင် သူ မသောက်နိုင်
ပါဘူး။ နောက်ဆုံး သူကျွန်
ကိုပြောတယ်။

"အိမ်ပြန်
တယ်"

ဒီလိုနဲ့
တော်တို့
လင့်ချက်က
စွာနဲ့ အိမ်ပြန်
ခဲ့တယ်။

အိမ်ပြန်ရောက်ပြီးတော့
အခြေအနေဟာ ပိုပိုပြီး ဆိုး
တယ်။ နောက်ပြီး ကင်ဆာ
ရှင်တွေကြောက်တဲ့ ကိုက်ခဲ
မှုတွေကို သူခံစားနေရပြီ။ သူ
ညလုံး အိပ်လို့မပျော်ဘူး။ နာ
မှု ညည်းညူသံတွေဟာ အ



www.burmeseclassic.com

www.burmeseclassic.com

သူတွေရဲ့ သံစဉ်ဖြစ်ခဲ့တယ်။ ကျွန်တော် သူ့ကိုယ်စား ဒီအနာတွေကို ခံပေးလိုက်ချင်တယ်။ သူဒီလောက်ထိ ခံစားနေရတာကို မြင်နေရတဲ့ စိတ်ဒဏ်ရာဟာလည်း သူ့ခန္ဓာကိုယ်မှာ ခံစားနေရတဲ့ နာကျင်မှုတွေနဲ့ ထပ်တူထပ်မျှပါပဲ။ သူနည်းနည်းနေကောင်းတဲ့အချိန်မှာတော့ ကျွန်တော့်ကိုစပြီး မှာကြားနေတော့တယ်။ ဒီလောက်ထိ ရှုပ်ထွေးတဲ့ အိမ်မှုကိစ္စတွေကို သူတစ်ယောက်တည်း လုပ်လာခဲ့တာ ဒီအချိန်မှာမှ သဘောပေါက်မိတယ်။ သူကျွန်တော့်ကို ပြောသေးတယ်။

"ကျွန်တော် အမြဲဟာမ်း စားကောင်းတယ်လို့ ပြောတဲ့အစားအစာတွေဟာ ဘယ်ဆိုင်ကဝယ်တာ"

"ကျွန်တော်အမြဲဝတ်တဲ့ အဝတ်အစားတွေဟာ ဘာတံဆိပ်၊ ဘယ်ဆိုင်မှာသွားဝယ်တာ"

အစရှိသဖြင့်ပေါ့။

သူမဆုံးခင် သုံးရက်အလိုမှာ ကျွန်တော့်ကို အဝတ်လျှော်စက် သုံးစွဲသုံးနည်း သင်ပေးလိုက်သေးတယ်။ နှစ်ပေါင်းများစွာ သုံးလာခဲ့တဲ့ ဒီအဝတ်လျှော်စက်လေးဟာ သူ နဲ့ကျွန်တော် အတူတူသွားဝယ်ခဲ့တာပါ။ ဝယ်လာပြီးနောက်ပိုင်းမှာတော့ သူပဲကိုင်တွယ်နေတာပါ။

ကျွန်တော် မျက်ရည်တွေကို

**ဒီသုံးလ**
**အချိန်လေးရှိခဲ့လို့**
**တော်သေးတာပေါ့။**
**မဟုတ်ရင် ကျွန်တော် တစ်ဘဝလုံး**
**နောင်တရမိလိမ့်မယ်ဗျာ။**
**သူဆုံးသွားတဲ့နေ့ဟာ**
**အေးအေးချမ်းချမ်းပါပဲ။**
**ကျွန်တော်က**
**သားလေးကိုပြောတယ်။**
**မေမေက....**

မအောင့်နိုင်တော့ပါဘူး။ အသံတိတ်စွာ ကျနေပါတယ်။ မဆုံးခင်ရှေ့တစ်ရက်မှာ ကျွန်တော့်ကိုပြောတယ်။ ကျွန်တော်နဲ့ လက်ထပ်ခဲ့တာဟာသူ့ဘဝမှာ အပျော်ဆုံးအချိန်လေးတွေပါ။ စင်ကာပူမှာနေခဲ့တဲ့ သုံးလတာကာလဟာလည်း သူ့ဘဝရဲ့ အကြည်နူးဆုံးအချိန်လေးတွေပါပဲတဲ့။ ဒီသုံးလဟာ ကျွန်တော့်အတွက်လည်း ရင်ထဲမှာသိမ်းထားရတဲ့ အမှတ်တရအဖြစ် ထင်ကျန်ခဲ့ပါတယ်။ ဒီသုံးလကြောင့် ရာထူးတိုးမယ့် အခွင့်အရေးလက်လွှတ်ခဲ့ရတယ်။ ငွေကြေးတွေ ဆုံးရှုံးခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်ဇနီးနဲ့ ယှဉ်လိုက်ရင် ဒါတွေဟာ ပြင်ပအရာဝတ္ထုတွေပါပဲ။

ဒီသုံးလအချိန်လေးရှိခဲ့လို့ တော်သေးတာပေါ့။ မဟုတ်ရင် ကျွန်တော် တစ်ဘဝလုံး နောင်တရမိလိမ့်မယ်ဗျာ။ သူဆုံးသွားတဲ့နေ့ဟာ အေးအေးချမ်းချမ်းပါပဲ။ ကျွန်တော်က သားလေးကိုပြောတယ်။ မေမေက ဟိုးအဝေးတစ်နေရာကို ထွက်သွားပြီး ဖေဖေတို့ကို စောင့်နေတာပါ၊ တစ်နေ့နေ့၊ တစ်ချိန်ချိန်ကျရင် ဖေဖေတို့မိသားစုအားလုံး ပြန်ဆုံကြမယ်။ မေမေက မေမေပဲ။ ဖေဖေကလည်း ဖေဖေပဲ။ သားလေးကလည်း ဖေဖေမေမေတို့ရဲ့ သားလေးပါပဲ။

အခုအချိန်မှာ သူမှာမိသားစုစုံစုံလင်လင်ရှိနေတာကို မြင်တွေ့ရမှာ ကျွန်တော် အကြောက်ဆုံးပဲ။ လျှောက်ခဲ့တဲ့ ပန်းခြံလေး၊ အတူတူကြည့်ခဲ့တဲ့ ရုပ်ရှင်ရုံ၊ အတူတူပတ်ခဲ့တဲ့ စူပါမားကတ်တွေကို ရောက်တိုင်း ကျွန်တော့်မျက်ရည်တွေကို မအောင့်နိုင်ဘူး။ အဝတ်လျှော်စက်သုံးတဲ့အချိန်၊ မိုက်ခရိုဝေ့ဗ်မီးဖိုခလုတ်နှိပ်တဲ့အချိန်၊ သားအတွက် အဝတ်အစားဝယ်ပေးရတဲ့အချိန်၊ အချိန်ပိုအလုပ်ဆင်းပြီး အိမ်မှာတစ်ယောက်တည်း ခေါက်ဆွဲထုပ် ပြုတ်စားရတဲ့အချိန်၊ ညသန်းခေါင် နိုးလာပြီး ခုတင်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ယောက်တည်း အိပ်နေရတဲ့အချိန်၊ အဲဒီအချိန်အားလုံးတွေဟာ ကျွန်တော့်ကို ငိုချင်စေတယ်။

သူရှိနေတဲ့အချိန်တုန်းက ကျွန်တော့်ကိုယ်ကျွန်တော် ဒီလောက်ထိ ကံကောင်းလှတဲ့သူလို့ သတိမထားမိခဲ့ဘူး။ သူဟာ ကျွန်တော်နဲ့ နှစ်ပေါင်းများစွာ ပေါင်းလာခဲ့တဲ့ ဇနီးတစ်ယောက်၊ သားလေးရဲ့ မိခင်ဆိုတာလောက်ပဲ သိခဲ့တယ်။ အခု သူမရှိတော့ မိုးပြိုကျလာသလိုပါပဲ။ အရင်တုန်းက ဇာတ်လမ်းတွေမှာ မင်းသားက သူ့ချစ်သူ သေပြီးနောက်မှာ အကြီးအကျယ် ငိုတာဟာ လူတွေကို လုပ်ပြနေတာပါလို့ထင်ခဲ့တဲ့ ကျွန်တော်ဟာ အခုချိန်မှာတော့ သူတို့နဲ့အတူ မျက်ရည်ကျနေရပြီ။

ကျွန်တော် ပြန်စဉ်းစားမိတယ်။ သူ သားလေးကို အမြဲပြောလေ့ရှိတယ်။

“ဖေကြီးက ပိုက်ဆံရှာပေးရတာ အရမ်းပင်ပန်းတယ်၊ ဖေကြီးက အရေးအကြီးဆုံး”

အမှန်တကယ်မှာတော့ သူက အရေးအကြီးဆုံးပါ။ သူမရှိတော့ ကျွန်တော်တို့သားအဖ ကမ္ဘာပေါ်



မှာ အရေးအကြီးဆုံးအရာတစ်ခု ဆုံးရှုံးခဲ့တယ်။ အဲဒါကတော့ “ပျော်ရွှင်ခြင်း”ပါပဲ။

ကျွန်တော်ဟာ ကိုယ့်ခံစားချက်ကို မထုတ်ဖော်တတ်တဲ့လူတစ်ယောက်ပါ။

ချစ်သူဘဝမှာတုန်းကလည်
“ချစ်”ဆိုတဲ့စကား မသုံးခဲ့ဘူး
ဝတ္ထုတွေ၊ ကိုရီးယားကားတွေကြ
ပြီးငိုတော့ ကျွန်တော်တောင်
ကိုစသေးတယ်။

အခုအချိန်
တော့ “ချစ်”ဆို
စာသားလေးကို
ရဲ့ အုတ်ဂူမှာပဲ ထု
ထုထားနိုင်တေ
တယ်။ ကျွန်တေ
ရဲ့“ချစ်”လို့။

မိန်းကလေ
တိုင်း ကိုယ့်ချစ်
ပါးစပ်ကနေ အကြ
ပေါင်းထောင်သေ
မက ပြောစေချင်
အဲဒီစကားကို ကျ
တော် ဘာဖြစ်
သူ ပြောစေချင်
အချိန်၊ သူ
ကောင်း ကျန်းမာ
တဲ့အချိန်မှာ မ
များမပြောခဲ့ရ
လဲဗျာ။

**ချစ်သဲ**

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ခုတော့.....ကျုပ်




### အသခ်ယာ

(၃၉)ကားပေါ်ကို တက်လာပြီး ကတည်းက မျက်စိကို အအား မထားဘဲ အကဲခတ်နေတာ။ ကျုပ် လည်း တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း တို့၊ ပြစ်မှုမဂ္ဂဇင်းတို့မှာ ဝတ္ထုတွေ ရေးနေတဲ့ လူပဲဗျ။ ခေသူတော့ မဟုတ်ဘူးဆိုတာ သဘောပေါက် ပေါ့။

အဲ.....ရှိတယ်ဗျ။ တချို့က မှုခင်းဝတ္ထုတွေဘာတွေရေးတဲ့သူဆို ရင် တစ်မျိုးမြင်တတ်ကြတယ်။ ရသ ဝတ္ထုလိုင်းမဝင်ဘူးတို့ဘာတို့ အမြင် တစ်မျိုးပေါ့ဗျာ။ ကျုပ်က မှုခင်း ဝတ္ထုတွေချည်းပဲ ရေးနေတဲ့လူတော့ မဟုတ်ပါဘူး။ မဂ္ဂဇင်းပေါင်းစုံမှာ စာ အစုံရေးနေတဲ့လူ။ ဒါပေမဲ့ သွားရင်း လာရင်း တွေ့တာ၊ ကြုံတာတွေကို မှုခင်းပုံစံရေးဖွဲ့ပြီး စာဖတ်တဲ့လူတွေ အပေါ် အသိတစ်မျိုးမျိုး၊ ဗဟုသုတ တစ်မျိုးမျိုး ရပါစေဆိုတဲ့ ရည်ရွယ် ချက်နဲ့ ရေးနေတာ။ အဲဒီတော့ သွား ရင်းလာရင်း မှုခင်းကိစ္စဆိုရင် ရေးစရာ ခေါင်းထဲဝင်ဝင်လာ တတ်တယ်။



အခုလည်း ကျောက်မြောင်း
ဈေးက မှတ်တိုင်မှာ ကားစောင့်နေ
ကတည်းက လူနှစ်ယောက်ကို စိတ်
ထဲမှာ သိပ်မတွေ့ဘူး။ သွားရင်း
ဟန်လွှဲ ကျုပ်ကို လှေ့လာနေပုံ
တယ်။ ကျုပ်က ခါးပိုက်နှိုက်ဝတ္ထု
တွေအကြောင်း မကြာခဏ ရေးနေ
တော့ မြင်တာနဲ့ အကဲခတ်လို့
တယ်။ စာရေးဆရာတွေ အတော်
များများ နည်းမျိုးစုံနဲ့ ခါးပိုက်နှိုက်
ခံရတဲ့အထဲမှာ ကျုပ်မပါဘူး။ ကျုပ်
နယ်ကတက်လာပြီး ရန်ကုန်မှာနေ
လာတာ နှစ် သုံးဆယ်ကျော်ပြီ
တစ်ခါမှ ခါးပိုက်နှိုက်မခံရဖူးဘူး။ သိ
တယ်လေ။ မှုခင်းအကြောင်းကို
လေ့လာ၊ မှုခင်းဝတ္ထုတွေ ရေးနေ
တာဆိုတော့ လူမြင်တာနဲ့ ဘာသိ
တာ အကဲခတ်လို့ရတယ်။

ခုလည်းကြည့်။ ကားမှတ်တိုင်
မှာ ကားစောင့်နေကတည်းက
လေးငါးရှစ်ယောက်ထဲမှာ ဒီနှစ်
ယောက်ကို သိပ်မတွေ့ဘူး။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကျုပ်ကိုလေ့လာနေတယ်။ ကျုပ်ပုံကလည်း တိုက်ပုံနဲ့၊ လည်ကတုံးနဲ့၊ ပြီးတော့ ဖောင်းဖောင်းပွပွ လွယ်အိတ်ကြီးလည်း လွယ်လို့။ သူတို့အမြင်မှာ ဘယ်ကတောသူကြီးသား မြို့တက်လာလဲလို့ မြင်မှာပဲ။

ဒါပေမဲ့ အဲဒီတောသူကြီးသားဆိုတဲ့ကျုပ်က သူတို့ကို ဆော်မယ့်ကောင်။ သူတို့လိုကောင်တွေအကြောင်း ရေးစားလာတာကြာပြီ။ နည်းမျိုးစုံစွာသော ခါးပိုက်နှိုက်တွေအကြောင်း ကျုပ်က သူတို့ထက်တောင် ပိုသိသေး။

♛♛♛♛♛

၃၉ အောက်လမ်းသွားမယ့် ကားကြီးတစ်စီးလည်း ဆိုက်လာရော ကျုပ် ကားပေါ်ကို တက်ခဲ့တယ်။ မတက်ခင် မိုးဖွဲဖွဲရွာနေလို့ ဆောင်းထားတဲ့ထီးကို ပိတ်လိုက်တယ်။ ကျုပ်တက်လာတော့ ကျုပ်နောက်က ရှေ့ပေါက်က တစ်ယောက်တက်တယ်၊ နောက်ပေါက်က တစ်ယောက်တက်တယ်။ ကျုပ်သိတယ်။ ကားက နည်းနည်းလူကျပ်တော့ ချောင်တဲ့အလယ်ဘက် ကျုပ်တိုးလာတယ်။ ရှေ့ပေါက်က တက်တဲ့ကောင်ကလည်း ကျုပ်နောက် ကပ်ပါလာတယ်။ နောက်ပေါက်ကတက်တဲ့ကောင်ကလည်း ကျုပ်ရှေ့ကို တိုးလာတယ်။

ကျုပ်သတိပြုရမှာက လွယ်အိတ်မဟုတ်ဘူး။ လွယ်အိတ်ထဲမှာ မဂ္ဂဇင်းတိုက်တွေကိုပေးမယ့် စာမူတွေနဲ့ စာအုပ်နဲ့ ရုံးကသော့တွဲတစ်ခုပဲပါတယ်။ တိုက်ပုံအင်္ကျီအိတ်အားလုံးမှာလည်း ဘာမှမပါဘူး။ အဲ... ရင်ဘတ်က အင်္ကျီအိတ်ထဲမှာတော့



ရုံးကစာကြည့်တိုက်အတွက် စာအုပ်တွေဝယ်ဖို့ ငွေတစ်သောင်းနဲ့ ကိုယ်ပိုင်ပိုက်ဆံ တစ်ထောင်ကျော်လောက်ပဲပါတယ်။ ဂရုစိုက်ရမှာက အဲဒါပဲ။

ကျုပ်ဘယ်ဘက်လက်က ထီးကိုကိုင်၊ ယာဘက်လက်က ကားအပေါ်တန်းကိုကိုင်ပြီး သတိထားနေတုန်း လူတွေကြားထဲကနေ တိုးလာတဲ့ ဒီနှစ်ကောင်က ကျုပ်နားကို ရောက်လာတယ်။ သူတို့ကို အကဲခတ်လိုက်တော့ ဘာမှမပတ်သက်သလိုပဲ အေးအေးဆေးဆေး။ ကျုပ်ကိုတောင် မကြည့်ဘူး။ အပြင်ဘက်ကိုငေးလို့။

ကားက မင်္ဂလာဈေးမှတ်တိုင်ရောက်လို့ တက်လိုက်၊ ဆင်းလိုက် လူတွေနဲ့အတူ ရောတိုးပြီး ကျုပ်ကို ဘေးတစ်ဖက်စီက ညှပ်ထားတယ်။ ကျုပ်သတိထားနေတယ်။ ဒါကြောင့် တစ်ယောက်ကိုကျောပေးပြီး တစ်ယောက်ကို မျက်နှာချင်းဆိုင်လိုက်တယ်။ ကျောပေးတဲ့လူမျက်နှာကိုတော့ မသိဘူး။ မျက်နှာချင်းဆိုင်လိုက်တဲ့လူရဲ့မျက်နှာကတော့ ကျုပ်ကိုမကြည့်ဘူး။ ကားပြတင်းပေါက်ကနေ ငေးကသွား

www.burmeseclassic.com

လာနေတဲ့ လှုပ်ရှားမှုတွေပဲ ငေးနေတယ်။

အဲဒီအချိန်မှာ မမျှော်လင့်ဘဲ ကားကျပ်နေတဲ့ လူကြားထဲကနေ ကျုပ်အသိတစ်ယောက်မျက်နှာ ဘွားခနဲပေါ်လာတယ်။ ကျုပ်ဝမ်းသာလိုက်တာ။ ဘာလို့လဲဆိုတော့ ဗဟန်းက ဘဲဥရောင်းတဲ့ ကိုနီမိုး။ သူလည်း တစ်ချိန်က ကျုပ်လိုပဲ စာရေးနေတဲ့သူ။ နောက်တော့ စာရေးရတာ မချမ်းသာဘူး၊ ဘဲဥရောင်းတာကမှ တိုက်ဆောက်ရဦးမယ်ဆိုပြီး စာရေးဆရာဘဝကို စွန့်လွှတ်ပြီး ဗိုလ်စိန်မှန်လမ်းထဲမှာ ဘဲဥရောင်းပြီး တကယ်တိုက်ဆောက်ထားတဲ့လူ။

သူက ကျုပ်ကိုတွေ့ရင် စကားအများကြီးပြောတယ်။ သူက စာမရေးနိုင်တော့ ရေးတဲ့လူတွေ့ရင် စာတွေဖတ်ရကြောင်း၊ ဝမ်းသာကြောင်း၊ ဘယ်ဝတ္ထုက ဘယ်လိုကောင်းကြောင်း၊ ဘယ်ဟာကဖြင့် ဘယ်လိုရေးရင် သိပ်ကောင်းမှာဖြစ်ကြောင်း ဝေဖန်တတ်တဲ့လူ။ ကျုပ်ဝတ္ထုတွေလည်း စောင့်ဖတ်ပြီး ဝေဖန် အားပေးနေတဲ့လူ။ ခုလည်း တွေ့တာနဲ့ ကျုပ်ကို စကားပြောတော့တာ။

"ဟေး.....ကိုမြင့်မား ဘယ်လဲ၊ ခင်ဗျားတက်လာကတည်းက တွေ့တယ်၊ လူတွေကျပ်နေလို့ ခင်ဗျားကို နှုတ်မဆက်ရတာ၊ ခုလည်း ခင်ဗျားဆီ မနည်းတိုးလာရတာ"

"မြို့ထဲဗျ။ ထုံးစံအတိုင်းပေါ့ဗျာ"

"ခင်ဗျားကတော့ဗျာ စာပုံမှန်ရေးနိုင်တာပဲ၊ အားကျတယ်၊ ကျုပ်က မလုပ်နိုင်ဘူး၊ ဆက်သာလုပ်ပါ၊ တလောကတင် ပြစ်မှုထဲမှာ ခင်ဗျားရေးတဲ့ ခါးပိုက်နှိုက်ဝတ္ထုလေးတစ်ခု ဖတ်ရသေးတယ်၊ ကောင်းတယ်၊ ခင်ဗျား ခါးပိုက်နှိုက်တွေအကြောင်း တော်တော်လေ့လာပြီး ရေးထားတာပဲ၊ ခင်ဗျားရေးမှပဲ ရန်

**ခင်ဗျားကတော့ဗျာ**
**စာပုံမှန် ရေးနိုင်တာပဲ၊**
**အားကျတယ်၊**
**ကျုပ် က မလုပ်နိုင်ဘူး၊**
**ဆက်သာလုပ် ပါ၊**
**တလောကတင်**
**ပြစ်မှုထဲမှာ ခင် ဗျားရေးတဲ့**
**ခါးပိုက်နှိုက်ဝတ္ထုလေး**
**တစ်ခု ဖတ်ရသေးတယ်၊**
**ကောင်း တယ်၊**
**ခင်ဗျား ခါးပိုက်နှိုက်တွေ**
**အကြောင်း....**

ကုန်သား ကျုပ်တောင် ခါးပိုက်နှိုက်
တွေအကြောင်း တော်တော် ဗဟု
သုတရတယ်"

ကိုနီမိုး အဲဒီလိုပြောတော
ဘေးကရပ်နေကြတဲ့၊ ထိုင်နေကြ
ခရီးသည်တွေက ကျုပ်ကိုကြည့်ကြ
တယ်။ ကျုပ် စာရေးဆရာဆိုတာ
သိသွားပြီ။

အထူးသဖြင့် သူပြောတဲ့ ခါး
ပိုက်နှိုက်တွေအကြောင်းရေးတဲ့ စာ
ရေးဆရာဆိုတော့ ပိုပြီးအံ့သြကြမှ
သေချာတယ်။ ကျုပ်ကလည်း
ကိုလိုချင်တာ။ ကြွားချင်လို့တော
မဟုတ်ပါဘူး။ ကျုပ်ရဲ့ရှေ့နဲ့နောက်
မှာ ကပ်နေကြတဲ့ နှစ်ကောင်
သိ စေချင်တာ။ ကျုပ်က
အချဉ်လား၊ အခါးလားဆိုတာ
သူတို့သိသွား အောင်ပါ။

ကျုပ် မသိမသာ ကျုပ်ရှေ့က
ကောင်ကို ကြည့်လိုက်တယ်
တခြားလူတွေ ကျုပ်ကို စိတ်ဝင်စား
နေပေမယ့် အဲဒီအကောင်က လုံး
စိတ်မဝင်စားဘူး၊ လှည့်တော
မကြည့်ဘူး။ အဲဒီကတည်းက ကျု
သိတယ်။ အဲဒီကောင် ကျုပ်က
စိတ်ဝင်စားလို့ လှည့်မကြည့်ရဲတာ

သိမ်ဖြူကွင်းနားကို ကား
ရောက်တော့ ကားကွေ့ရင်း
ယိမ်းသလို ဘာလိုနဲ့ နောက်
ကပ်နေတဲ့ကောင်ကို ဖျတ်ခနဲကြည့်
လိုက်တယ်။ ကျုပ်ကို ကျောခိုင်း

www.burmeseclassic.com

www.burmeseclassic.com

ထားတယ်။ ဒီကောင်လည်း ကျုပ် ဘာကောင်ဆိုတာ သဘောပေါက်သွားပြီ။ ကိုနီမိုးက ဆက်ပြီးလေကန်နေသေးတယ်။

"ခင်ဗျားဗျာ ဘဝသရုပ်ဖော်ရေး၊ ဟာသရေး၊ ပြစ်မှုရေး၊ ပြဇာတ်ရေး၊ ဂမ္ဘီရရေး၊ မုဆိုးဝတ္ထုရေး စုံနေအောင် ရေးနိုင်တယ်၊ ခင်ဗျားစာတွေ မကြာခဏ တွေ့နေရတယ်၊ ဒီတစ်ခါ ကြုံရင် လက်ဖက်ရည်တိုက်စမ်းပါဗျာ၊ ခုတော့ ခင်ဗျား တိုက်လည်း မသောက်အားသေးဘူး၊ သွားစရာက ရှိသေးလို့"

"အေးပါ... တိုက်ပါ့မယ်၊ ဒီတစ်ခါကြုံမှပေါ့ဗျာ၊ ပန်းချီ ကျော်မြစ်တို့၊ ကိုမောင်သန်းဝင်းတို့၊ ကိုဆင်းကိုတို့တောင် မတွေ့တာကြာပြီ"

"ရှိပါ့၊ လာလည်ဦးမယ်ဗျာ၊ ဟဲ.....ကျုပ်တော့ စိန်ပေါလ်မှာ ဆင်းဦးမယ်ဗျာ"

ကိုနီမိုး စိန်ပေါလ်မှာဆင်းသွားတော့ ကျုပ်ရဲ့နောက်နဲ့ရှေ့မှာ

[redacted]



[redacted]

ရပ်နေတဲ့ ပုဂ္ဂိုလ်တွေ ဘေးနားမှာမရှိကြတော့ဘူး။ စိတ်ညစ်သွားပုံရတယ်။ ကားက လူကျပ်တုန်းပဲ။ ကျုပ်လည်း ပန်းဆိုးတန်းမှာ ဆင်းမှာဆိုတော့ အပေါက်နားကို တိုး ကပ်ထားလိုက်တယ်။

အဲဒီအခါမှာ စောစောက ကျုပ်နားမှာကပ်နေတဲ့ နှစ်ယောက် အတူ ပူးသွားပြီး နောက်ပေါက်နားကို ရောက်နေကြတယ်။ ကျုပ်က သူတို့ကို မျက် ခြည်ပြတ် မခံဘူး ဆိုတော့ လူကြားထဲကနေ ကြည့်နေတဲ့ ကျုပ်ကို မျက်လုံးချင်း လည်း ဆိုင်မိရော ဖျတ်ခနဲ တစ်ဖက်ကိုလှည့်သွားတယ်။

♛♛♛♛♛

ကျုပ်ကြားဖူးတယ်။ ကွယ်လွန် သွားတဲ့ ဆရာကြီး ဒဂုန်ဦးစန်းငွေဆိုရင် မျက်မှန်အလက်ပေါင်းကို မနည်းဘူး။ ခါးပိုက်နှိုက်ခံရတာ။ ကျုပ်နဲ့သိတဲ့ စာရေးဆရာတွေ အတော်များများ ခါးပိုက်နှိုက်ခံရဖူး ပါတယ်။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ သူတို့အထာကို မသိလို့၊ မလေ့လာလို့၊ နမော်နမဲ့နေလို့။ ကျုပ်က သူတို့အကြောင်းရေးတဲ့ လူပဲ။ တစ်ခါမှ ခါးပိုက်နှိုက်မခံ ရဖူးဘူး။

အဲ..... ပြော ရင်းဆိုရင်း ကား က ပန်းဆိုးတန်း မှတ်တိုင်ရောက်တော့မယ်။ ကျုပ် လည်း အပေါက်ဝနားက နေ ကားဆိုက် တာနဲ့ ဖျတ်ခနဲ ခုန်ဆင်းလိုက် တယ်။ ကျုပ် ဆင်းပြီး တာနဲ့ လူတွေ ဒရောသောပါး တိုးတက်ကြပြီး (၃၉)ကားကြီးလည်း ထွက်သွား ရော။

အောက်ရောက် တာနဲ့ ကျုပ် ရင်ဘတ်ကအိတ် ထဲရော၊ လွယ်အိတ်ထဲရော စမ်းလိုက်တယ်။ အို ကေပဲ။ ဘာမှမဖြစ်ဘူး။ စောစောကနစ်ကောင်ကို ကျုပ်က အာရုံရောက်နေတုန်း မမျှော်လင့်ဘဲ တစ်နေရာက ကျုပ်ကိုနှိုပ်လိုက်ရင် ခံရမယ်လေ။ ဒါက လိုရမည်ရပါ။ ကျုပ်က အမြဲသတိထားနေတော့ ခုလည်း ဘာမှမဖြစ်ပါဘူး။



ဆိပ်ကမ်းသာလမ်းထိပ်က မျဉ်းကြားကနေ တစ်ဖက်ခြမ်းကို ကူးမယ်စိတ်ကူးလိုက်တော့ မမျှော်လင့်ဘဲ မိုးဖွားကလေး တစ်ဖွားနှစ်ဖွား ကျလာတယ်။ အို.....ဒီမိုးလောက်တော့ ကိစ္စမရှိပါဘူးဆိုပြီး ဖြတ်ကူးလိုက်တယ်။ ဟိုဘက်ခြမ်းလည်းရောက်ရော မိုးက ဝေါခနဲ ရွာလာရော။ ဟောဒီလောက် မိုးများရင်တော့ မဖြစ်ဘူးဆိုပြီး လှျပ်စစ်ရုံးအောက်က သက်သာထမင်းပေါင်းရောင်းတဲ့ ဆိုင်ကလေး တံစက်မြိတ်အောက်ကို ဝင်လိုက်တယ်။

ခုမှသတိရတယ်။ ကျုပ်ကျောက်မြောင်းဈေးကနေ ကာ… ပေါ်တက်လာတုန်းက မိုးဖွားဖွ… ရွာနေလို့ ထီးပိတ်ပြီး ကားပေ… တက်လာတာ သတိရတယ်။ ဒါ… ရင် ကျုပ် အိမ်ကထွက်လာတု… က ထီးပါလာတယ်။ ခု ကျုပ်… မှာ ထီးမရှိဘူး။ ကားပေါ်မှာတု… က ရေစစ်အောင်ဆိုပြ… ထီးကို ချောင်တစ်ခုမှ… ထောင်ထားလိုက် တယ… ဒါဆိုရင်.....ကျုပ် တစ်… တစ်ခုကို သတိရပြ… ကျုပ်စီးလာတဲ့ (၃၉)ကာ… ကြီး ထွက်သွားရာ… မျှော်ကြည့်လိုက်တယ… အရိပ် အယောင်တော… မတွေ့ရတော့ဘူး။

ကျုပ် မိုးမကျမီ… စာမူခရတဲ့ ပိုက်… ကလေးနဲ့ ထီးအသစ်လေ… တစ်ချောင်း ဝယ်ထာ… တာ။ ၃၅၀၀ ပေးရတယ… ခုတော့.....ကျုပ်.....

**အသခ်…**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# ပြုံးရိပ်မဆင်လို့

အောင်ကျော်ဇော

ဆုဖြိုးဝေ.....

အသက် (၂၀)ကျော်ရုံရှိသေးသည့် မိန်းမလှကလေး။

အသားက မဖြူမညို၊ မျက်နှာက သွယ်လျလျ၊ ကိုယ်လုံးကိုယ်ထည်က ခေတ်သစ်မော်ဒယ်လ်များကပင် သမင်လည်ပြန် ကြည့်ကြရသည့် အလှပိုင်ရှင်။

ဆုဖြိုးဝေက စကားပြောမသွက်၊ နုံနုံအအတော့မဟုတ်။

အချက်ကျကျပြောတတ်သူ၊ ပြောပြန်လျှင်လည်း ပွင့်ပွင့်လင်းလင်း။

ရင်ထဲမှာ ကြိတ်မှိတ်ထားပြီး အငြိုးအတေးထားတတ်သူ မဟုတ်။ ပွင့်လင်း၍ ရိုးသားသူဖြစ်သည်။

သူမ၏အလုပ်က ဂျာနယ်တိုက်တစ်ခုမှ သတင်းထောက်မလေးဖြစ်သည်။ ဝါသနာပါလွန်း၍ သတင်းထောက်အလုပ်ကို လုပ်ခြင်းဖြစ်သည်။

ဆုဖြိုးဝေက ဘွဲ့ရ ပညာတတ်ဖြစ်သည်။ မိဘများမှာ စီးပွားရေးကောင်းမွန်သူများဖြစ်၍ ဆုဖြိုးဝေအား နိုင်ငံ့ဝန်ထမ်းလုပ်ရန်တိုက်တွန်းခဲ့သော်လည်း သူမက ငြင်းဆိုခဲ့သည်။

မိဘများ၏အလိုကို ငြင်းဆိုခဲ့သော ဆုဖြိုးဝေက သူမ၏



ဝါသနာအရ ဂျာနယ်တိုက်တစ် တွင် သတင်းထောက်အဖြ ဝင်ရောက် လုပ်ကိုင်ခဲ့သည်။

သတင်းထောက်အလုပ် ပင်ပန်းသည်၊ နေ့ ည အနားမ နိုင်၊ ရုံးပိတ်ရက်ဟူ၍မရှိ။

နံနက်ပိုင်း ဂျာနယ်တိုက် ရောက်သည်နှင့် အယ်ဒီတာချုပ် တာဝန်ခံအယ်ဒီတာတို့က ညွှ ကြားသည့်အတိုင်း သွားရော ၍သတင်းယူရသည်။

ဂျာနယ်တိုက်က ကင်မ ပေးသည်၊ အသံဖမ်းစက် သည်။ ခရီးစရိတ်ကို သာ သတ်မှတ်နှုန်းအတိုင်းပေးသ သတင်းယူရမည့် နေရာနီးသ အကြောင်းမဟုတ်။ သွားလ မည့်နေရာက တစ်နေရာ တစ်နေရာ အလှမ်းဝေးလ အချိန်မီစေရန် တက္ကစီငှ ရသည်။

ခရီးစရိတ်မလောက် အိတ်စိုက်သုံးရသည်။

www.burmeseclassic.com

ပွဲတက်သတင်းများယူချိန်တွင် စားစရိတ်၊ တည်းခိုစရိတ်နှင့် လက်ဆောင်များ ပေးတတ်ကြ၍ ထိုအချိန်သည် အိတ်ဖောင်းတတ်သော အချိန်မျိုးဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ သတင်းထောက်တစ်ယောက်၏ ဘဝမှာ နဲ့သမားပါးလို ဖောင်းလိုက်၊ ပိန်လိုက် ဖြစ်နေလေ့ရှိသည်။

ပုံနှိပ်ဖော်ပြသော သတင်းများတွင် မိမိရေးသားသောသတင်းနှင့် ကလောင်အမည် ဖော်ပြခံရချိန်၌ အမောမှန်သမျှ ချုပ်ငြိမ်း၍ ပီတိတဝေဝေ၊ အပြုံးအဆင့်ဆင့် ဖြစ်နေရသည်မှာ ရသတစ်မျိုးပင်ဖြစ်ခဲ့ရသည်။

**ပုံနှိပ်ဖော်ပြသော သတင်းများတွင် မိမိရေးသားသော သတင်းနှင့် ကလောင်အမည် ဖော်ပြခံရချိန်၌ အမောမှန်သမျှ ချုပ်ငြိမ်း၍ ပီတိတဝေဝေ၊ အပြုံးအဆင့်ဆင့် ဖြစ်နေရသည်မှာ....**

“ညီမလေးနာမည် ဘယ်လိုခေါ်သလဲ၊ ညပိုင်းသတင်းရှိတဲ့နေရာကို အစ်ကိုနဲ့အတူ သွားကြရအောင်လေ”

ဆုဖြိုးဝေ အံ့အားသင့်သွားသည်။ သူမက သတင်းမီဒီယာ ရှင်းလင်းပွဲတွင် တာဝန်ရှိသူက ရှင်းပြနေသည်ကို အသံဖမ်းစက်ဖြင့် အသံဖမ်းနေသည်။

သူမကဲ့သို့ပင် အခြားသော သတင်းထောက်များကလည်း အသံဖမ်းနေကြသည်။ မေးခွန်းထုတ်ရန် စဉ်းစားနေကြသူများလည်း ရှိသည်။

သတင်းယူချိန်တွင် သတင်းထောက်အချင်းချင်း မညှာတာတတ် သူများလည်းပါသည်။ သတင်း ဓာတ်ပုံရိုက်ရန် နေရာလုရသည်က အခက်ခဲဆုံးဖြစ်သည်။

ရှေ့ဆုံးမှ ကွယ်ကာပြီး ရပ်နေသူကလည်းရှိသည်။ မိမိအတွက် သတင်းဓာတ်ပုံရိုက်ပြီးသော်လည်း ပေကပ်ရပ်နေသူတွေလည်းရှိသည်။ မြင်ကွင်းအကောင်းဆုံး ဓာတ်ပုံတစ်ပုံရရှိရန် ကြိုးစားသူကို အခွင့်အရေး မပေးချင်ကြ။

ဆုဖြိုးဝေ မီဒီယာလောကထဲသို့ ရောက်လာသည်မှာ တစ်နှစ်ကျော်ပြီဖြစ်သည်။ ညနေပိုင်းတွင် သတင်းသမားများ ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့် မီးပွိုင့်အနီးရှိ လမ်းဘေးလက်ဖက်ရည်ဆိုင်နှင့် အသုပ်စုံဆိုင်တွင် ဆုံကြလေ့ရှိသည်။

တစ်နေ့ကုန် မိမိကိစ္စဖြင့် သွားလာနေသူ သတင်းထောက်က တိုက်အပြန် မျက်နှာပန်းလှစေရန် အတွက် သတင်းရယူပြီး ပြန်လာသူထံမှ သတင်းဝယ်သည်၊ ဓာတ်ပုံကိုပါဝယ်သည်။

သတင်းယူလာသူက မိမိတိုက်သို့ ပြန်မအပ်မီ သတင်းကို မိတ္တူပွား၍ရောင်းသည်။ ဂျာနယ်တိုက်မှထုတ်ပေးသော စာမူခထဲမှ သတင်း ဝယ်ယူခကို အကုန်အကျခံသည်။

အချို့က ထိုသို့မဟုတ်။ သတင်းတစ်ပုဒ်တည်းကို ပုံစံပြောင်း၍ ရေးသည်။ ကလောင်ခွဲဖြင့် တိုက်ခွဲ၍ပေးပို့သည်။ တိုက်နှစ်တိုက်ကို တစ်ပြိုင်တည်းပေးပို့ခြင်းဖြစ်သည်။

အချို့က ထိုသို့သောအလုပ်မျိုးကိုမလုပ်။ သစ္စာရှိသည်။ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သည်။ မိမိရရှိလာသော သတင်းနှင့် သတင်းဓာတ်ပုံကို မိခင်တိုက်သို့သာ သစ္စာရှိရှိ အပ်နှံသည်။

ဆုဖြိုးဝေက သစ္စာအရှိဆုံး သတင်းထောက်ထဲတွင် ပါဝင်

www.burmeseclassic.com



သည်။

ယနေ့ပွဲက မိုးချုပ်သည်။ နောက်တစ်ပွဲကိုလည်း ဆက်ရန်ရှိ သေးသည်။

သတင်းအသံဖိုင်ဖွင့်ပြီး နားထောင်နေစဉ် သတင်းထောက်အမျိုးသားတစ်ဦးက အနားသို့ကပ်ပြီး တိုးတိုးလေးပြောသည်။

အသက်က (၃၀)ကျော်ခန့်ရှိသည်။

သူ့ကိုမြင်ဖူးသော်လည်း မည်သူမည်ဝါမှန်းမသိခဲ့။ ဂျာနယ်တိုက်ကြီးတစ်တိုက်ကမှန်းတော့သိသည်။ လောကသားချင်း သစ္စာမဲ့စကားဆိုလာခြင်းဖြစ်မှန်း ချက်ချင်းသိလိုက်သည်။

"ညီမလေးနဲ့ အတူသွားမယ်လေ၊ အစ်ကို ညစာကျွေးမယ်"

ဘယ်ယုန်မြင်၍ ဘယ်ချုံထွင်သည်ကို သိပြီးဖြစ်သည်။ ဆုဖြိုးဝေက စကားမပြောဘဲ လှည့်ထွက်ခဲ့သည်။ ပွဲပြီးသတင်းကိုပင်မစောင့်။ အပြင်သို့ ခပ်မြန်မြန်ထွက်ခဲ့ရသည်။

♛♛♛♛♛

"ညီမလေး ခဏလောက်"

"ဘာကိစ္စလဲ"

"ညီမလေးနဲ့အတူ သွားချင်လို့"

"ကိုယ့်လမ်းကိုယ်သွားတာ ပြဿနာမရှိနိုင်ဘူးရှင့်"

ဆုဖြိုးဝေက စကားလက်ခံမပြောဘဲ ကားဂိတ်ရှိရာသို့ ထွက်ခဲ့သည်။

ကားဂိတ်တွင် ခရီးသည်တင်ကား စောင့်နေစဉ် ထိုသူရောက်လာပြန်သည်။ သူနှင့်အတူ လိုက်ခဲ့ရန် ခေါ်ပြန်သည်။

ဆုဖြိုးဝေ သည်းမခံလိုတော့။ ခပ်ပြတ်ပြတ်ပြောပြီး ထွက်ခဲ့သည်။

"မာနကြီးတာကိုက ချစ်စရာပဲ"

ထိုသူက ပြေးလိုက်လာပြီး ပြောပြန်သည်။ ဆုဖြိုးဝေအဖို့ မည်သို့ကြံရမှန်းမသိတော့။ မိုးချုပ်လည်းပြုနေသည်။ အမှောင်ဆိုသည်မှာ ရိုးသားသော မိန်းကလေးများအတွက် အန္တရာယ်ရှိချိန်ဖြစ်သည်။

မရိုးမသားဖြင့် ဘဝလမ်းတွင် အပျော်အတွက် အဖော်ရှာနေသူများအတွက်ကတော့ ညအမှောင်သည် သားကောင်ရှာရန်အကောင်းဆုံးအချိန်ဖြစ်၏။

ဆုဖြိုးဝေ"

ကားတစ်စီး အနားသို့ဆိုက်ရောက်လာသည်။ ဂျာနယ်တိုက်မှ ဂျာနယ်များလိုက်ပို့သော ဖြန့်ချိရေးကားဖြစ်နေသည်။

ဆုဖြိုးဝေက ဘာမှမပြောတော့ဘဲ ကားထဲဝင်ထိုင်ပြီး အန္တရာယ်နေရာမှ ရုန်းထွက်နိုင်ခဲ့သည်။

ဆုဖြိုးဝေတို့လို သတင်းထောက်များအတွက် အန္တရာယ်များမှာ အနီးကပ်ဆုံးနေရာ၌လည်း ရှိနေသည်ကို သတိပြုနိုင်ခဲ့သည်။ ဂျာနယ်တိုက်သို့ ပြန်ရောက်သောအခါ ရယူလာသည့်သတင်းကို ချက်ချင်းရေးပြီး ညပိုင်းအယ်ဒီတာထံ အပ်နှံခဲ့သည်။

ဂျာနယ်တိုက်မှ အိမ်ပြန်ချိန်မှာ ည ၈ နာရီကျော်နေပြီ။

သူမထံတွင် သတင်းထောက်သက်သေခံကတ်ပြားပါနေ၍ စိုးရိမ်

ဘယ်ယုန်မြင်၍
ဘယ်ချုံထွင်သည်ကို
သိပြီးဖြစ်သည်။
ဆုဖြိုးဝေက
စကားမပြောဘဲ
လှည့်ထွက်ခဲ့သည်။
ပွဲပြီးသတင်းကိုပင်မစောင့်။
အပြင်သို့.....



www.burmeseclassic.com

www.burmeseclassic.com



စိတ်မထားမိ။ အရေးအကြောင်းရှိလျှင် နီးစပ်ရာ တာဝန်ရှိသူထံတွင် အကူအညီတောင်းနိုင်သည်။

"သတင်းထောက်မလေး"

ဂျာနယ်တိုက်မှ ကားဂိတ်ရှိရာသို့ ထွက်လာစဉ် အနီးတွင်ကပ်၍ ရပ်လာသောကားထဲမှ နှုတ်ဆက်သံကို ကြားရပြန်သည်။

ခေတ်မီ အိမ်သုံး လူစီးကား တစ်စီးဖြစ်သည်။

ကားထဲတွင် မည်သူမှမပါ။ ယာဉ်ပိုင်ရှင် ယာဉ်မောင်းတစ်ဦးတည်းသာပါရှိသည်။

"ဘယ်ပြန်ရမှာလဲ"

ဆုဖြိုးဝေက ဖဝေဖဝါဖြင့် ကြည့်သည်။ ညအမှောင်ကျချိန်ဖြစ်၍ ကောင်းစွာမမှတ်မိ။

"ဟိုနေ့က ကုန်ပစ္စည်းမိတ်ဆက်ပွဲမှာ ဟောဒီက သတင်းထောက်မလေးနဲ့ အမေးအဖြေလုပ်ခဲ့တဲ့ ကုမ္ပဏီပိုင်ရှင် ဦးဖော်ခက်ပါ"

ဆုဖြိုးဝေက မမှတ်မိသည်ကို ခွင့်လွှတ်ရန် တောင်းပန်သည်။

ကုမ္ပဏီပိုင်ရှင်ဆိုသူက ၎င်း၏ ဇနီးမှာ နိုင်ငံခြားသို့ ခရီးထွက်သွားသည့်အတွက် တစ်ဦးတည်းဖြစ်နေကြောင်း၊ သူ၏ဇနီးမှာ စင်ကာပူနိုင်ငံတွင် ကုမ္ပဏီဖွင့်ထား၍ လွတ်လွတ်လပ်လပ် နေထိုင်ရသူဖြစ်ကြောင်း စကားဦးသန်း၍ လမ်းခင်းစကားဆိုခဲ့သည်။

ဆုဖြိုးဝေက လူမှုကျင့်ဝတ်



အရ နားထောင်ပေးခဲ့သည်။

ကုမ္ပဏီပိုင်ရှင်ဆိုသူက တစ်ဆင့်တက်၍ စားသောက်ဆိုင်တွင် အတူစားသောက်ပြီး မိုးချုပ်နေပြီဖြစ်၍ ဟိုတယ်တွင် စကားပြောဆိုရင်း အနားယူရန် စကားကမ်းလှမ်းသည်။

ကုမ္ပဏီပိုင်ရှင်က အမျိုးသမီးသတင်းထောက်ဆိုပြီး မည်သို့သဘောထားသည်မသိ။ အကြည့်မျက်လုံးများတွင် ရာဂအရိပ်အငွေ့များ လွှမ်းမိုးထား ကြောင်းတွေ့ရ၍ နွားမြင်တိုင်း အမဲသားဖြစ်ရမည်ဟု သဘောထားနေသည်လား မသိ။

ဆုဖြိုးဝေမှာ သတင်းထောက် တစ်ယောက်ဖြစ်နေ၍ မြင်နေရ၊ အကဲခတ်ခွင့် ရရှိသည်ကို မသိသလို နေပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မမှာ ကိစ္စရှိနေသေးလို့ပါ"

ဆုဖြိုးဝေက လိမ္မာပါးနပ်စွာ စကားကို အချိုအသာသုံး၍ ရှောင်ထွက်နိုင်ရန် ကြိုးစားသည်။

"သမီး.....အဲလေ...ငါ့ညီမအားမယ့်အချိန်ကို ပြောပါလား"

ကုမ္ပဏီပိုင်ရှင်က ဆုဖြိုးဝေကို ညွှတ်ကွင်းဆင်နေသည်က သိသာ လှသည်။ ဆုဖြိုးဝေက ချက်ချင်းပေါ်ပေါက်လာသော အတွေးတစ်ခုကို အကောင်အထည် ဖော်လိုက်သည်။

မြန်မာလူမျိုးအချင်းချင်း အကူအညီပေး စောင့်ရှောက်ရမည့်

www.burmeseclassic.com



အစား ရာဂအလိုဖြင့် ဘဝဖျက်ရန် ကြံစည်မှုများကို ပြည်သူတို့ သိရှိစေရန် ဖော်ထုတ်မည်ဟု ရဲရဲဝံ့ဝံ့ ဆုံးဖြတ်လိုက်သည်။

"ဦး ဘယ်နေ့အားမလဲ"

"သမီးဘက်က အချိန်ပေးရင် အဲဒီနေ့က ဦးအတွက် အားတဲ့နေ့ပဲ"

သားသမီးချင်းမစာနာသော ငွေရှင်ကြေးရှင်၏ သွေးသားဝါးမျိုလိုသည့် အစီအစဉ်ကို ချေဖျက်ခြင်းသည် အမျိုးသမီးထုအပေါ် အကြမ်းဖက်မှု ကာကွယ်ရေးကို အထောက်အကူပြုလိမ့်မည်ဟု ဆုဖြိုးဝေက လုံးဝယုံကြည်သည်။

သတင်းထောက်ဆိုသည်မှာ အများပြည်သူ၏အကျိုးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။ တာဝန်ရှိသူများဘက်မှ သိရှိစေရန် တင်ပြပေးရမည်မှာ သတင်းထောက်၏တာဝန်ဖြစ်သည်။

အများပြည်သူလူထုကို အသိပညာဖွင့်ပေးပြီး ဘဝလုံခြုံမှုအတွက် ကြိုတင်ကာကွယ်ရေး ပြုလုပ်နိုင်ရန် ပညာပေးကဏ္ဍအဖြစ် တင်ပြပေးရန် သတင်းထောက်အနေဖြင့် တာဝန်ရှိသည်ဟု ခံယူသည်။

"အိုကေ၊ မနက်ဖြန် ညနေ ၆ နာရီမှာတွေ့မယ်"

"ကောင်းပြီ၊ ဖုန်းဆက်လိုက်လေ၊ အင်တာဗျူးနေ့က သမီးကို လိပ်စာကတ်ပေးထားပြီးသားပါ၊ အဲဒီကတ်မှာပါတဲ့ ဖုန်းနံပါတ်နဲ့ဆက်လိုက်ပါ"

ကုမ္ပဏီပိုင်ရှင်က သူ့အလိုပြည့်တော့မည်ဟု ယုံကြည်ပြီး ရွှင်လန်းတက်ကြွစွာဖြင့် ကားကိုအရှိန်မြှင့်တင်၍ မောင်းနှင်ထွက်ခွာသွားခဲ့တော့သည်။

♛♛♛♛♛

"ဟော့....."

ဆုဖြိုးဝေ ယနေ့ နေ့လယ်ပိုင်းတွင် သတင်းယူပြီး ညနေပိုင်းတွင်

အများပြည်သူလူထုကို
အသိပညာဖွင့်ပေးပြီး
ဘဝလုံခြုံမှုအတွက်
ကြိုတင်ကာကွယ်ရေး
ပြုလုပ်နိုင်ရန်
ပညာပေးကဏ္ဍအဖြစ်
တင်ပြပေးရန်
သတင်းထောက်အနေဖြင့်
တာဝန်ရှိသည်ဟု....

ကုမ္ပဏီပိုင်ရှင်နှင့် ချိန်းထားရာသ ထွက်ခဲ့သည်။

ယနေ့ ဆုဖြိုးဝေ၏ ဝတ်စ ဆင်ယင်မှုမှာ ခေတ်အမီဆုံးပုံစံဖြ နေသည်။ ဆုဖြိုးဝေကို ဘယ်အချိ က စောင့်ကြည့်နေသည်မသိ။

ဘဝတူသတင်းထောက်ဆို နှင့် လမ်းတွင်တွေ့ရပြန်သည်။ ထုံ စံအတိုင်း အတူလိုက်ခဲ့ရန် ခေါ်ပြ သည်။

ဆုဖြိုးဝေက သတင်းထော ဖြစ်၍ အမျိုးသမီးများ အကြ ဖက်မှုခံရသည့် သတင်းပေါင်းစုံ သိပြီးဖြစ်သည်။ သူတို့၏ လုပ်နည် လုပ်ဟန်ကိုလည်း သိပြီးဖြစ်ေ သည်။

"ဘာကိစ္စလဲ၊ အစ်ကို ဘယ်တိုက်ကလဲ"

"အစ်ကိုက ကျော်မင်းပါ၊ မည်ကြီး -----ဂျာနယ်တိုက် ပါ"

"အစ်ကို့တာဝန်က ဘာလဲ"

"သတင်းထောက်ချုပ်ပါ"

"အခု ဘာကိစ္စရှိလို့လဲ"

"မော်လမြိုင်ဘက်မှာ အ တစ်ခုက သတင်းစာရှင်းလင်းပွဲ တယ်၊ သွားစရိတ် လာစရိတ် တည်း ခိုစရိတ် ပေးမယ် ထောက်ပံ့ကြေးလည်းပေးမှာ ညီမလေး လိုက်ခဲ့စေချင်တယ်

ဆုဖြိုးဝေ စဉ်းစားရပြန်သည်



www.burmeseclassic.com

www.burmeseclassic.com





အချိန်ယူသည်။ သွားရမည့်ရက်ကို မေးတော့ နောက်နှစ်ရက်အကြာတွင်ဖြစ်သည်ဟု သိရသည်။ လိုက်ခဲ့မည်ဟု ကတိပေးလိုက်သည်။

သတင်းထောက်ချုပ် ကျော်မင်းအကြောင်းကို စုံစမ်းရသည်မှာ မခက်။ သတင်းသမားများဆီ ဖုန်းဆက်ပြီးမေးရုံပဲဖြစ်သည်။

အကြောင်းစုံကို နှစ်နာရီအတွင်း သတင်းရရှိလိုက်သည်။

ကျော်မင်းက ဘွဲ့ရတစ်ဦး၊ ဂျာနယ်တိုက်သို့ မဝင်မီက နယ်စပ်အထိသွားလာ၍ ကုန်ရောင်းကုန်ဝယ် လုပ်နေသူဖြစ်သည်။ ကုန်ရောင်းကုန်ဝယ်လုပ်ရင်း ဘာတွေလုပ်ခဲ့သည်ကို သိလိုက်ရသည်။

သူ့ဘဝကို ဖုံးကွယ်၍ ဂျာနယ်တိုက်သို့ ဝင်ရောက်အလုပ်လုပ်နေမှန်း ချက်ချင်းသိလိုက်သည်။ ထိုင်းနိုင်ငံရှိ စက်ရုံတွင် အလုပ်သွင်းပေးမည်ဟု ပြောဆို၍ လူရောင်းစားခဲ့သည့် လုပ်ရပ်များကို သိခွင့်ရခဲ့သည်။

ရောင်းစားခံရသူများ၏ မိသားစုဝင်များအား တွေ့ဆုံ၍ သတင်းယူရန် မျိုးချစ်စိတ်ရှိသည့် သူငယ်ချင်းသတင်းထောက်ကို အကူအညီတောင်းလိုက်၏။

ဆက်စပ်မှုသတင်းတစ်ခုက ဆုဖြိုးဝေကို အံ့အားသင့်စေခဲ့သည်။

ချက်ချင်း ရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးတပ်ဖွဲ့မှ အသိအရာရှိတစ်ဦးထံ လျှို့ဝှက် သတင်းပေးလိုက်သည်။

“ကောင်းပြီ၊ အစ်ကိုနဲ့အတူတူ လိုက်ခဲ့ပါ့မယ်”

ကတိပေးလိုက်၍ ကျော်မင်းက ပျော်သွားသည်။ ခရီးသွားလာမည့်အစီအစဉ်ကို ဆွဲလိုက်၏။

ကျော်မင်းအကြောင်းကို ဂျာနယ်ထုတ်ဝေသူက သိဟန်မတူ။ ကိုယ်ရေးရာဇဝင် အပြည့်အစုံ ယူထားသည်မဟုတ်။ နောက်ကြောင်းမစုံစမ်းဘဲ အလုပ်အတွက် ခန့်ထားလိုက်ခြင်းသာဖြစ်သည်ဟု သိရ၏။

ဆုဖြိုးဝေက ကျော်မင်းနှင့်အတူသွားလာမည့်အစီအစဉ်ကိုပြောဆိုဆွေးနွေးခဲ့ပြီးဖြစ်သည်။

ညနေပိုင်းတွင် ကုမ္ပဏီပိုင်ရှင်နှင့် တွေ့ရန်ရှိ၍ ချိန်းဆိုရာနေရာသို့ သွားခဲ့သည်။

ကုမ္ပဏီပိုင်ရှင်က ဦးတင့်ဇော်ဖြစ်သည်။ အဝတ်အထည်ရောင်းသည့် ကုမ္ပဏီပိုင်ရှင်ဖြစ်သည်။ သူ့ကုမ္ပဏီတွင် ခန့်ထားသူများအနက် ဝန်ထမ်းအမျိုးသမီးက အများဆုံးဖြစ်သည်။

ချိန်းဆိုထားရာနေရာသို့ရောက်သောအခါ ဦးတင့်ဇော်က သူ့ကားဖြင့် အသင့်စောင့်ကြိုနေသည်ကို တွေ့လိုက်ရ၏။

ဦးတင့်ဇော်က သူ့ကားဖြင့် ဆုဖြိုးဝေကို ခေါ်သွားသည်။ နာမည်ကြီးဟိုတယ်တစ်ခုဆီသို့ ခေါ်သွားသည်။

နှစ်ဦးတည်း စားသောက်ရမည့် အစားအသောက်က အလျှံပယ်ရှိသည်။

ဆုဖြိုးဝေက နှစ်ဦးသားတွေ့ဆုံစဉ် အသံဖမ်းစက်ကို မမြင်မိစေရန် ဖုံးကွယ်ထားရင်း ဖွင့်ထားသည်။

ဦးတင့်ဇော်က ဆုဖြိုးဝေကို သဘောကျကြောင်း၊ ဇနီးတစ်ယောက်အနေဖြင့် တင့်တောင့်တင့်တယ် ထားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံသို့ လေ့လာရေးသွား

www.burmeseclassic.com

မည်၊ အပြန်တွင် ကုန်တိုက်တစ်ခု တည်ထောင်ပေးမည်ဟု ကတိ အမျိုးမျိုးပေးသည်။

ငွေနှင့်မျှားသော လူကိုသိမ်းပိုက်ရေး ငွေမြားတံကို ဆုဖြိုးဝေက သတိထားမိလိုက်သည်။

စားသောက်ပြီးနောက် ဟိုတယ်တွင် အတူတကွ ညအိပ်ရန် တီးတိုးပြောသည်။ ဆုဖြိုးဝေက အားလုံးကို အသံဖမ်းထားနိုင်ခဲ့သည်။

စားသောက်ပြီးနောက် ဟိုတယ်တွင် အတူတကွ ညအိပ်ရန် တီးတိုးပြောသည်။ ဆုဖြိုးဝေက အားလုံးကို အသံဖမ်းထားနိုင်ခဲ့.....

စားသောက်ပြီးချိန်၌ ဟိုတယ်တွင် ငှားရမ်းထားသော အခန်းထဲသို့ခေါ်သည်။ ဆုဖြိုးဝေကလည်း ကြိုတင်ကာကွယ်နိုင်ရန် စီစဉ်ထားပြီးဖြစ်သည်။

"ဦးတင့်ဇော် အိုကေနော်"

ကျော်မင်း ဘယ်လိုကဘယ်လိုနည်းဖြင့် ဟိုတယ်ထဲသို့ရောက်လာသည်မသိ။ ဆုဖြိုးဝေပင် အံ့အားသင့်ရပြန်သည်။

"ကိုကျော်မင်း ခရီးထွက်ရမယ်ဆို"

"ဟုတ်ပါတယ်၊ ကျွန်တော်က အခန်း––မှာ ညအိပ်မှာပါ၊ ဟောဒီက ဆုဖြိုးဝေနဲ့အတူ နယ်မှာ သတင်းသွားယူဖို့ စီစဉ်ထားသေးတယ်"

"ဟုတ်လား၊ မနက်မှတွေ့ကြတာပေါ့"

လူချင်းခွဲကြချိန်တွင် ကျော်မင်းက လက်သီးဆုပ်ပြီး လက်မထောင်ပြသွားသည်ကို ဆုဖြိုးဝေက တွေ့လိုက်ရသည်။

ဆုဖြိုးဝေက ဦးတင့်ဇော်နှင့်အတူ အခန်းထဲသို့ လိုက်သွားခဲ့သည်။ ဦးတင့်ဇော်က သူ့ဆန္ဒကို ရှေ့တန်းတင်သည့် လှုပ်ရှားမှု စတင်တော့သည်။

ဆုဖြိုးဝေက လက်မခံ၊ လုံးဝငြင်းသည်။ အတွင်းခံဘောင်းဘီကို အထပ်ထပ်ဝတ်ထား၍ ဦးတင့်ဇော်အတွက် ကြိုးစားရကျိုးမနပ်ဖြစ်ခဲ့သည်။

"မင်း ဒီအခန်းထဲထိ လိုက်လာပြီးပြီပဲ"

"အခန်းထဲလိုက်ရုံနဲ့ အား
ကို သဘောတူပြီးဖြစ်တယ်
မယူဆပါနဲ့"

ဦးတင့်ဇော်က ချော့ပြန်သည်
မအောင်မြင်။ အကြံမအောင်မြင်
အကြမ်းဖက်တော့သည်။ ကိုယ်
လက်ရောက် နာကျင်အောင်လု
တော့၏။

ဆုဖြိုးဝေ၏နှုတ်ခမ်းမှ သွေး
များက ရင်ဘတ်ပေါ်သို့ကျလာ
သည်။ မျက်နှာတွင်လည်း ဖူးရော
ဒဏ်ရာ ရရှိခဲ့သည်။

ဆုဖြိုးဝေက သူမ၏ လက်
ကိုင်အိတ်ထဲတွင် အသင့်ဆော
လာသော အချက်ပြစက်၏ခလုတ်
ကို နှိပ်လိုက်သည်။ အသံမထွက်
ဘဲ မီးအစိမ်းရောင်လင်းလာသည်

ဦးတင့်ဇော်က ဆုဖြိုးဝေလု
သမျှ ကြည့်နေသော်လည်း ဘာ
လုပ်နေမှန်းမသိ။ လူကိုဝင်လုံးပြီ
အကြမ်းဖက်ရန် ကြိုးစားသည်။

ထိုအချိန်၌ပင် အခန်းတံခါး
ပွင့်လာသည်။ ဟိုတယ်ဝန်ထမ်း
အယောင်ဆောင်ထားသူ ရဲတပ်ဖွဲ့
ဝင်များ ရောက်လာသည်။

ဦးတင့်ဇော်ကို ချက်ချင်းဖမ်း
လိုက်၏။

ဆုဖြိုးဝေ၏ အချက်ပြ
သင်္ကေတကြောင့် အထဲသို့ ချက်
ချင်းရောက်လာခြင်းဖြစ်သည်
အလွယ်တကူပင် ဖမ်းလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



ဆုဖြိုးဝေက အသံဖမ်းစက်ကို အပ်လိုက်၏။

ငြင်း၍မရတော့။ သက်သေခံဖြစ်သွားသည်။ ဆုဖြိုးဝေခန္ဓာကိုယ်တွင် ရရှိထားသော ဒဏ်ရာများကလည်း အကြမ်းဖက်မှုအတွက် သက်သေခံဖြစ်သွားခဲ့သည်။

ဆုဖြိုးဝေ၏ သတင်းပေးချက်အရ အခြားအခန်းတွင် တည်းခိုနေသော ကျော်မင်းကိုပါ ချက်ချင်း ဖမ်းလိုက်နိုင်သည်။

သူတို့နှစ်ဦးကို အပိုင်ရဲစခန်း သို့ အပ်နှံပြီး အမှုဖွင့်သည်။ လက်ရှိအခြေအနေအရ အဓမ္မပြုကျင့်ရန် ကြံစည်မှု၊ လက်ရောက်ကျူးလွန်မှုများဖြင့် အမှုရေးဖွင့်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ကျော်မင်းက အားပေးကူညီသူဖြစ်နေ၍ နှစ်ဦးစလုံး အရေးယူခံရသည်။

ဆုဖြိုးဝေထံမှ တရားလိုစစ်ချက်ယူသည်။

ကျော်မင်းနှင့် ဦးတင့်ဇော်ထံမှ တရားခံအဖြစ် ထွက်ဆိုချက်ယူသည်။

ရဲစခန်းက လက်ရှိအမှုဖြင့် အရေးယူစစ်ဆေးနေစဉ် ဆုဖြိုးဝေ၏ သတင်းပေးချက်နှင့် ဆုဖြိုးဝေ၏သူငယ်ချင်း သတင်းထောက်များ၏ ကြိုးပမ်းမှုကြောင့် ကျော်မင်းကို လူကုန်ကူးမှုဖြင့် ချက်ချင်းအရေးယူခဲ့နိုင်သည်။

စစ်ဆေးချက်အရ ဦးတင့်ဇော်နှင့် ကျော်မင်းတို့၏ လျှို့ဝှက်ဆက်



သွယ်မှုက ပေါ်လာပြန်သည်။

ဦးတင့်ဇော်မှာ အဝတ်အထည်ရောင်းချသည့်လုပ်ငန်းကို ဖန်တီးပြီး ဆိုင်ဝန်ထမ်းမိန်းမလှကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ပြီး မယားအဖြစ် ရောင်းချကြောင်း ပေါ်ပေါက်ခဲ့သည်။

မိန်းမလှကလေးတစ်ဦး၏ ရောင်းဈေးမှာ ကျပ်သိန်း (၉၀)ဟု သိရသည်။ ကျော်မင်းမှာ ဦးတင့်ဇော်နှင့် တွဲဖက်၍ လုပ်နေသူဖြစ်သည်။

သူတို့နှစ်ဦးစလုံး ရည်းစားထားမည်၊ ယာယီပေါင်းသင်း၍ နယ်စပ်သို့ အတူခေါ်သွားကာ လူရောင်းစားသည့်အလုပ်ကို လုပ်ကြသည်။

ယခုတော့ ဟန်ဆောင်ကောင်းခဲ့ကြသည့် ဦးတင့်ဇော်နှင့် ကျော်မင်းတို့၏ မျက်နှာများတွင် ပြုံးရိပ်မဆင်နိုင်ခဲ့ကြတော့။ အရှုံးအတွက် အငိုမျက်လုံးများသာဖြစ်ခဲ့တော့သည်။

သတင်းထောက်မလေး ဆုဖြိုးဝေ၏ သတင်းယူရင်း နိုင်ငံအတွက် တာဝန်ကျေခဲ့မှုကို ဆုဖြိုးဝေ၏ ဂျာနယ်တိုက်က ဂုဏ်ပြုပွဲ ကျင်းပပေးရန် စီစဉ်နေကြောင်းသိ ရ၍ ဆုဖြိုးဝေမှာ သူမ၏ ဒဏ်ရာများကိုပင် မေ့လျော့သွားခဲ့ရလေတော့၏။

**စာပေသစ္စာဖြင့်**

**အောင်ကျော်ဇော**



www.burmeseclassic.com

www.burmeseclassic.com



## မိန်းမသားချည်းရှိနေတဲ့အိမ်ခန်းထဲ ညအချိန်ဝင်ရောက်နေသူကို အိမ်ရှင်အမျိုးသမီးနဲ့ ယောက်ျားမဖြစ်သူတို့က တွေ့ရှိ ဖမ်းမိတရားစွဲဆိုခဲ့မှု

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အကျော်ကျေးရွာအုပ်စု၊ ကျုံသမျှင်ကျေးရွာတွင် ညဉ့်နက်ပိုင်းအချိန်၌ မိန်းမသားချည်းရှိနေသော နေအိမ်၏ အိပ်ခန်းထဲသို့ ဝင်ရောက်ပုန်းအောင်းနေသူကို အိမ်ရှင်အမျိုးသမီး၏ ယောက်ျားမများနှင့်အိမ်နီးနားချင်းများက ဝိုင်းဝန်းဖမ်းဆီးသည့် ညအချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ လွန်ခဲ့သော ၁၂-၁၀-၂၀၁၃ရက်နေ့ ည ၁၀နာရီအချိန်က ကျုံသမျှင်ကျေးရွာနေ မလွင်လွင်ခိုင်(၂၈နှစ်)သည် အသက်(၁၀)နှစ်ရှိ တူမဖြစ်သူနှင့် အသက်(၁၀)နှစ်ရှိ ညီမဝမ်းကွဲ တော်စပ်သူနှင့်အသက် (၉)နှစ်ရှိ သားဖြစ်သူတို့နှင့်အတူ နေထိုင်ရာနေအိမ်အတွင်း တီဗွီကြည့်ပြီး နောက်အိပ်စက်အနားယူရန် အိမ်အောက်သို့ဆင်း၍ နေအိမ်ခြံဝင်းအဝင်ဝအထွက်တံခါးကို ပိတ်ခဲ့သည်ဆို၏။

ထိုအချိန် နေအိမ်အောက်ရှိ ခြံခတ်ထားသော ခြံဝင်းထဲတွင် ယောက်ျားမဖြစ်သူ ဦးစိန်ထွန်းအား တွေ့ရ၍ မေးမြန်းခဲ့ရာ အမှောက်အောက်ခြံထဲတွင် လူရိပ်တွေ့ ဝင်ရှာနေခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။

ထိုသို့ ပြောပြသဖြင့် မလွင်လွင်ခိုင်က ယောက်ျားမဖြစ် ဦးစိန်ထွန်းနှင့်အတူ နေအိမ်အောက် အနှံ့သို့ လက်နှိပ် ဓာတ် ဖြင့်ထိုးပြီး လိုက်ရှာခဲ့၏။ အိမ်အောက်တွင်မတွေ့ရ၍ ယော ဖြစ်သူနှင့်အတူ နေအိမ်ပေါ်သို့ တက်ရောက် ၍ရှာဖွေသော နေအိမ်အတွင်း အဝတ်အစားများ သိမ်းဆည်းရာအခန်း ရဲကျော်(၂၅နှစ်)၊ (၄)လမ်း၊ (၁၁)ရပ်ကွက်၊ ဓနုဖြူမြို့နေသူ ရှာဖွေတွေ့ရှိခဲ့သည်။

ထိုကိစ္စအား အကျော်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်း ထံသို့ သွားရောက်တိုင်တန်းပြီးနောက် ဓနုဖြူမြို့မရဲစခန်းသို့ ကြားခဲ့ရာ (ပ)၆၄/၂၀၁၃၊ ပြစ်မှုပုဒ်မ၄၅၆ဖြင့် အရေးယူခဲ့သ

အမှုစစ် ဒုရဲအုပ်သက်ပိုင်က စစ်ဆေးအမှုတည်ဆော ဓနုဖြူမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ တရားရုံး ပြစ်မှုကြီးအမှတ်၆၃၄/၂၀၁၃၊ ပြစ်မှုပုဒ်မ၄၅၆ဖြင့် အမှု လက်ခံ၍ ကြားနာစစ်ဆေးနေကြောင်း သိရသည်။

**တင်ထွန်း(ဓနု**

BURMESE CLASSIC .com

## အသက်မပြည့်သူကိုခိုးယူသွားပြီးပေါင်းသင်းသူကို မိဘက ခွင့်မပြုလို့ ဥပဒေအရ အရေးယူခံလိုက်ရမှု

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်း မိဘအုပ်ထိန်းမှု မကင်းသေးသည့် အမျိုးသမီးငယ်အား ခိုးယူပေါင်းသင်းခဲ့မိသဖြင့် မိဘက သဘောမတူ ခွင့်မပြု၍ ဥပဒေအရ အရေးယူခံလိုက် ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၆-၁၀-၂၀၁၃ ရက်နေ့ ညဂနာရီအချိန်က မ---(၄၀နှစ်) (ဈေးရောင်း)၊ --- ရွာ၊ လှိုင်သာယာမြို့နယ် နေသူသည် နေအိမ်တွင်ရှိနေ စဉ် တစ်ရပ်ကွက်တည်းနေ ညီမဖြစ်သူ မ----၏နေအိမ်သို့ သွားရောက် လည်ပတ်ကြသော သမီး မ---(၁၅နှစ်)နှင့်မ----(၈နှစ်)တို့ နှစ်ဦး နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် စုံစမ်းရှာဖွေခဲ့ကြသည်ဆို၏။

ထိုသို့ ရှာဖွေခဲ့ရာ နှစ်ရက်မြောက်နေ့ဖြစ်သည့် ၈-၁၀-၂၀၁၃ရက်နေ့ ည ၁၁နာရီ အချိန်တွင် သမီးငယ် မ----မှာ နေအိမ်သို့ တစ်ဦးတည်းရောက်ရှိလာ ခဲ့သည်။ ၎င်းအား မေးမြန်းရာ သမီးအကြီး ဖြစ်သူ၏ ရည်းစားဖြစ်သူ ထက်နိုင်(၁၈နှစ်)၊ အလယ်ရွာ၊ လှိုင်သာယာမြို့နယ်နေသူက ၎င်းတို့နှစ်ဦးအား ရွှေပြည်သာ မြို့နယ်သို့ ခေါ်သွားပြီး အစ်မဖြစ်သူနှင့် ပေါင်းသင်းနေထိုင်ကြောင်း၊ ၎င်းအား ကျောင်း တက်ရန် နေအိမ်သို့ ပြန်ခိုင်းလိုက်ခြင်းဖြစ်ကြောင်း ပြောပြ၍ သိရှိခဲ့ရသည်။

၉-၁၀-၂၀၁၃ရက်နေ့ န ၁နာရီအချိန်တွင် မိခင်ဖြစ်သူက ကြီးဖြစ်သူအား သွားရောက်ခေါ် လာပြီး ၁၃-၁၀-၂၀၁၃ ရက်နေ့ မ---က တရားလို ပြုလုပ်တိုင်ကြား လှိုင် သာယာမြို့မရဲစခန်း(ပ) ၁၁ ၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၆၃/၃၆၆ဖြင့် ရေးဖွင့်ပြီး အမှုစစ် ဒုရဲအုပ် နိုင်ဦးက ထက်နိုင်(၁၈နှစ်)ကို စစ်ဆေးလျက်ရှိကြောင်း သ သည်။

**အေးအေး**



www.burmeseclassic.com

www.burmeseclassic.com



# ဂက်စ်ထည့်ဖို့စောင့်နေတဲ့ တက္ကစီကားနှစ်စီး ခရီးသည်တင်ကားကြီးကဝင်တိုက်လို့ ထပ်ဆင့်ယာဉ်တိုက်မှုဖြစ်ခဲ့ရ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာ လမ်းတွင် အနောက်ပိုင်းခရိုင်၊ မထသ၁၀၅လိုင်းမှ ခရီးသည် တင်ယာဉ်သည် (၄၉)အစိမ်းကားဂိတ်အနီး ဂက်စ်ထည့်ရန် စောင့်နေသည့်လမ်းဘေးတွင် ရပ်ထားသော အငှားယာဉ်အား နောက်မှ ဝင်တိုက်ခဲ့ရာ အရှိန်ကြောင့် အငှားယာဉ်၏ အရှေ့တွင် ဂက်စ်ထည့်ရန် စောင့်နေသည့် နောက်ထပ်အငှားယာဉ် တစ်စီးအား ထပ်မံတိုက် မိခဲ့မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၆-၁၁-၂၀၁၃ ရက်နေ့ နံနက် ၂နာရီအချိန်ခန့်က သာကေတမြို့နယ်၊ ရှုခင်းသာလမ်းအတိုင်း အရှေ့မှ အနောက်သို့ ယာဉ်မောင်း မောင်းနှင်လာသော ယာဉ် ၄က/----Nisanအဖြူရောင် အနောက်ပိုင်းခရိုင် မထသ(၁၀၅)လိုင်း ယာဉ်သည် (၄၉)အစိမ်းကားဂိတ်အနီးရှိ (CNG)ဓာတ်ငွေ့ဆိုင်ရှေ့ အရောက်တွင် ဂက်စ်ထည့်ရန် စောင့်နေသည့် လမ်းဘေး ရပ်ထားသော ယာဉ်မောင်း ရန်နိုင်(၂၅နှစ်)၊ သဘောကျင်း (၉) လမ်း၊ သဘောကျင်းရပ် ကွက်၊ ဒေါပုံမြို့နယ်နေသူ မောင်းနှင်သည့် AA----တိုယို တာ ဆလွန်းနံ့သာရောင် အငှား ယာဉ်အား နောက်မှ ဝင်တိုက်မိခဲ့သည် ဆို၏။

၎င်းယာဉ်တိုက်မှု အရှိန်ကြောင့် AA----မှ ၎င်းရှေ့တွင် ဂက်စ်ထည့်ရန် စောင့်နေသည့် ယာဉ်မောင်း ဦးအောင်ထွန်း(၅၂နှစ်)၊ အောင်သပြေ (၅)လမ်း အရှေ့၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်နေသူမောင်းနှင်သည့် AA----တိုယိုတာ ဗင်အဖြူရောင် အငှားယာဉ်အား ထပ်ဆင့်တိုက်မိခဲ့ပြီး ယာဉ်မောင်းမှာ အချင်းဖြစ်နေရာတွင် ယာဉ်အားထားကာ ထွက်ပြေး တိမ်းရှောင်သွားခဲ့သည် ဆို၏။

ရဲအုပ်ကျော်ထက် နောင်က တရားလိုပြုလုပ် တိုင်တန်းခဲ့၍ သာကေတမြို့နယ်နယ်မြေ ရဲစခန်းက (ပ) ၃၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၇၉/၂၀၂ဖြင့် အမှုဖွင့်ပြီး အမှုစစ် တရားလိုက ပြစ်မှုကျူးလွန် သူအား ဖမ်းဆီးရမိရေးဆောင် ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**အေးအေးခိုင်**

BURMESE CLASSIC .com

# ရောဂါသည်အမျိုးသမီးရဲ့ လက်ကိုချုပ်ကိုင်ပြီး အဓမ္မပြုကျင့်ခဲ့တဲ့ တစ်ရပ်တည်းသား လက်သမားရဲ့ လုပ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်အတွင်း အကြောရောဂါဖြင့် ကျန်းမာရေး မကောင်းဖြစ်နေသူအား ခြိမ်းခြောက်၍ သားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်း သတင်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ ၁၄-၁၀-၂၀၁၃ရက်နေ့ မွန်းတည့် ၁၂နာရီအချိန်ခန့်က ဒေါ်----(၄၂နှစ်)ဈေးရောင်း၊ အုံ့ကြီးအနောက်ရပ်ကွက်၊ ဒလမြို့နယ်နေသူသည် တစ်ခြံတည်းနေ မိခင်ဖြစ်သူ၏နေအိမ်တွင် မောင်ဖြစ်သူနှင့်အတူ နေထိုင်သော ကျန်းမာရေး မကောင်းသည့် အကြောရောဂါရှိသူညီမ မ----(၃၂နှစ်)အား နေ့လယ် စာကျွေးပြီး နေအိမ်သို့ ပြန်လာ ကာ ခဏအိပ်နေခဲ့သည် ဆို၏။

ထိုနေ့ မွန်းလွဲ၁နာရီခွဲ ခန့်တွင် တူမဖြစ်သူရောက် ရှိလာပြီး မ----မှာ ငိုနေကြောင်း ပြောပြခဲ့၍ စုံစမ်းမေးမြန်းခဲ့ရာ အောင်စိုး(၃၆နှစ်)လက်သမား၊ အုံ့ကြီးအနောက်ရပ်ကွက်၊ ဒလမြို့နေသူမှာ နေအိမ်ပေါ် သို့ရောက်ရှိလာပြီး မ----၏ လက်ကိုချုပ်၍ မအော်ရန် ခြိမ်းခြောက်လျက် သားမယား အဖြစ် ပြုကျင့်ခဲ့ကြောင်း သိရှိခဲ့ ရသည်။

မ----က တရားလိုပြုလုပ် တိုင်ကြားခဲ့၍ ဒလမြို့မ ရဲစခန်း(ပ)၄၆၆/၂၀၁၃၊ ပြစ်မှု ပုဒ်မ၃၇၆ဖြင့် အမှုဖွင့်ပြီး အမှု စစ် စခန်းမှူးဒုရဲမှူး ခင်မောင် လွင်က ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**အေးအေးခိုင်**



www.burmeseclassic.com

www.burmeseclassic.com



# (၅) ရက်သားသမီး တစ်လစာကံကြမ္မာ

## မေထုန်

ယခုလအတွင်း စီးပွားရေးတွင် အနှောင့်အယှက်အမျိုးမျိုး၊ ပြိုင်ဘက်တို့နှင့် ထိပ်တိုက်ရန်နှင့် တွေ့ဆုံတတ်၍ရှောင်ပါ။ အောင်မည်။ မိမိ၏ မေတ္တာ၊ စေတနာအကျိုး တိုးတက်မည်။ နိုင်ငံခြားခရီးသွားရန် တစ်ဆို့တားဆီး ကြန့်ကြာနေလျှင် စနေထောင့် ဒါနသုခရွက် ကိုးရွက်လှူပါ။ မြန်မြန်ထွက်ရမည်။ အမဲသား၊ ကြက်သား၊ ဝက်သား၊ သ ငါးပုစွန် ရောင်းဝယ်ပါ။ ဆန်၊ ဆီ၊ စပါး၊ ဆေး ရောင်းဝယ်ပါ။ ဝန်ထမ်းများ ကံအထူးကောင်းလာမည်။

**ကျန်းမာရေး။** ။ အာရုံကြောဝေဒနာ၊ သွေးတိုးရောဂါဖြစ်တတ်သည်။ သတိရှိပါ။

**ဝတ်ဆင်ရမည့်အရောင်။** ။ စတော်ဘယ်ရီရောင်၊ ကြည်ပြာရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** ။ ချစ်သူနှစ်ဦး မျဉ်းပြိုင်ပေါ်တွင်ရှိနေမည်။

**ထီထိုးရန်။** ။ (န) ၈–၃၊ (မ) ၄–၅၊ (ည) ၃–၅။

**ယတြာ။** ။ မွေးနံထောင့်မှာ ရွှေပန်းပွင့်၊ ငွေပန်းပွင့် ၂၇ ပွင့်လှူဒါန်းပါ။

BURMESE CLASSIC .com

## ကရကဋ်

ယခုလအတွင်း စီးပွားရေးအရ တစ်မြို့၊ တစ်နိုင်ငံ၊ တစ်နယ်သို့ သွားရမည်။ ကောင်းမည်။ သွားလိုက်ပါ။ နယ်စပ်ဆောက်လုပ်ရေးလုပ်ငန်း၊ ရွှေ၊ ငွေ၊ ရတနာအရော အဝယ် အောင်မြင်မည်။ ကားဝယ်ရောင်း၊ ရာသီကုန်ဝယ်ရောင်း ပါ။ ဝန်ထမ်းဖြစ်ပါက ရာထူး၊ လုပ်ငန်း၊ ဌာန တိုးတက်မှုနှင့် ပြောင်းကိန်းရှိသည်။ လုပ်ငန်းစာမေးပွဲ ဖြေဆိုအောင်မြင်မည်။

**ကျန်းမာရေး။** ။ သားအိမ်ဆိုင်ရာဝေဒနာခံစားရတတ်သည်။

**ဝတ်ဆင်ရမည့်အရောင်။** ။ အညိုရောင်ဝမ်းဆက်ဝတ်ဆင်ပါ။

**အချစ်ရေး။** ။ ချစ်သူနှင့် ခရီးသွားရမည်။ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။

**ထီထိုးရန်။** ။ (မ္မ) ၈–၃၊ (ပ) ၄–၂၊ (ဏ) ၅–၁။

**ယတြာ။** ။ မွေးနံထောင့်တွင် ပန်းသီး သုံးလုံး၊ မာလကာသီးသုံးလုံးကပ်ပါ။

## သိဟ်

ယခုလအတွင်း စီးပွားရေးအရ ခရီးသွားရန်အကြံပျက်မည်။ စက်တပ်ယာဉ် ထိခိုက် တတ်ခြင်းကြုံမည်။ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ ဆန်၊ ဆီ၊ ဆားရောင်းဝယ်ပါ။ ယခုလ အတွင်း စီးပွားရေးတိုးတက်ကိန်းရှိသည်။ အရာရာတိုင်းတွင် အနှစ်နာခံခြင်းကြောင့် တက်ချမ်းသာမည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းခွင်အတွင်း ရန်ဘက်ရှိသည်။ အိမ်၊ မြေ နေရာအသစ်တို့ ရရှိနိုင်သည်။ ဝန်ထမ်းများ အလုပ်မထွက်သင့်ပါ။ အပြင်လုပ်ငန်း မကောင်းသေး



www.burmeseclassic.com

www.burmeseclassic.com



**ကျန်းမာရေး။** ။ မျက်စိရောဂါဝေဒနာရရှိတတ်သည်။
**ဝတ်ဆင်ရမည့်အရောင်။** ။ အစိမ်းရင့်ထဲတွင် အပွင့်အစက် အဖြူပါသောအရောင်။
**အချစ်ရေး။** ။ တကယ်ချစ်တယ်ဆိုတဲ့ချစ်သူက သစ္စာဖောက်ခြင်းခံရတတ်သည်။
**ထီထိုးရန်။** ။ (အ) ၄–၆၊ (ပ) ၇–၃၊ (ဏ) ၅–၆။
**ယတြာ။** ။ အိမ်ဘုရားတွင် မုန်လာ၊ ဟင်းဂလာ၊ မာလကာသုံးညွန့်စီလှူပါ။

BURMESE CLASSIC .com

ယခုလအတွင်း စီးပွားရေးတွင် တိုက်ဆိုင်တစ်လီ၊ ကုမ္ပဏီတစ်ဖက် လုပ်ငန်းတွေ ဖယ်ဆက်သလို ခပ်သွက်သွက် စီးပွားတက်မည့် လအခါဖြစ်သည်။ အလှူအတန်းလုပ်ပေးပါ။ တွင်ခုံ၊ ဝပ်ရှော့ခ်၊ ကားပစ္စည်းရောင်းဝယ်၊ အထည်အလိပ်ရောင်းဝယ်လုပ်ငန်းများ ကံကောင်းတတ်သည်။ ဝန်ထမ်းဖြစ်ပါက ငွေကိစ္စ ပြဿနာတက်မည်။ ဌာနဆိုင်ရာအကြီးအကဲတို့မှ ခေါ်ယူစစ်ဆေးခြင်းခံရမည်။ အဖမ်းအဆီး၊ အချုပ်အနှောင်ခံရတတ်သည်။ အစစအရာရာ သတိရှိရမည့်လဖြစ်သည်။

**ကျန်းမာရေး။** ။ ခွဲစိတ်ကုသခံရသော ရောဂါဝေဒနာရမည်။
**ဝတ်ဆင်ရမည့်အရောင်။** ။ အဝါပွင့်ရိုက်၊ အစိမ်းရင့်ထဲတွင် အပြာပွင့်ရိုက်ဝတ်ဆင်ပါ။
**အချစ်ရေး။** ။ အချစ်ရေးအတွက် အပြစ်တွေးစရာများဖြစ်နေတတ်သည်။
**ထီထိုးရန်။** ။ (ယ) ၆–၂၊ (ရ) ၆–၃၊ (ဝ) ၉–၄။
**ယတြာ။** ။ မွေးနံထောင့်တွင် နှင်းဆီနီနီရဲရဲကိုးပွင့် ကပ်လှူပါ။

ယခုလအတွင်း စီးပွားရေးအရ မိမိအိမ်အနီးတွင် လုပ်ငန်းအသစ် တိုးချဲ့လုပ်ကိုင်ရမည်။ ရေခြားမြေခြား ခရီးသွားရန် သေချာသောလဖြစ်သည်။ အိမ်ထောင်ရေး၊ အိမ်တွင်းရေး စိတ်ဒုက္ခကြုံတတ်သည်။ သားရေထည်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းလုပ်ကိုင်ပါ။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးမည်။ ဝန်ထမ်းအိမ်ရာမှ မိမိပိုင်မြေရမည်။ အိမ်ဆောက်ရမည်။

**ကျန်းမာရေး။** ။ အအေးပတ် နှာစေးရာမှ လည်ချောင်းနှင့်ပတ်သက်သောရောဂါရမည်။
**ဝတ်ဆင်ရမည့်အရောင်။** ။ နံ့သာရောင်ထဲတွင် အဖြူပွင့်၊ ဆင်စွယ်ရောင် ပြောင်ဝမ်းဆက်။
**အချစ်ရေး။** ။ မိမိစိတ်တိုင်းကျ ချစ်သူနှင့်မညားနိုင်ပါ။
**ထီထိုးရန်။** ။ (သ) ၆–၁၊ (ဝ) ၆–၃၊ (ဠ) ၄–၈။
**ယတြာ။** ။ သပြေ၊ ခံတက်၊ တမာ ကိုးညွန့်စီ အိမ်ဘုရားမှာလှူပါ။



www.burmeseclassic.com

www.burmeseclassic.com



**သောကြာ**

ယခုလအတွင်း စီးပွားရေးအရ လခစားလုပ်ငန်းမှ ကိုယ်ပိုင်သို့ပြောင်းတတ်သည်။ လုပ်ငန်းသစ်တွင် ထစ်ထစ်ငေါ့ငေါ့ အဆင်မပြေမှုများမည်။ ဖိနပ်သစ်၊ ထီးသ မဝင်သင့်ပါ။ ဝင်ပြီးလျှင် စွန့်လှူဒါန်းလိုက်ပါ။ သိန်း၊ သန်းထီပေါက်ကိန်းရှိသည်။ ထမင်း၊ ဟင်း ရောင်းဝ ပါ။ ခေါက်ဆွဲဆိုင်၊ ရတနာဆိုင်၊ အထည်အလိပ်ဆိုင်ဖွင့်ပါ။

**ကျန်းမာရေး။** ။ ဦးခေါင်းကိုက်ရောဂါဝေဒနာ ခံစားရမည်။

**ဝတ်ဆင်ရမည့်အရောင်။** ။ အပြာလဲ့ဝမ်းဆက်၊ အစိမ်းပုပ်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** ။ ချစ်သူက ရေမြေခြားတစ်နေရာသို့ ရောက်တတ်၏။

**ထီထိုးရန်။** ။ (န) ၉-၃၊ (မ) ၉-၄၊ (ည) ၄-၅။

**ယတြာ။** ။ မရှိဆင်းရဲ နွမ်းပါးသူကို အဝတ်သစ်လှူဒါန်းပါ။ ခိုစာကျွေးပါ။

BURMESE CLASSIC .com

**စနေ**

ယခုလအတွင်း စီးပွားရေးအရ လက်ရှိလုပ်ငန်းမှ ပြောင်းရွှေ့ရမည်။ တိုးချဲ့လုပ်ငန်းမလုပ်သင့်သေးပါ။ သာသနာပြုလုပ်ငန်းတစ်ခု လုပ်ရတတ်သည်။ ခရီးဝေး နိုင်ငံခြားခရီးထွက်ရမည်။ လာဘ်ဝင်မည်။ စီးပွားရေးအထူးကောင်းသောလတစ်လဖြစ်ပါသည်။ ရေကြောင်း စက်လှေ၊ သမ္ဗန်၊ ပိုက်၊ ငါးဖမ်းလုပ်ငန်းကောင်း၏။ ဝန်ထမ်းဖြစ်ပါက အကြီးအကဲတို့နှင့် ခရီးသို့ ခေတ္တပါသွားတတ်သည်။ ရာထူးတိုး၊ နေရာပြောင်း ကံကောင်းသောလဖြစ်သည်။

**ကျန်းမာရေး။** ။ အထူးကောင်း၍ ဟောစရာမရှိပါ။

**ဝတ်ဆင်ရမည့်အရောင်။** ။ အုန်းခွံရောင်၊ အညိုရောင်ဝတ်ဆင်ပါ။

**အချစ်ရေး။** ။ သူများတွေရယ်နေချိန်မှာ မိမိက ငိုနေရတတ်သည်။

**ထီထိုးရန်။** ။ (မွ) ၇-၃၊ (သ) ၇-၄၊ (အ) ၄-၆။

**ယတြာ။** ။ စာကလေးကိုးကောင်လွှတ်ပါ။

**စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ**
**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းကျော်**
**နက္ခတ်ဗေဒင် လက္ခဏာပညာရှင်**



www.burmeseclassic.com